စာဏကျဆရာကြီး ရေးသားခဲ့သည့်
သတ္တဋ္ဌ စာဏကျ ကျမ်းရင်းကို
မူတည်လျက်

အမ်- အေ- မဟာဝိဇ္ဇာဘွဲ့ရ
လယ်တီပဏ္ဍိတဆရာဦးမောင်ကြီး
အကျယ်တဝင့်ဖွင့်ဆို
ရေးသားအပ်သော

# စာဏကျနီတိကျမ်း

## ဒုတိယတွဲ

ဦးခင်စိုးအမှူးရှိသော
ဟံသာဝတီပါဠိဆရာများ
ကြပ်မပြင်ဆင်သည်

သာသနာရေး ဦးစီးဌာန သို့
အရှင်ကောဝိဒ မှ
လှူဒါန်းပါသည်။

ဟံသာဝတီစာအုပ်တိုက်
၁၅၇-ဗိုလ်အောင်ကျော်လမ်းရန်ကုန်မြို့

စာကျဆရာကြီးရေးသားခဲ့သည့်
သဏ္ဌာန်စာကျကျမ်းရင်းကို
မှီတည်လျက်

အမ် - အေ - မဟာဝိဇ္ဇာဘွဲ့ရ
လယ်တီပဏ္ဍိတဆရာဦးမောင်ကြီး
အကျယ်တဝင့်ဖွင့်ဆို
ရေးသားအပ်သော

# စာကျနိုတိကျမ်း

## ဒုတိယတွဲ

ဦးခင်စိုးအာမှုးရှိသော
ဟံသာဝတီပါဠိဆရာများ
ကြပ်မပြင်ဆင်သည်။

☆

ရန်ကုန်မြို့
ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်
၁၉၅၇-ခု

H 362—A [ဟံသာဝတီ]

# နိဒါန်း

"စာဏကျနီတိကျမ်း" ဆိုသည်မှာ ရှေးလွန်ခဲ့ပြီးသော နှစ်ပေါင်း နှစ်ထောင်ကျော်အခါက အိန္ဒိယနိုင်ငံတွင် ထင်ပေါ်ကျော်စောသော "စာဏကျ ဆရာကြီး" ရေးသားအပ်သောကျမ်း ဖြစ်သောကြောင့် ကျမ်းပြု ပုဂ္ဂိုလ်ဆရာကြီး၏ အမည်အားဖြင့် "စာဏကျ နီတိ" ဟူ၍ ဆိုရလေသည်။

နီတိ-ဆိုသောစကားမှာ လိုရင်းအဓိပ္ပါယ်အားဖြင့် "လမ်းညွှန်" ဟူ၍ ဆိုလိုသည်၊ အကျိုးစီးပွားကို ဆောင်သည်-ဟူ၍လည်း ဆိုနိုင်ပါ၏၊လောကဿ ဟိတံ နေတီတိ နီတိ။ ။လောကဿ၊လောကကြီး၏။ ဝါ၊ လူများအပေါင်း၏။ ဟိတံ၊ အကျိုးစီးပွားကို။ နေတိ၊ ရွက်ဆောင်တတ်၏။ ဣတိ-တသ္မာ၊ထို့ကြောင့်။ နီတိ၊ နီတိမည်၏။ ဤသို့ ဝိဂြိုဟ်ပြုရလေသည်။

ဖော်ပြခဲ့သော စာဏကျဆရာကြီး ဆိုသည်မှာ အခြားမဟုတ်၊ ပိဋကကျမ်းဂန်တို့၌လာသော ဇာနက္ကပုဏ္ဏားဆရာကြီးပင် ဖြစ်သည်-ဟူ၍ ကျေးဇူးရှင် မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူသည်ကို မှတ်ယူခဲ့ဘူးသောအတိုင်း ပါရာဇိကံ အဋ္ဌကထာ၌ ရှင်မဟာဗုဒ္ဓဃောသ-ပြဆိုတော်မူအပ်သော ပုဏ္ဏားပညာရှိပင် ဖြစ်ပေသည်။

သသ်ကရိုက် ဘာသာအားဖြင့် "စာဏကျ" ဟူ၍ ခေါ်ဆို၏၊ ပါဠိကျမ်းဂန်တို့၌ ဇာနက္က-ဟူ၍ ခေါ်ဆို၏၊ ဤမျှသာ ထူးထွေချက်ရှိပေသည်၊ ထိုစာဏကျဆရာကြီးသည် သာကီဝင်နွယ် အဆက်မှဆင်းသက်၍လာသော "စန္ဒဂုတ်" မင်းသားကလေးကို ကျွေးမွေးပြုစုပြီးလျှင် ဘုရင်အဖြစ်ကိုရောက်အောင် ရွက်ဆောင်ချီးမြှင့်၍ ပေးသောဆရာကြီးပေတည်း။

ဤစာဏကျ နီတိကျမ်းသည်လည်း တပည့်ဖြစ်သူ စန္ဒဂုတ်မင်းသားကလေးအား သင်ကြားရန် ရေးသားပေးသော ဆုံးမခြင်းလမ်းညွှန် နီတိကျမ်းပင် ဖြစ်ဟန်လက္ခဏာရှိသည်-ဟူ၍ ကျေးဇူးရှင် မဟာ-ဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးပင် မိန့်တော်မူဘူးပေသည်။

# နိဒါန်း

အလွန်ချစ်ခင်လှစွာသော တပည့်ရင်းအား ရှေးနီတိကျမ်းဟောင်း အမျိုးမျိုးတို့မှ ကောင်းနိုးရာရာကို ရွေးချယ်ထုတ်ဆောင်၍ အထူး သဖြင့်ရေးသားစီစဉ်အပ်သော ကျမ်းဖြစ်လေသောကြောင့် ဤစာဏကျ နီတိကျမ်း၌ပါရှိသော နီတိအချက်များသည် လူ့ပြည် လောကကြီး နှင့် များစွာသက်ဆိုင်၍ အရာရာတွင် မှတ်သားဘွယ်ရာ အမျိုးမျိုးနှင့် ပြည့်စုံကြောင်း ကောင်းစွာထင်ရှားလှပေသည်။

စာဏကျနီတိကျမ်း၌ ပါရှိသောဂါထာအရေအတွက်မှာ(၁၀၀) တရာမျှသာရှိသော်လည်း ထိုနီတိဂါထာတို့၏ အဓိပ္ပါယ်ကိုအကျယ် ချဲ့၍ ဖွင့်ခဲ့ပါလျှင် လွန်စွာကျယ်ဝန်း၍ အနှစ်သာရနှင့် ပြည့်စုံသော မှတ်သားဘွယ်အမျိုးမျိုးတို့ဖြင့် မဆုံးနိုင်အောင်ပင် ရှိပေရာ၏-ဟူ၍ ဆိုသင့်ပေသည်၊ ဂါထာတရာရှိသော ကျမ်းဖြစ်သောကြောင့် စာဏကျ သတက-ဟူ၍လည်း ခေါ်ဆိုကြလေသည်။

ဤစာဏကျနီတိ အဖွင့်ကျမ်း၌ ရေးသားအပ်သော အချက်များ မှာ—

(၁) ရှေးဦးစွာ သင်္ကရိုက် ဂါထာတခု,တခုကို ပါဠိဘာသာ ပြန်ဆိုခြင်း,

(၂) ထို့နောက် မြန်မာအနက်ရေးသားခြင်း,

(၃) ထို့နောက် အကျဉ်းမှတ်သားရန် ဆောင်ပုဒ်လင်္ကာသီကုံး၍ ဖော်ပြခြင်း,

(၄) ထို့နောက် အဓိပ္ပါယ်အကျယ်ဖွင့်ပြခြင်း—

ဤကဲ့သို့ လေးပါးသောအချက်တို့နှင့် ပြည့်စုံစွာ ရေးသားဖော်ပြ ထားပါသည်၊ ဤကဲ့သို့ ဆစ်ပိုင်းကျနစွာ ရေးသားဖော်ပြထားခြင်း အားဖြင့် ဘတ်ရှုကြသောသူတို့၏ အသိဉာဏ်ကိုလွယ်ကူစွာ ပွင့်လင်းစေ နိုင်ပါလိမ့်မည်၊ ဂါထာတခု,တခု၏ အနက်, အဓိပ္ပါယ် များကိုလည်း အကျယ်တဝင့်မှတ်သားရန် အချက်ပေါင်းကို စုဆောင်းပြီး အသင့် သိရှိနိုင်ကြပါသည်။

ဤစာဏကျနီတိကျမ်းကို ရေးသားခြင်း၏ အကြောင်းရင်းသော် ကား-မန္တလေးမြို့ ကျေးဇူးရှင် မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး

# နိဒါန်း

အထံတော်တွင်ခိုလှုံ၍ သင်္ကရိုက် ဘာသာများကို သင်ကြားစဉ်အခါ ထိုကျေးဇူးရှင် ဆရာတော်ဘုရားကြီးက "စာဏကျနီတိကျမ်းကို အဓိပ္ပါယ်ဖွင့်ပုံ အကျယ်နှင့်တကွ မြန်မာပြန်ဆိုရေးသားရမည်"ဟူ၍ အမိန့်တော်အားဖြင့် စေခိုင်းတိုက်တွန်းတော်မူသည်ကို ရိုသေစွာ ဝန်ခံခဲ့ဘူးသောအတိုင်း ဤကျမ်းစာကိုရေးသားခြင်းဖြစ်ပါသည်။

ပြဆိုခဲ့ပြီးသော စကားရပ်တို့ဖြင့် စာဏကျဆရာကြီးအကြောင်း, စာဏကျနီတိကျမ်းရင်းအကြောင်း ဖော်ပြပြီးဖြစ်၍ ယခုအခါ အနက်နှင့်တကွ အကျယ်အားဖြင့် ဖွင့်ဆိုအပ်သော ဤစာဏကျနီတိကျမ်းကို ရဟန်းရှင်လူ တိုင်းသူ,ပြည်သား လူများအပေါင်းတို့ သေချာစွာ ကြည့်ရှုတော်မူကြပြီးလျှင် နီတိကျမ်း ဆိုင်ရာအချက်တို့၌ နဲနက် ထိုးထွင်းသော ဉာဏ်ပညာ အလင်းကိုရရှိကြပြီးလျှင် ဆင်ခြင်နှိုင်းဆ ကာလ,ဒေသ,ဌာန,ပုဂ္ဂိုလ် တိုထိုအရေးအရာတို့၌ ဆန့်ကျင်ခြင်းမရှိ၊ တည့်တည့်ချိန်ရွယ်တိုင်း မှန်သော ဌာနာဌာန ကောသလ္လဉာဏ်ကို ကေန်ပိုင်ပိုင် လက်ကိုင်ရရှိတော်မူကြ၍ လောကီစီးပွား,လောကုတ္တရာ စီးပွားကို ကြိုးစား၍ ဆည်းပူးနိုင်ကြပါစေကုန်သတည်း။

လယ်တီပဏ္ဍိတ
ဆရာဦးမောင်ကြီး။

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၇။ | ရခဲခြင်းဒုလ္လဘတရား ၄-ပါး | .... | ၁ |
| ၁၈။ | အကြွင်းမထားသင့်သောအရာ ၃-ပါး | .... | ၃၇ |
| ၁၉။ | တနည်း-အကြွင်းမထားသင့်သော အရာ ၆-ပါး | .... | ၄၀ |
| ၂၀။ | အသစ်မမြဲခင် အဟောင်းကို မစွန့်သင့်ကြောင်း | .... | ၅၂ |
| ၂၁။ | ရန်သူမျိုး ၄-ပါး | .... | ၆၇ |
| ၂၂။ | လုံ့လရှိကဝန်လေးသောအရာမရှိစသောအကြောင်း | .... | ၉၂ |
| ၂၃။ | အကျိုးမဲ့ဖြစ်တတ်သော အရာ ၃-ပါး | .... | ၁၃၃ |
| ၂၄။ | လူမိုက်မှာ ဆေးမရှိခြင်းအကြောင်း | .... | ၁၄၀ |
| ၂၅။ | စကားထဲက ဇာတိပြခြင်းအကြောင်း | .... | ၁၄၉ |
| ၂၆။ | စကားချိုရုံဖြင့် သူယုတ်ကိုမဆက်ဆံသင့်ကြောင်း | .... | ၁၅၇ |
| ၂၇။ | မရှက်သင့်သော အရာ ၄-ပါး | .... | ၁၆၅ |
| ၂၈။ | ရှောင်ကြဉ်အပ်သောအရပ် ၄-ပါး | .... | ၁၇၃ |

# လောကနီတိကျမ်း
## ဒုတိယတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### ၁၇။ ရခဲခြင်း ဒုလ္လဘတရား ၄—ပါး

ဒုလ္လဘံ ပကတိံ ဝါစံ၊ ဒုလ္လဘော ခေမကော သုတော။
ဒုလ္လဘာ သဒိသီ ဇာယာ၊ ဒုလ္လဘော သဇနော ပိယော။ ။

**အနက်။** လောကေ၊ လောက၌။ ပကတိံ ဝါစံ၊ ပကတိသဘောရိုး အတိုင်း ဖြောင့်မှန်သောသစ္စာစကားကို။ ဒုလ္လဘံ၊ ရခဲလှ၏။ ခေမကော၊ မိဘတို့အား ချမ်းသာအောင်ရွက်ဆောင်ပြုစုတတ်သော။ သုတော၊ သားကောင်းရတနာကို။ ဒုလ္လဘော၊ ရခဲလှ၏။ သဒိသီ၊ ချမ်းသာဆင်းရဲ မကွဲကြည်ဖြူ သေတူရှင်ဘက် စိတ်လက်တူမျှသော။ ဇာယာ၊ မယားကောင်း ရတနာကို။ ဒုလ္လဘာ၊ ရခဲလှ၏။ ပိယော၊ ချစ်ခင်သက်မှတ် ယုံကြည်အားထားအပ်သော။ သဇနော၊ လူယုံအတွင်းသားကို။ ဒုလ္လဘော၊ ရခဲလှ၏။

**ဆိုလိုရင်းမှာ။** လောကမှာ ဖြောင့်မှန်သော သစ္စာစကားကိုရခဲလှ၏၊ မိဘတို့ချမ်းသာလေအောင် ရွက်ဆောင်ကျွေးမွေးတတ်သော သားကောင်းရတနာကိုရခဲ၏၊ လင်ယောကျ်ားနှင့် ဆင်းရဲတူ ချမ်းသာဘက်

စိတ်လက်တူမျှသောမယားကောင်းကို ရခဲ၏၊အလုံးစုံပုံ၍ ယုံကြည်အပ်သော အတွင်းသားလူရင်းကိုရခဲ၏။

[ဤကား - ဇာတကကျဆရာကြီး ပြဆိုအပ်သော ဒုလ္လဘတရားလေးပါးဖြစ်သည်။]

**ဆောင်ပုဒ်လင်္ကာ**

၁။ ပကတိအား၊မှန်ဖြောင့်သား၊စကားရခဲ၏။
၂။ မိဘနှစ်ပါး၊ချမ်းသာထား၊သားကောင်းရခဲ၏။
၃။ ချမ်းပူနှစ်ပါး၊စိတ်တူထား၊မယားရခဲ၏။
၄။ ပူယုံလွှဲထား၊တော်ဖြောင့်သား၊တွင်းသားရခဲ၏။

**အဓိပ္ပါယ်အကျယ်**

၁။ "ပထမရခဲခြင်း" ဒုလ္လဘ၌-ပြောပြောသမျှသော စကားတိုင်းမှာ ဖြောင့်မှန်သည်ကို အလွန်ရခဲသည်၊ အများအားဖြင့် မှားယွင်းသောစကားတို့နှင့်သာ တွေ့ကြုံရတတ်သည်ဟု ဆိုလိုသည်၊ လူ့ပြည်လောကမှာ မှန်ကန်စွာပြောဆိုခြင်းတည်းဟူသော သစ္စာစကားပေါ်၌ တည်တံ့၍ များစွာသောအလုပ်အကိုင်တို့ကို ပြုလုပ်ကြရကုန်၏၊ မှန်ကန်သော သစ္စာစကားကို ပြောဆိုခြင်းအားဖြင့် လူ့ပြည်လောကသည်တည်တံ့လျက် ကိုယ့်နယ်ကိုယ့်ပယ် သန့်ခြားပြီးလျှင် တရားသဖြင့်နေထိုင်ကြကုန်၏၊ သစ္စာတရားသည် လောက၏ မဏ္ဍိုင်ကြီးသဘွယ်လည်းဖြစ်၏၊လောက၌ ဇဟိုမဏ္ဍိုင်မှာ ခိုင်ခိုင်ကြီးထောက်၍ ကွန်ပါစသည်ဖြင့် အရေးအကြောင်းရေးသားရာ ကောက်ခြင်း,မညီညွတ်ခြင်းမရှိဘဲ ညီညွတ်၍ဝန်းဝိုင်းနေဘိသကဲ့သို့ ထို့အတူ သစ္စာမဏ္ဍိုင်ကိုတည်၍ လောကီ,လောကုတ္တရာနှင့်သက်ဆိုင်သော အလုပ်များကို လုပ်ကိုင်ဆောင်ရွက်လျှင် ဖြောင့်မတ်ဝိုင်းဝန်း၍ ပြီးစီးထမြောက်လေ၏။

သစ္စာမဏ္ဍိုင်သည်ယိမ်းယိုင်ခဲ့သည်ရှိသော် ပြုလုပ်သမျှသောအကျိုးစီးပွားတို့သည် မညီညွတ်(တဖျင့်တပါး)ကွေ့ကောက်လိမ်တွန့်ခြင်းသို့ရောက်ကြလေကုန်၏၊ထို့ပြင် တနည်းမှာ-သစ္စာတရားသည် လောက၏ချိန်ခွင်ကြီးသဘွယ်လည်းဖြစ်၏၊ ချိန်ခွင်တို့၏သဘောသည် တဘက်နှင့်တဘက်ကို မျက်နှာလိုက်သည်မရှိဘဲ အညီအညွတ်သာလျှင် ကျင့်လေ့ရှိ

၏၊ လောက၌ မှန်သော ချိန်ခွင်နှင့်အလေးကို အသုံးပြုခြင်းအားဖြင့် ရောင်းဝယ်မှုကိစ္စကို ဖြောင့်မှန်စွာပြုလုပ်ကြရကုန်၏၊ထို့အတူပင်လျှင် လူ့ဘုံလောကတွင်လည်း သစ္စာတည်းဟူသောချိန်ခွင်ဖြင့် အရာအမျိုးမျိုးကို ပြုလုပ်ဆောင်ရွက်ကြရကုန်၏၊ ချိန်စဉ်းလဲခြင်း, အလေးစဉ်းလဲခြင်းနှင့်ကြုံ၍ ချိန်ခွင်ကမမှန်သည်ရှိသော် ရောင်းဝယ်မှုတို့မှာ နစ်နာသူက နစ်နာ,သာသူက သာလွန်လေဘိသကဲ့သို့ ထို့အတူပင်လျှင် သစ္စာတည်းဟူသော လောက၏ချိန်ခွင်ကြီးကို ဘောက်လဲဘောက်ပြန်ပြုလုပ်ခဲ့ပါလျှင် မညီမညွတ်သော အကျိုးအကြောင်းတို့နှင့် တွေ့ကြုံကြရ၍ လောကကြီးသည် စောင်းထောင်နိမ့်ရှိုင်းခြင်း ဖြစ်တတ်လေသည်။

ဤကဲ့သို့ သစ္စာတရား၏ချိန်ခွင်နှင့်တူကြောင်း,မဏ္ဍိုင်နှင့်တူကြောင်းကိုရည်၍ ပညာရှိတို့က-

သစ္စာကြံ့ခိုင်၊ ချိန်မဏ္ဍိုင်ကို၊ မယိုင်စေဘိ၊ ညီစွာညှိက၊ ကျိုးရှိ
ပွားစီး၊ကြီးတိုင်းပြီး၏။

ဟူ၍ စပ်ဆိုကြလေသည်၊ဤသစ္စာတရားသည် ကမ္ဘာတည်ဦးကပင် လောကကြီးနှင့် တပြိုင်နက် ပေါ်ထွက်၍လာသော ကမ္ဘာလက်သုံးတရားရိုးကြီးဖြစ်လေ၏၊ ပါရမီဆယ်ပါးတွင် သစ္စာပါရမီသည် တပါးအပါအဝင်ဖြစ်၍ အလောင်းတော်ကြီးတို့သည် ထိုသစ္စာပါရမီကိုလက်သုံးပြုပြီးလျှင် ထွတ်မြတ်သောအဖြစ်သို့ ရောက်တော်မူကြလေကုန်၏၊ ကမ္ဘာဦးအခါများနှင့် တက်ကပ်များမှာ ထိုသစ္စာတရားကို တဖြောင့်တည်းသုံးစွဲကြ၍ သစ္စာမှသွေလွဲ၍ မမှန်မကန် ပြောဆိုရမည့်အတွက် အသက်သေမလောက်ပင် ရွံ့ကြောက် လန့်ထိတ်ကြကုန်၏၊ ထိုသစ္စာစကားကို ခါးဝတ်ပုဆိုးကဲ့သို့, အမြဲသုံးစွဲသောအစာကဲ့သို့ သုံးဆောင်ကြသောခေတ်ကာလတို့၌ ကောင်းကင်၌ရှိသော နေလ,နက္ခတ်တာရာတို့မှစ၍ အသွားအလာဖြောင့်မှန်စွာနှင့် ဥတုသုံးပါး ညီညွတ်မျှတလျက် မိုယ်းလေဝသကောင်းမွန်ပြီးလျှင် မြေဆီဩဇာတို့သည်လည်း ထက်သန်စွာပေါ်တက်ကြလေကုန်၏၊ ထိုသို့သစ္စာအရိပ်အငွေ့ကိုခံရ၍ ပေါ်တက်သော မြေဆီဩဇာတို့မှ ဖြစ်ပွားသော အသီးအနှံတို့သည်လည်း အဆီဩဇာပြည့်၍ စားသုံးကြသောလူတို့အား ရောဂါဥပါဒ်ကို ကင်းရှင်းစေ၏၊ထိုအခါ အသက်ရှည်ခြင်း, အနာကင်းခြင်း, အရုပ်အ

ဆင်းလှပတင့်တယ်ခြင်း-စသော အကျိုးထူးတို့သည် လောက၌ သက်သေဖော်၍ပြကြကုန်၏၊ဤကဲ့သို့ဖြစ်သည်ကိုရည်၍-

ကတိသစ္စာ၊တည်သောခါမူ၊ ဩဇာလေးနက်၊ပေါ်ဆီတက်၍၊ပေါက်မြက်သစ်ပင်၊ဆေးဘက်ဝင်၏။

ဟူ၍စပ်ဆိုကြကုန်သည်၊သစ္စာအရိပ်အငွေ့ကိုခံရ၍ဖြစ်ပေါ်ပေါက်ပွားကြသော သစ်ပင်ဟူသမျှတို့သည် အလိုလိုပင် ဆေးဝါးကိစ္စတို့ကို ပြီးစီးစေတတ်ကုန်၏၊ လူတို့သုံးစားသော ထမင်းဟင်း စသည်များပင် ဆေးဝါးတို့သာ ဖြစ်ကြလေကုန်၏၊ (စားသုံးသမျှအစာအာဟာရတို့သည် အလုံးစုံဆေးချည်းသာဖြစ်ကြသည်ဟူ၍ ဆိုလိုသည်၊)ထိုဆေးဝါးသဘွယ်ဖြစ်သော အစာအာဟာရတို့ဖြင့် မျှတ၍နေသောအခါ ဘယ်မှာအသက်မရှည်ဘဲဖြစ်နိုင်ပါအံ့နည်း၊ ကလိယုဂ်နှင့်ဆုတ်ကပ်အခါတို့၌ ထိုသစ္စာတရားသည် တစတစဆုတ်ယုတ်၍ လာလေ၏၊ သစ္စာမဏ္ဍိုင်သည် ယိမ်းယိုင်ခဲ့၏၊ သစ္စာချိန်ခွင်သည် စဉ်းလဲကောက်ကျစ်လျက်စောင်းထောင်ခဲ့၏၊ထိုအခါက မ္ဘာလောကကြီးသည်လည်း အစစအရာရာမှာ ချို့ယွင်းပျက်စီးလေ၏၊ကောင်းကင်၌ နေသွား၊လသွားတို့သည် တိမ်းပါးကွေ့ကောက်ကြကုန်၏၊ဥတုဘောက်ပြန်ခြင်းဖြစ်၏။

ထိုအခါ မြေဆီဩဇာတို့သည်လည်း ဆုတ်ယုတ်ခြောက်ခန်းကုန်၏၊ မြေဆီဩဇာယုတ်ညံ့သောမြေထက်၌ ပေါက်ရောက်ကြကုန်သော သစ်ပင်တို့သည် အဆီဩဇာရှိသောအသီးအနှံကိုမဆောင်နိုင်ကြကုန်၊ဥပမာရောဂါဆိုးအနာဆိုးရှိသော ဘခင်၏သားသ္မီးတို့သည် ထိုဘခင်၏ရောဂါအငွေ့သင့်၍ ပိန်ချုံးခြောက်ခန်းစွာနှင့် ရောဂါများသောကလေးသူငယ်တို့သာဖြစ်သကဲ့သို့တည်း၊အဆီဩဇာညံ့ဖျင်းသော မြေထက်၌ ပေါက်သောသစ်ပင်တို့မှသီးပွင့်သောအသီးအနှံတို့သည်ဆေးဝါးကိစ္စကိုမပြီးစီးစေနိုင်သည့်ပြင် လူ့လောက၏အဆိပ်တွေကဲ့သို့ ဖြစ်ကြလေကုန်၏၊ ထိုအသီးအနှံကို စားသုံးသော သူတို့မှာ အနာရောဂါ များပြားခြင်း, အသက်တိုခြင်း-စသော အကျိုးယုတ်တို့နှင့်သာ တွေ့ကြုံရလေကုန်၏။

ဆေးဝါးများကို မှီဝဲသုံးဆောင်ပါသော်လည်း ထိုဆေးဝါးတို့ကပင် သစ္စာမဲ့၍ မုသာဝါဒ အငွေ့သင့်သော မြေပေါ်မှာပေါက်၍လာကြရ

သော ကြောင့် မိမိတို့တန်ခိုးအစွမ်းကို မပြနိုင်ရှာကြဘဲ ညှို့ဖျင်းခြင်းသို့သာ ရောက်ကြလေကုန်၏၊ ထိုအခါ လူတို့ကဆေးဝါးကို အပြစ်တင်ကြကုန်၏၊ စင်စစ်မှာမူ-ဆေးဝါးများက ညှို့ဖျင်းရှာကြ၍ မဟုတ်ကုန်၊ ဆေးဝါးစားသောက်ကြသော သူတို့က မုသာဝါဒဂါထာဖြင့် မန်းမှုတ်၍ အဆိပ်ဩဇာ ညှို့ဖျင်းအောင် ပြုလုပ်ကြသော ကြောင့်သာ ဖြစ်လေသည်၊လောက၏ ဖြစ်ပုံကိုဆင်ခြင် စဉ်းစားလိုက်သည်ရှိသော် အလုံးစုံသော လူများတို့သည် မိမိတို့၏ နှုတ်မှထွက်သော သစ္စာစကားမုသာဝါဒစကားဖြင့် မိမိတို့၏ ကောင်းကျိုးမကောင်းကျိုးကို ပြုလုပ်၍ မံလျက်ရှိနေကြကုန်၏၊"သစ္စာနှုတ်သီးမန္တန်ကြီး"ဟူ၍ဆိုသောစကားနှင့် အညီ သစ္စာစကားသည် လောကကြီးကို တန်ခိုးအစွမ်းဖြင့် ကောင်းမွန်အောင် ပြုလုပ်နိုင်သော မန္တန်ကောင်းကြီးဖြစ်လေသည်။

အခြားမန္တန်များသည် ကောင်း၏-ဟု ဆိုရသော်လည်း တလောကလုံးကို နေလနက္ခတ်နှင့်တကွ ပြုပြင်ပြောင်းလဲအောင် စွမ်းဆောင်နိုင်သည်မဟုတ်ချေ၊ သစ္စာတရား-တည်းဟူသော မန္တန်ကြီးဖြင့် မန်းမှုတ်လျှင် အထက်မှာကောင်းကင်, အောက်မှာမြေပြင်တို့ကို ကောင်းသော အနေသို့ရောက်အောင် ပြုပြင်ပြုလုပ်နိုင်၍ အာယုသိဒ္ဓိမြောက်ခြင်း, အာရောဂျသိဒ္ဓိမြောက်ခြင်းကို ပြီးစီးစေနိုင်သည်၊ မုသာဝါဒတည်းဟူသော မန္တန်ကြီးသည်ကား- ကောင်းကင်,မြေ,မိုဃ်းများကိုဂုဏ်တန်ခိုး သိမ်ငယ်စေ၍ ကမ္ဘာလောကကြီးကိုပင် ပြောင်းပြန်ဦးစောက် မှောက်၍သွားလေအောင် ရှက်ဆောင်နိုင်သော အစွမ်းရှိလေသည်၊အခြားသောဒဏ်ပြန်ဂါထာ,ပြုစားသော ပယောဂ ဂါထာများသည် အစွမ်းရှိလှ၏ဆိုရသော်လည်း ကမ္ဘာလောကကို အုပ်ချုပ်၍ တန်ခိုးရှိစေသည်မဟုတ်ချေ။

လူတို့၏ နှုတ်မှ မန်းမှုတ်အပ်သော မုသာဝါဒ မန္တန်ကြီးသည်မူကား-အထက် ကောင်းကင်, အောက်မြေပြင်တို့ကို ကသောက်ကရောက် ကပြောင်းကပြန်ဖြစ်စေ၍ အသက်တိုစေခြင်း, ရောဂါများစေခြင်း, ဘေးဒဏ်ထိရောက် စေခြင်းများကိုပြုလုပ်နိုင်လေသည်၊ သို့ဖြစ်၍ မုသာဝါဒသည် အလွန်တန်ခိုးကြီးသော ဒဏ်ပြန်ဂါထာကြီးဖြစ်သည်

ဟူ၍ ယုံကြည်ထိုက်လေ၏၊ သစ္စာနှင့် မုသာဝါဒသည် ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဖြစ်ကြကုန်၏၊ သစ္စာစကား ထွန်းကားသော အခါ မုသာဝါဒသည် တိမ်ကော၍နေ၏၊ မုသာဝါဒထွန်းကားသောအခါ သစ္စာစကားတိမ်ကော၍နေ၏၊ စေတိယဇာတ်၌ စေတိယမင်းသည် မဟုတ်မမှန်သောစကားကို ပြောမည်ဆိုသောအခါ တိုင်းသူပြည်သားတို့က မကြားဘူးသည်နှင့် ဝိုင်းဝန်းကာ လာရောက်ကြပြီးလျှင် နားထောင်ကြလေကုန်၏။

ထိုစဉ်အခါများမှာ မုသာဝါဒကိုအလွန်ပေ့ါရခဲ၏၊ ဒုလ္လဘတခုဟု ဆိုထိုက်၏၊အလွန်သစ္စာစောင့်ကြသောလူတို့၏ အလယ်တွင် တဦးတယောက်က လူးချွန်၍မုသား ဆိုသောကြောင့် အထင်အရှားအကျိုးပေးလျက် မြေမျိုလေ၏၊ အလွန်တရာဖြူစဉ်သော ပိတ်ထည်ကြီးမှာ မှင်တစက်စွန်းကွက်ရာ အလွန်ထင်ရှားသကဲ့သို့တည်း၊ ယခုခေတ်ကာလမှာ မုသာဝါဒကို ခါးဝတ်ပုဆိုးကဲ့သို့မြဲ၍ ထမင်းဟင်းကဲ့သို့ သုံးစွဲနေကြသောကြောင့် ဘယ်လိုပင်မုသားပြောသော်လည်း တုံ ထိုင်း၍ နေသောကြောင့် အကျိုးမပေးနိုင်ဘဲရှိလေသည်၊ ဥပမာ-ဆီကြေးအလိမ်းလိမ်းအကျံကျံနှင့် ညစ်ပေနေသော ထမင်းအိုးချောင်မှာရှိသည့်လက်နှီးဖုပ်မှာ မှင်တစက်စွန်းကွက်သော်လည်း မထူးသကဲ့သို့တည်း၊ ယခုလိုအခါမှာ မုသာဝါဒပြောတိုင်းသာ မြေကြီးကမျိုရမည်ဆိုလျှင် မြေကြီးအားနိုင်စရာပရှိ၊ မျိုရသည့်အလုပ်နှင့်ပင် တမြုန်းမြုန်းအချိန်ကုန်စရာရှိတော့သည်၊တယောက်စီတယောက်စီမျို၍မနေနိုင်သည်နှင့် မြေကြီးကိုစောင်းပြီး မှောက်လိုက်ရုံသာ ရှိတော့သည်၊ ယခုလိုခေတ်အခါမှာ သစ္စာစကားကို အလွန်ရခဲလေသည်။

ယခုလောက၌တဦးနှင့်တဦးမယုံရဘူး''ကိုယ်ကကြူး ဒူးကိုမှမယုံနှင့်'' ဟုဆိုကြသောစကားမှာ သစ္စာမဲ့ကြသောကာလတွင် အသုံးပြုရသော စကားဖြစ်လေသည်၊ ထိုစကားပုံသည် ယခုခေတ်ကာလနှင့် များစွာ သင့်လျော်လေ၏၊''ပါးစပ်ပြောကပျားသကာ ဓါတ်သဘောကခါးတမာ'' ဆိုသည်နှင့်အညီ မုသာဝါဒ ထွန်းကားသောအခိုက်ဖြစ်၍ ပါးစပ်က ပြောလိုက်လျှင် ချိုချိုသာသာ စိုစိုရွှမ်းရွှမ်းနှင့် ပျားသကာကဲ့သို့ လွန်

စွာယုံကြည်နှစ်သက်ဘွယ်ရှိလှ၏၊သို့ရာတွင် ပြုလုပ်ပုံ,စိတ်သဘောထားပုံများကမူကား ခေါးလုံ့တို့ကိုထောင်၍ ထားသည့်ပမာ, အဆိပ်တို့ကိုမြှုပ်နှံ၍ ထားသည့်ပမာ ဖြစ်ကြကုန်သည်။

ခေါးလုံ့သံလျက် သစ်ချွန်ဓါးချွန်တို့ဖြင့် စိုက်ထောင်၍ အပေါ်ယံက ကြည်လင်သောရေအပြင်ဝယ် လှပတင့်တယ်သော ကြာရုံတို့ဖြင့်ဖုံးလွှမ်း၍နေသောရေကန်ကို အပေါ်ယံ ဗန်းပြကောင်းသည်နှင့် ချိုးသောက်ရန် ခုန်ဆင်းလိုက်သောအခါ ဘေးကြီးထိရောက်ခြင်းကိုခံရဘိသကဲ့သို့ မုသာဝါဒဖြင့် အပေါ်ယံပန်းပြကောင်း၍ စိတ်သဘောကဆိုးညစ်သူ ကို ယုံမိလျှင် ဘေးကြီးထိတွေ့တတ်၏၊ ပြုလုပ်ပုံ စိတ်သဘောထားပုံနှင့် မညီညွတ်သောစကားကို မုသာဝါဒစကားခေါ်သည်၊ သူတော်ကောင်းတို့သည်မူကား-မုသားကို ကြောက်ကြကုန်သောကြောင့်ပြုသောအတိုင်းသာပြောကြကုန်၏၊ပြောသောအတိုင်းလည်းပြုကြကုန်၏၊ထိုသို့သောဂုဏ်နှင့် ပြည့်စုံသောသူများကို"ယထာကာရီတထာဝါဒီ ယထာဝါဒီတထာကာရီ" ဂုဏ်နှင့်ပြည့်စုံသည်ဟူ၍ ကျမ်းဂန်များတွင်ဆိုသည်၊ မဟာသုတသောမမင်းကြီး၏ ဇာတ်ဝတ္ထုကို ထောက်ဆသောအားဖြင့် သူတော်ကောင်းတို့သည်ကား- မုသားပြောဆိုရန်မှအလွန်စက်ဆုပ်ကြလေသည်၊အသက်ကိုအသေခံမည်၊မမှန်သောစကားကိုဖြင့်မပြော-ဟု တင်းမာနိုင်ကြကုန်၏။

သို့ရာတွင် လောကဓမ္မတာသဘောကို တဦးတယောက်က ပြုပြင်၍ ရကောင်းသည် မဟုတ်သောကြောင့် ယခုကဲ့သို့ သစ္စာစကားကို ရခဲသော ဒုလ္လဘအခါကြီးထဲမှာ သစ္စာမဲ့ရမလားဟု လောကကိုအပြစ်တင်သော်လည်း အချည်းနှီးသာဖြစ်လိမ့်မည်၊ သစ္စာကိုသွေရှောင်၍ စကားတိုင်းမှာလိုလိုပင် မုသာဝါဒကို ပျားရေဆန်း၍ ပြောဆိုနေကြသည့်အတိုင်း မုသားမပါဘဲ တိုတိုတောင်းတောင်းပြောလျှင် စကားမတတ်သောသူ လူရိုးကြီးဟူ၍လည်း ပြောဆိုတတ်ကြကုန်၏၊ထိုသို့မုသာဝါဒကဈေးကောင်းနေသောအခါ ဖြစ်လေသောကြောင့်"မုသားမပါ လက်ာမချော" ဟူသော စကားကို ပြောဆိုကြပြီးလျှင် စကားချောအောင်(လက်ာချောအောင်) မုသာဝါဒကိုထည့်၍ ပြောဆိုကြကုန်၏၊ မုသားကလေးပါမှပင် နားမှာ ချိုချိုသာသာရှိသည်ဟုထင်ကြကုန်၏။

ထိုသို့မုသားကိုသုံးစွဲသော ခေတ်ကာလ ဖြစ်သောကြောင့်သာလျှင် အလွဲလွဲအမှားမှား မတရားသော အချက်တို့သည် ပေါများကုန်၏၊ မုသာဝါဒအတွက်နှင့် လွှတ်ရုံးများမှာ နေ့စဉ်လူတွေ စည်ကားကြကုန်၏၊ တရားသူကြီးပြုလုပ်သော သူတို့ကလည်း ထိုမုသာဝါဒကိုရှင်းလင်းနိုင်သမျှ ရှင်းလင်းအောင် မှန်သောသစ္စာသို့ကျအောင် စစ်ဆေးဆုံးဖြတ်ကြရကုန်၏၊ထိုအခါ တရားလို,တရားခံတို့၏စကားကို လုံးလုံးမယုံကြည်နိုင်သောကြောင့် သက်သေများကိုလည်း ခေါ်၍ စစ်ဆေးရ၏၊ မူလ ပထမကိုက မုသာဝါဒအတွက် မယုံကြည်ရ၍ သက်သေများကိုခေါ်ပြန်ရာ သက်သေလုပ်သော သူတို့ကလည်း ပုထုဇဉ်လောကီသားတွေ ဖြစ်နေပြန်သောကြောင့် မတော်မတရား မုသားသက်သေအဖြစ်နှင့် မုသားထပ်၍ ပြောပြန်လျှင် တလိမ်ပေါ်တွင်နှစ်လိမ်သုံးလိမ်စသဖြင့် ထွေးရှုပ်၍ မုသားတောကြီး ထပြန်လေသည်၊ သို့ရာတွင် စစ်ဆေး၍ အမှန်များရာဘက်ကိုသာ တရားသူကြီးက အနိုင်ပေး၍ စီရင်ချက်ချမှတ်ရလေသည်။

ကျမ်းသစ္စာကျိန်ဆိုမှုမည်သည်လည်း ယခုအခါ မပြုလျှင်လည်း မတော်လွန်း၍သာ ဝတ်ကြေကုန်ရုံလောက်မျှသာ ပြုလုပ်ကြရ၏၊ ကျမ်းကျိန်ဆိုသည့်အတိုင်း (ကျမ်းစာတွင်ပါသည့်အတိုင်း) မမှန်သည့် အတွက်နှင့် စူးမည်ဆိုလျှင် ကျမ်းစူးလွတ်ကင်းသောသူပင် အတော်နည်းပါးလိမ့်မည်-ဟု မှတ်ထင်တွေးတောစရာရှိ၏၊ ယခုအခါ စကားပြောဆိုရာတို့၌ ကိုယ့်ကိုယ်ကို ကိုယ်ကျိန်ဆိုလျှင် “ဘုရားစူးရပါစေရဲ့ မိုယ်းကြိုးပစ်ရပါစေရဲ့ သေရပါစေရဲ့” စသည်ဖြင့် ပြောဆိုခြင်း များသည်လည်း ကိုယ့်ကိုယ်ကမယုံစရာမုသာဝါဒသမားကြီးဖြစ်နေသောကြောင့် တမင်ကျိန်ရသကဲ့သို့ ရှိလေသည်၊ ထိုအကျိန်မျိုးများကို စကားပြောတိုင်းဝါသနာ ဘာဂီအားဖြင့် သုံးစွဲလေ့ရှိကြကုန်သည်၊ဘယ်လိုပင်ကျိန်စေကာမူ ခေတ်ကာလအားလျော်စွာ ဖြစ်နေခြင်းကြောင့် မိမိဆီသို့ထိခိုက်ကြရန် မိုယ်းကြိုးများကလည်း အားလပ်ခွင့် အချိန်ရကြမည်မဟုတ်ချေ။

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ ကျမ်းဂန်တို့မှာ မုသာဝါဒ၏ အပြစ်ကိုများစွာပြဆိုကုန်၏၊ ဓမ္မပဒပါဠိတော်၌ ဟောတော်မူသည်မှာ—

ဧကံ ဓမ္မံ အတီတဿ၊ မုသာဝါဒိဿ ဇန္တုနော။
ဝိတိဏ္ဏပရလောကဿ၊ နတ္ထိ ပါပံ အကာရိယံ။ ။

**အနက်။** ဝိတိဏ္ဏပရလောကဿ၊ တမလွန်လောကကို မကြောက်သော။ မုသာဝါဒိဿ၊ မဟုတ်မမှန်သော စကားကို ပြောကြားသော။ ဇန္တုနော၊ သတ္တဝါအား။ ဧကံဓမ္မံ၊ ထိုမုသာဝါဒ-တည်းဟူသော ဒုစရိုက်တရား ဆိုးကြီးတခုကို။ အတီတဿ၊ လွန်ကျူးပြောဆိုပုံ့သော ကြောင့်။ ပါပံ၊ အလုံးစုံသော မကောင်းမှုကို။ အကာရိယံ၊ မပြုပုံ့သော မည်သည်။ နတ္ထိ၊ မရှိ။

မုသာဝါဒ-တည်းဟူသော ဒုစရိုက်တပါးကိုကျူးလွန်၍ကျင့်ဝံ့သော သူသည် အခြားသော ဒုစရိုက်များကို မပြုဝံ့သည်မရှိ၊ အမှန်ပြုဝံ့မည် ပင်ဖြစ်သည်-ဟု ဆိုလိုသည်၊ ထိုစကားကိုထောက်လျှင် မုသာဝါဒကို လွန်ကျူးဝံ့သောသူကား-ဘယ်ဒုစရိုက်မျိုးကိုမှ ကြောက်မည့်သူမဟုတ်၊ အပါယ်ဘေးသော, သံသရာဘေးသော၊အနည်းငယ်မျှ ထောက်ထား မည့်သူ မဟုတ်-ဟူ၍လည်း အဓိပ္ပါယ်ကျရောက်လေသည်၊ စဉ်းစား ဆင်ခြင်လိုက်သည်ရှိသော် မုသာဝါဒမည်သည် လူတို့၏နှုတ်မှ ထွက် သော စကားသာဖြစ်၏၊ လူတို့မည်သည် တိရစ္ဆာန်တို့ကဲ့သို့ အောက် ကျယုတ်ညံ့သော ဘုံသားတို့လည်း မဟုတ်ကုန်၊ ကုသိုလ်ကံအားဖြင့် (မနုဿဘုမ္မိ) လူ့ဘုံလူ့ဘဝသို့ ရောက်လာကြကုန်၏၊ ထိုသို့မြင့်မြတ် သော သူတို့၏ခံတွင်းမှ ယုတ်ညံ့မှားယွင်းသော စကားကို ထွက်စေလျှင် အကျိုး, အကြောင်း မသင့်ဘဲရှိနေလိမ့်မည်။

မြင့်မြတ်သော သူတို့၏ ခံတွင်းက ထွက်သော စကားများသည် ယုံကြည်ဘွယ်ရာမရှိဘဲ မုသားစကားတွေသာ ဖြစ်နေပါက ထိုခံတွင်း သည် မြတ်သောခံတွင်း-ဟု မဆိုထိုက်၊ သစ်ခေါင်းပေါက်နှင့် မြေကြီး တွင် တူး၍ထားသော တွင်းများကဲ့သို့ရှိနေလိမ့်မည်၊ အခေါင်းရှိသော သစ်တုံးကို တီးခေါက်လျှင် မြည်၏၊ လူတို့၏ ခံတွင်းမှလည်း စကားသံ အားဖြင့် မြည်တတ်၏၊ မြည်တတ်ရုံမျှချည်းသာဖြစ်၍ သစ်ခေါင်း ပေါက်နှင့် မုသာဝါဒကို ပြောကြားသော ခံတွင်းပေါက်တို့၏ တူမျှ ကြောင်းကိုဆိုသည်၊ သို့ဖြစ်၍ လူ့ဘုံသားတို့သည် မြင့်မြတ်သော ဘုံ

ဘ၀တွင် တည်နေကြရသောအတိုင်း မိမိတို့၏မြင့်မြတ်သော အဖြစ်ကို ဆင်ခြင်၍ မုသာ၀ါဒကို မပြောဘဲ မှန်ကန်သော သစ္စာစကားကိုသာ ပြောကြား သင့်လေသည်။

ဇာတ်တော်များ၌ တိရစ္ဆာန်တို့၏ တွန်သံကိုကား-အဓိပ္ပါယ်သိလွယ်၏၊လူတို့၏ တွန်သံကိုမူကား-(မုသာ၀ါဒထုပြောလှသောကြောင့် အဓိပ္ပါယ်ကျနမှန်ကန်စွာ သိနိုင်ခဲသည်)ဟူ၍ ပြဆိုသော စကား အချက်ရှိလေသည်၊ ၎င်းအချက်ဂါထာမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

သုဝိဇာနံ သိင်္ဂါလာနံ၊ သကုဏာနဉ္စ ၀ဿိတံ။
မနုဿ၀ဿိတံ ရာဇ၊ ဒုဝိဇာနတရံ တတော။ ။

**အနက်**။ ရာဇ၊ မင်းကြီးမြတ်။ သိင်္ဂါလာနဉ္စ၊ မြေခွေးတို့၏လည်းကောင်း။ သကုဏာနဉ္စ၊ ငှက်တို့၏လည်းကောင်း။၀ဿိတံ၊ တွန်သံကို။ သုဝိဇာနံ၊ သိလွယ်ပါ၏။ မနုဿ၀ဿိတံ၊ လူတို့တွန်မြည် သံကိုကား။ တတော၊ ထိုတိရစ္ဆာန်တို့၏ တွန်ပြည်သံထက်။ ဒုဝိဇာနတရံ၊ အလွန်တရာသိနိုင်ခဲလှစွာ၏။

လူတို့၏တွန်မြည်သံကို မှန်ကန်စွာသိနိုင်ခဲ၏-ဟုဆိုသည်မှာ များသောအားဖြင့် မုသားကို ပျားရေဆန်း၍ ပြောလေ့ရှိကြသောကြောင့် ပြောသောအတိုင်းမှန်သည်-ဟု မယူသာဘဲ သိနိုင်ခဲသည်-ဟု ဆိုလိုသည်၊ ထိုသို့ဖြစ်လေသောကြောင့် သူစိမ်းပြင်ပကိုမဆိုထားဘိ၊ဆွေမျိုးသားချင်းဖြစ်စေကာမူ မုသာ၀ါဒထွန်းကားသောအခိုက်ဖြစ်၍ စိတ်ချချနှင့် ယုံကြည်ရန် အမှန်ခဲယဉ်းလေ၏။

ထိုသို့ဖြစ်ရခြင်းမှာလည်း အတ္တဟိတ အားဖြင့် ငဲ့ကွက်၍ ကိုယ့်ဘက်သို့ပါအောင် ယက်တတ်သော သဘောရှိသောကြောင့်သာလျှင် မုသားမပြောတန်ရာ၌လည်း မုသားပြောရလေ၏၊ မလိမ်တန်ဘဲနှင့်လည်း လိမ်လည်ရလေ၏၊ သစ္စာစကားပါးရှား၍ မုသားဈေးကောင်းတိုင်း လောကမှာယုံကြည်စရာ မတွေ့နိုင်သဖြင့် ကြံစည်ပြုလုပ်သော အလုပ်များသည် ဖြောင့်သားတည့်မတ်စွာနှင့် မကြီးပွါးနိုင်ဘဲ ပျက်ပြားတတ်လေသည်၊ သို့ဖြစ်၍ ကြီးပွါးခြင်းကို အလိုရှိပါက မိမိတို့ခံ

တွင်းကား-လူ၏ခံတွင်းဖြစ်သည်၊ မှန်ကန်သော သစ္စာစကားကိုပြော ကြားမှ ဂုဏ်သိမ်ခြိမ်နှင့်လိုက်လျော တင့်တယ်မည်-ဟူ၍သဘောထား ကြပြီးလျှင် မုသားကိုပါးနိုင်သမျှ ပါးရှားလေအောင်,သစ္စာကတိကို တည်နိုင်သမျှတည်ရလေအောင်ရှက်ဆောင်ကြိုးစားသင့်လေသတည်း။

၂။ "မိဘတို့၏ ကျေးဇူးကိုဆောင်၍ ချမ်းသာအောင် ပြုလုပ်တတ် သော သားကောင်းရတနာကို လွန်စွာရခဲသည်"ဟူသော ဒုတိယအ ချက်၌- သားသမီးတို့သည် ငယ်ရွယ်စဉ်အခါက မိခင် ဘခင်တို့၏ ယုယပိုက်ထွေး မွေးမြူပြုစုခြင်းကို မည်မျှလောက်ပင် ခံစံခဲ့ရသော် လည်း ကြီးပြင်း၍ လူလားမြောက်လာကြသော အခါတွင် မိခင်ဘခင် တို့၏ ကျေးဇူးကို သိတတ်ခဲကြကုန်၏၊ မိမိတို့သည် အိုးအိမ်သားမယား နှင့် နေထိုင်ကြသောအခါ "ရေတို့မည်သည် နိမ့်ရာသို့သာ စီးဆင်း သည်" ဆိုသကဲ့သို့ မိဘတို့ကိုဆန်၍ သတိမရကြကုန်ဘဲ ကိုယ့်သား မယားများဆီသို့သာ အကြင်နာရော, မေတ္တာရော,ဥစ္စာရော, ပစ္စည်း ရော စုံဆင်းကြကုန်၏၊ မိဘဖြစ်သော သူတို့မှာ ပစ္စည်းဥစ္စာမဲ့၍ စား သုံးရန်မရှိစေကာမူ ကြောင့်ကြစိုးရိမ်ခြင်းမရှိ၊ မိမိသားများကို ဝဖြိုးစွာ စားရလေအောင် ရှက်ဆောင် ကြိုးပမ်း၍သာ နေတတ်ကြလေကုန်၏။

မိဘတို့ ကျေးဇူးသည်ကား-သားသမီးများ အပေါ်၌ မည်ကဲ့သို့ ကြီးမားကြောင်းကို ဂဏန်းအားဖြင့် ရေတွက်၍ ပြခြင်းငှါမတတ်သာ သောကြောင့် "မြေကြီးအထုကဲ့သို့ နက်နဲသည်၊သမုဒ္ဒရာကြီးများကဲ့သို့ ကြီးကျယ်သည်၊မြင်းမိုရ်တောင်ကြီးကဲ့သို့ မြင့်မောက်သည်"ဟူ၍ဥပမာ စကား ပြောကြားကြရကုန်၏၊ ထိုကဲ့သို့ ကျေးဇူးကြီးမားသော မိခင် ဘခင်များကို မည်သည့်နည်းနှင့်မဆို ပြစ်မှားထိခိုက်ခြင်းကို မပြုသင့် ကြောင်းနှင့် မိဘတို့အားလုပ်ကျွေး ပြုစုရမည်ဟူသော "မာတာပိတု ဥပဋ္ဌာန"မင်္ဂလာကြီးကိုလည်း မြတ်စွာဘုရားဟောကြားတော်မူခဲ့၏၊ သုဝဏ္ဏသာမဇာတ်တော်၌ မိဘတို့အား လုပ်ကျွေးခြင်း၏ဂုဏ်ကျေးဇူး ကိုလည်း အထူးပင်ချီးမွမ်းတော်မူ၏။

မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးသော်မှလည်း မိခင်၏ဂုဏ်ကျေး ဇူးကို ဆပ်တော်မူလိုသောကြောင့် ဘုရားဖြစ်ပြီး၍ ခုနစ်ဝါမြောက်

တွင် တာဝတိံသာနတ်ပြည်သို့တက်၍ ဝါဆိုတော်မူပြီးလျှင် သုံးလပတ်လုံး ထူးဆန်းနက်နဲသော အဘိဓမ္မာဒေသနာ တရားတော်မြတ်ကြီးကို ဟောတော်မူလေသည်၊ထိုအဘိဓမ္မာဒေသနာကို လူ့ပြည်၌ဟောတော်မူသည်မဟုတ်၊သန္တုဿိတမည်သော မယ်တော်မိနတ်သားကို အရင်းပဓာနပြု၍သာဟောတော်မူသည်၊ သို့ဖြစ်၍ အဘိဓမ္မာဒေသနာတော်ကို နို့ဘိုးဆပ်သောတရားဟူ၍ အစဉ်စကား ပြောကြားလေကုန်သည်။

မိခင်ဘခင်များသည် မနုဿဘုံသားဖြစ်၍ လူပင်မှန်သော်လည်း သားသမီးတို့အပေါ်မှာအခြားလူသာမညကဲ့သို့မဟုတ်ဘဲ အထူးဝိသေသအားဖြင့် ဂုဏ်လွှမ်းမိုးလျက်ရှိနေသောကြောင့်မိဘကိုသတ်ဖြတ်လျှင် (ပဉ္စာနန္တရိယ)ကံကြီးထိုက်၍ မည်သည့်ကုသိုလ်ကိုပြုသော်လည်း ထိုကံကြီးကိုမတားမြစ်နိုင်ဘဲ သေသည်မှနောက်၌ အမြဲငရဲသို့ ရောက်စေတတ်လေသည်၊ အဇာတသတ်မင်းသည် ဘခင်ကို သတ်မိမှားသောကြောင့် နောက်အခါသတိတရားရ၍ ဘုရားကိုဆည်းကပ်ကိုးကွယ်ပါသော်လည်း ပိတုဃာတကကံကို မတားမြစ်နိုင်ဘဲ သေသည်မှ နောက်ကာလ၌ ငရဲသို့ရောက်လေသည်၊ဤသို့စသည်ဖြင့် မိခင်ဘခင်တို့နှင့်စပ်၍ အကျိုးအပြစ်ကိုပြဆိုသောကျမ်းဂန်တို့သည် များစွာရှိကြကုန်၏။

သို့ရာတွင် ကလိယုဂ်ကာလ ဆုတ်ကပ်သမယ၏ သဘာဝဓမ္မအတိုင်း တရားများသည် ပျက်ပြွင်းလေသည်သာ များသောကြောင့် ငယ်ရွယ်စဉ်အခါက မိခင်ဘခင်တို့ကိုချစ်ခင်လှ၍ ကြီးလျှင် မည်သို့လုပ်ကျွေးမည်၊ မည်သို့ပြုစုမည်ဟု ပြောဆိုကြသော်လည်း ကြီးပြင်း၍ လာသောအခါ ငယ်ငယ်ကစိတ်တို့သည် ပြယ်ပျောက်ပြီးလျှင် မိခင်ဘခင်တို့ကိုပြုစုသောသူ, မိခင် ဘခင်တို့၏အလိုသို့ လိုက်သောသူတို့သည်ကား-အလွန်ပင်ရှားကြကုန်၏၊ သို့ဖြစ်၍ စာဏကျဆရာကြီးက "လောကတွင် မိဘတို့ကို ချမ်းသာအောင် ရှက်ဆောင်သူကား - အလွန်တရာပါးရှား၍ ရခဲသည်"ဟုဆိုလေသည်။

လောကကြီးတခုလုံးသည် ဂုဏ်ရှိသောသူတို့၏မျက်နှာကိုသာမော်၍ကြည့်လေ့ရှိကြသောကြောင့် မိဘဖြစ်သောသူတို့မှာ ပစ္စည်းဥစ္စာနှင့်ပြည့်စုံ၍ ဂုဏ်ရှိလျှင် ထိုပစ္စည်းဥစ္စာဂုဏ်ကို မြှော်မြင်ခြင်းအားဖြင့်

သားသမီးတို့သည် မိဘတို့ကိုရှိသေသကဲ့သို့ ပြုလုပ်ကြလေ၏၊ ထိုသို့ပြုခြင်းမှာ မြော်မြင်စရာရှိသောကြောင့်သာဖြစ်သည်ဟု တွေးထင်သင့်လေသည်၊ ပစ္စည်းဥစ္စာမရှိသော မိခင်ဘခင်တို့ကိုမူကား- အလေးမမူ ဂရုမစိုက်ဘဲ လျစ်လျူရှု၍ထားတတ်ကြလေကုန်၏၊ မိမိတို့မှာ ပစ္စည်းဥစ္စာရှိသော်လည်း ရှိသည်အလျောက် ထိုက်တန်အောင် ပေးကမ်းကျွေးမွေးလေ့မရှိကြကုန်၊ မည်မျှလောက် တရားပျက်သနည်းဆိုလျှင် မိဘတို့၏ ပစ္စည်းကိုမရသေးခင် မြော်မြင်စရာရှိစဉ်က ၁င်ခင်မင်မင် ယုယုယယ ပြုစုကြသော်လည်း မိခင်ဘခင်တို့က အသက်ရှိစဉ် အမွေဝေဘန်၍ ပေးလိုက်ပြီးသည့်ရှိသော်- ခဏခြင်းစိတ်ပြောင်း၍ မိဘတို့အပေါ်၌ အချစ်ပြယ်ပြီးလျှင် မပြုမစု မကြည့်မရှုနေတတ်ကြလေကုန်၏။

သားသမီးလေးငါးယောက် စသည်ရှိလျှင် မိဘတို့ကိုကျွေးမွေးရန် တွက်ကပ်ကြ၍ ငါကတော့ ပြုစုသည်၊မည်သူကတော့မပြုစု၊ ငါကတော့ မည်မျှလောက်ပေးရသည်၊ မည်သူကတော့မပေးချင်ဟု တယောက် တယောက်လှည့်၍ တွက်ကပ်ခါနေကြကုန်၏၊ မိဘဖြစ်သော သူတို့မှာ တွက်ကပ်သော သားသမီးတို့အလယ်မှာ ဟိုသားက ထောက်ပံ့နိုးနိုး၊ ဟိုသမီးကထောက်ပံ့နိုးနိုးနှင့် အားကိုးရာမဲ့ဖြစ်ပြီးလျှင် ငြိုငြင်ဆင်းရဲစွာ အသက်မွေးမြူကြရရှာကုန်၏၊ ကိုယ့်သားသမီးနှင့် ကိုယ့်မယားများကို ကျွေးရမည်ဆိုလျှင် တွက်ကပ်မည်မှာနေနေသာသာ မတောင်းမီကပင် လျှင် တင်ကြို၍ကျွေးမွေးလိုသောဆန္ဒရှိနေကြကုန်၏။

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်အခါ၌ ဖြစ်သောဝတ္ထုတခုမှာ-သာဝတ္ထိပြည်၌ ပုဏ္ဏားကြီးတယောက်တွင် ပစ္စည်းဥစ္စာလေးသိန်း ကြွယ်ဝ၏၊ ထိုပုဏ္ဏားအိုကြီးမှာ သားလည်းလေးယောက်ရှိ၏၊ ပစ္စည်းလေးသိန်းကို သားတို့အားခွဲဝေ၍မပေးမီကာလတွင် လွန်စွာမျက်နှာကြီး၍သားတို့၏ ရိုသေမြတ်နိုးခြင်းကိုခံရလေ၏၊ ထိုအခါပုဏ္ဏားကြီးက ငါ့သားများသည် လိမ္မာရေးခြားရှိကြကုန်၏၊ သားတို့၏ဂုဏ်အင်္ဂါလက္ခဏာနှင့်ညီညွတ်စွာ ငါ့ကိုပြုစုကျွေးမွေးကြကုန်၏၊ ငါလည်းအိုမင်းပြီ၊ ထိုပစ္စည်းတို့ကို ငါ့လက်တွင်းမှာသိမ်းထားခြင်းဖြင့်အကျိုးမရှိ၊ သားတို့အားအပ်နှင်း၍ ချမ်းသာစွာနေတော့အံ့၊ သားတို့လုပ်ကျွေးခြင်းကိုသာခံ၍ အသက်မွေးတော့အံ့ဟု ကြံပြီးလျှင် ရှိသမျှသောပစ္စည်း

ဥစ္စာလေးသိန်းတို့ကို သားလေးယောက်တို့အားအညီအမျှဝေဘန်၍ပေးလေ၏၊ ငါ့ကိုလည်း သင်တို့ကအလှည့်ကျအားဖြင့် ကျွေးမွေးကြကုန်လော့ဟုဆုံးမလေ၏။

ထိုသို့အမွေခွဲဝေပြီးသောနောက် ပထမရှေးဦးအခါမှာ အလှည့်ကျစီ တော်တော်ကြည်ကြည်သာသာ ပြုကြကုန်သေး၏၊ကာလအတော်ကြာလတ်သော် သားအချင်းချင်းတွက်ကပ်ပြီးလျှင် ငါကသာအကျွေးအမွေးအပြုအစုများသည်၊ မည်သူကတော့ ငါ့လောက်မပြုမစုံ၊ သည်အဘိုးကြီးကလည်း အလိုက်မသိ၊ ငါ့အိမ်မှာသာ ကြာကြာကြီးမှီခို၍စားသောက်လိုသည်၊ သည့်ပြင်သားများကိုတော့ ပစ္စည်းဥစ္စာကုန်မှာစိုးရိမ်၍ တခြားသူ့သားများအိမ်ကိုတော့ မပြောင်းချင်ဟု တွက်ကပ်ကြကုန်၏၊ ချွေးမဖြစ်သောသူများကလည်း အဘိုးကြီးကို မျက်စောင်းတထိုးထိုးနှင့် ငြူစူစောင်းပြောင်းကြကုန်၏၊ ကျွေးမွေးသောအခါတွင်လည်း မသဒ္ဓါသောအမူအရာဖြင့် ဆောင့်ဆောင့်အောင့်အောင့်ပြုလုပ်ကြကုန်၏၊ အဘိုးကြီးနှင့်သားများကို မသင့်မတင့်ရှိအောင် ကုန်းတိုက်ကြကုန်၏။

ထိုသို့ဖြစ်သောအခါ ပုဏ္ဏားအိုကြီးမှာ အနေကပ်အထိုင်ကပ်ဖြစ်ပြီးလျှင် ဟိုအိမ်မှာလည်းမျက်နှာမရဲ၊သည်အိမ်မှာလည်းမျက်နှာမရဲနှင့် ကာလကြာမြင့်လေသော် သားလေးယောက်တို့၏အိမ်သို့မကပ်ဝံ့ရှာဘဲ တောင်းစားရမ်းစားအပေါ်နှင့် မြတ်စွာဘုရား ကျောင်းတော်မှာသာ ကပ်ခို၍ နေရှာလေ၏၊ နောက်မှမြတ်စွာဘုရားက သားတို့ရှက်ကြောက်လောက်အောင်ဂါထာသီကုံးပေး၍ တွေ့ရာမြင်ရာ ပရိသတ်တကာမှာ ရွတ်ဆိုစေသဖြင့် သားများကြား၍ ရှက်သောအခါမှ တဖန်ပြန်၍ ပြုစုကြသည်ဟူ၍ ကျမ်းဂန်တွင်ဆိုသည်၊ ထို့ကြောင့်သားသမီးတို့သဘောသည် မိဘတို့မှာ ပစ္စည်းဥစ္စာ မြော်မြင်ဘို့ရာရှိလျှင် ခင်ခင်မင်မင်ပြုစုလုပ်ကျွေးကြ၍ ပစ္စည်းဥစ္စာကင်းမဲ့သောအခါ ဥပေက္ခာပြုလျစ်လျူရှု၍ ထားပတ်ကြလေသည်၊ စဉ်းစားဆင်ခြင်လိုက်သည်ရှိသော် လူ့ဘဝကိုရသည့်အခါတွင် မိခင်မည်သည်ကို တယောက်တည်းသာရနိုင်၏၊ ထို့အတူ ဘခင်မည်သည်ကိုလည်း တယောက်တည်းသာလျှင် ရနိုင်၏။

သားသမီး,ပစ္စည်းဥစ္စာတို့ကို ရနိုင်ရန်မူကား ထိုကဲ့သို့ခဲယဉ်းသည် မဟုတ်ချေ၊ ထိုကဲ့သို့တဘဝတွင်မှ တယောက်တယောက်မျှသာ တွေ့ကြုံရသောမိခင် ဘခင်တို့ကို အလွန်ရခဲခြင်းကြီးရခဲသော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီးတွေ ဖြစ်လေသည်ဟုဉာဏ်ရှိသမျှဆင်ခြင်စဉ်းစားပြီးလျှင် လုပ်ကျွေးမွေးမြူအရေးယူသင့်လေသည်၊ မိဘများကို "အိမ်ဦးနတ်" ဟူ၍ ဆိုစမှတ်ပြုလုပ်ကြကုန်၏၊ အိမ်ဦးနတ်ဆိုသည်မှာ အိမ်ဦးတွင်အရိုအသေထား၍ ကိုးကွယ်ရသော သူမြတ်ဟူ၍ဆိုလိုသည်၊ ယခုလောက၌ မိရိုးဖလာ ကိုးကွယ်မြဲဖြစ်သော နတ်များကို နတ်အိုးတည်၍ဖြစ်စေ, နတ်အုန်းသီးကိုး၍ဖြစ်စေ အိမ်တွင်အမြဲထား၍ ရှိခိုးသေသေကိုးကြကုန်သကဲ့သို့ မိဘများကို ကိုးကွယ်အပ်လေသည်၊ မိခင်ဘခင်များကို "အိမ်ဦးနတ်၊" ရှင်ဘုရင်ကို"လောကသမုတိနတ်"၊နတ်ပြည်၌ ရှိကြသောနတ်များကို"ဥပပတ္တိနတ်"၊ဘုရားကို"ဝိသုဒ္ဓိနတ်" ဟူ၍ ခေါ်ဆိုသမုတ်ကြသောနတ်မျိုးတို့တွင် မိဘတို့သည် နတ်တပါးအပါအဝင်ဖြစ်ကြလေသည်။

လောက၌မင်းမဟာဂီရိနတ်,မင်းညီနောင်နတ်,မြင်းဖြူရှင်နတ်,ဦးရင်ကြီးနတ်-စသည်တို့ကိုကား- အမှတ်သတိရစွာနှင့် ပ-သ-တင်မြှောက်ကိုးကွယ်လေ့ရှိကြကုန်၏၊မိဘတည်းဟူသော အိမ်ဦးနတ်တို့ကို မူကား-သတိယွင်းပေါ့ မေ့မေ့လျော့လျော့နေကြရမည်ဆိုလျှင် ထိုသူများသည် အစိမ်းအဝါးဖြစ်သော နတ်ဆိုးများကို ရှိသေသလောက်မျှ မိဘတို့ကို မရှိသေတတ်ကြဟု ကဲ့ရဲ့ခြင်းငှါ ထိုက်ကြကုန်၏၊ အကယ်၍ သားဖြစ်သောသူတို့ကပင် မိခင်ဘခင်တို့ကို လုပ်ကျွေးပြုစုလိုသော်လည်း ချွေးမဖြစ်သောသူတို့က နှောင့်ရှက်သည့်အတွက်ကြောင့် ဝတ်ဂရားရှိသည့်အလျောက်မပြုစုဘဲ လစ်ဟင်းလျက်နေကြရပြန်၏။

လောက၌ များသောအားဖြင့် ယောကျ်ားတို့၏စိတ်သဘောသည် ချော့ချော့မော့မော့နှင့် မာယာကိုပျားရေဆန်း၍ ပြောကြားလေ့ရှိကြကုန်သော မိန်းမတို့၏စကားကိုသာ နားဝင်လေ့ရှိကြကုန်၏၊တခါပြော၍မပါသော်လည်း နှစ်ခါသုံးခါထပ်၍ပြောလျှင် ပါလွယ်တတ်ကြကုန်၏၊မိန်းမဖြစ်သောသူတို့သည် သဘောနု၍တိုတတ်ကြကုန်သောကြောင့် အရှည်မြော်မြင်ခြင်း,နက်နက်နဲနဲတွေးတောခြင်းကိုမပြုလုပ်နိုင်ကြကုန်၊

လင်ယောကျ်ားဖြစ်သူပြုလုပ်၍ ရရှိသောပစ္စည်းများကိုလင်ယောကျ်ား၏မိဘများကိုမှသော်လည်း ပေးကမ်းမျှတ၍ သဒ္ဓါနိုင်ကြသူ နည်းပါးကုန်၏၊ကြပ်ကြပ်သဘောဆိုး၍ လာသောအခါ ယောကျ်ား၏ဆွေမျိုးများဆိုလျှင် ပစ္စည်းပေးရမည်နေနေသာသာ အိမ်နားကိုမှပင် မလာမရောက်စေလိုသောသဘောရှိကြကုန်၏၊ယောကျ်ား၏ဆွေမျိုးလာလျှင်မသာသောမျက်နှာနှင့် စောင်းမြောင်းကာပြောဆိုတတ်ကြကုန်၏၊ထိုသို့ဖြစ်နေသော မိန်းမ၏လင်ယောကျ်ားသည် ဘယ်မှာမိမိ၏ မိဘဘိုးကိုကြည်လင်စွာလုပ်ကျွေးပြုစုနိုင်ပါမည်နည်း။

အချို့သောသားသမီးတို့သည် မိဘတို့အား ပြုစုလုပ်ကျွေးမည်ကိုဝေးစွ၊ လောကဥ္စ လူကဲ့ရဲ့မည်ကိုမထောက် သံသရာဝန်ကိုမကြောက်ဘဲ ငေါက်ငန်းပြောဆိုခြင်း, လက်အောက်ခြေသားကဲ့သို့ မထေမဲ့မြင် ဆဲရေးကြိမ်းဆိုခြင်းများကို ပြုကြကုန်သေး၏၊ သည့်ထက်ဆိုးဝါး၍ လာသောအခါ တိရစ္ဆာန်တို့၏စိတ်သဘောကဲ့သို့ ရက်ရောကြမ်းကြုတ်စွာရိုက်နှက်ပုတ်ခတ်ခြင်းများကိုပင် ပြုလုပ်ကြကုန်သေး၏၊ထိုသို့ပြုလုပ်ကြသောသူတို့သည် ကျေးဇူးရှင်များကိုပြစ်မှားသည့်အတွက်ကြောင့် မျက်မှောက်ထင်ထင်မှာသော်လည်း မကောင်းသောအကျိုးပေးခြင်းကိုခံရကုန်၏၊တမလွန်သံသရာသို့ ကျရောက်လေသော အခါမှုကား - အထူးပြောဆိုဘွယ်မရှိ၊နစ်မြုပ်ဘို့ရာလမ်းသာ ရှိလေကောသည်ဟု ယုံကြည်စိတ်ချထိုက်လေသည်။

အချို့သောသူတို့သည်မူကား - လိမ်မာရေးစမ်းနိုင်သော ပညာရှိကြကုန်သောကြောင့် မိဘတို့၏ဂုဏ်ကိုအာရုံပြုပြီးလျှင် တတ်စွမ်းနိုင်သမျှပြုလုပ်ကျွေးမွေးကြကုန်၏၊ သေလေသောမိဘတို့အားလည်း ကောင်းစွာသင်္ဂြိုဟ်၍ နောက်အခါကာလတို့၌လည်း မိမိသေသည်တိုင်အောင် မမေ့မလျော့တတ်သတိ ရလေ့ရှိကြကုန်၏၊ မိဘတို့ကိုရည်မှန်း၍ ကုသိုလ်ကောင်းမှုအထူးတို့ကို ပြုလုပ်တည်ကောင်ကြကုန်၏၊ မိဘတို့၏ပိုင်နက်ဖြစ်သော ပစ္စည်းလဲမှလည်း အမွေလဲသို့မထည့်ဘဲ အသီးအခြားခွဲ၍ ကုသိုလ်အဆောက်အဦကြီးများကို ပြုလုပ်လေ့ ရှိကြကုန်၏။

အချို့သော သား သမီးတို့သည်မူကား-မိဘတို့ သေဆုံးသည့်အခါ မသင်္ဂြိုဟ်ရမီက ပင်လျှင် တင်ကြို၍ ကျန်ရစ်သော အမွေများကို ယူ

ရလေအောင် စာရင်းတွက်ကြကုန်၏၊အလောင်းအိမ်ပေါ်က မဆင်း သေးမီပင်လျှင် မိဘတို့၏ ပိုင်နက်ပစ္စည်းကလေးများအတွက်နှင့်အမွေ စားချင်, သူကလိုချင်,ငါကလိုချင်နှင့် ရန်ခိုက်ဖြစ်ပွါးတတ်ကုန်၏၊ မိဘ တို့ကို ရှိရှိသေသေပြုစုရမည်ဆိုလျှင် စိတ်သဘောများစွာ မပါကြကုန် ဘဲ အမွေကိုခံရမည်ဆိုလျှင် အိုးတိုအိုးပဲ့ တောင်းစုတ် ချင်းစုတ်မှစ၍ လိုချင်မျက်စိကျယ်ပွင့်ကြကုန်၏။

မိဘဖြစ်သူတို့က ငါတို့သေလွန်လျှင် ဤပစ္စည်းများဖြင့် ဤကုသိုလ် ကိုပြုရမည်-ဟု သေတမ်းစာရေးခဲ့သည့်ပမာ မှာထားပြောကြားခဲ့ပါ သော်လည်း အချို့သားသမီးတို့သည် မိဘတို့၏ စကားအတိုင်းကုသိုလ် ပြုရန် အဘို့ထဲသို့မသွင်းကြဘဲ အမွေခွဲဝေရန် စာရင်းထဲသို့သာ ထည့် သွင်းတတ်ကြလေကုန်၏၊ မိဘတို့က ကုသိုလ်ကောင်းမှုပြုလုပ်ရန် စိတ် ညွှတ်ပြီးသောပစ္စည်းများသည် သုံးဆောင်ထိုက်သော ပစ္စည်းများ မဟုတ်သောကြောင့် ထိုပစ္စည်းများကို သုံးဆောင်လျှင် သံတွေခဲကို မျိုရသည့်ပမာ လွန်စွာကြောက်မက်ဘွယ်ကောင်းကုန်၏၊ များသော အားဖြင့် မိဘတို့သေဆုံးစုတေပြီးသောနောက် ဝတ်တရားရှိသည့် အ တိုင်း မိဘတို့ကို ကုသိုလ်ပြုလုပ်၍ အမျှဝေရမည့် အရေးကိုကား-များ စွာသတိမရ အမွေဝေရမည့် အရေးကိုသာ သတိရကြကုန်၏။

ဘဝကိုစွန့်၍ သွားရရှာလေသော မိဘတို့၏ ကျေးဇူးကို မြော်မြင် ၍ အေးအေးသက်သာ တမိသားချင်းချင်း ပစ္စည်းဥစ္စာကို ဝေဘန်၍ ယူရမည်ကို ကောင်းသည်-ဟု မထင်သောကြောင့် အမွေတရားပြိုင်ဆိုင် လျက် ရုံးတက်ကြတတ်ကုန်၏၊ မိဘတို့ချန်ထားခဲ့သော အမွေဥစ္စာက လေးများ အတွက်နှင့် အချင်းချင်းကွဲပြားကြပြီးလျှင် ငြိုးသူရန်ဘက် တွေကဲ့သို့ ဖြစ်ကြလေကုန်၏၊ ထိုသို့ဖြစ်ခြင်းကား-မိဘတို့၏ ဂုဏ်ကို မထောက်စာဖြစ်ချင်ရာဖြစ်-ဟု သဘောထားသောသူတို့၏ သဘော ဆိုးကြီးပင်ဖြစ်လေသည်။

သို့ဖြစ်၍ အသက်ရှိစဉ်အခါတွင်လည်း မိဘတို့ကိုကောင်းစွာမလုပ် ကျွေးချင်၊ စုတေသော နောက်၌လည်း ကုသိုလ်ကောင်းမှုကို ပြု၍ မိဘတို့အား အမျှပေးဝေခြင်းကို မပြုပါလျှင် အကျိုးနှစ်ပါးစလုံး ဆုံး

ရှုံးနစ်နာစေတတ်သော သားသမီးဖြစ်တတ်လေသည်၊ ဤကဲ့သို့ အဖြစ်အပျက် များတတ်သောကြောင့် သာလျှင် "ဒုလ္လဘော ခေမကော သုတော"ဟူသော စကားကို စာဏကျနီတိဆရာကြီးဆိုလေသည်။

စင်စစ်အားဖြင့်မူကား-အသက်ရှိစဉ်အခါ ထိုက်တန်သင့်လျော်စွာ ထောက်ပန့်ကျွေးမွေးပြုစု၍ သေဆုံးသည့်နောက်မှလည်း မိဘတို့အား သုဂတိဘဝသို့ သွားရောက်စေခြင်းငှါ ကုသိုလ်ဒါနများကို ပြုလုပ်ခြင်း, အမျှပေးဝေခြင်းများကို ပြုလုပ်သင့်လေသည်၊ ထိုသို့ပြုလုပ်သည်ဖြစ်ပါက မိဘတို့၏ အကျိုးနှစ်ပါးကို ရွက်ဆောင်သော သားသမီးများဖြစ်ကြ၍ မိဘတို့၏ ကျေးဇူးကို သိသောသူတို့သည် နတ်လူတို့၏ ချစ်ခင်ခြင်း, ချီးမွမ်းခြင်းကို ခံရလေ့ရှိသောအတိုင်း လောကဌတင့်တယ်, သံသရာဌ ကောင်းကျိုးကြွယ်ခြင်းကို ရရှိတတ်ပေသတည်း။

၃။ ယခုအခါ"သဘောတူသော မယားရခဲကြောင်း" ကိုပြဆိုပေအံ့၊ သဘောတူသော ဇနီးမယားဆိုသည်မှာ ယောကျ်ား၏အလိုဆန္ဒနှင့် မဆန့်ကျင်စေဘဲ လောကီရေးမှာ ဖြစ်စေ၊ လောကုတ္တရာရေးမှာ ဖြစ်စေ၊ စိတ်တူသော မိန်းမကိုဆိုလိုသည်၊ လောကီရေးဌ ယောကျ်ားဖြစ်သောသူက ဉာဏ်ထင်မြင်သော အတိုင်း အကြံအစည် တခုကို ကြံစည်ပြုလုပ်ရမည်ဆိုလျှင် နှောင့်ရှက်ခြီးတားခြင်းမရှိဘဲသဘောတူစွာလိုက်နာပြုကျင့်ခြင်း ဖြစ်လေသည်၊ မိန်းမတို့မှာလင်ယောကျ်ားသာလျှင်မှီခိုအားထားရာရှိကြကုန်၏၊လင်ယောကျ်ား၏ကျွေးမွေးခြင်းကိုမှီ၍ အသက်ရှင်ကြရသော သူတို့ဖြစ်ကုန်၏၊ သို့ဖြစ်၍ လောကီပစ္စည်းရှာဖွေပြုလုပ်သည့် အရာမှာကစုံတရာစွက်ဘက် နှောင့်ရှက်ပြုလုပ်ရန် အကြောင်းမရှိချေ၊ နီတိကျမ်းများတွင်—

ယိနာယကာ ဝိနဿန္တိ။ ။ထိနာယကာ၊မိန်းမဦးစီးဦးကိုင်ပြုလုပ်သော လုပ်ငန်းဆောင်တာတို့သည်။ ဝိနဿန္တိ၊ ပျက်စီးတတ်ကုန်၏။

ဤသို့ပြဆိုလျက်ရှိသောကြောင့်ယောကျ်ား၏လောကီစီးပွားရှာရေးတွင် မိန်းမကပါဝင်စွက်ဘက် နှောင့်ရှက်ပြုလုပ်လျှင် ပျက်စီးတတ်လေ၏၊ ယောကျ်ား၏လုပ်ငန်းထဲတွင် မိန်းမသြဇာဝင်ရောက်လာလျှင် ပို၊

ကျသောလယ်ခင်းကဲ့သို့ အောင်မြင်ခြင်းသို့ မရောက်တတ်ချေ၊ ဤသို့ဖြစ်၍ယောကျ်ား၏ သဘောအားလျော်စွာ နေခြင်းကား မိန်းမတို့မှာ ကောင်းသောလက္ခဏာဖြစ်လေသည်၊ အချို့သောမိန်းမတို့သည် လင်ယောကျ်ားဖြစ်သူက အစိုးရဘက်မှာဖြစ်စေ, သူဌေးဘက်မှာဖြစ်စေ လခ-စားအဖြစ်နှင့် အလုပ်-လုပ်ကိုင်နေရာ အမြဲရှိ၍ နေသော-လစာကိုပင် နည်းသည်ဟုထင်သောကြောင့် အခြားအလုပ်နေရာတခုသို့ ကူးပြောင်း၍ လုပ်ကိုင်စေလိုသောဆန္ဒရှိကြကုန်၏၊ လခ-များများရရှိသောနေရာတွင် လုပ်ကိုင်နေသော အခြားယောကျ်ားများကို တွေ့မြင်လျှင် ကိုယ့်လင်ယောကျ်ားကိုလည်း ထိုနေရာမျိုးမှာ လုပ်ကိုင်စေလိုသော ဆန္ဒရှိကြလေ၏။

မိန်းမတို့၏ သဘောတည်းဟူသော မျက်စိသည် ပူဆာကဲတတ်သော ကလေးသူငယ်၏ မျက်စိကဲ့သို့ မြင်မြင်ရာရာကို ပူပူဆာဆာနှင့် လွန်စွာတမ်းတ စွဲလမ်းတတ်လေ၏၊ ထိုကဲ့သို့မိမိလင်ယောကျ်ားကို လခကြီးမြင့်စွာရစေလိုသည်နှင့် နဂိုလုပ်ကိုင်သောအလုပ်ဟောင်းမှ အလုပ်သစ်ကိုပြောင်းစေရန် အတန်တန်မိန်းမဖြစ်သူက ပူဆာဘန်များလတ်သော် ယောကျ်ားဖြစ်သူသည် စိတ်ပါ၍အလုပ်ဟောင်းမှ ထွက်လေ၏၊ အလုပ်သစ်ကိုရမည်မှာ ကေန္တမျိုးမဟုတ်၊အလုပ်ထွက်ခြင်းမှာမူကား ကေန်စင်စစ်ပင်ပျက်ကွက်ခြင်းတမျိုးဖြစ်လေ၏၊ ထင်မှန်းသောအတိုင်း အလုပ်သစ်ကိုမရလျှင် "ဖွတ်မရ ဓားမဆုံး" ဆိုသောစကားကဲ့သို့ အဆုံးရှုံးသာအဖတ်တင်၍ နေရစ်တတ်လေကုန်၏၊ ထိုသို့ဖြစ်ခြင်းများကိုလည်း ကျွန်ုပ်တို့သည် တခါတရံတွေ့မြင်ကြားသိရကုန်၏၊ ဤသို့ဖြစ်မှုမှာ မိန်းမသြဇာ ပါဝင်စွက်ဘက်ခြင်းကြောင့်ဖြစ်လေသည်၊ အစိုးရအလုပ်တွင်ရာထူးဌာနန္တရနှင့် တည်တည်တံ့တံ့ လုပ်ကိုင်နေကြသော သူတို့မှာ လာဘ်စားခြင်းသည် လတ်တလော သေစေတတ်သော အဆိပ်နှင့်အပင်းကို စားမျိုသကဲ့သို့ ပျက်စီးခြင်းကြီး ပျက်စီးတတ်သော အလေ့ဆိုးကြီးတခုဖြစ်လေသည်။

ထိုအလေ့ဆိုးကြီးများကို "ကတော်" အခေါ်ခံသောမိန်းမတို့က လိုက်ပါထွင်းဖောက်တတ်ကုန်၏၊ ဥပမာ-တရားလိုတရားခံနှစ်ဦးနှစ်ဘက်တို့ တရားဖြစ်ပွား၍နေကြစဉ်တဘက်ဘက်က တရားသူကြီးထံသို့

တံစိုးလက်ဆောင်ထိုးရန် အပေါက်ရှာ၍ ဝင်လာတတ်ကြကုန်၏၊ တရားသူကြီး ပြုလုပ်သောသူသည် ယောက်ျားသားဖြစ်၍ သမာဓိနှင့် စိတ်ခိုင်သူဖြစ်သောကြောင့် ထိုပေးလာသောလာဘ်ကို များစွာလိုချင် မျက်စိမရှိကြကုန်၊သို့ရာတွင်''ကတော်''ပြုလုပ်သောမိန်းမများက ရွှေ ဒင်္ဂါးနှင့်ငွေများကို မြင်သောအခါ လိုချင်မျက်စိကို ပိတ်၍မထားနိုင် အောင် လိုချင်မက်မောတတ်ကုန်၏၊ယောက်ျားဖြစ်သောတရားသူကြီး က ငြင်းပယ်လိုက်သော်လည်း မိန်းမထံသို့ရောက်သောအခါ သိမ်း ပိုက်မျိုသိပ်၍ ထားတတ်လေ၏။

မိမိယူထားပြီးသောနောက်မှ အကြောင်းမျိုးစုံတွေကို လင်ဖြစ်သူ တရားသူကြီးအား အလုံးစုံနားအပ်၍ တတွတ်တွတ်ပြောဆိုဖြောင်းဖြ လေ၏၊ ထိုအခါမပါချင်သော်လည်း မလွှဲသာသောကြောင့် အလိုသို့ လိုက်ပါရလေ၏၊ ထိုသို့ဖြစ်သည်ကိုလာဘ်စားသည်, တံစိုးယူသည်ဟူ ၍ဆိုကြကုန်၏၊ ထိုအကြောင်းကို အထက်အစိုးရတို့ သေချာစွာကြား သိသောအခါ လာဘ်စားမှုကို အစွဲပြု၍ ရာထူးဌာနန္တရနှင့်တကွ စည်း စိမ်ဥစ္စာပါ ပျက်ပြုံးဆုံးရှုံးအောင်စီရင်တတ်လေ၏၊ ထိုသို့ဒုက္ခရောက် လေသောအခါ မိန်းမသို့မထိမခိုက်ဘဲ လင်ယောက်ျားသို့သာ များစွာ ထိခိုက်လေသည်၊ ဤသို့ဖြစ်ရခြင်းမှာ မိန်းမသြဇာပါဝင်သောကြောင့် ဖြစ်ရလေ၏၊ တံစိုးလက်ဆောင်ယူခြင်းသည် တရံတခါတရားခံဘက် ကဖြစ်စေ၊ တရားလိုဘက်ကဖြစ်စေ၊ တဘက်တည်းကသာယူတတ်ကြ ၏၊ တရံတခါမှာတရားလိုတရားခံ နှစ်ဘက်စလုံးကပင်သိမ်း၍ ယူတတ် ကြကုန်၏၊ဤကဲ့သို့ဖြစ်ခြင်းသည် ကောသလမင်းကြီး၏ အိပ်မက်ခဏ်း တွင် မြင်းတကောင်သည် နှစ်ဘက်သောခံတွင်းဖြင့် စားသည်ဆိုသော အချက်နှင့် ညီညွတ်လေသည်။

ဤသို့တံစိုးလက်ဆောင်စားမှုသည် များသောအားဖြင့် မိန်းမတို့ နယ်ကသာ ဖြစ်လေသောကြောင့် ဤအရာတွင်ရေးသားဖော်ပြရလေ ၏၊ အချို့သောမိန်းမတို့သည် ယောက်ျားသဘောနှင့် မတိုက်ဆိုင်ဘဲရှိ တတ်ပြန်သည်မှာ ယောက်ျားဖြစ်သူက လောကဉ္ဇ ဂုဏ်ပကာသနကို အလိုမရှိ၊ မိန်းမဖြစ်သူက ဂုဏ်ပကာသနတွေကို များစွာလိုလား၍နေ ၏၊ယခုအခါကျွန်ုပ်တို့မြန်မာနိုင်ငံတွင် လောကီဂုဏ်ပကာသနအတွက်

မျှတွင်သာ မျက်စိအမြင်သန့်၍ ဝတ်စားတန်ဆာဆင်မှုနှင့် မိန်းမတို့ အတွက် မိန်းမတို့များစွာငွေကုန်ခံကြရ၏၊ထိုဝတ်စားတန်ဆာအတွက် အကုန်ခံရသောငွေများသည် တိုးတက်သည်ဟူ၍မရှိဘဲ ငွေသေအဖြစ်နှင့် အလဟဿထားကြရကုန်၏။

ဥပမာ–ယခုလောကတွင် စိန်သည်မြန်မာနိုင်ငံမှာ ခေတ်ရှိ၍များစွာ ဝတ်ဆင်လေ့ရှိကြကုန်၏၊ အဘိုးဈေးနှုန်းများလည်း လူတို့အသုံးပြု များတိုင်း တိုးတက်ပိုမို၍သာနေ၏၊ စိန်ကြယ်သီး, စိန်လည်ကပ်, စိန်လက်ကောက်, စိန်လက်စွပ်,စိန်နားကပ်,စိန်နားဋောင်း, စိန်ဘီး,စိန်ဆံတိုး,စိန်ဆံညှပ်,စိန်ပန်းခိုင်,စိန်ဆွဲကြိုးများကို တဆင်စာဟူ၍ခေါ်ကြ၏၊ထိုမိန်းမတို့၏စိန်တဆင်စာသည်ရတီများလျှင်များသည့်အလျောက်, စိန်ကောင်းလျှင်ကောင်းသည့်အလျောက် နှစ်သောင်းသုံးသောင်းကစ ၍အဘိုးများစွာထိုက်တန်ကုန်၏၊ထိုအဘိုးများစွာထိုက်တန်သည်တို့ကို လောကဂုဏ်ပကာသန အတွက်နှင့် မိန်းမဖြစ်သူဝတ်ဆင်လိုသည်ဟု ဆိုလျှင်ယောကျ်ားဖြစ်သူက ထိုက်သည်အားလျော်စွာဝယ်ယူ၍ပေးကြ ကုန်၏၊ထိုငွေများသည်တိုးပွားသောငွေအဖြစ်သို့မရောက်ဘဲသေခြင်းသို့ ရောက်သောငွေတို့သာဖြစ်ကြလေကုန်၏၊ဤစိန်တဆင်စာဘိုးကို အကျိုး ရှိမည့်နေရာတခုတွင် ရင်းနှီးလုပ်ကိုင်ပါလျှင် တရင်းတနှီးကြီးရ၍ ထို ငွေကပင်တအိမ်ထောင်လုံးကိုထမင်းဝအောင်ကျွေးလိမ့်မည်ဖြစ်၏။

တစုံတရာအရေးအကြောင်းရှိ၍ ငွေအသုံးလိုသောအခါ ထိုစိန် များနှင့် ချစ်တီးထံသို့ဖြစ်စေ, ဘဏ်တိုက်သို့ဖြစ်စေ, ငွေချေးငှါးသူတ ဦးတယောက်ထံသို့ဖြစ်စေ သွားရောက်၍ပေါင်နှံရလေ၏၊ ပေါင်နှံ သောအခါ တန်ဘိုးအတိုင်းအပြည့်အစုံလည်းရမြဲထုံးစံမရှိ၊ ပေါင်နှံ၍ ယူသောငွေများသည်လည်း ထက်ကြပ်အတိုးပါ၍ လာသောကြောင့် မိမိပိုင်သော စိန်များကပင် မိမိငွေကိုသူတပါးလက်သို့ ရောက်လေ အောင်သွေးဆောင်သော အတွင်းရန်သူကြီးကဲ့သို့ဖြစ်လေ၏၊ ထိုသို့ဖြစ် သောအခါ မိမိပိုင်သောစိန်များသည် သူတပါးတို့၏ လက်ထဲမှာ ခိုအောင်း၍ဆိတ်ငြိမ်စွာနေသော်လည်း ၎င်းစိန်အတွက်နှင့်အတိုးတက် သောငွေများသည်ကား ငြိမ်ဆိမ်တိတ်ဆိတ်သည်မဟုတ်ဘဲ တလှုပ် လှုပ်တိုးတက်၍ နေ့ရက်တိုင်းအလုပ်လုပ်၍နေကြရလေ၏။

ဤကဲ့သို့ဖြစ်ရခြင်းမှာ ဂုဏ်ပဏာသနအတွက် မိန်းမများအလိုရှိသည့်အချက်သို့ လိုက်ပါမှုကြောင့်ပင်ဖြစ်လေသည်ဟု အရင်းအစကို ရှာ၍တွေ့ရှိရလေသည်၊ဤကဲ့သို့မိန်းမတို့အပေါ်မှာအရင်းအမြစ်ထား၍ ရေးသားဖော်ပြကြရခြင်းမှာ မိန်းမတို့ကို မဝတ်ဆင်စေလို၍ရေးသားဖော်ပြကြရသည်မဟုတ်ချေ၊ ဖြစ်တတ်သော လောကဓမ္မတာသဘောအတိုင်းသာရေးသားရခြင်းဖြစ်လေသည်၊ များစွာပစ္စည်းကြွယ်ဝ၍ သုံးမကုန်နိုင်အောင်ရှိမှုကား-တကိုယ်လုံး စိန်အပြည့်ဖုံးမိအောင်ပင်ဝတ်ဆင်စေကာမူတစုံတရာမျှ အပြစ်ဆိုဘွယ်မရှိချေ၊ မြတ်စွာဘုရားလက်ထက်တော်အခါတွင် ဝိသာခါနှင့် မလ္လိကာတို့ ဝတ်ဆင်သော မဟာလ္လတာခေါ်သည့် တန်ဆာများသည် အဘိုးကုဋေပေါင်းများစွာ ထိုက်တန်သည်-ဟူ၍ ကျမ်းဂန်များတွင် ဆိုလျက်ရှိလေ၏။

အချို့ယောက်ျားများသည်ကား-မိန်းမတို့က တောင့်တပူဆာခြင်းမရှိစေကာမူ မေတ္တာအားကြီးလှသည်နှင့် ကိုယ့်ပစ္စည်း အင်အားနှင့်တန်မတန်မချင့်ချိန်ဘဲ အယမ်းမဲ့ဝတ်စား တန်ဆာများကို ဝယ်ခြမ်းရှာကြံ၍ ပေးတတ်လေသည်၊ ထိုသို့ပြုလုပ်ခြင်းမှာ မိန်းမ၏ တာဝန်မဟုတ်ဘဲ ယောက်ျား၏ တာဝန်မျှသာ ဖြစ်လေသည်၊ ဤသို့စသည်ဖြင့်လောကီပစ္စည်း စုဆောင်းမှု၌ ယောက်ျားမိန်းမတို့၏ သဘောမတူကြသော နာနာဆန္ဒသမားတို့လည်းများကြကုန်၏၊ ထိုမှတပါး ချမ်းသာဆင်းရဲမှုတို့၌လည်း ယောက်ျားနှင့် သဘောမတူသော မိန်းမတို့လည်းများစွာရှိသေး၏၊ယောက်ျားဖြစ်သောသူက စီးပွါးရှာလမ်းအပေါက်တွေ့၍ ကြံတိုင်းစည်တိုင်း ထမြောက်ပြီးလျှင် ငွေဝင်လမ်း ကျယ်သောအခါ မယား၏ မျက်နှာသည် လွန်စွာသာယာချိမြ၍ လကဲ့သို့ တင့်တင့်တယ်တယ် ရှိလေ၏၊ လင်ယောက်ျားကိုလည်း အခေါ်အဖျားသို့တိုင်ရောက်အောင် မြှောက်ပင့်၍ အရိုအသေပေး၏။

ထိုအခါလွန်စွာ ကျင့်ဝတ်ကျေလည်စွာနှင့်မည်သည့် အရာမှာမဆိုအပြစ်မရှိအောင်ပြုလုပ် ဆောင်ရွက်လေ၏၊ လင်ယောက်ျားဖြစ်သောသူက စီးပွါးလမ်းမဖြောင့်၍ ငွေအဝင်မရှိခဲ့လျှင် မယားဖြစ်သောသူ၏မျက်နှာသည် သာယာရွှင်လန်းခြင်းမရှိဘဲ သိုးပုပ်ဆိုးညစ်ကာ ဆောင့်

ဆောင့် အောင့်အောင့် ရှိတတ်လေသည်၊ ပြောဆိုသောစကားများလည်း လင်သားကိုထိခိုက်၍ စောင်းစောင်းချိတ်ချိတ် မခံသာပြောဆိုတတ်ကုန်၏။ လင့်အပေါ်၌ ပြုကျင့်ရမည်ဖြစ်သော မယားဝတ်တရားကိုလည်း ရှိသေ ကျေပွန်စွာမရှိဘဲ မထိလေးစား မခန့်မညား ပြုတတ်လေ၏၊ လင်ကိုမြင်လျှင် မျက်နှာချိုသာစွာမပေးဘဲ မျက်နှာထားဆိုးဆိုးနှင့်ရန်ငြိုးရှိသလိုလို နေထိုင်တတ်၏၊ သွားလာ ပြုမူသောအမူအရာများကိုလည်း ယောကျာ်း၏ နားမခံသာအောင်ကြမ်းတမ်းစွာပြုလုပ်တတ်လေ၏၊ ဤသို့ပြုလုပ်ကျင့်ကြံတတ်သော မိန်းမသည် ယောကျာ်းနှင့်ဆင်းရဲတူ ချမ်းသာဘက် တူမျှသော သဘောရှိသည်မဟုတ်ဘဲ ရက်ဆုပ်ဘွယ်ရှိသောမိန်းမဖြစ်လေသည်။

လင်နှင့် မယားဆိုသည်မှာ ကိုယ်ပင်ကွဲပြား သော်လည်း"နှစ်ကိုယ့်တစိတ် တအိတ်တည်းငွေ" ဆိုဘိသကဲ့သို့ ချမ်းသာလျှင်လည်းအတူ ပူပန်ဆင်းရဲလျှင်လည်းမကွဲမပြားတသဘောတည်းထားရမည်ဖြစ်၏၊ချမ်းသာသော အခါမှာရွှင်ပြ ဆင်းရဲဒုက္ခရောက်သောအခါမှာ လင်ကိုနှောင့်ရှက်နေမည်ဆိုလျှင် ထိုမိန်းမသည် မယားကောင်းလက္ခဏာနှင့်ညီညွတ်သည်မဟုတ်ချေ၊ ကြည်လင်သော လဝန်း၏ သဘောသည် ချမ်းသာသောသူတို့၏ အိမ်ပေါ်မှာသာ ထွန်းလင်းသာယာမည်၊ ဆင်းရဲသောသူတို့အိမ်ပေါ်မှာ မသာ-ဟု သဘောကွဲပြားခြင်းမရှိဘဲ အညီအမျှ သာယာလေဘိသကဲ့သို့ ထို့အတူ မယားဖြစ်သော သူ၏မျက်နှာနှင့် စိတ်များသည်လည်း ချမ်းသာသော အခိုက်တွင်သာ သာသာယာယာရှိမည်၊ ဆင်းရဲသောအခါ မျက်မှောင်ကုပ်၍ ညိုပုပ်မဲမှောင်၍နေမည်-ဟု သဘောမထားဘဲ ချမ်းသာဆင်းရဲ မကွဲမပြားတသဘောတည်းစိတ်ထား၍ နေထိုင်သင့်လေသည်၊ ဤသို့နေထိုင်သော သူကိုမှ လင်ယောကျာ်းနှင့် စိတ်သဘောတူသော မိန်းမ-ဟူ၍ ခေါ်ဆိုသမုတ်ထိုက်ပေသည်။

အချို့မိန်းမတို့သဘောသည်လည်းကိုယ့်ဘက်ကဆွေမျိုးသားချင်းကိုသာဆွေမျိုးမှတ်ထင်၍ ပေးကမ်းကျွေးမွေးခြင်းကိုပြု၏၊ သွားလာဝင်ထွက်ခြင်းကို နှစ်သက်မြတ်နိုး၏၊ လင်ဘက်က ဆွေမျိုးသားချင်းဆိုလျှင် ပေးကမ်းမျှတမည်ကိုဝေးစွ၊ အိမ်အနီးအပါးသို့ပင် အလာမခံချင်ကြ

ကုန်၊မလာရအောင်သာလျှင် အမျိုးမျိုးလမ်းပိတ်၍ ထားတတ်လေ၏၊ ထိုသို့ပြုလုပ်မှုသည်လည်း လင်ယောကျ်ားနှင့် သဘောမတူသော အရာပင်ဖြစ်လေသည်၊ ဤသို့စသည်ဖြင့် လောကီရေးနှင့် စပ်လျဉ်း၍ ယောကျ်ားနှင့်သဘောမတူသောအရာတို့သည် များစွာရှိကုန်၏၊ လောကုတ္တရာဘက်၌သဘောမတူသောအရာမှာ တစုံတခုသောအလှူဒါနကို ယောကျ်ားဖြစ်သူကပြုလုပ်လိုသော်လည်း မယားကမြစ်တား၍ မပြုချင်ဘဲရှိတတ်လေ၏၊ ဤသို့ဖြစ်လျှင် ဒါနအရာမှာ လင်ယောကျ်ားနှင့် သဘောမတူသောမိန်းမဖြစ်လေသည်။

မဒ္ဒီဒေဝီသည် သားသမီးကလေး နှစ်ယောက်ကို ပုဏ္ဏားဆိုးကြီးအားလှူလိုက်ကြောင်းကို မသိသေးပါကာလတွင် သားသမီးကလေးများသေဆုံးသည်, ပျောက်ကွယ်သည်အထင်နှင့် လွန်စွာပူပန်၏၊ ထိုနောက် ဝေဿန္တရာမင်းကြီးက သားသမီးများကို လှူလိုက်ကြောင်းနှင့် အတည့်အလင်းဖွင့်၍ ပြောသောအခါတွင်မူကား- တစုံတရာ ဘာမျှပူပန်ခြင်းမရှိဘဲ လင်ယောကျ်ားလှူလိုက်သည်ကိုသာ စေတနာတိုးတက်အောင်ပြောဆိုသည့်ပြင် အလိုရှိပါမူ သူ၏ကိုယ်ကိုပင် လှူစေရန်ထပ်မံ၍အပ်နှင်းလေ၏၊ ဤသို့ဖြစ်ခြင်းကား-ကုသိုလ်မှု၌ ယောကျ်ား၏စိတ်ကို မနှောင့်ယှက်သောမိန်းမမြတ်တို့၏ သဘောအမြတ်ကြီး ဖြစ်လေသည်။

အချို့သောမိန်းမတို့သည် ယောကျ်ားကကျောင်းဆောက်ချင်၍ နေရာတွင် စရပ်တန်ဆောင်း ဆောက်လုပ်ချင်ကြကုန်၏၊ ယောကျ်ားက အမြော်အမြင် ဉာဏ်ပညာနှင့် ပြည့်စုံသူဖြစ်၍ ခေတ်ကာလအလိုက် ထွန်းကားသောပညာများကိုသင်ကြားရန် သိပ္ပံကျောင်းဆောက်၍ လှူဒါန်းမည်ကြံစည်ရာ မယားဖြစ်သူကသဘောမထားနိုင်ဘဲ ဘုရားအမ, ကျောင်းအမ, တန်ဆောင်းအမ, စရပ်အမ အခေါ်ခံရလေအောင် ဘုရားတည်ချင်၏၊ ကျောင်းဆောက်ချင်၏၊ စရပ်ဆောက်ချင်၏၊ တန်ဆောင်းဆောက်ချင်၏၊လင်ယောကျ်ားနှင့် ကုသိုလ်မှုအရာမှာ သဘောတမျိုးစီကွာ၍နေ၏၊ ''ပြောပါများမယားစကားအောင်'' ဆိုသည့်အတိုင်း မိန်းမဆွဲငင်ရာ ယောကျ်ားက စိတ်ပါပြီးလျှင် မိန်းမပြုလိုသော အရာကိုသာပြုလုပ်ရလေ၏။

အချို့သော ယောကျ်ားတို့သည် ယခုလောကဖြစ်နေပုံကို သိရှိဆင်ခြင်မိ၍ အများအပြားလိုက်စားပြုလုပ်တတ်သော အလေ့ဝါသနာနှင့်အညီ ဘုန်းကြီးပုံများတွင် မီးရှို့၍ပစ်ရမည့် ကုသိုလ်တဒင်္ဂမျိုးကို မပြုလိုဘဲ ကုသိုလ်လည်းရလောက်မှလည်း အကျိုးရှိသော ကုသိုလ်အဆောက်အဦတခုကိုပြုလိုသော်လည်း မိန်းမဖြစ်သောသူက ပုံလွန်တော်မူသောဘုန်းကြီးသည် သူ့ဆရာဖြစ်သည်၊ မိဘတို့လက်ထက်က ကိုးကွယ်သော ဆရာတော်ဖြစ်သည်ဟု အကြောင်းပြ၍ လောင်တိုက်ကြီးကိုလုပ်ချင်,တလားကြီးကိုလုပ်ချင်,ရွှေခေါင်းကိုလုပ်ချင်,ရွှေခေါင်းပေါ်တွင် စိန်ကိုစီခြယ်ချင်နှင့် သူအလိုရှိသောအတိုင်း လင်ကိုပူဆာသောအခါ ဘုန်းကြီးပုံအတွက် စခန်းမချဲ့လိုသော ယောကျ်ားလည်း ပါသွားရလေ၏၊ထို့ပြင် ကျွန်ုပ်တို့မြန်မာနိုင်ငံမှာ ဗုဒ္ဓဘာသာ ရဟန်းတော်အချင်းချင်းပင် အသင်းအပင်း တမျိုးစီဂိုဏ်းကွဲ၍နေကြရာ အချို့သောအိမ်မှာ မိန်းမနှင့်ယောကျ်ားတို့သည် တဘက်တလမ်း သူ့ဆရာ ငါ့ဆရာ,သူ့ဂိုဏ်း ငါ့ဂိုဏ်း ကွဲပြားတတ်ကြကုန်၏။

အလှူဒါနတခု ပြုလုပ်မည်ဖြစ်လျှင် ယောကျ်ားကလည်း သူကိုးကွယ်သောဂိုဏ်းသံဃာကိုပင့်ချင်၏၊ မိန်းမကလည်း သူကြည်ညိုသော ဂိုဏ်းသံဃာကိုပင့်ချင်၏၊ ထိုအခါ နှစ်ဂိုဏ်းလုံးကိုပင့်၍ အလှူမဏ္ဍပ်တခုထဲမှာပင် ဂိုဏ်းနှစ်မျိုးခွဲ၍ လှူဒါန်းကြကုန်၏၊ ဆွမ်းကျွေးရာတွင်လည်း ဗုဒ္ဓဘာသာချင်းချင်းဂိုဏ်းကွဲမှုကြောင့် ဆွမ်းပွဲအသီးအခြားစီပြင်၍ဆွမ်းကပ်ကြရ၏၊မိန်းမဖြစ်သောသူက သူကြည်ညိုသော ဘုန်းကြီးတွေဟာ ဘယ်လောက် ဣန္ဒြေရ၍ ကြည်ညိုဘွယ်ရှိပါသနည်းဟုဆိုရာ ယောကျ်ားက ကြည်ညိုဘွယ်ရှိသော်လည်း ငါတို့ဆရာလောက်စာပေကျမ်းဂန်မတတ်ဟု ပြန်ပြောလေ၏၊ အိမ်မှထွက်၍ ဥပုသ်စောင့်သွားပြန်ရာတွင်လည်း ယောကျ်ားနှင့်မိန်းမတို့သည် သူတို့ကြည်ညို နှစ်သက်ရာ ဘုန်းကြီးကျောင်းသို့သာ တကွဲတပြားစီထွက်သွားကြကုန်၏၊ ဤသို့ဖြစ်ခြင်းသည် ကုသိုလ်ကောင်းမှုအရာတို့၌ တအိမ်တည်းနေဖြစ်သော ယောကျ်ား,မိန်းမတို့၏ သဘောမတူမှုကြောင့်ဖြစ်လေသည်။

သို့ရာတွင် ဤကုသိုလ်နှင့် စပ်ဆိုင်သော ဘာသာရေး၌ ယောကျ်ားသဘောအတိုင်းချည်းသာ လိုက်ပါရမည်ဟူ၍ ကျွန်ုပ်တို့ ဆိုလိုသည်

မဟုတ်ချေ၊ ယောကျ်ား,မိန်းမတို့၏ သဘောမတူသော အချက်ကိုသာ ဖော်ပြရခြင်းဖြစ်လေသည်၊ မြတ်စွာဘုရားလက်ထက်တော်အခါ လွန်စွာကျော်စော ထင်ရှားသော ဝိသာခါသည် ပထမအရိယာ မဟာ သောတာပန်ဖြစ်၍ ဗုဒ္ဓဘာသာအစစ် မှန်လေ၏၊ သူ၏ခင်ပွန်းဖြစ်သူ ပုဏ္ဏဝဓ္ဓနသည်ကား မိစ္ဆာဒိဋ္ဌိလူမျိုးဖြစ်လေ၏၊ ဤနေရာ၌ ယောကျ်ား သဘောအတိုင်းသာ ဘာသာနှင့်တကွ လိုက်ပါရမည်ဆိုလျှင် တရား လမ်းကြောင်း မှောက်မှားတိမ်းယိမ်းရန်ရှိလေ၏၊ ဝိသာခါသည် သူ၏ ခင်ပွန်းယောကျ်ားကို မှားသော မိစ္ဆာဒိဋ္ဌိဘောင်မှပါအောင်ဆွဲသဖြင့် တမျိုးလုံး ဗုဒ္ဓဘာသာတွေဖြစ်ကြလေ၏၊ဤကဲ့သို့တရားအားဖြင့် အမှား ဘက်မှအမှန်ဘက်သို့ ဆွဲဆောင်နိုင်ပါလျှင် လွန်စွာကောင်းမြတ်သော အချက်ဖြစ်လေသည်။

ယခုအခါ ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် ဘာသာကွဲ လူမျိုးများစွာ ဝင် ရောက်လာသည်နှင့် ဗုဒ္ဓဘာသာမြန်မာမိန်းမတို့သည် အမျိုးဘာသာ မတူသော လူမျိုးကွဲတို့နှင့် အိမ်ထောင်ဘက် ပြုလေ့ရှိကြကုန်၏၊ ထို မိန်းမတို့သည် များသောအားဖြင့် မိမိတို့ကိုးကွယ်ရင်းဘာသာသို့ လင် ယောကျ်ား ဖြစ်သူကို မဆွဲဆောင်နိုင်ဘဲ သူတို့ ကိုယ်တိုင်ပင် လင် ယောကျ်ား၏ဘာသာဘက်သို့ လိုက်ပါတတ်ကြကုန်၏၊သူတို့မှသက်ဆင်း သောသားညွန့်မြေးဆက်တို့သည် ဗုဒ္ဓဘာသာဘက်သို့ပြန်လည်သည်ဟူ၍ များစွာမရှိဘဲ အဘဖြစ်သူ၏ ဘာသာဘက်သို့သာ ကိုင်းရှိုင်းပါ သွားကြလေကုန်၏၊ ထိုသို့ ဖြစ်ရလေခြင်းသည် ကျွန်ုပ်တို့မြန်မာလူမျိုး မှာ အမျိုးဘာသာ သာသနာနှင့်တကွ နစ်နာဆုံးရှုံးခြင်းပင်တည်း ဟူ၍ ကျွန်ုပ်တို့ပြဆိုခဲ့လေပြီ။

မလ္လိကာမိဖုရားသည် သူ၏လင်ယောကျ်ားဖြစ်သူ ကောသလမင်း ကြီးကို မှားယွင်းမည့်အရာတွင် အလိုတူမပါဘဲ ကယ်တင်ဘူး၏၊ ကယ်တင်ပုံမှာ-ကောသလမင်းကြီးသည် အိပ်မက်ကြီးတဆယ့်ခြောက် ချက်ကို မြင်မက်သောအခါ ပုဏ္ဏားယုတ်မာတို့၏ စကားကိုယုံကြည်၍ သူ့အသက်ကို သတ်ခြင်းစသော အမှုတို့ဖြင့် ယဇ်နတ်ပူဇော်ပသမည် ပြုရာ မလ္လိကာမိဖုရားကပင် မမှားအောင် ကယ်တင်သောအချက်ဖြစ် လေသည်၊ ဤကဲ့သို့ ဘာသာရေးနှင့်စပ်ဆိုင်၍ ယောကျ်ားဖြစ်သူက

လမ်းမှားနေလျှင် မယားဖြစ်သူသည် ထိုလမ်းမှားသော အတိုင်း ယောကျ်ားအလိုနှင့် ညီစွာလိုက်နာရမည်ဟုမဆိုလို၊ မိမိဘက်သို့ ပါ အောင်သွေးဆောင် ဖြားယောင်းရာ၏၊ ထိုမှတပါး လင်ယောကျ်ား ဖြစ်သူသည် သေရည်သေရက်သောက်စားခြင်း, ဘိန်းရှူခြင်း, ခိုးဝှက် ခြင်းစသောဒုစရိုက်တရားများကို ပြုကျင့်၍နေလျှင်လည်း ယောကျ်ား ၏သဘောသို့မလိုက်ဘဲ ထိုအမှုများကို မပြုအောင်တားမြစ်နိုင်သမျှ တားမြစ်ရာ၏။

သေရည် သေရက်သောက်စား ဘိန်းရှူသော ယောကျ်ားတို့အား သားမယားတို့က သဘောတူညီစွာနှင့် အရက်ဘိုး, ဘိန်းဘိုးထောက် ပန့်၍ ချီးမြှောက်လျက် မျက်နှာသာပေးထားလျှင် မိမိ အိမ်ပေါ်မှာ အဆိပ်ပင်ကြီးတပင်ကို စိုက်ပျိုး၍ သန်စွမ်းအောင်ရေလောင်း၍ ပေး သည်နှင့် အလားတူလေသည်၊ ယောကျ်ားက သူတပါး၏ ပစ္စည်းကို ခိုးဝှက်၍လာရာ ထိုပစ္စည်းကိုရသည့်အတွက် မျက်နှာတပြုံးပြုံးနှင့် သုံး ကာစားကာ နောက်ကိုလည်း ဤကဲ့သို့ ခိုးဝှက်လေအောင် သွေးဆောင် တိုက်တွန်းပါက ထိုမိန်းမလည်း ယောကျ်ားနှင့် သဘောတူသော ခိုးသူ မကြီး ဖြစ်လေသည်၊ မြတ်စွာဘုရား လက်ထက်တော်က မုဆိုးကြီး နှင့် အကြောင်းပါသော သောတာပန်မိန်းမသည် မိမိဝတ်တရားရှိသည့် အလျောက်ယောကျ်ားဝတ်ကိုဖြည့်၍လက်နက်လေးမြားပြင်ဆင်၍ပေးမှု များကား-ယောကျ်ားနှင့် သဘောတူသည်မဟုတ်၊ ယောကျ်ားပြုလုပ် သော ပါဏာတိပါတ ကံကို မနှစ်သက်၊ မိန်းမဖြစ်၍သာ ဝတ်တရား အတိုင်း မချွတ်မယွင်းပြုလုပ်ရလေသောကြောင့် အပြစ်မရှိ-ဟု ကျမ်း ဂန်တွင်ဆိုသည်။

ဤသို့ ပြဆိုခဲ့သော အကြောင်းကြောင်းအားဖြင့် ယောကျ်ားနှင့် သဘောတူရမည်ဆိုသော်လည်း အရာရာတိုင်းမှာ မဟုတ်၊ တူသင့်သော အချက်မှာသာ တူရကြောင်းကို သိသာနိုင်လေသည်။

[ဤကား-သဘောတူသော ဇနီးမယားကို ရခဲကြောင်းနှင့် စပ်၍ဆို လိုက်သောစကားရပ်ပေတည်း။]

၄။ "ပိုယုံ၍ ချစ်ခင်အားကိုးထိုက်သော အတွင်းသားလူယုံကိုရခဲ သည်ဆိုသော အချက်၌-လူယုံအတွင်းသားဆိုသည်မှာ မိမိ၏အကျိုးကို

လိုလား၍ တစုံတရာမျှ အကျိုးပျက်စီးအောင် မပြုလုပ်တတ်သည့် သူကို ဆိုသည်၊ ဤကဲ့သို့ အလုံးစုံပုံ၍ ယုံကြည်အားကိုးထိုက်သောသူကိုလော ကတွင် လွန်စွာရခဲလှ၏၊ ရှေးအခါ လွန်စွာယုံရလှပြီ-ဟူ၍ မှတ်ထင် အားထားသောသူတို့ပင်သော်လည်း နောက်မိမိ၏ ရန်သူကြီးဖြစ်၍ လာတတ်လေ၏၊ ''**လူယုံသတ်ကသေတတ်သည်**''ဆိုသောစကားသည်များ စွာမှန်ကန်သော စကားဖြစ်လေ၏၊ လူယုံဖြစ်သော သူသည် အစစအ ရာရာ အကြောင်းများစွာတို့ကိုသိရှိနိုင်၏၊ အကြောင်းရှိသမျှတိုင်း လူ ယုံကိုသာ ပြောကြားလေ့ရှိကုန်၏၊ လူ့ပြည်လောကတွင် နေထိုင် သော ပုထုဇဉ်ဖြစ်သူတဦးတယောက်မှာ ဆိုးဆိုးကောင်းကောင်း အ ကြောင်းများစွာရှိလေ၏၊

တစုံတခုသောအရေးကိစ္စအားဖြင့် အခန့်မသင့်ကြ၍ လူယုံဖြစ်သူက မကောင်းသော အကြောင်းအရာမှန်သမျှကို သက်သေနှင့်တကွ ဖော်ပြ လျှင် ရှက်ဘွယ်ဖြစ်လျှင်လည်း အလွန်ရှက်ကြောက်ရလေ၏၊စီးပွါးဉစ္စာ ပျက်စီးရန်ဖြစ်လျှင်လည်းလူယုံတချက်သတ်က ပျက်စီးဆုံးပါးတတ်လေ ၏၊ အသက်သေစရာဖြစ်လျှင်လည်း အသက်ပါ သေဆုံးတတ်လေ၏၊ ''**အသားထဲက လောက်ဖြစ်**''ဆိုသော စကားအရ မိမိလူယုံအတွင်း သားထဲကလောက်ဖြစ်၍ မိမိအသွေးအသားတို့ကို စားတတ်ကုန်၏၊ မိမိကိုပြုလုပ်၍ ထားသော အသွေးအသားတို့သော်လည်း အနာရော ဂါကို ပြုလုပ်တတ်လေ၏၊ အစားမှားသည်ဆိုရာ၌ မိမိဝမ်းတွင်းသို့ မမျိုလိုက်မိသေးသော အစာများက လူကို အန္တရာယ်ပြုသည် မဟုတ်၊ ဝမ်းတွင်းသို့ ရောက်လေသော အစာတို့ကသာလျှင် အန္တရာယ်ပြုတတ် လေသည်၊ သို့ဖြစ်၍ လူယုံအတွင်းသားကသတ်လျှင် လောကီစီးပွါးရေး မှစ၍ အသက်သို့တိုင်ရောက်အောင် ပျက်စီးတတ်လေသည်။

ဘေးမဖြစ်တန်ဘူးထင်သော အရာမှ ဘေးဖြစ်လာသည် ရှိသော် သာ၍ပင်ကြောက်လန့်ရလေ၏၊ မိမိအိမ်၌ လက်သပ်မွေးမြူထားသော ခွေးသည် ရူးသွပ်၍ လာသောအခါ ရှေ့ဦးပထမအိမ်သူ အိမ်သားတို့ ၏ ရန်သူကြီးဖြစ်လေသည်၊ လောက၌ မိမိသားမယားကို အတွင်းရန် သူကြီး-ဟူ၍ ရှေးသူဟောင်းများ ပြောကြားလေ့ရှိကြကုန်၏၊ ထိုသို့ ပြောကြားခြင်းမှာ မိန်းမသည် လင်ယောကျ်ားနှင့်အနီးအရင်းဆုံးဖြစ်

၍ အတွင်းသူ လူယုံကြီးအစစ်ဖြစ်လေသည်၊ မိန်းမခပ်ဆိုးဆိုးနှင့်တွေ့၍ မတော်မတရား ကြံစည်သောအခါ ယောကျ်ားဖြစ်သူမှာ အသက်ပင် ဆုံးရှုံးတတ်လေ၏၊ လင်ယောကျ်ား၏ အပြစ်ကို နစ်နစ်နာနာပြောဆို လျှင် မိန်းမကသာ အပြောအဆိုနိုင်ဆုံးဖြစ်၏၊ မိန်းမအတွက်နှင့် အသက်ဆုံးရှုံးဘူးသောယောကျ်ားတို့သည်များစွာပင် ရှိကြလေကုန်ပြီ။

ထို့ကြောင့် ကျမ်းဂန်တို့၌ မည်သူကိုမျှ ပုံယုံ၍ အကျွမ်းမဝင်သင့် ကြောင်း ဘေးမဖြစ်တန်ရာမှ ဘေးဖြစ်ပေါ်၍ လာသောအခါ အမြစ် အရင်းနှင့်တကွ တူးဖော်ဖြတ်တောက်တတ်လေ၏-ဟူ၍ဆိုသည်။

န ဝိဿသေ အဝိဿဋ္ဌေ၊ ဝိဿဋ္ဌေပိ န ဝိဿသေ။
အဘယာ ဘယ မုပ္ပန္နံ၊ အပိ မူလာနိ ကန္တတိ။ ။

**အနက်။** အဝိဿဋ္ဌေ၊ အကျွမ်းမဝင်ဘူးသေးသောသူ၌လည်း။ နဝိ ဿသေ၊ အလုံးစုံယုံ၍အကုန်အကျွမ်းမဝင်ရာ။ ဝိဿဋ္ဌေပိ၊ အကျွမ်းဝင် ပြီးသောသူတို့၌လည်း။ နဝိဿသေ၊ တိုးတက်ပုံယုံ၍ အကုန်အကျွမ်း မဝင်လိုက်ရာ။ အဘယာ၊ ဘေးမဖြစ်တန်ဘူးထင်သောသူ့ထံမှ။ ဘယံ၊ ဘေးသည်။ ဥပ္ပန္နံ၊ ဖြစ်ပေါ်၍လာသည်ရှိသော်။ မူလာနိအပိ၊ အမြစ် အရင်းတို့ကိုသော်လည်း။ ကန္တတိ၊ တူးဖော်ဖြတ်တောက်လေ၏။

**''ဘုရားကိုဖျက်ညောင်''** ဆိုသည့်စကားအတိုင်း စေတီပုထိုးများ ကိုဖျက်ဆီးတတ်သောအရာသည်ကားထိုစေတီပုထိုးများကိုမှီ၍ ပေါက် ရောက်သော ညောင်ပင်ကသာလျှင် ဖျက်ဆီးတတ်လေ၏၊ ထို့အတူ လောကတွင် ရင်းနှီးသောမိမိကိုမှီကပ်၍ နေသောသူတို့က ပထမ စတင်၍ ဖျက်ဆီးတတ်လေ၏၊ အလုပ်ကြီးလေလေ လွှဲအပ်ပုံယုံရမည့် လူယုံရှားလေလေဖြစ်၏၊ ရှင်ဘုရင်အဖြစ်သို့ရောက်သောအခါ သာ လွန်၍ပင်လူယုံရှားလေသည်၊ စည်းစိမ်ကြီးမြင့်လာသောအခါ ထို စည်းစိမ်ကြီးကို မပျက်မစီးအောင် စောင့်ရှောက်မည့်လူယုံများစွာလို လားအပ်လေ၏၊ တစုံတခုသော အလုပ်အကိုင်တွင် သူတယောက်ကို ယုံ၍ လွှဲအပ်ထားရာ ထိုလူယုံကပင်အလုပ်ကို ဖျက်ဆီးနှောင့်ရှက် တတ်၏။

ပထမရှေဦးစွာအယုံသွင်း၍ ကြောင်သူတော်ကဲ့သို့ ပြုပြီးလျှင် ယုံ၍လွှဲပုံလိုက်သောအခါ ကိုယ့်အကျိုးဘက်သို့သာ ဆွဲဆောင်၍ ပြုလုပ်တတ်ကုန်၏၊ "အတ္တသမံပေမံနတ္ထိ" ဆိုသောစကားမှာ မိမိကိုယ်နှင့်ထပ်တူထပ်မျှချစ်သောသူဟူ၍မရှိ၊ ကိုယ့်ကိုယ်သာ အချစ်ဆုံးဖြစ်ကြကုန်၏၊ ကိုယ့်ကိုယ်ကိုကိုယ်ချစ်လျှင် သူ့အကျိုးထက်ကိုယ့်အကျိုးကို ချစ်မည်မှန်၏။ ။အတ္တဟိတသမံပေမံနတ္ထိ။ ။ကိုယ့်အကျိုးကိုချစ်သည်နှင့်တူသောအချစ်မရှိဆိုလိုသည်၊ အကျိုးဆောင် အကျိုးဆောင်ဟူသော စကားများစွာပြောဆိုသုံးစွဲလေ့ရှိကြကုန်၏၊ မည်သူ၏အကျိုးကိုဆောင်သနည်းဟုစိစစ်လျှင် တော်တော်ကြာတော့ ကိုယ့်အကျိုးကိုသာဆောင်သောသူတို့သာ ဖြစ်တတ်ကုန်၏။

လောက၌ သူတပါးအကျိုးကို ဆောင်သော ပရဟိတယောင်ယောင်နှင့် ကိုယ့်အကျိုးကိုဆောင်သော အတ္တဟိတသမား, သာသနာကျိုးကိုဆောင်သော သာသနဟိတယောင်ယောင်နှင့် လောကီကျိုးကိုဆောင်သော လောကီဟိတသမားတို့သာများတတ်ကုန်၏၊ သူတပါးအကျိုးကိုဆောင်ရွက်သည်ဟု ပြောကြားလျှင် လူအများကနှစ်သက်မြတ်နိုး၍ယုံကြည်တတ်လေ၏၊ ယုံကြည်၍ လွှဲအပ်လိုက်သည်ရှိသော်ပရဟိတသမားသည်လမ်းတွေ့၍ အတ္တဟိတကိုယ့်အကျိုးဘက်သို့ ရွက်ဆောင်အားထုတ်၏၊ ထို့အတူ သာသနာအကျိုးကို သည်ပိုးရွက်ဆောင်သည်ဟုစကားလှလှသုံး၍ နောက်အခါ ကိုယ်နှင့်စပ်ဆိုင်သောလောကီကျိုးကိုသာရွက်ဆောင်လေ၏၊ ယိုကဲ့သို့အတ္တဟိတသမားတွေပေါများ၍နေသော ခေတ်အတွင်းမှာ သာ၍ပင် လူယုံစရာရှားပါးလေ၏။

"**သူနိုးခေါ်နိုးကမ်း**" ဆိုသော စကားကဲ့သို့ ကိုယ့်လူယုံသည်အတန်ကြာသောအခါ သူတပါး၏ လူဖြစ်တတ်လေ၏၊ ဤကဲ့သို့သောသူများကိုရည်၍"**ကိုယ့်လူသူ့ဘက်သား**"ဟူသောစကားကိုပြောကြားကြကုန်၏၊ "**လူကိုယုံသော်လည်း စကားကုန် မပြောနှင့်**" ဆိုသောစကားအရ မည်မျှလောက် ယုံကြည်ရလှပြီဟု မှတ်ထင်သောသူကိုသော်လည်း အတွင်းစကားများကို အကုန်ဖွင့်၍မပြောပြရာ၊ စိတ်ဖြင့်ကြံစည်ထားသောအရာကိုနှုတ်ဖြင့်ဖွင့်လှစ်၍ မပြောရာ၊ဤကဲ့သို့သော

အကြောင်းနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့လည်း ထုတ်ဖော်ရေးသားခဲ့လေပြီ၊ လောက၌ သူလျှိုဟုခေါ်သော သူများသည် ရှိတတ်ကုန်၏၊ ထိုသူလျှို များသည် ခက်ခဲသောအရပ်ဌာနသို့ အယုံသွင်း၍ ထွက်ဝင်ပြုလုပ်ပြီး လျှင် အတွင်းစကားများကိုရအောင် ထုတ်ယူတတ်ကုန်၏။

မဟောသဓာဇာတ်၌ တရာ့တပါးသော မင်းတို့အလယ်တွင် သူလျှို များကို အသီးအသီးစေလွှတ်ခစားစေ၏၊ ထိုသူလျှိုများသည် တရာ့တ ပါးသောမင်းတို့၏ အတွင်းလျှပ်ပုံတွေဖြစ်နေပြီးလျှင် အကြောင်းမျိုးစုံ တွေကိုသိသောအခါ မဟောသဓာထံသို့ အကုန်ပြန်လှန်၍ ပြောကြား ကြကုန်၏၊ထို့ကြောင့် မဟောသဓာသည် တရာ့တပါးသော မင်းတို့၏ အကြံအစည်တို့ကိုသိနိုင်လေသည်၊ လူလွှတ်၍မရသောနေရာတွင် ကျေး သားကိုသူလျှိုပြု၍လွှတ်၏၊ ကျေးသားသူလျှိုကိုစေလွှတ်မှုနှင့် စူဠနီဗြဟ္မ ဒတ်မင်းကြီး၏ အိပ်ရာတော်စောင့်ဖြစ်သော သာလိကာမသည် မပြော သင့် မပြောတန်ရာတွေကို ပြောကြားသဖြင့် အတွင်းဆုံးဖြစ်သည့် အ ရေးကြီးကျယ်သောအကြောင်းတို့ကိုပင် သိရှိနိုင်လေသည်။

အတွင်းအကြောင်းကိုသိရှိသည်ရှိသော် မိမိကြံစည်ရန် လမ်းအမျိုး မျိုးကိုသိမြင်နိုင်လေ၏၊ယခုအခါ၌လည်း တိုင်းနိုင်ငံရေးမှစ၍ အရာရာ တွင် သူလျှိုစုံထောက်ပြုလုပ်သူတို့သည်ရှိကြ၏၊ အယုတ်သဖြင့် တအိမ် နှင့်တအိမ်၏အကြောင်းကိုသော်လည်း သိရှိအောင်စုံထောက်ခြင်းရှိကြ လေကုန်၏၊ သို့ဖြစ်၍ **"ထမင်းကိုအကုန်စား၊ စကားကိုအကုန်မပြောနှင့်"** ဟူ၍ ရှေးသူကြီးတို့ပြောဆိုကြလေကုန်သည်၊စကားအကုန်ပြောဆိုသူ၏ ဝမ်းတွင်း အကြံအစည်ဟူသမျှတွေကို အကုန်သိရှိ၍ ထိုသူ၏အကြံအ စည်ကို အထမမြောက်လေအောင် ပိတ်ပင်လိုသော်လည်း ပိတ်ပင်နိုင် လေ၏၊ ထိုသူ၏ ပျက်စီးကြောင်းဖြစ်သောလမ်းကို ဖွင့်၍ပေးလိုသော် လည်းပေးနိုင်၏၊**"ကိုယ်ကကြံ့ူး၊ဒူးကိုမျှမယုနှင့်"**ဆိုသောစကားအတိုင်း အခြားသူကိုမဆိုထားနှင့်ဦး၊ကိုယ့်ဒူးကိုသော်မှလည်း ကိုယ်မယုံနှင့်ဟူ၍ လောက၌ ဆုံးမချက်ထားလေသည်။

**"လူကိုယုံသော်လည်း၊ကုန်ကိုအကြွေးမပေးနှင့်"**ဆိုသော စကားအရ အကယ်၍ လူကိုယုံကြည်ရင်းရှိသော်လည်း မိမိရောင်းချသောကုန်များ

ကိုအကြွေးမပေးလိုက်နှင့်၊ပေးလိုက်လျှင် ဆုံးပါးတတ်သည်ဟူ၍ ဆိုလိုသည်၊ကုန်ရောင်းကုန်ဝယ်မှုမှာ သာ၍ပင်လူယုံရှားလေ၏၊ယုံကြည်သည့်အတွက်နှင့် ကုန်များကိုပေးလိုက်သောအခါ ထိုမှတဆင့်ယူသွားသောသူသည် ထိုကုန်ကို တွင်ကျယ်အောင်ရောင်းချရန်မှာ အမြဲထာဝရမဟုတ်ချေ၊တရံတခါယူခဲ့သောကုန်သည် မတွင်နိုင်ဘဲရှိလေ၏၊ ထိုအခါချိန်းဆိုသတ်မှတ်ခဲ့သောနေ့ရက်တွင် ငွေကိုပြန်၍မပေးနိုင်ဘဲ ရှိလေ၏၊ တရံတခါ ထိုတဆင့်ခံဖေါက်သည်လက်မှ တဆင့်ယူသွားပြန်သောသူကလည်း ငွေမလယ်၍ကျပ်တည်းလျက်ရှိပြန်လေ၏။

တရံတခါ ရောင်းနေရင်းပင် ယူခဲ့သောဈေးနှင့်မမျှဘဲ ဈေးကျ၍ကုန်ရှုံးပြန်လေ၏၊တရံတခါ ရောင်း၍နေစဉ်ပင်လျှင် အစားထဲအဝတ်ထဲသို့ဝင်၍ ငွေအဖတ်မတင် မစုဆောင်းမိဘဲ ရှိပြန်လေ၏၊ တရံတခါရန်သူမျိုးငါးပါးဘေးနှင့်တွေ့၍ ပျက်စီးဆုံးပါးသော်လည်း ပျက်စီးဆုံးပါးလေ၏၊ဤသို့ဖြစ်နေသောအခါ မိမိချိန်းဆိုသောနေ့ရက်တွင် ငွေကိုပြန်၍ မချေနိုင်ဘဲ ရှိတက်လေ၏၊ **''ဥစ္စာမရှိ၊ကတိမတည်''** ဆိုသောစကားအရ ဘယ်လိုပင်ရိုးသားဖြောင့်မတ်ချင်သော်လည်းဥစ္စာပစ္စည်းမပြည့်စုံပါလျှင် ကတိမတည်နိုင်ဘဲရှိလေ၏၊ မိမိက ကတိပျက်ကွက်၍သွားလျှင် ငွေပေးရမည့်သူထံသို့သွား၍ မျက်နှာပြရန်ရှက်ကြောက်လေ၏။

ထိုအခါ ငွေရှင်ကလည်း ကတိမတည်သောသူ, လိမ်လည်ကောက်ကျစ်သောသူဟူ၍ ထင်မြင်သွင်းပိုက်လေ၏၊ ထိုသူအတွက် အမျက်ဒေါသစွန်းငြိလေ၏၊ ဤကဲ့သို့ တယောက်နှင့် တယောက် မျက်နှာမဆိုင်မိကြဘဲခပ်စိမ်းစိမ်းဖြစ်၍နေကြရာ အတန်ကာလကြာသော် ကွဲပြားခြင်းသို့ရောက်တတ်ယေ၏၊ဤသို့ဖြစ်သည်ကို''လူချစ်ချင်းမုန်းသည်'' ဟူ၍ဆိုလေသည်၊လောကမှာ လွန်စွာလူယုံရှားလှသဖြင့် အလုပ်ကြီးအကိုင်ကြီးများကိုတာရှည် ဖြစ်ထွန်းအောင် မလုပ်ကိုင်နိုင်ဘဲရှိကြကုန်သည်၊ အလုပ်အကိုင်နှင့် စပ်လျဉ်းလာလျှင် သမာဓိနိုင်ကြည်စွာနှင့် အလွန်ယုံကြည်ထိုက်သောသူကို များစွာကြီးလိုလားအပ်လေ၏။

တခုသော ကုမ္ပဏီကို တည်ထောင်ဖွဲ့စည်း၍ တစုံတဦးသော သူကိုအလုံးစုံလွှဲပုံအပ်နှင်းလုပ်ကိုင်လျှင် ထိုလွှဲပုံအပ်နှင်းခံရသောသူက အစီ

အမံကောင်း၍ ရှိးသားဖြောင့်မတ်စွာ ဆောင်ရွက်ပါက မှန်စွာ အကျိုးဖြစ်ထွန်းဘွယ်ရာ ရှိလေ၏၊ ယုံကြည်၍ လွဲပုံအပ်နှင်းခံရသူက မယုံကြည်စရာကြီးဖြစ်အောင် သစ္စာမရှိဘဲ ဘောက်လဲဘောက်ပြန် လုပ်ကိုင်သောအခါ ထိုကုမ္ပဏီသည် တနေ့တခြားပျက်ပြား ဆုတ်ယုတ်မည်သာဖြစ်၏၊ သစ္စာမတည် မယုံကြည်ထိုက်ဆိုသော စကားမှာ မည်သည့်အရာကစတည်၍ လာပါသနည်း-ဟု စိစစ်လျှင် ကိုယ့်ဘက်သို့ယက်တတ်သော အတ္တဟိတသဘောထားသည်ကစ၍ ဖြစ်တတ်လေသည်၊ ကိုယ့်အကျိုးကို ကိုယ်ငဲ့ကွက်၍ ကုမ္ပဏီအကျိုးကို မငဲ့မညှာသည်ရှိသော် နောက်ဆုံးအခါမှာ ကုမ္ပဏီ နစ်နာဘို့သာ ရှိလေ၏။

ပုထုဇဉ်တို့သဘောမှာ များသောအားဖြင့် ကိုယ်ကောင်းကြံတတ်သော အလေ့တို့သည် အများအနည်းအားပင် ပင့်သန္ဓေကစ၍ ပါရှိကြကုန်၏၊ ထိုကိုယ်ကောင်းကြံသောအလေ့ကို အသုံးပြုသည်ကစ၍ အချင်းချင်းမယုံကြည်ရအောင် မိမိအပေါ်၌ အယုံကြည် ပျက်ကွက်အောင်ဖြစ်လေ၏၊ ကျွန်ုပ်တို့မြန်မာနိုင်ငံမှာ အခြားနိုင်ငံ သားများတို့ကဲ့သို့ ပြောလောက်ဆိုလောက် ကြီးကျယ်သော ကုမ္ပဏီကြီးများကို မဖွဲ့စည်းနိုင်ကြ၊ ဖွဲ့စည်းပါသော်လည်း အလိုရှိသလောက်မကြီးပွါးခင် ပျက်စီးလေသည်မှာ မည်သည့်အချက်ကြောင့် ဖြစ်ပါသနည်း-ဟု စဉ်းစားဆင်ခြင်သင့်လေသည်၊ အခြားနိုင်ငံသားတို့သည် ကျွန်ုပ်တို့ မြန်မာနိုင်ငံသို့ လာရောက်ကြ၍ မြန်မာနိုင်ငံ-တည်းဟူသော မြေကြီးပေါ်မှာ အခြေတည်စိုက်ပြီးလျှင် များစွာသော ကုမ္ပဏီတို့ကို ဖွဲ့စည်းလုပ်ကိုင်၍ ပြောင်ပြောင်လက်လက် စားသောက်နေထိုင်ကြလေကုန်၏၊ ကျွန်ုပ်တို့ မြန်မာနိုင်ငံသားတို့သည် အခြားလူမျိုးတို့တည်ထောင်သော ကုမ္ပဏီမှ အဝတ်အစားစသည်တို့ကို ဝယ်ခြမ်း၍ သုံးစွဲကြရကုန်၏။

ထိုကုမ္ပဏီကြီး၏ ဦးစီးဖြစ်သော ဒါရိုက်တာလူကြီးများသည် မိမိတို့နိုင်ငံရင်းမှသာနေ၍ စိတ်ချယုံကြည်လောက်သောသူကို လွှတ်ပြီးလျှင် မန်နေဂျာအဖြစ်ဖြင့် လုပ်ကိုင်စေကြကုန်၏၊ လွှဲအပ်ယုံကြည်ခြင်းကို ခံရသောသူသည် ရိုးသားဖြောင့်မတ်စွာနှင့် မှန်ကန်တည်ကြည်စွာလုပ်ကိုင်လေ၏၊ ထို့ကြောင့် နှစ်ပေါင်းရှည်ကြာစွာ တည်ခိုင်၍နေ့စဉ်ပင် ကြီးပွါးလျက် ရှိနေကြကုန်သည်၊ ကျွန်ုပ်တို့ မြန်မာနိုင်ငံသားတို့သည်

မူကား အခြားနိုင်ငံသို့သွား၍ကုမ္ပဏီ တည်ထောင်ခြင်းဖြင့် ပစ္စည်းလုပ်ကိုင်ရှာဖွေခြင်းကို မဆိုနှင့်ဦး ကိုယ့်နိုင်ငံထဲမှာသော်ပင် ကြီးကျယ်ခိုင်ခံ့ အရှည်တည်တံ့သော ကုမ္ပဏီကြီးများကို ဖွဲ့စည်းလျက်မရှိကြလေကုန်။

ရှေးအထက်ကျော်ကာလတွင် မြန်မာနိုင်ငံသည် တိုင်းပြည်တပါးတို့နှင့် ပေါင်းသင်း ဆက်ဆံခြင်းနည်းပါး၍ ဗဟုသုတ မများသောကြောင့် ထိုကဲ့သို့ ကုမ္ပဏီအစုစပ်ကြီးများကို မထူထောင်ခဲ့သည် ရှိပါစေတော့၊ ယခုအခါနိုင်ငံ အမျိုးမျိုးမှ လာရောက်သော သူတို့၏ အပြုအမူ အလုပ်အကိုင်ကြီးများကိုမြင်ရ၍ ဉာဏ်မျက်စိအတော်ကျယ်ပွင့်ကြပြီးဖြစ်သော်လည်း ယခုတိုင်အောင်ပင် အမျိုးသားချင်းချင်းညီညာစွာနှင့် စုပေါင်း၍ တည်ထောင်သော ကုမ္ပဏီကြီးများကို တည်ထောင်ဖွဲ့စည်းခြင်း မရှိကြကုန်သေး၊ ဖွဲ့စည်းတည်ထောင်ပါသော်လည်း မကြီးပွါးမီ ပျက်စီးလေကုန်သည်သာလျှင် ဖြစ်လေ၏။

ယခုတိုင်အောင်ပင်သော်လည်း ကုမ္ပဏီများကို ထူထောင်စိုက်ပျိုးလျက်ရှိကြကုန်၏၊ ဆင်ခြင်ရန်ရှိသည်မှာ ကျွန်ုပ်တို့ မြန်မာနိုင်ငံ၌ ဉာဏ်အမြင်နှင့် အဆင်ခြင်သဘောများသည်နုသေး၍ လိုအပ်သောအတိုင်း တည်တံ့ခိုင်မြဲစွာနှင့် မကြီးပွါးသေးသည်-ဟူ၍ ထင်မြင်ရန်လက္ခဏာရှိလေ၏၊ ဆင်ခြင်ရန်တချက်ရှိပြန်သည်မှာ ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် အာရကံနယ်နှင့် တနင်္သာရီနယ်များသည် ဉာဏ်အမြင်ကြီးမားသော အင်္ဂလိပ်အစိုးရလက်အောက်သို့ရောက်သည်မှာအနှစ်တရာနီးနီးရှိလေပြီ၊ ရန်ကုန်မြို့မှစ၍ တောင်ငူမြို့သို့တိုင်အောင် အောက်မြန်မာနိုင်ငံကို အင်္ဂလိပ်အစိုးရတို့ သိမ်းပိုက်သည်မှာ အနှစ်ခြောက်ဆယ်လောက်ရှိလေပြီ၊ အထက် မြန်မာနိုင်ငံသည်မူကား အင်္ဂလိပ်အစိုးရတို့လက်အောက်သို့ ရောက်သည်မှာ အနှစ်သုံးဆယ်မျှလောက်သာ ရှိလေသေးသည်။

အထက်မြန်မာနိုင်ငံသည် လူမျိုးခြားတို့နှင့် ပေါင်းသင်းဆက်ဆံရသည်မှာ မကြာသေးဖြစ်၍ နုသေးသည်တကြောင်း, နိုင်ငံခြားမှ သင်္ဘောအထွက်အဝင်မရှိ၍ လမ်းပိတ်သည်တကြောင်း, အောက်မြန်မာနိုင်ငံမှာကဲ့သို့ စပါးဆန်ရေတို့သည် များစွာဖြစ်ထွန်း၍ ငွေအဝင်

များများမရှိသည်တကြောင်း ဤအကြောင်းများကြောင့် နိုင်ငံကြီးသားတို့ပြုလုပ်တည်ထောင်ကြသောနည်းအတိုင်း ကုမ္ပဏီအစုစပ်ကြီးများကိုဖွင့်၍မလုပ်နိုင်လျှင်ရှိစေဦးတော့ နိုင်ငံကြီးသားတို့နှင့်အပေါင်းအသင်းကြ၍ အခြားနိုင်ငံမှဝင်ရောက်ရန် လမ်းပေါက်ကြီးသကွယ်ဖြစ်သည်နှင့် စပါးဆန်ရေ ရွှေငွေမနု ဥတုသပ္ပါယ ပြည့်စုံသောအောက်မြန်မာနိုင်ငံမှာ မြန်မာအမျိုးသားတို့၏ ကုမ္ပဏီကြီးများကိုခိုင်မြဲစွာတည်ဖွင့်လုပ်ကိုင်ကြသည်ကိုမြန်မာလူမျိုးတို့၏ မျက်စိပြင့်ကြည့်ရှုတွေ့မြင်ဘို့ကောင်းလေသည်။

သို့ရာတွင် ပြဆိုခဲ့ပြီးသောအတိုင်း ခိုင်ခံ့စွာနှင့် မဖြစ်ထွန်းသောမြန်မာကုမ္ပဏီကြီးများကို ပြောပလောက်အောင်မတွေ့မမြင်ကြရကုန်သေး၊ ကုမ္ပဏီကြီးဆိုသည်မှာအရင်းအနှီးကြီး ကျယ်ခိုင်ခံ့စွာနှင့်ဖွဲ့စည်းတည်ထောင်ပြီးလျှင် နိုင်ငံတကာကမ္ဘာအနှံ့အပြား ဆိုင်ရာဆိုင်ရာရောင်းဝယ်ဘောက်ကားနိုင်သော ကုမ္ပဏီကိုဆိုလိုသည်၊ ကုမ္ပဏီတည်ထောင်ဖွင့်လှစ်ပါသော်လည်း မျက်မြင်ဒိဋ္ဌမှာပင် ပျက်စီးလေသည်ကိုသာမြင်ကြရ၏၊ လူပေါင်းနှစ်ဆက်သုံးဆက်လဲအောင် တည်တံ့သည်ဟူ၍ပင်မရှိသေး၊ အချို့သောသူတို့ကလည်း ဤကဲ့သို့ပျက်ကွက်သည်ကိုမြင်ရတွေ့ရသည်နှင့် ကုမ္ပဏီထဲသို့ပါဝင်ပါဆိုလျှင်ကြောက်ရွံ့၍နောက်သို့တွန့်ဆုတ်တတ်ကြကုန်၏။

မကြာမကြာ ပျက်ကွက်တတ်သည့်အတွက်ကြောင့်လည်း အချိုးသားကိုအပြစ်မတင်သင့်၊ ကြောက်ရွံ့၍ နောက်သို့ဆက်လက်ပြီးလျှင်ကုမ္ပဏီထူထောင်ခြင်းကို အလျှဉ်းမပြုလုပ်ဘဲ နောက်ဆုတ်ရန်လည်းမသင့်၊ ကလေးသူငယ်၏ ဥပမာအားဖြင့် ကျွန်ုပ်တို့ ပြဆိုခဲ့ပြီးသောအတိုင်း သူငယ်သည် ရုတ်တရက်မထနိုင်သည့်အတွက်, ရုတ်တရက်စကားမပြောနိုင်သည့်အတွက်, ရုတ်တရက်မကြီးပြင်းနိုင်သည့်အတွက်ကြောင့် သူငယ်ကိုအပြစ်မတင်ထိုက်ဘိသကဲ့သို့ပေတည်း၊ ထိုသူငယ်သည်ပင် သူ့အချိန်ကာလသို့တိုင်ရောက်လျှင် လူလားမြောက်၍လာလေ၏၊ ဤနည်းအတိုင်း ယခုအခါ မြန်မာလူမျိုးတို့သည် လောကီမှုနှင့်စပ်လျဉ်း၍ ကမ္ဘာနှင့်ချီပြီးလျှင် အကြီးအကျယ်ကြီးစည်မှုမှာ သူငယ်ပမာန နုကြသောကြောင့် ခဏခဏလဲပြို၍နေသော်လည်း နောင်

အခါ ဤကဲ့သို့ချည်းလေ့ကျက်ပြုလုပ်၍ လာကြပါလျှင် အချိန်ကျတော့ ထမြောက်အောင်မြင်၍ လာကြပေလိမ့်မည်။

''**အနာဂမခံက အသာဂမစံရ**'' ဆိုသော စကားပုံအတိုင်း ရှေးဦးပထမအနစ်အနာတွေနှင့်တွေ့ကြုံပြီးမှ လမ်းမှန်သို့ရောက်၍အကျိုးကြီးစွာပေးတတ်လေသည်၊ ကုမ္ပဏီအစုစပ်ကြီးစွာဖွဲ့စည်း၍လွဲပုံယုံကြည်၍ အပ်နှင်းခံရသောသူများသည် မကြာမကြာသစ္စာပျက်ယွင်း၍ ကုမ္ပဏီအသင်းပျက်ပြားသော်လည်း တဆင့်ထက်တဆင့် ကောင်းမွန်လာ၍ နောင်အခါ အလုံးစုံအချင်းချင်း ယုံကြည်လောက်စွာနှင့် ခိုင်ခိုင်ခံ့ခံ့ အလုပ်ကြီး အကိုင်ကြီးများကို ပြုလုပ်နိုင်ကြ ပေလိမ့်မည်-ဟုမြော်လင့်ဘွယ်ရာရှိလေသည်၊ အလုပ်ကြီးအကိုင်ကြီးများကို လုပ်ကိုင်သက်ဝင်လေ့မရှိသောသူတို့သည် စိတ်သေးသိမ်၍ အကြံအစည်လည်း မထွားမကျိုင်း နိမ့်ရှိုင်းလျက်သာရှိနေတတ်ကြကုန်၏၊ အလုပ်အကိုင်ကြီးများသည် စိတ်သေးသိမ်၍ အကြံကျဉ်းမြောင်းသော သူတို့နှင့် အရာမဟုတ်သကဲ့သို့ဖြစ်လေသည်။

**ဥပမာ။** ကလေးသူငယ်သည် ကြီးကျယ်သောအမှုကိစ္စနှင့် မတန်မရာဘိသကဲ့သို့တည်း၊သို့ဖြစ်၍ ကျွန်ုပ်တို့မြန်မာအမျိုးသားတို့သည် အခြားနိုင်ငံသားများကဲ့သို့ အလုပ်ကြီးအကိုင်ကြီးများမှာ ကျွမ်းကျင်စွာနှင့် ပေါက်ပေါက်ရောက်ရောက် လုပ်ကိုင်နိုင်ကြလေအောင် အချင်းချင်းယုံကြည်လောက်သည့် ကတိသစ္စာနှင့်တည်ကြည်ခြင်း သမာဓိကို တစတစအသုံးပြုသင့်လေသည်၊ မယုံမကြည်ရခြင်းသည် ကြီးပွားဘို့ကိုဖျက်ဆီးတတ်သော ကပ်ဆိုးကြီးတပါးအမှန်ဖြစ်လေ၏၊ ထိုမယုံမကြည်ရသော ကပ်ဆိုးကြီးတိုက်၍ နေသမျှကာလပတ်လုံး အမျိုးသား၏ကြီးပွားခြင်း,နိုင်ငံ၏ထွန်းကားခြင်းကိုပြုလုပ်ဆောင်ရွက်နိုင်ကြမည်မဟုတ်ချေ။

ထို့ကြောင့် အမြော်အမြင်ကြီးကျယ်စွာနှင့် ခိုင်ခိုင်ခံ့ခံ့ တည်တည်တံ့တံ့သဘောထားကြပြီးလျှင် ကြီးပွားခြင်းကို ပိတ်ဆို့တတ်သည့် မယုံကြည်ရသောတရားဆိုးတခုကို နှင်ထုတ်၍ပစ်ကြရန် သစ္စာနှင့်သမာဓိကို မွေးမြူသင့်ကြလေသတည်း။

ရခဲခြင်း-ဒုလ္လဘတရား ၄-ပါးပြီး၏။

## ၁၈။ အကြွင်းမထားသင့်သောအရာ ၃-ပါး

ဣဏသေသော ဂ္ဂိသေသော စ၊ ဗျာဓိသေသော တထေဝ စ။
ပုနေဝ ဝဍ္ဎတေ ယသ္မာ၊ တသ္မာ သေသံ န ကာရယေ။ ။

**အနက်။** လောကေ၊ လောက၌။ ဣဏသေသော စ၊ ကြွေးမြီအကြွင်းအကျန်သည်၎င်း။ အဂ္ဂိသေသော စ၊ မီးကြွင်းမီးကျန်သည်၎င်း။ တထေဝ၊ ထို့အတူပင်လျှင်။ ဗျာဓိသေသော စ၊ အနာကြွင်းအနာကျန်သည်၎င်း။ ပုနေဝ၊ တဖန်သာလျှင်။ ယသ္မာ၊ အကျင့်ကြောင့်။ ဝဍ္ဎတေ၊ တိုးပွားလာပြန်တတ်၏။ တသ္မာ၊ ထို့ကြောင့်။ သေသံ၊ ကြွေးကြွင်း,မီးကြွင်း,အနာကြွင်းချန်ထားခြင်းကို။ နကာရယေ၊ မပြုရာသည်သာလျှင်တည်း။

**ဆိုလိုရင်းမှာ။** ကြွေးမြီ အကြွင်းအကျန်ကိုမထားနှင့်၊ မီးကြွင်းမီးကျန်ကိုမထားနှင့်၊ အနာကြွင်းအနာကျန်ကိုမထားနှင့်၊ မပြီးမပြတ်မရှင်းမလင်းဘဲချန်ထားလျှင် တိုးပွား၍ လာတတ်သည်ဟူ၍ ဆိုလိုသည်။

### ဆောင်ပုဒ်လင်္ကာ

၁။ ကြွေးကြွင်းမီးကြွင်း၊ အနာကြွင်း၊ အလျဉ်းမထားရာ။
၂။ အကြွင်းချန်ထား၊ ၎င်းသုံးပါး၊ တိုးပွားဟတ်လေစွ။
၃။ ပြောင်စင်မကြွင်း၊ အကုန်ရှင်း၊ ဘေးကင်းစိတ်ချမ်းသာ။

၁။ ''ကြွေးမြီ အကြွင်းအကျန်ကို မထားရ'' ဟူသော ပထမစကား၌- မြီစား,မြီရှင်နှစ်ဦး ရှိလေသည့်အနက် ကြွေးသည် မြီစားကိုနှိပ်စက်၍ မြီရှင်ကိုချမ်းသာအောင် ရွက်ဆောင်လေ၏၊ မြီရှင်လက်မှထွက်၍ မြီစားလက်သို့ ရောက်သောငွေများသည် မည်သည့်အခါမျှအအားမနေဘဲ အတိုးတည်းဟူသော ငွေသားငွေသမီးတို့ကိုမွေးလျက်သာရှိနေကြကုန်၏၊ မြီစားကမြီရှင်ထံမှာ ကြွေးချေးငှားပြီး စားသောက်သုံးစွဲပစ်လိုက်၍ ကုန်ခန်းလေသော်လည်း ထိုကြွေးချေးခဲ့မိသောငွေကချမ်းသာခွင့်ကိုမပေးဘဲ တဖြေးဖြေးမြီစားကို နှိပ်စက်ညှဉ်းပန်းသောအားဖြင့် ဝန်လေးသည်ထက်ဝန်လေးအောင် တိုး၍တိုး၍သာနေလေ၏။

**ဥပမာ။** အကုသိုလ်ကံကို ပြုမိသောသူသည် ပြုပြီး၍ ကိစ္စတုံးလေသော်လည်း (အေးပြီထင်ရသော်လည်း) အကုသိုလ်ပြုလုပ်သောသူကို

အခွင့်သင့်သောအခါ နှိပ်စက်ဖိစီးမည့်အနေနှင့်အခြေတည်၍၊(နာနက္ခ ဏ်ကကမ္မသတ္တိဖြင့်) ချောင်းမြောင်းကာ နေလေဘိသကဲ့သို့တည်း။

ထိုမှတပါး ကြွေးမြီချေးငှား၍ သုံးစားသောသူတို့သည် ကြွေးယူ ၍ လက်မှတ်ရေးထိုးမိသောနေ့ကစပြီးလျှင် အပင်းအဆိပ်ကို စားမျိုမိ သောသူကဲ့သို့ ဖြစ်လေ၏၊ အပင်းအဆိပ်ကိုစားမျိုမိသောသူသည် ဝမ်း တွင်းသို့ ရောက်သောအခါ အကျိုးမပေးသော်လည်း နောင်များမကြာ မီအခါတွင်ဖြစ်စေ၊ ကာလအတော်ကြာမြင့်မှ ဖြစ်စေ၊ သေဆုံးသည် တိုင်အောင်သော အကျိုးကိုပေးလိမ့်မည်ဖြစ်၏၊ ကြွေးသည်လည်း ချေးငှါးစဉ် အခါကာလဟူ၍ မြီရှင်ကလည်း အတိုးကို ရလိုသော ကြောင့် ရွှင်ရွှင်ပြပြနှင့် ချေးငှါးလေ၏၊ မြီစားကလည်း အသုံးလိုသည့် အခါ ငွေရမည်ဖြစ်၍ ရွှင်ပြသော မျက်နှာဖြင့်သာလျှင် ချေးငှါးလေ၏၊ မြီရှင်မြီစားတို့ ရွှင်ရွှင်ပြပြနှင့် ငွေချေးကြသောအလုပ်သည် နောက် အခါ မသာသောမျက်နှာနှင့် ဖြစ်စေ၊ လူချင်းမုန်း၍ ဖြစ်စေ၊ အဆုံး သတ်လည်သာများလေ၏။

လူတို့၏သဘောသည် မိမိတို့လက်သို့ရောက်ပြီးသောငွေကို လက်မှ လွှတ်လိုက်ရန်ခဲယဉ်းကျပ်တည်းသော အလေ့ရှိသည့်အတိုင်း ငွေရင်း, ငွေတိုးများကို ပေးဆပ်ချိန်အခါသို့ ရောက်လာလျှင် ရုတ်တရက် ငွေကိုလက်ကမလွှတ်ချင်ဘဲ စိတ်တွန့်၍ နောက်သို့ဆုတ်ခွါ ရုံးကန် လျက်သာရှိကုန်၏၊ မြီရှင်ကလည်း ရချိန်တန်သော အခါ လွန်စွာလို ချင်သောဆန္ဒနှင့် တောင်းခံလေ၏၊ တောင်းသူကလည်းတောင်း၊ ပေး ရမည့်သူကလည်း နောက်ဆုတ်ခြတ်တွန့်၍နေသောအခါ ရုံးသို့သွား ၍ တရားတပေါင်တွေ့ဆုံရလေ၏၊ ထိုအခါ ငွေချေးငှါးလိုက်သော သူ မှာလည်း ရှေ့နေဂဏ်လုံစရိတ်, သက်သေစရိတ်, တံဆိပ်တော်ခေါင်း စရိတ်, သွားစရိတ်, လာစရိတ်တို့သည် အပိုအမိုထပ်၍ကုန်ကျလေ၏။

မြီစားကခုခံလျှင်လည်း ထိုကဲ့သို့ပင်ထပ်မံ၍ စရိတ်ကုန်ခံရလေ၏၊ တရားလမ်းကြောင်းမှန်ကန်၍ ပေးနိုင်လောက်လျက်နှင့် မပေးဘဲပေ၍ တရားခုခံသဖြင့် ဆုံးရှုံးသောအခါ မြီစားမှာတရားစရိတ်နှင့် ဆုံးရှုံးနစ် နာခြင်းကိုခံရလေ၏၊ပစ္စည်းရှိလျှင်ပစ္စည်းကိုဝါးရမ်းထုတ်၍ဘမ်းဆီးပြီး

လေလန်တင်ရောင်းချခြင်းကို အရှက်တကွဲရလေ၏၊ပစ္စည်းပျံ့ပြပေး နိုင်လျှင် မြို့ရှင်ကညှာတာခြင်းမရှိက လူဘမ်းဝါးရမ်းထုပ်၍ ဘမ်းယုံး လေ၏၊တရံတခါ ကြွေးမှုနှင့်ထောင်သို့ ချကြလေကုန်သေး၏၊အပေါင် အနှံလုံလောက်စွာနှင့် ကြေးငွေချေးငှါးသောအခါ တယောင်တန် သောပစ္စည်းကို ငါးရာခြောက်ရာမျှ အပေါင်ထား၍ယူရ၏၊တသောင်း တန်လျှင် ငါးထောင်ခြောက်ထောင်မျှပေါင်နှံ့ရ၏၊ အတိုးငွေကတနေ့ ထက်တနေ့ တလထက်တလစီး၍ လာသော အခါ ကုန်စင်အောင်မ ဆပ်ပေးနိုင်ပါက မိမိပိုင်ပစ္စည်းများသည် မတန်ရအတန် ဆုံးရှုံးခြင်း ကို ခံရလေ၏။

တရံတခါ အတိုးကိုမဆပ်ပေးနိုင်ပါက ထိုအညွန့်အတိုးငွေသည်ပင် တဖန်ငွေရင်းသို့ထည့်သွင်း၍ စာချုပ်ခံရပြန်လေ၏၊ ပထမငွေ ၁၀၀- ကြွေးချေးရာ အတန်ကြာလျှင် အတိုးကိုမဆိုထားဘိ၊ အရင်းငွေသည် ပင်လျှင် ၂၀၀-လောက်ဖြစ်လာတတ်လေ၏၊ ထို့ကြောင့်ကြွေးမြီများ အတွက် မိမိအသက်ကိုခုတ်သတ်ရန်ဓားသန်သျက်ဖြင့် ချိန်ရွယ်၍ထား သော သူကဲ့သို့၎င်း, သေနတ်အမြောက်တို့ဖြင့် ချိန်ရွယ်ထားသောရန် သူကြီးများကဲ့သို့၎င်း ကြောက်လန့်တိုက်လေ၏၊‘‘ကြွေးတင်ကျွန်ဖြစ်’’ ဟူသောစကားကို ရှေးအခါကပင် ကျွန်ုပ်တို့ မြန်မာနိုင်ငံမှာ များစွာ သုံးစွဲပြောဆိုလေ့ရှိကြ၏၊ ထိုစကားသည် အလွန်မှန်သော စကားဖြစ် သည်-ဟု ဝန်ခံထိုက်ပေသည်၊ ကျွန်ဖြစ်သောသူသည် အရှင်သခင်၏ တာဝန်ကြီး ဦးခေါင်းပေါ်မှာအမြဲထမ်းရွက်သည်ပိုး၍ နေရဘိသကဲ့သို့ ကြွေးအတင်ခံရသော မြို့စားသည်လည်း ငွေထုတ်၍ ချေးငှါးသော မြို့ရှင်၏ဝန်ကြီးကို အမြဲပင်လေးလန်စွာ ထမ်းရွက်၍ နေရလေ၏။

မြို့ကြီးပြကြီးတို့မှာ အပေါင်အနှံ လုံလောက်စွာနှင့် အလုပ်ကြီး သမားတို့အကြီးအကျယ် ချေးငှါးသော ငွေများအတွက် မြို့စားတို့မှာ များစွာအောက်မကျဘူးဆိုသော် ဆိုသင့်တန်ရာသေး၏၊ တောမြို့ရွာ ငယ်များမှာ ငွေရှိသော သူတို့ယံအနည်းငယ်မျှ ချေးငှါးရသော မြို့စား တို့မှာ ‘‘ကြွေးတင်ကျွန်ဖြစ်’’ ဆိုသော စကားသည် သာ၍ပင် မှန်ကန် လေ၏၊ အကြောင်းကိုဆိုသော် ထိုမြို့ငယ် ရွာငယ်များတွင် ငွေတဆယ် လျှင် တလရှစ်ပဲတိုးနှင့် ချေးယူကြသောသူတို့သည် ငွေချေးငှားသော

မြို့ရှင်ကို မျက်နှာအားရရှိအောင် အမျိုးမျိုးအလိုလိုက်၍ ခံကြရကုန်၏၊ ထိုမြို့ရှင်၏အိမ်မှာ ပြုလုပ်ဘွယ်ကိစ္စရှိလျှင် သွားရောက်၍ကြည်ကြည်သာသာပြုလုပ်ဝန်းဝိုင်းကြရကုန်၏။

ထင်းခုတ်ရေခပ်စသောအမှုတို့ကိုလည်း တရံတခါသွား၍ လုပ်ကိုင်ပေးကြရကုန်၏၊ မိမိတို့အိမ်မှာ စားသောက်ဘွယ်ရာ အထူးရှိလျှင် ဘုန်းကြီးကျောင်းကိုသတိမရတဲ့သော်လည်း ငွေချေးငှားသော မြို့ရှင်အိမ်ကို ရှေ့ဦးစွာ သတိရပြီးလျှင် အမြတ်ဟနိုးပို့သလေ့ရှိကြကုန်၏၊ ထိုသို့ပြုလုပ်ရခြင်းကား "ကြွေးတင်ကျွန်ဖြစ်"ဟူသော စကားနှင့်အညီပင်ဖြစ်လေသည်၊ ဤကဲ့သို့ ခယယပြုလုပ်ကြရကုန်သော်လည်း ငွေတိုးကိုလျှော့ချသည်မဟုတ်၊ စာချုပ်တွင် ပါသောအတိုင်းသာ ယူကြကုန်၏၊ ယခုအင်္ဂလိပ်မင်းတို့အုပ်စိုးသည့်အခါမှာ လွန်စွာ ကျေးဇူးတင်ဘွယ်ရာကောင်းသောအချက်ကြီးတခုမှာ မည်သည့်နည်းနှင့်မဆို လူကိုလူချင်းချင်းကျွန်အဖြစ်ဖြင့်မခိုင်းမစေရန်ပြုလုပ်သောဥပဒေကြီးဖြစ်လေသည်၊ ထိုဥပဒေကြီးအတွက် ကျွန်ုပ်တို့မြန်မာနိုင်ငံမှာ ဆင်းရဲသူဆင်းရဲသားတို့သည် များစွာသက်သာခွင့်ကို ရမြဲကြလေကုန်၏။

ရှေးအခါ ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် မြန်မာဘုရင်တို့ စိုးအုပ်သည့်အခါ လူကိုကျွန်အဖြစ်နှင့် ခိုင်းစေသောနည်းလမ်းသည် ထွန်းကားလျက်ရှိလေ၏၊ ထိုစည်းကမ်းကြီးက နိုင်ငံကို ဖိစီးလျက် ရှိနေသောကြောင့် ဆင်းရဲသူဆင်းရဲသား လက်နှင့်ခြေကိုအားကိုး၍ လုပ်ကိုင်စားသောက်ကြရသော အောက်တန်းသမားတို့မှာ များစွာနစ်နာခြင်းခံကြရလေကုန်သည်၊ ထိုအခါ ငွေရှာကျပ်တည်း ငွေအဝင်နည်းပါးကြလေကုန်သောကြောင့် ပွေဟဆယ်နှစ်ဆယ် ကြွေးတင်လျှင်ပင် တော်တော်နှင့်မဆပ်နိုင်ချေ၊ကာလအတန်ကြာ၍ ဆပ်ပေးနိုင်သောအခါမှာ မြီစား၏-သမီးကလေးများကို မြို့ရှင်အိမ်မှာ ငွေမဆပ်နိုင်သမျှ ကျွန်အဖြစ်နှင့်အပ်လားရလေ၏၊ ကိုယ့်ရင်သွေးဖြစ်သော သမီးကလေးများသည် မြို့ရှင်အိမ်မှာကျွန်ခံ၍ နေပူမိုးရွာမရှောင် အမျိုးမျိုးသော အလုပ်တို့ကိုလုပ်ကိုင်ရလေကုန်၏။

မိဘတို့ကမရွေးနိုင်လျှင် တသက်လုံးကျွန်ဘဝနှင့်သာ အသက်ဆုံးရှုံးကြရလေကုန်၏၊ထိုကျွန်မှပေါက်ဖွားလာသော ကလေးသူငယ်များ

သည်လည်း တဘန်ကျွန်ဖြစ်ရပြန်လေ၏၊ကျွန်မှမွေးဖွားသော သားသမီးကို သားပေါက် (သဘောက်)ဟူ၍ ခေါ်ဆိုလေ၏၊ ကျွန်တခါစ၍ ဖြစ်ခဲ့မိလျှင် ကျွန်မျိုးမပြတ်နိုင်ဘဲ ဆက်လက်၍ တစဉ်ကြီးသွားလေ၏၊ ယခုအခါ မြန်မာလူမျိုးတို့က ''ကျွန်မျိုး''ဟူ၍ နှစ်နာရင့်ဘီးစွာ ဆဲကို ကြသည်မှာ ရှေးကအစဉ်အလာနှင့် ဆဲဆိုခြင်းဖြစ်သည်၊ ငွေသုံးကျပ် သားနှင့် ကျွန်ဖြစ်ရသောဝတ္ထုတခုကို ကြားသိရဘူးသည်မှာ မြန်မာမင်းတို့၏လက်ထက်အခါ ဆေးလုပ်ကိုင်သောကျွန်းတခုမှာ မင်းမှူမင်းတိုင်း (သဿမေဓ)အတွက် မပေးဆောင်နိုင်၍ ဆေးချိန်ခွက်တဆယ် လျှင် ငွေသုံးကျပ်နှင့်ဆေးပေးယူ၍ ငွေတော်ဆောင်ရလေ၏။

ထိုမြို့စားလုပ်ကိုင်သော ဆေးခင်းများသည် ရောဝတီမြစ်ရေကြီး၍ ပျက်စီးလေသောကြောင့် ထိုဆေးခွက်တဆယ်ကို မပေးနိုင်ဘဲ ရှိလေ၏၊ ထိုနှစ်မှာ ဆေးဈေးကောင်းသောကြောင့် ဆေးခွက်တဆယ်လျှင် ငွေတဆယ်ဈေးဖြစ်၏၊ အချိန်တန်၍ ဆေးကိုမရသောအခါ ဆေးပေးသောငွေရှင်က ဆေးပေါက်ဈေးနှုန်းနှင့် ငွေတဆယ်ကို အတိုးတလလျှင် ဂ-ပဲထား၍ စာချုပ်လေ၏၊ ဆင်းရဲသားဖြစ်၍ နောက်တနှစ်ကိုလည်း မပေးနိုင်ဘဲနေရာ ငွေရင်း ၁၆-ကျပ်ဖြစ်လေ၏၊ဤကဲ့သို့ သုံးနှစ်လောက်ရှိသောအခါ မိမိ၏သမီးငယ်တယောက်ကို မြို့ရှင်အိမ်မှာ ငွေမပြေမီအတွင်း ကျွန်အဖြစ်နှင့်ခိုင်းစေပါတော့၊ငွေကိုသာအတိုးမထားပါနှင့်ဟု အပ်နှံရလေ၏၊နောက်အခါမှာလည်း ငွေကိုမပေးနိုင်ဘဲ မိဘတို့လည်းသေဆုံးလေ၏၊မြို့စား၏သမီးမှာ တသက်ပတ်လုံးရွေးနှုတ်မည့်သူမရှိဘဲ ငုတ်တုတ် ကျွန်အဖြစ်နှင့်သာ အသက်ဆုံးရလေသည်။

ရှေးအခါ မြန်မာနိုင်ငံတွင် ငွေလေးငါးဆယ်ကြွေးတင်လျှင်ပင်ကျွန်ဖြစ်ရန်လွယ်ကူသော လမ်းပေါက် ရှိလေသည်၊ထို့ကြောင့်''ကြွေးတင်ကျွန်ဖြစ်'' ဟူသော စကားသည် များစွာမှန်ကန်လေ၏၊ အချို့သောသူတို့သည် ကြွေးကိုမကြောက်တတ်၊ ရလျှင်ရတိုင်းချေးငှား၍ သုံးစားချင်တတ်၏၊ကြွေးတောင်းလာလျှင် မျက်နှာလွှဲ၍ ရှောင်ရှားပုံးမျိုး၍ နေတတ်၏၊ ကြွေးချေးငှား၍ ရသည်နှင့်တပြိုင်နက် ပြောင်ပြောင်လက်လက်ဝတ်, ဝမ်းဝဝစား, တရယ်ရယ် တဟားဟားနှင့် ပျော်ပျော်ပါးပါး နေတတ်ကြကုန်၏။

''ငရဲကလာတဲ့သူ ပြာပူမကြောက်၊ ငြုပ်သီးထဲကပိုး အစပ်မျိုးကို မကြောက်'' ဆိုဘိသကဲ့သို့ ကြွေးအတင်ခံနေကြဖြစ်သောသူသည် စိတ်ထုံ၍နေသောကြောင့် ကြွေးကိုမကြောက်ဘဲ ရှိတတ်သည်၊ အချို့လည်းရနိုင်သမျှ (မတန်ရကန်) ကြွေးတို့ကိုချေးငှားပြီးလျှင် မြီရှင်က တောင်းခံသောအခါ ရှိသမျှပစ္စည်းတို့ကိုကွဲနိုင်သမျှကွဲ၍ အင်ဆော်လဝင် (ဒေဝါလီ) အမိန့်ခံပြီးလျှင် ကြွေးပူရရှိသမျှသော ပစ္စည်းတို့ဖြင့်ထိုင်၍ ပင်ရှင်စားကာ နေတတ်ကြကုန်၏၊ယခုမျက်မှောက်ဘဝတွင် ငွေကိုသာအရချေး၍ ပြန်မပေးဘဲနေလျှင် တဘဝချမ်းသာခွင့်ရသော်လည်း သံသရာကခံ၍နေမည်မဟုတ်၊ နောင်တမလွန်ဘဝတို့မှာ ကျွန်ုပ်တို့ဗုဒ္ဓဘာသာ တရားလမ်းအတိုင်း ဘဝအဆက်ဆက် ဆပ်၍မကျေနိုင်အောင်ပင် ရှိတတ်လေသည်။

ဤသို့ဖြစ်သည်ကို သံသရာကြွေးဟူ၍ ခေါ်ဆိုကြကုန်၏၊ ဖြစ်လေရာဘဝတို့မှာလည်း ပစ္စည်းဥစ္စာဟူ၍ အဖတ်မတင်နိုင်ဘဲ တမွဲထဲမွဲတေ၍နေရတတ်လေ၏၊ သို့ဖြစ်၍ကြွေးများ အတင်ခံရသောအခါ ယခုမျက်မှောက်ဘဝမှာလည်း ဝန်လေး,သံသရာကြွေးလည်း တင်တတ်သောအမှုကြီးတပါးဖြစ်သောကြောင့် ပြေကုန်အောင် ပေးဆပ်သင့်လေသည်၊ မြွေကိုငယ်သည်ဟူ၍ မထိမဲ့မြင်မပြုရသကဲ့သို့ ကြွေးကိုလည်းနည်းသည်ဟူ၍ အမှုမစိုက်ဘဲမနေရာ၊ ကြွေးအကြွင်းကိုထားလျှင် ထိုကြွေးမှအတက်ပေါက်၍အပင်ကြီးသန်စွမ်းစွာဖြစ်တတ်လေ၏၊ **''ကျူပင်ခုတ်၊ ကျူငုတ်မျှမကျန်စေရ''** ဆိုသောစကားကဲ့သို့ ကြွေးရှိပါလျှင် ထိုကြွေးမြီအတွက် အသက်အန္တရာယ်ကြီးလောက် ကြောက်၍အကြွင်းမထားဘဲ ရှင်းလင်းရာသတည်း။

၂။ ''မီးကြွင်းကိုမထားရ'' ဟူသောစကား၌ ရန်သူမျိုးငါးပါးတွင် မီးသည်တပါးအပါအဝင်ဖြစ်၏၊ ထိုမီးကိုကောင်းမွန်စွာစေခိုင်းသုံးစွဲသည်ရှိသော် ချက်ပြုတ်မှုစသောအရာ, သဘော်မီးရထားစသောအရာတို့၌ များစွာအသုံးတွင်ကျယ်၏၊ထိုမီးကိုဂရုမထားဘဲ အမှတ်မဲ့ပြုလုပ်လျှင် အိုးအိမ်မှစ၍အသက်သို့တိုင်အောင် အန္တရာယ်ကြီးကိုပြုလုပ်တတ်လေ၏၊ မီးလောင်ခံရခြင်းသည် သူခိုး,ဒမြ နှိပ်စက်ခြင်းထက် နစ်နာလေ၏၊ အယုတ်သဖြင့် ဆေးလိပ်သောက်ရှုတတ်သောသူသည် မီး

နှင့် မကင်းသောကြောင့် အကြောင်းမသင့်သည့်အခါ အဝတ်ကို မီး ပေါက်ခံရခြင်း,ကိုယ်လက်အင်္ဂါကို မီးလောင်ခံရခြင်းများနှင့်ပွေ့ကြုံ ရတတ်လေ၏၊ မီး၏အစွမ်းတန်ခိုးကို ကုန်စင်အောင်မပြောနိုင်၊ မီးချစ် တံတခုမှာရှိသော မီး၏အစွမ်းသည်လည်း မြို့ကြီးရွာကြီးဟူ၍ကို အကုန် အစင်လောင်နိုင်သည်သာဖြစ်၏။

မီးကြွင်းမီးကျန်ကို မထားရဘူးဆိုသောစကားမှာ ထိုကဲ့သို့မီး၏ ဘေးအန္တရာယ်များတတ်သောကြောင့် ချက်ပြုတ်သောမီးဖိုမှာဖြစ်စေ, ချစ်၍ပစ်လွှင့်လိုက်သော မီးချစ်တံမှာဖြစ်စေ, တစုံတရာပြုလုပ်ထား သောမီးမှာဖြစ်စေ မီးဆိုလျှင်အနည်းငယ်ဟူ၍ ဂရုမဟားသလိုမပြုဘဲ အဆုံးတိုင် အစသတ်ငြိမ်း၍ ပစ်လိုက်ရာ၏၊ ထိုမီးသည် လူရှိသမျှတို့၏ တကမ္ဘာလုံးနှင့်ဆိုင်သော ရန်သူကြီးဖြစ်လေသည်၊ ပူသောနွေဥတု သည် မီးကိုအားပေး၍ကျေးဇူးပြုလေ့ရှိသောအတိုင်း ဆောင်းဥတုကုန် လွန်၍ နွေပေါက်လာသည့်အခါ ကျွန်ုပ်တို့မြန်မာနိုင်ငံမှာ များစွာပင် မီးအန္တရာယ်နှင့်တွေ့ကြုံပျက်စီးကြောင်းများကိုခဏခဏကြားသိကြရ လေသည်၊ ကျွန်ုပ်တို့နေထိုင်သော ရန်ကုန်မြို့ကြီးမှာပင် နွေဥတုအခါ သို့ကျရောက်လျှင် မီးအန္တရာယ်များထိပါးနှိပ်စက်၍ ပျက်စီးဆုံးရှုံး သည်များကို မကြာမကြာပင်ကြားသိကြရကုန်၏၊

လူများ အပေါင်းတို့သည်လည်း မီးဘေးအတွက်နှင့်စိုးရိမ်မကင်း ဖြစ်နေကြပြီးလျှင် နေမင်းပူပြင်းသော နွေဥတုအခါမှာ တထိတ်ထိတ် တလန့်လန့်နှင့်သာ နေကြရကုန်၏၊ ဤကဲ့သို့မီးလောင်ဘေး နှိပ်စက် သည့်အခါ အစမူလ ပထမကို စစ်ဆေးကြည့်ပါက မီးကိုမရှိမသေမှု, မီးအတွက်သတိမပြုဂရုမစိုက်မှုကစ၍ သာမန်ဖြစ်သော မီးကလေးက ထပြီး ကြီးပွါး တောက်လောင်ခြင်းသာလျှင် များလေကုန်သည်၊ ''**အမှိုက်ကစ ပြာသာဒ်မီးလောင်**''ဆိုသော စကားသည် ထိုကဲ့သို့အမှု မထားလောက်သည့် မီး-ဟု အမှတ်မထားရာက အမှိုက်ကဲ့သို့သော လောင်စာများကို လောင်ပြီးလျှင် ပြာသာဒ်ကဲ့သို့ ကြီးကျယ်သော အရာများကို လောင်တတ်သည်ကိုစွဲ၍ ဆိုသော စကားဖြစ်လေသည်။

ထိုစကားကို လူမှုအရေး အရာတို့တွင် ဥပစာစကားအနေနှင့်သုံး စွဲ၍ အမှုမထားလောက်သော ကလေးသူငယ်မှဖြစ်စေ၊စတင်၍လူကြီး

သူကြီးများသို့တိုင်အောင်, တိုင်းပြည်နိုင်ငံတိုင်အောင် ထိခိုက်လာသော အခါတွင်လည်း''အမှိုက်ကစ၍ပြာသာဒ်ကိုမီးလောင်သည်''ဟု ဆိုကြလေသည်၊ မပြောပလောက်သော မိန်းမတယောက်က အမှုမထားလောက်-ဟု ထင်သောမီးချစ်တံတတံကိုချစ်၍ မီးမသေ့တသေနှင့် ပစ်လိုက်သည့်အတွက် ကြီးစွာမီးလောင် ပျက်စီးဆုံးရှုံး ဘူးသော ဇာတ်ကြောင်းဝါခုကို ကျွန်ုပ်တို့ ကိုယ်တိုင် ဒိဋ္ဌတွေ့မြင်ရသဖြင့် အကြောင်းစပ်လျဉ်းသောကြောင့် သတိပေးသောအမှတ်ဖြင့် အောက်၌ထည့်သွင်းဖော်ပြလိုက်ပေသည်။

တောမြို့တမြို့မှာ နွေဦးပေါက်ခါနီးရာသီတခုတွင်မြို့နယ်တဝှမ်းလုံးနှင့် သက်ဆိုင်၍ အလွန်စည်ကားသော ဘုရားပွဲကြီးတခုကို ပြုလုပ်မြဲဖြစ်လေ၏၊ထိုအခါ အထည်ဈေးရုံ,ကုန်ကြီးဈေးရုံ,ကစားဝိုင်းများ, စားပွဲရုံများမှစ၍ ရုံအမျိုးမျိုးတို့ကို ခေတ္တယာယီတဲထိုး၍ သက်ကယ်ဖြင့် မိုးကာပြီးလျှင် ပြုလုပ်ရောင်းချနေထိုင်လေ့ရှိကြကုန်၏၊ အထည်ရောင်းသော မိန်းမပျိုတယောက်သည် မိမိကိုယ်ကို လှပစေလိုသော စိတ်ထားနှင့် ဘနပ်ခါးသွေး၍ လိမ်းသပ်ချယ်လယ်ပြီးလျှင်မျက်ခုံးမွေးဆွဲလေ့ရှိသော အကိုင်း မီးချစ်တံတခုဖြင့် မျက်ခုံးမွေးဆွဲရန် မီးချစ်လေရာ ၎င်းမီးချစ်ဟံမှ မှင်ကောင်းကောင်းမရသည်နှင့် ၎င်းမီးချစ်တံကို လွှင့်ပစ်လိုက်လေ၏။

ကိုယ့်မျက်နှာကိုသာ လှချင်အားကြီးနှင့် ဂရုစိုက်အားကြီးနေ၍ ပစ်လိုက်သော မီးချစ်တံကို ဂရုမစိုက်မိလေ၊ ပစ်လိုက်သော မီးချစ်တံသည် မီးမသေ့တသေနှင့် အထည်ပုံကိုကာ၍ ထားသော သက်ကယ်ထဲသို့ ဝင်သွားလေ၏၊ ထိုအခါမီးစာနှင့် အခန့်သင့် ညှိ၍ပေးသလိုဖြစ်နေသောကြောင့် မီးချစ်တံတွင် အနည်းငယ်ပါသွားသော မီးသည် သက်ကယ်နှင့်တွေ့၍ ကြီးပွါးပြီးလျှင် ဟုန်းကနဲထ၍ တောက်လောင်လေ၏၊ ခေတ္တဘုရားပွဲပြုလုပ်ရာတွင် နေထိုင်ကြရသည် ဖြစ်၍ ငြိမ်းသတ်ရန် ရေကိုလည်းမရ၊ ရောင်းဝယ်၍ကောင်းသည့် အချိန်ဖြစ်၍ မီးကိုလည်းသတိမပြုကြ ရှိနေခိုက်တွင် မျက်ခုံးမွေးဆွဲသော မိန်းမ၏ တဲ့ကစ၍ ငြိမ်း၍မရနိုင်အောင် တောက်လောင်နယ်ချဲ့၍ လာသောအခါ

ဘုရားပွဲတခုလုံး ဘာတခုမျှမသိမ်းနိုင်ကြဘဲ လက်လွတ် ပွက်ပြေးကြရ ကုန်၏။

မျက်ခုံးမွေးဆွဲသော မိန်းမလည်း သူ့တဲကစ၍ ယောင်သဖြင့် ယောင်တီးယောင်တဖြစ်ပြီးလျှင် လက်တွင်ကိုင်၍ ထားသော မှန်ကြီး ကိုသာမလွှတ်ဘဲဆွဲ၍ ပြေးလေ၏၊ ထိုသို့မီးလောင်လေသည့် အတွက် ကုန်သည်အများတို့နစ်နာဆုံးပါးကြသည်မှာသောင်းပေါင်းများစွာပင် ဖြစ်လေသည်၊ ဤကဲ့သို့ မီးလောင်ရမှုသည် မပြော ပလောက်သော မျက်ခုံးမွေးဆွဲမှုက စ၍ တောက်လောင်ရခြင်းဖြစ်လေသည်၊ ဤကဲ့သို့ မတော်တဆဖြစ်ပျက်တတ်သော မီးအန္တရာယ်များကို ဆင်ခြင်မိလေ သောကြောင့် မီးကိုအကြွင်းမထားရ-ဟု စာဏကျဆရာကြီးဆုံးမချက် ပေးလေသည်၊ မီးကိုအကြွင်းမထားရဆိုသဖြင့် မီးကိုအမှတ်တမဲ့ မရို မသေမပြုလင့်၊ အထူးသတိ,ဝီရိယနှင့် စောင့်ရှောက်ရမည်-ဟူ၍လည်း ဆိုလိုသည်။

သဂါထာဝဂ္ဂ သံယုတ် ပါဠိတော်တွင်လည်း''မင်းကိုငယ်သည်-ဟူ၍ မထိမဲ့မြင်မပြုရ၊ မြွေဆိုးကိုသေးငယ်သည်-ဟူ၍ မထိမဲ့မြင်မပြုရ၊မီးကို သေးငယ်သည်-ဟူ၍ မထိမဲ့မြင်မပြုရ၊ သီလရှိသော ရဟန်းကို သိက္ခာ ဝါငယ်သည်-ဟူ၍ မထိမဲ့မြင်မပြုရ၊အထူးသတိ,ဝီရိယ ရှိစွာနှင့်အလေး မူ၍ ဂရုကတပြုသင့်ကြောင်းကိုလည်း မြတ်စွာဘုရား ဟောကြားတော် မူသော ဒေသနာတော်ကြီးရှိလေသည်။

ဘုဇင်္ဂမံ ပါဝကဉ္စ၊ ခတ္တိယဉ္စ ယသဿိနံ။
ဘိက္ခုဉ္စ သီလသမ္ပန္နံ၊ သမ္မဒေဝ သမာစရေ။ ။

[သဂါထာဝဂ္ဂသံယုတ်ပါဠိတော်။]

**အနက်။** ဘုဇင်္ဂမဉ္စ၊ မြွေဆိုးကိုရင်း။ ပါဝကဉ္စ၊ မီးကိုရင်း။ယသဿိ နံ၊ အခြံအရံနှင့်ပြည့်စုံသော။ ခတ္တိယဉ္စ၊ မင်းကိုရင်း။ သီလသမ္ပန္နံ၊ အ ကျင့်သီလနှင့်ပြည့်စုံသော။ ဘိက္ခုဉ္စ၊ ရဟန်းကိုရင်း။ (နာတိမညေယျ၊ မထိမဲ့မြင်မပြုရာ။) သမ္မဒေဝ၊ အထူးဂရုစိုက်၍သာလျှင်။ သမာစရေ၊ ကောင်းစွာပြုကျင့်ရှိသေရာ၏။

ရန်ငြိုးသည်လည်း မီးတပါးပင်ဖြစ်လေသောကြောင့် ရန်ကိုလည်း လက်စ-ဟူ၍ မထားဘဲအကြွင်းမဲ့ငြိမ်းစဲစေရာ၏၊ရှေးသူကြီးတို့ဆိုသော စကားပုံတခုမှာ "ရန်စကိုတိုစေ ချစ်စကိုရှည်စေ"ဟူ၍ ပြောလေ့ရှိကြကုန်သည်၊ ထိုစကားမှာ ရန်ခိုက်ဒေါသ-ဟူ၍ဖြစ်ပေါ်လာလျှင် ထိုရန်ကို မိမိတို့သန္တာန်မှာ ရှည်ကြာစွာ လက်သင့်မခံဘဲ အတိုချုံး၍ဆုံးဖြတ်လိုက်ရာ၏၊ရန်ငြိုးကိုအစရှည်ရှည်ကြီးဆွဲ၍ထားလျှင်"တယောက်ကစတရာ"ဆိုသကဲ့သို့ တစတစရန်ပွါးပြီးလျှင် အကျိုးမယုတ်တန်ဘဲနှင့်လည်း အကျိုးယုတ်လျော့စေတတ်၏၊ ရန်စရှည်လျှင် ရှည်သလောက်အကျိုးယုတ်၏၊ ချစ်စကို ရှည်လျှင် ရှည်သလောက်အကျိုးရှိ၏၊ ရန်စကို ရှည်စေလျှင် အတိုမြင်သောသူဖြစ်၏၊ ရန်စကို တိုစေလျှင် အရှည်မြင်သောသူ ဖြစ်၏။

ထို့ကြောင့် ဒီဃာဝုယတို့သားကို သူ့ဘခင်က သေခါနီးတွင် ဆုံးမခဲ့သော စကားတခုမှာ-

တွံ တာတ ဒီဃာပု ဒီဃံ ပဿ မာရဿံ။ ။တာတ၊ဒီဃာဝု၊ချစ်သားဒီဃာဝု။ တွံ၊ သင်သည်။ ဒီဃံ၊ အရှည်ကို။ ပဿ၊ ရှုရစ်လော့။ ရဿံ၊ အတိုကို။ မာပဿ၊ မရှုရစ်လင့်။

ဟူ၍ ဆုံးမလေသည်၊ထိုဆုံးမချက်အတိုင်း သူ့ဘခင်ကို မတရားသဖြင့် သတ်ဖြတ်သော မင်းအပေါ်မှာ ရန်စကိုတိုစေ၍ အရှည်မြင်မြော်ခြင်းအားဖြင့် အကျိုးဖြစ်ထွန်းဘူးလေသည်၊ "ရန်ကို ရန်ချင်း မတုံ့လျှင်းနှင့်"ဟူ၍ ဆိုသော စကားပုံတခုရှိလေသည်၊ သူတဦး၏ရန်ကို မိမိကရန်တုံ့မူ၍ မခံလင့်၊မေတ္တာဖြင့် ခံထားလျှင် ထိုရန်သည်ငြိမ်းစဲမည်သာ အမှန်ဖြစ်လေ၏၊ ဥပမာ-တစုံတယောက်သောသူက ဓားနှင့်မိုး၍ ခုတ်ရာ နူးညံ့စွာသော ဝါဂွမ်းပုံကြီးဖြင့် ခံထားလျှင် ဓားပြတ်မည်မဟုတ်ချေ၊ ချိပ်ဖြင့်ဆွဲချိပ်ရာ ဖြောင့်မတ်စွာသော တုတ်ဖြင့်ခံထားလျှင် ချိပ်နှင့်ချိပ်၍ ရမည်မဟုတ်၊ ဒေါသလွှမ်းမိုး၍ ဆိုးသော မျက်နှာဖြင့် ကြည့်ရှုလာလျှင် ချိုသာပြုံးရွှင်သောမျက်နှာဖြင့် အကြည့်ခံပါက ဆိုးဝါးသော မျက်နှာသည်ပင် ပြုံး၍ လာမည်ဖြစ်၏၊ ကြမ်းတန်းသော

စကားဖြင့် ပြောဆိုလာရာ ဗိယဝါစာ ချိုသာသိမ်မွေ့သောစကားဖြင့် လက်ခံပါကစကားကြမ်းကြီးပင်လျှင် ပြေ၍လာရမည် အမှန်ဖြစ်၏။

ထို့ကြောင့် ရှေးသူကြီးတို့သည်''အကြမ်းမှုကို အနုနှင့်သာအောင်စေရာ၏''ဟူ၍ သူတော်ကောင်းသဘောဖြင့် ပြောဆိုလေ့ရှိကြကုန်၏၊ မီးလောင်၍လာရာ ငါကမီးနှင့်ဖွဲ့မည်ဟု အကြမ်းချင်းတိုက်လျှင် မီးတိုး၍ လောင်ရာ၏၊''**အိုးနှင့်လျှင် မလောင်းနှင့်နှင့်မိတ်ရမည်**'' ဆိုသောစကားပုံလည်း ရှိလေသေး၏၊ ဤစကားပုံကား-ရန်ငြိုးပွားရန်ဘက်များကို အားတက်အောင် သွေးဆောင်သောစကားသာဖြစ်လေသည်၊ အဖူး သက်သေ သာဓကတင်ပြဘွယ်မလို၊ရန်ငြိုးကိုသိုမှီး၍ထားလျှင် ပျားစွာ ပျက်စီးခြင်းနှင့် တွေ့ကြုံမြဲဖြစ်လေသောကြောင့် ရန်ကိုလည်းအကြွင်းမထားဘဲ အတိုချုံးနိုင်သမျှချုံး၍ ရှင်းလင်းစေရာသတည်း။

၃။ ''အနာကြွင်းကိုမထားရ''ဟူသောတတိယစကားရပ်၌ အနာကြွင်း ရောဂါကြွင်းဆိုသည်မှာ ကောင်းစွာ မပျောက်ကင်းသေးဘဲ (အကင်းမသေဘဲ) အငုတ်အရင်းကြွင်းကျန်သော အတွင်းငုပ်ရောဂါအနာမျိုးကိုဆိုသည်၊ ထိုရောဂါငုတ် အနာကြွင်းသည် ထင်ထင်ရှားရှားဖြစ်ပွားဆဲဖြစ်သော ရောဂါအနာထက်ပင် ကြောက်မက်ဘွယ်ရာ ကောင်းလေ၏၊ ဖြစ်ပွားဆဲရှိနေသောရောဂါကို ကုသရန်လွယ်ကူ၏၊ အနာငုတ်အနာရင်းမှ ပြန်၍ထသော အနာရောဂါမျိုးကို ကုသရန် ခဲယဉ်းလေသည်။

ဥပမာ–လူတယောက်မှာ အဖျားရောဂါကပ်ရောက်လာ၏၊ ထိုအဖျားရောဂါသည် ကောင်းမွန်စွာမပျောက်သေးဘဲ (အပူအပုတ်အနာငုတ်မစင်ကြယ်သေးဘဲ) ပျောက်ကင်းပြီဟူသော အနေနှင့် အမှတ်မဲ့ သာမညအမှုမစိုက်နေ၍ စိတ်ထင်တိုင်းစားသောက်ခြင်း, အပူအအေး မရှောင် သွားလာခြင်းကိုပြု၏၊ ထိုအခါ အနာဟောင်းမှတက်ကြွ၍ တဖန်အဖျားရောဂါထလာပြန်၏၊ ထိုရောဂါသည် ပူလရောဂါထက် ဆိုးဝါး၍ လူ၏အသက်အန္တရာယ်ကိုပြုတတ်လေ၏၊ ထို့ကြောင့် ဓာတ်ကျဆရာကြီးက အနာကြွင်းကိုမထားရ-ဟူ၍ ဆိုလေသည်။

အကြွင်းမထားသင့်သောအရာ ၃-ပါးပြီး၏။

## ၁၉။ တနည်း—အကြွင်းမထားသင့်သောအရာ ၆-ပါး

''ကြွေးကြွင်းကိုမထားရ၊ မီးကြွင်းကိုမထားရ၊ အနာရောဂါကြွင်းကိုမထားရ''ဟူသော စကားနှင့် လိုက်လျောစွာရှိအောင် ဆိုရပြန်လျှင်—

ကိစ္စသေသံ ပေမသေသံ၊ ဝေရသေသံ တထေဝစ။
သိပ္ပဉဿာဟ သေသဉ္စ၊ နဋ္ဌပေ သတိသေသကံ။ ။

ဟူ၍ဆိုသင့်လေ၏။

**အနက်**။ ကိစ္စသေသဉ္စ၊ ပြုလုပ်ဘွယ်ကိစ္စ အကြွင်းကိုရင်း။ ပေမသေသဉ္စ၊ တဏှာဖြင့်ချစ်ခင်သောအချစ်ကြွင်းကိုရင်း။ တထေဝ၊ ထိုအတူပင်လျှင်။ ဝေရသေသဉ္စ၊ ရန်အကြွင်းကို ရင်း။ သိပ္ပဉဿာဟသေသဉ္စ၊ အတတ်ပညာအကြွင်း,အားထုတ်မှုဝီရိယအကြွင်းကိုရင်း။ သတိသေသကဉ္စ၊ အမှတ်သာတိရခြင်းဟုဆိုအပ်သော သတိအကြွင်းကိုရင်း။ နဋ္ဌပေ၊ မထားရာ။

**ဆိုလိုရင်းမှာ**။ ။အမှုကိစ္စအကြွင်း, တဏှာဖြင့်ချစ်ခင်သော အချစ်ကြွင်း, ရန်ကြွင်း, အတတ်ပညာကြွင်း, ဝီရိယကြွင်း, သတိကြွင်းကိုမထားရာ-ဟူ၍ ဆိုလိုသည်။

### ဆောင်ပုဒ်လင်္ကာ

အမှုကိစ္စ၊ချစ်ပေမနှင့်၊ဝေရရန်ကြွင်း၊သင်ခြင်းပညာ၊ ဉဿာဟပြု၊သတိမှုဟု၊ ခြောက်ခုအကြွင်း၊ ချန်မချွင်းသည်။ ။ရှင်းလင်း စင်ကြယ်စေရာသော်။

၁။ ''အမှုကိစ္စကြွင်း'' ဆိုသည်မှာ ယနေ့ပြုသင့် ပြုထိုက်သောအမှုကို နက်ဖြန်ခါအတွက်အကြွေးချန်၍မထားဘဲ ယနေ့ပင်ပြီးစီးစေရာ၏၊ ငွေကြွေးတင်သည်ကို ပြန်၍ဆပ်ရန် ခဲယဉ်းသကဲ့သို့ အလုပ်ကြွေးတင်သည်ကိုလည်း ပြန်၍ဆပ်ရန်ခဲယဉ်းလေသည်၊ တရံတခါ အလုပ်ကြွေးတင်ခြင်းသည် ငွေကြွေးတင်သည်ထက်ပင် ခဲယဉ်း ကျပ်တည်းသော အရာတို့လည်း ရှိကုန်သေး၏၊အစိုးရရုံး,သူဌေးတိုက်ကြီးများ၌ စာရေးစာချီမှစ၍ဝင်ရောက်လုပ်ကိုင်ကြကုန်သောအလုပ်သမားတို့မှာ များစွာ

အလုပ်တွေစုပုံ၍အလုပ်ကြွေးတွေတင်နေလျှင်ထိုအလုပ်သမားမှာများစွာ စိတ်လက်ပူပန်စွာနှင့် ဒုက္ခခံရလေ၏၊ ငွေစာရင်းကိုင်အလုပ်နှင့် နေ့ချုပ်စာရင်းပြုလုပ်ရသောတာဝန်ကို ယနေ့မပြုလုပ်မိဘဲ ကြွေးတင်နေလျှင် အလွန်ကြီးသောတာဝန်ကြီးနှင့်တွေ့ရလေ၏။

လချုပ်စာရင်းကိုယခုလတွင် မပြုလုပ်မိဘဲ အလုပ်ကြွေးတင်၍ နေသော်၎င်း၊နှစ်ချုပ်စာရင်းကိုယခုနှစ်တွင်မလုပ်မိဘဲအလုပ်ကြွေးတင်၍နေသော်၎င်း ထို့အတူပင်အလုပ်ကြွေးဆပ်ရန် ခဲယဉ်းစွာရှိလေ၏၊ ထို့ကြောင့် ယခုနေ့ပြုသင့်သောအလုပ်ကိစ္စကို နက်ဖြန်အတွက်ကြွေးမတင်စေရ၊ယခုလပြုသင့်သောအမှုကိစ္စကို နောက်လအတွက် အလုပ်ကြွေးတင်၍မနေစေရ၊ ယခုနှစ်ပြုသင့်သောအလုပ်များကို နောက်နှစ်အတွက်အလုပ်ကြွေးမတင်စေရ၊ အယုတ်သဖြင့် ယခုနာရီအတွင်းပြုလုပ်မည့်ကိစ္စကို နောင်လာမည့်နာရီအတွက် ကြွေးမတင်စေရ၊ သူ့အချိန်နှင့် သူ့အချိန် ပြေကုန်အောင်ပြုလုပ်သွားရာ၏။

ဤသို့အလုပ်ကြွေးတင်သည့်အတွက်နှင့် ပျက်စီးလစ်ဟင်းကြောင်းကို အလုပ်ကြီးကို လုပ်ကိုင်သောသူတို့မှာ သာ၍ထင်ရှားလေ၏၊ ဥပမာ-မီးရထားကုမ္ပဏီတဦးသည် ၁၂-နာရီတိတိတွင် နေ့စဉ်ရထားထွက်မြဲဖြစ်၍ တနေ့သောအခါ ထိုအချိန်တွင် မထွက်ရဘဲတနာရီလောက်နောက်ကျ၍ ကြွေးတင်သွားပါက မီးရထားလမ်းတလျှောက်လုံးအလုပ်ကိစ္စတို့သည် ပျက်စီးလစ်ဟင်းလျက် ကသောက်ကရောက်ကတောင် ချောက်ချား ဖြစ်လေ၏၊ မည်သည့်အချိန်တွင် မည်သည့်အစည်းအဝေးကြီးကို ပြုလုပ်ပါမည်၊ ကြွေရောက်တော်မူပါ ဟိတ်ကြားထားသော်လည်း ထိုအချိန်တွင် မလာဘဲပျက်ကွက်နေလျှင် ထိုအစည်းအဝေးကြီးမထမြောက်ဘဲပြုလုပ်ကြံစည်လိုသော အကြံအစည်များကိုမပြုလုပ်ရဘဲ လစ်ဟင်းလေ၏။

ထို့ကြောင့် အလုပ်နှင့်အချိန်ကိုမြင်းနှစ်ကောင်တပ်၍မောင်းသောရထားကဲ့သို့ အညီအမျှပြီးစီး၍သွားစေရာ၏၊ အလုပ်ကြီးလေလေ အချိန်အဘိုးတန်လေလေဖြစ်၏၊ အချိန်အဘိုးတန်လေလေ ထိုအချိန်ကိုအကျိုးမဲ့ဖြုန်းတီးလျှင် နစ်နာလေလေဖြစ်၏၊ ထို့ကြောင့် သူ့အချိန်

နှင့်သူ့အလုပ် ဒီဂရီချိန်ကိုက်အောင်ပြီးစေရာ၏၊အလုပ်ကြွေးမတင်စေရာဟု ဆိုလိုသည်။

၂။ "အချစ်ကြွေး" ဆိုသည်မှာ မေတ္တာပေမနှင့် တရားသဖြင့်ချစ်ခင်သော အခင်ကိုမဆိုလို၊ တဏှာဥပါဒါန်ဖြင့် တပ်ငြိစွဲလမ်း၍ ယောကျ်ားမိန်းမတို့၏ လောကဓမ္မတာ အချစ်မျိုးကို ဆိုလိုသည်၊ ယောကျ်ားမိန်းမတို့သည် လောကဓမ္မတာ တဏှာပေမဖြင့် ချစ်၍နေကြကုန်၏၊ ထိုသို့ချစ်သည်အလျောက် လက်ထပ်ထိမ်းမြားခြင်းဖြင့် အောင်မြင်၍သွားလျှင် အချစ်ကြွေးပြေသည်မည်၏၊ လောကဓမ္မတာအားလျော်စွာ တင့်တယ်၍ချမ်းသာကြ၏၊ ထိုသို့မဟုတ် တဦးတယောက်ကသွေဖောက်၍မိမိချစ်ခင်ခဲ့ကြသည်ကိုကြွေးပြေအောင်ဝတ်တရားရှိသည်အလျောက် မဆောင်ရွက်ဘဲ တဦးသောသူနှင့် အချစ်ပြောင်း၍ ပေါင်းသင်းသွားလျှင် အချစ်ကြွေးတင်နေသည်မည်၏၊ တယောက်သောသူမှာ ဆင်းရဲဒုက္ခကြီးစွာနှင့် မချမ်းမသာဖြစ်ရသည့်ပြင် "အချစ်ကြီး အငိုကြီး" ဆိုသကဲ့သို့ အကျိုးမဲ့ကိုသာကြံစည်၍နေတတ်၏။

သူနှစ်ဦးချစ်ခင်လျက်နှင့် အကြောင်းမညီညွှတ်၍ဖြစ်စေ, အဖျက်အဆီးရှိ၍ဖြစ်စေ တစုံတရာအပြစ်မရှိဘဲ ချစ်လျက်နှင့်ကွဲကွာသွားကြရပါလျှင် အချစ်ကြွေးတင်၍နေသည်ပင်မည်၏၊အချစ်ကြွေးတင်လျှင် ငွေကြွေးကင်သည်ထက်ဆင်းရဲ၏၊ အသက်ကိုသော်လည်း အန္တရာယ်ပေးတတ်၏၊ သူနှစ်ယောက်သည် အညီအညွှတ်ချစ်ခင်လျက်နှင့် နောင်အခါ ဆုံတွေ့ရမည်ဖြစ်သော်လည်း ကာလရှည်ကြာစွာ အကြောင်းအခွင့်မသင့်၍ ဆိုင်းလင့်ကြရလေ၏၊ ထိုသို့ဖြစ်ခြင်းသည်လည်း အချစ်ကြွေးမပြေသေးသည်မည်၏၊ထိုအခါမှာလည်း ငွေကြွေးတင်သည်ထက်ဆင်းရဲတတ်၏၊ ဤသို့ စသည်ဖြင့် လောကမှာ အချစ်ကြွေးတင်သောနည်းတို့သည် လောကကြီး ကျယ်သလောက် များပြား ကျယ်ဝန်းကုန်၏၊ ဤကဲ့သို့ ဆင်းရဲပေးစေတတ်သော အချစ်ကြွေးကိုလည်း ချန်၍ မထားရာ၊ ဖြတ်တောက်နိုင်လျှင် လုံးလုံး ထိုအချစ်ကို ဖြတ်တောက်ရာ၏၊ သို့မဟုတ်လျှင် တနည်းနည်းဖြင့် ထိုအချစ်ကြွေးကိုဆပ်ရာ၏။

၃။ ရန်အကြွင်းကို မီးအခဏ်း၌ ပြဆိုခဲ့လေပြီ။

၄။ အတတ်ပညာ ကြွင်းဆိုသည်မှာ တစုံတခုသော ပညာကို သင်ကြားလျှင် ထိုပညာမှ တဘက်ကမ်းရောက်အောင် သင်ကြားရာ၏၊ အထက်မရောက် အောက်မကျ တပိုင်းတစသင်၍ မသားမျှ သင်ကြားစရာ ပညာသင်လမ်းရှိသေးလျက် မသင်ကြားဘဲ အကြွင်းချန်ထားလျှင် ထိထိရောက်ရောက် ဘောက်ဘောက် ပွင်းပွင်း မတတ်သဖြင့် အကျိုးမခံစားရချေ၊ သို့ဖြစ်၍ ပညာသင်ကြားသော အခါမှာ ဆုံးခန်းတိုင်ရောက်အောင်သင်ကြားရာ၏။

၅။ ဝီရိယအကြွင်းဆိုသည်မှာ တစုံတခုသော အမှုကိစ္စကို ပြုလုပ်လျှင် ဝီရိယရှိသမျှအစွမ်းအကုန်မထုတ်ဘဲ ဝီရိယစွမ်းအားကိုချန်ထား၍ ပြုလုပ်လျှင် မအောင်မြင်တတ်ချေ၊ဝီရိယကိုချန်ထားလျှင် ပျင်းရိခြင်း တပ်ကနင်း၍လာတတ်၏၊ထို့ကြောင့် မည်သည့်အမှုကိုပင် ပြုလုပ်သည် ဖြစ်စေ၊၎င်းအမှုကား-ဂရုမထားလောက် အပှုမစိုက်လောက်-ဟု ပေါ့ပေါ့တန်တန်သဘောမထားဘဲဝီရိယစွမ်းအားရှိသမျှနှင့်ကြိုးစားရာ၏။

၎င်းနေရာ၌ ကေသရာခြင်္သေ့မင်းတို့၏ ဝီရိယကို အတုခိုးရာ၏၊ကေသရာခြင်္သေ့မင်းတို့၏ သဘောသည် ယုန်ငယ်ကလေးကို ရှယ်၍ ဟောက်ဟိန်းသောအခါ၌လည်းသေးငယ်သည်-ဟူ၍ဝီရိယကိုမလျှော့၊ ဆင်ပြောင်ကြီးကိုရည်ရွယ်၍ဟောက်ဟိန်းသော်လည်း ကြီးသည်-ဟူ၍ အထူးဝီရိယမစိုက်တတ်၊ အကြီးအငယ်နှစ်ပါးမှာ ဝီရိယကို အားကုန်လွှတ်ပြီးသားဖြစ်၍ယုန်နှင့်ဆင်ပြောင်ကိုဟောက်ဟိန်းရာတွင်တူမျှသော ဝီရိယစွမ်းအားကိုထားမြဲဖြစ်လေသည်၊ ၎င်းကား-ကေသရာ ခြင်္သေ့ကြီး တို့၏ ဝီရိယကို အကြွင်းမထားဘဲ အားထုတ်ပုံတည်း။

၆။ "သတိကို အကြွင်းမထားရ"ဟူသော စကား၌ သတိလစ်ဟင်းလျှင် အမှုလစ်ဟင်း၍အကျိုးဆုတ်ယုတ်တတ်၏၊ အယုတ်သဖြင့် တစုံတခုသော နေရာမှာ ထိုင်၍နေရာ ထသွားသောအခါ သတိလစ်ဟင်းပါက မိမိပိုင်နက်ဖြစ်သော ပစ္စည်းတခုခုကျပျောက်ဆုံးပါးခြင်း ကို သော်လည်း ခံရတတ်၏၊ "သတိကိုမြှုပ်ပြု"ဟူသော စကားပုံတခုရှိ၏၊ မြွေရိုး,ပြအိုး,ကျုံး,မြောင်း,ပစ္စင်,ခံတပ်တို့ဖြင့်လုံချုံသောမြို့ကြီးကို ရန်သူ

တို့အမှတ်တမဲ့ဝင်ရောက်ဖိစီးခြင်းငှါ မတတ်သာသကဲ့သို့ ထို့အတူ သတိကိုမြို့ကြီးကဲ့သို့ခိုင်ခန့်စွာပြုလုပ်ထားသောသူတို့မှာ ဘေးအန္တရာယ်မှစ၍ ပျက်စီး ဆုတ်ယုတ်ဘွယ် အကြောင်းများလည်း မိမိဆီသို့ မဝင်လာနိုင်ချေ၊ ထို့ပြင်လည်း "သတိတမန်ဉာဏ်မြေကတုတ်" စသည်ဖြင့် ဆိုသော စကားများလည်း ရှိလေသေး၏၊ လောက၌ သတိတရားသည် ပိုလွန်သည်-ဟူ၍မရှိ၊အရာရာတိုင်းမှာ လိုလျက်သာရှိနေလေ၏။

မည်သည့်အရာမျိုးမှာမဆို သတိသည် အသုံးဝင်လျက်ရှိ၏၊ အရသာ-ဟူသမျှတို့တွင် ဆားမပါလျှင် မပြီးနိုင်သကဲ့သို့ မည်သည့်အမှုကိစ္စမှာမဆို သတိမပါလျှင် မပြီးစီးနိုင်သကဲ့သို့ရှိလေ၏၊ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကလည်း—

သတိံ စ ခွါဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ။

ဟူ၍ ဟောတော်မူသည်။

**အနက်။** ဘိက္ခဝေ၊ ရဟန်းတို့။ သတိံ စ၊ သတိတရားကိုသာလျှင်။ သဗ္ဗတ္ထိကံ၊ အရာရာတိုင်း၌ အသုံးဝင်၍ အရာရာမှာ တွင်ကျယ်သောတရား-ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောကြားတော်မူ၏။

ဤသို့သတိတရားကို"သဗ္ဗတ္ထိက"ဟူသောအမည်နှင့်အရာရာမှာအသုံးဝင်၍ အကျိုးရှိကြောင်းကို ဟောကြားတော်မူသည်၊ "သဗ္ဗတ္ထိက" ဟူသောပုဒ်၌ သဗ္ဗတ္ထပဝိတာပဝိ သဗ္ဗတ္ထိကာ။ ။သဗ္ဗတ္ထ၊အလုံးစုံသောအရာဌာန-ဟူသမျှတို့၌။ပဝိတာ၊ အကျိုးများသည်တည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။သဗ္ဗတ္ထိကာ၊ သဗ္ဗတ္ထိကမည်၏။ဤသို့ဝိဂြိုဟ်ပြု၍ သတိစေတသိက်ကိုအရကောက်ယူလေသည်၊ သို့ဖြစ်၍ မည်သည့်အရာဌာနမှာမဆို သတိကိုမကြွင်းကျန်ရစ်စေဘဲ (မလစ်ဟင်းစေဘဲ) အမြဲအကြွင်းမဲ့အသုံးပြုထိုက်လေသတည်း။

တနည်း-အကြွင်းမဲ့ထားသင့်သောအရာ ၆-ပါးပြီး၏။

---

## ၂၀။ အသစ်မမြဲခင်အဟောင်းကိုမစွန့်သင့်ကြောင်း

ယော ဓုဝါနိ ပရိစ္စဇ္ဇ၊ အဓုဝံ ပရိသေဝတေ။
ဓုဝါနိ တဿ နဿန္တိ၊ အဓုဝံ နဋ္ဌမေဝ စ။ ။

**အနက်။** ယော၊ အကြင်သူသည်။ ဓုဝါနိ၊ မြဲ၏ အမြဲဖြစ်သော အလုပ်အကိုင်စသည်တို့ကို။ ပရိစ္စဇ္ဇ၊ စွန့်လွှတ်၍။ အဓုဝံ၊ အမြဲမဟုတ် သေးသောအကြီအစည်အလုပ်အကိုင်များကို။ ပရိသေဝတေ၊ မှီဝဲလိုက် စားလေ၏။ တဿ၊ ထိုသူအား။ ဓုဝါနိ၊ စိတ်ချရပြီးသည့်အမြဲအလုပ် အကိုင်အကြီအစည်တို့သည်။ နဿန္တိ၊ ပျက်စီးကုန်၏။ အဓုဝံစ၊ အမြဲ မဟုတ်သောအကြီအစည် အလုပ်အကိုင်များသည်လည်း။ နဋ္ဌမေဝ၊ အောင်မြင်ခြင်းငှာ ခဲယဉ်းလေပြီး ပျက်စီးချတ်ယွင်း တတ်လေသည် သာတည်း။

**ဆိုလိုရင်းမှာ။** အကြင်သူသည် မိမိ၏လက်ကိုင်မြဲစွဲပြီး၍ အတည် တကျရှိနေပြီးသော ပစ္စည်းဥစ္စာနှင့် အကြီအစည်စသည်တို့ကို စွန့်လွှတ် ပြီးလျှင် အတည်တကျမဟုတ်သေးသော အလုပ်အကိုင် အကြီအစည် စသည်များကို လိုက်စားအားထုတ်၍နေ၏၊ ထိုသူ၏အသစ်ဖြစ်သော အတည်မကျသေးသည့် အကြီအစည် အလုပ်အကိုင်များကို မုချ ထမြောက်အောင်မြင်လိမ့်မည်ဟူ၍ မယုံကြည်စိတ်မချရသေးခင် မိမိ၏ လက်ကိုင်စွဲမြဲပြီးဖြစ်၍အတည်တကျရှိနေပြီးသောအကြီအစည်အလုပ် အကိုင်နှင့်ဥစ္စာဘဏ္ဍာတို့သည် ပျက်စီးဆုတ်ယုတ်ခြင်းသို့ ရောက်တတ် လေ၏။

### ဆောင်ပုဒ်လင်္ကာ

၁။ လက်ရှိပိုင်နိုင်၊ လုပ်အကိုင်၊ ကိုယ်တိုင်စွန့်လွှတ်ကာ။
၂။ အတည်မဖြစ်၊ ကြီစည်သစ်၊ ဇွတ်နှစ်လိုက်သောခါ။
၃။ လက်ရှိပျက်ပြုန်း၊ လက်သစ်ဆုံး၊ အားလုံးချို့တတ်စွာ။
၄။ အဟောင်းခိုင်တည်၊ သစ်ကြီစည်၊ ပွားမည်ကိုယ့်ချမ်းသာ။

### အဓိပ္ပါယ်အကျယ်

ဤလောက၌ ပညာသင်ကြားရေးမှာဖြစ်စေ, စီးပွားရှာမှုမှာဖြစ် စေ,တစုံတခုသော ကြီစည်လုပ်ကိုင်ရေးမှာဖြစ်စေ မိမိစွဲမြဲပိုင်နိုင်သော အလုပ်အကိုင် အကြီအစည်များကို လက်လွှတ်ပြီးလျှင် စိတ်မချရသေး သောအသစ်အလုပ်အကိုင် အကြီအစည်များကို လိုက်စား၍ မပြုသင့် ချေ၊ စိတ်ချရ၍ မိမိနိုင်နင်းပြီးဖြစ်သောအလုပ်အကိုင်များသည် ထိုသူ၏ အကျိုးစီးပွားကို ရွက်ဆောင်လေ၏၊မိမိကျွမ်းကျင်ပြီးဖြစ်သောကြောင့်

လည်း ထိုအလုပ်အကိုင်ဟောင်းအတွက် အထူးဝီရိယစိုက်ထုတ်ဘွယ် လည်းမလိုချေ၊ လွန်ခဲ့သော မဂ္ဂဇင်းများတွင် အလုပ်အကိုင်ကို ကိုယ် ဆိုင်ရာဆိုင်ရာဌာနအားဖြင့် ခွဲခြား၍လုပ်ကိုင်သင့်ကြောင်းကိုရေးသား ဖော်ပြခဲ့သည်မှာလည်း တခုတည်းသော အလုပ်ဟောင်းတွင် ပိုင်ပိုင် နိုင်နိုင် ရှိစေခြင်းငှါဖော်ပြရေးသားခဲ့ရင်းဖြစ်လေသည်။

ဥပမာ—ရေတွင်ကျက်စားနေကြဖြစ်သော ငါးသတ္တဝါတို့သည် ကုန်း ပေါ်မှာတက်၍ ကျက်စားလျှင် ပျက်ပြားခြင်းသို့ ရောက်မည်သာဖြစ် လေ၏၊ ထို့အတူ ကုန်းသတ္တဝါလည်းရေသို့သက်ဆင်း၍ ကျက်စား လျှင် ပျက်ပြားပြုန်းတည်းပေလိမ့်မည်၊ အစိုးရဘက်တွင် လုပ်ကိုင်၍ ကျွမ်းကျင်နေသောအရာရှိတယောက်သည် ကုန်သည်တို့၏ ကြီးကျယ်ပုံ ကိုမြင်ရ၍အားကျပြီးလျှင်မိမိအလုပ်အကိုင်ရင်းကိုစွန့်လွှတ်၍ကုန်သည် လုပ်လျှင် မုလဘူတကစ၍ ကုန်သည်အဖြစ်နှင့်လာခဲ့ကြသော သူတို့ကဲ့ သို့စီးပွားချမ်းသာ လွန်စွာကြွယ်ဝလိမ့်မည်ဟူ၍ အမှန်မုချမဆိုနိုင်ချေ၊ ဤနည်းကိုမှီ၍ အရာရာတိုင်းမှာပင် ကိုယ့်အလုပ်အကိုင်အကြံအစည် ရင်းတွင်သာ နိုင်နင်းကျွမ်းကျင်၍ အလုပ်သစ် အကြံအစည်သစ်နှင့် တွေ့သောအခါ ခဲယဉ်းကျပ်တည်းစွာ ရှိလိမ့်မည်ကို သတိရထိုက် ပေသည်။

မိမိလက်ရှိစိုးပိုင်ပြီးသော ဥစ္စာပစ္စည်း,မိမိကျွမ်းကျင်ပိုင်နိုင်ပြီးသော အလုပ်အကိုင် အကြံအစည်များကို ဓုဝဟူ၍ဆိုသည်၊ (ပဏ္ဏကလည်း ခေါ်၏၊) လက်ရှိမဟုတ်သောပစ္စည်း, မိမိမကျွမ်းကျင်သော အလုပ်အ ကိုင်များကို အဓုဝဆိုသည်၊ (အပဏ္ဏကလည်းခေါ်၏၊) ထိုဓုဝ, ပဏ္ဏက များကို စွန့်ပစ်၍ အဓုဝ, အပဏ္ဏကများကို လိုက်စားအားထုတ်လျှင် အကျိုးနှစ်ပါးဆုတ်ယုတ်ပျက်စီးတတ်လေ၏၊ **"ငါးစိမ်းမြင်ငါးကင်ပစ်"** ဆိုသော စကားသည်လည်း စိတ်ချရ၍ နိစ္စဓုဝဖြစ်သော ပစ္စည်းဥစ္စာ အလုပ်အကိုင် အကြံအစည်တို့ကို စွန့်ပစ်ပြီးလျှင် စိတ်မချရသေးသော အဓုဝပစ္စည်းဥစ္စာ, အလုပ်အကိုင် အကြံအစည်တို့ကို လိုက်စား၍ အ ကျိုးမဲ့ဖြစ်တတ်သော သူများကိုရည်၍ ပြောဆိုသော စကားပုံဖြစ်လေ သည်။

ပညာသင်ကြားရာ၌ တမျိုးသောပညာကိုသင်ကြားရာမှ ထိုပညာကိုစွန့်လွှတ်၍ ပညာတမျိုးကို ကူးပြောင်းသင်ကြားလျှင် အခြေပျက်၍ ပညာဆုတ်ယုတ်တတ်၏၊ အသက်မွေးအလုပ်တခုကို လုပ်ကိုင်နေရာမှ သူတပါးတို့ ဖြစ်ထွန်းကြွယ်ဝနေသည်ကို ကြားသိတွေ့မြင်ရ၍ အလုပ်ဟောင်းကိုစွန့်ပစ်ပြီးလျှင် အလုပ်သစ်သို့ဝင်က မကျွမ်းကျင်ဘဲ အကျိုးဆုတ်ယုတ်တတ်လေသည်၊ မိမိလက်သို့ရောက်ရှိသေးသည်မဟုတ်သော ပစ္စည်းကို အမှန်ရလိမ့်မည်ဟူ၍ ယုံကြည်စိတ်ချပြီးလျှင် မိမိလက်ရှိပစ္စည်းများကို စွန့်လွှတ်ကလည်း အကျပ်အတည်းသို့ကျ၍ ဒုက္ခရောက်တတ်လေသည်၊ ဝတ္ထုသက်သေသာဓကမှာ ငါးရာ့ ငါးဆယ် ဇာတ်၌ ပထမဆုံး ဖော်ပြအပ်သည့် အပဏ္ဏကဇာတ်တွင် ဘုရားလောင်းလှည်းမှူးကြီးနှင့် ဒေဝဒတ်လောင်းလှည်းမှူးကြီးပင် ဖြစ်လေသည်။

ထိုလှည်းမှူးကြီး နှစ်ဦးတို့သည် လက်အောက်ငယ်သားဖြစ်သော လှည်းသားငါးရာတို့ကို အုပ်ချုပ်၍ ကူးခတ်ခြင်းငှါ ခဲယဉ်းလှစွာသော ကန္တာရတောလမ်းခရီးကိုသွားကြရာ ဒေဝဒတ်လှည်းမှူးသည် ရှေ့ဦးကသွားလေ၏၊ တောသို့ဝင်မိကြသောအခါ တောဘီလူးတောင်ဘီလူးတို့ကလူသားတို့နှင့်နွားသားများကိုစားသောက်လိုကြကုန်သောကြောင့် စိုသောအဝတ်, စိုသောဆံပင်တို့ဖြင့် ပဒုမ္မာကြာပန်းတို့ကို ကိုင်ပြီးလျှင် လူယောင်ဆောင်၍ လှည်းဝိုင်းချရာသို့လာကြကုန်၏၊ထိုဘီလူးလိမ်တို့က ဤတောအုပ်မှာ လွန်စွာ မြက်ရေအစားအစာမှစ၍ ပေါများသည်၊ သင်တို့မှာပါသော ရေဟောင်းမြက်ဟောင်းစသည်များကိုအလကားဝန်လေးခံ၍ မဆောင်ယူကြကုန်လင့်၊ တောတွင်းသို့ကျလျှင် ထိုထက်ကောင်းမွန်သောမြက်ရေစသည်များကို အလိုရှိသမျှရနိုင်သည်၊ ပါသမျှကိုစွန့်လိုက်ကြကုန်ဟူ၍ ပြောဆိုပြီးလျှင် ထွက်သွားကြလေကုန်၏။

ဒေဝဒတ်လှည်းမှူးသည် စဉ်းစားဆင်ခြင်တတ်သော ဉာဏ်ပညာမှ ကင်းဝေးလေသောကြောင့် ဘီလူးလိမ်တို့ပြောသမျှကိုယုံကြည်ပြီးလျှင် လှည်းငါးရာတွင်ပါ၍လာသော မြက်,ထင်း,သောက်ရေသုံးရေစသည်တို့ကို အကုန်ပစ်ချ၍ တောတွင်းသို့မောင်းနှင်ဝင်ရောက်ကြလေ၏၊တောတွင်းသို့ဝင်ရောက်ကြသောအခါ မြက်ရေအစားအစာဟူ၍ တစုံတခုမျှမတွေ့ရ၊ သစ်သီးဝလံဆို၍ တစွန်းတစမျှမတွေ့ရသဖြင့် နွားနှင့်တကွ

အစာဝတ်မွတ်ကြပြီးလျှင် ဘီလူးတို့အစာဖြစ်ကြလေကုန်၏၊ ထိုသို့ဖြစ်ရခြင်းမှာ လက်ရှိစိတ်ချရပြီးသော အရာဝတ္ထုကိုစွန့်ပယ်၍ စိတ်မချရသေးသော ပစ္စည်းဝတ္ထုတို့ကို မြော်လင့် လိုက်စားသောကြောင့် ပျက်ပြားခြင်းဖြစ်ကြရလေသည်။

ထိုနောက် ဘုရားလောင်းလှည်းကုန်သည်သည် ထိုတောဝသို့ရောက်ပြန်ရာ ဘီလူးလိမ်တို့က ယခင်လှည်းသမားတွေကဲ့သို့ပင် လိမ်လည်လှည့်ဖြားစားကြရလိမ့်မည်ထင်သောကြောင့်ယခင်နည်းအတိုင်းလာရောက်ပြောဆိုလိမ်လည်ကြလေကုန်၏၊ သို့သော်လည်း အဆင်အခြင်အမြော်အမြင် ဉာဏ်ပညာရှိသော ဘုရားအလောင်းတော် ဖြစ်သောကြောင့် ဘီလူးလိမ်တို့၏စကားကို နားမထောင်ဘဲ လှည်းသားငါးရာတို့ကို ဆုံးမသည်မှာ-တောတောင်အရပ်မည်သည် လွန်စွာအထူးအထွေများလှစွာ၏၊ပါရှိ၍လာသောမြက်ရေနှင့် အစားအစာတို့ကိုမစွန့်ကြကုန်လင့်၊ ပါရှိမြဲအတိုင်းဆောင်ကြဉ်းရသည်ဖြစ်၍ ဝန်လေးမည်မဟုတ်၊ဤလောက၌ လက်ရှိဖြစ်၍ ပိုင်နိုင်စိတ်ချရသောပစ္စည်းဥစ္စာ စသည်တို့ကိုစွန့်လွှတ်၍ လက်သို့မရောက်သေးသည့် ပစ္စည်းဥစ္စာစသည်တို့ကို မြော်လင့်လိုက်စား၍နေ၏၊ထိုသူသည် ကျပ်တည်းဆင်းရဲခြင်းနှင့် တွေ့ကြုံရတတ်လေသည်ဟူ၍ ဆုံးမပြီးလျှင် စားရေရိက္ခာအစုံအလင်နှင့် တောတွင်းသို့ဝင်ကြရာ တစုံတရာမျှ ချို့ငဲ့ပူပန်ခြင်းတို့နှင့်မတွေ့ရဘဲယခင်ကသွားနှင့်ကြသောဒေဝဒတ်လောင်းအုပ်ချုပ်သည့် လှည်းသားငါးရာတို့ ပျက်စီး၍နေသောဌာနကို တွေ့ရှိကြလေကုန်၏။

အသားအသွေးတို့ကို ဘီလူးတို့စား၍ အရိုးမျှသာ ကြွင်းလေသောအရာတို့ကိုကြည့်ရှုပြီးလျှင် ဘုရားလောင်းက "သင်တို့ကြည့်ရှုကြကုန်လော၊ လက်ရှိစိတ်ချရပြီးသော အရာတို့ကိုစွန့်လွှတ်၍ လက်ရှိမဟုတ်သည့်အရာတို့ကိုလိုလားသောကြောင့် ဤလှည်းသားငါးရာတို့ပျက်ပြားရှာကြကုန်သည်" ဟူ၍ ပြောဆိုဆုံးမပြီးလျှင် ဒေဝဒတ်လှည်းသား ငါးရာတို့တွင်ပါရှိသော အဘိုးတန်ပစ္စည်းများကို တင်ဆောင်သိမ်းရုံး၍ ထိုကန္တာရ ခရီးခက်ကြီးမှ ထွက်မြောက်ချမ်းသာ ကြလေကုန်သည်၊ ထို့ကြောင့် ဤကဲ့သို့ဖြစ်ပုံနှင့် ပုံသက်သေတင်ပြီးလျှင် မချွတ်မယွင်းစေ

တတ်သော ဓုဝအပဏ္ဏကတို့ကို လက်မလွှတ်ရာဟုပြခြင်းငှာ ထိုအပဏ္ဏကဇာတ်၌-

တေဒညာယ မေဓာဝီ၊တံ ဂဏှေယျ အပဏ္ဏကံ။

ဟူသော ဆုံးမစကားကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပေသည်။

**အနက်။** တေ၊ ဤသို့ဖြစ်ပုံကို။ မေဓာဝီ၊ ပညာရှိသည်။ အညာယ၊ သိမြင်ဆင်ခြင်၍။တံ အပဏ္ဏကံ၊ထိုမချွတ်ယွင်းစေဘဲအမြဲလက်ကိုင် ဖြစ်သော အရာကို။ဂဏှေယျ၊စွဲမြဲလုပ်ကိုင်၍ ထားရာသည်သာလျှင်တည်း။

ထိုမှတပါးလည်း ရင်းနှီးပြီးသော မိတ်ဆွေဟောင်းနှင့် မိတ်ဆွေသစ်နှစ်မျိုးရှိလေရာ မိတ်ဆွေသစ်ကို လိုလားသောကြောင့် မိတ်ဆွေဟောင်းကိုမဖျက်ဆီးရာ၊အချို့သောသူတို့သည် မိတ်ဆွေသစ်နှင့်တွေ့ကြုံရာတွင် မျက်နှာအားလိုက်စားလွန်းအားကြီးစွာနှင့် မိတ်ဆွေဟောင်းများကိုသော်လည်း ပုတ်ခတ်ပြောဆိုတတ်ကုန်၏၊ ထိုသို့ ပြောဆိုသောစကားသည်ပင်လျှင် ထိုသူကိုအဆိပ်သင့်သကဲ့သို့ ဒုက္ခရောက်စေတတ်ကုန်၏၊ အဟောင်းနှင့်အသစ် နှစ်မျိုးရှိလေသည့်အနက် အသစ်ဖြစ်သောအရာသည် အဟောင်းကိုသာလွန်နိုင်သည်မှာ လွန်စွာပင် ခက်ခဲသောအချက်ဖြစ်လေ၏၊လောကဓမ္မတာအားဖြင့် ဆိုပြန်သည်ရှိသော် ချစ်ဟောင်းငယ်ပေါင်းအနေနှင့် ပေါင်းသင်းဆက်ဆံ၍ နေကြသော ဇနီးမောင်နှံ အစုံအစုနေထိုင်ကြရာ ယောကျ်ားကဖြစ်စေ၊မိန်းမကဖြစ်စေ၊အသစ်မြင်၍ အထင်တမျိုးလွဲပြောင်းပြီးလျှင် အဟောင်းကိုစွန့်ခွါ အသစ်ရှာလိုသော သဘောရှိကြကုန်၏။

အချို့လည်း ကြံစည်သောအတိုင်း အဟောင်းကိုပစ်၍ အသစ်နောက်သို့လိုက်ပါတတ်ကြကုန်၏၊ထိုသို့အဟောင်းပယ်ပစ် အသစ်လိုက်စားမှုမှာ ရှေးကထက်ချမ်းသာလိမ့်မည်, စည်းစိမ်ရှိလိမ့်မည် စသောအားဖြင့် အထင်ကြီးအမြင်ကြီးနှင့် ပြုလုပ်ခြင်းဖြစ်လေသည်၊ စည်းစိမ်ကြွယ်ဝချမ်းသာရမည်မှာ နောက်ဖြစ်၍ အရှုပ်အထွေးအနှောင့်အရှက်တွေနှင့် စိတ်မသက်သာခြင်း,ဗျာပါရများရခြင်းမှာ ချက်ခြင်းလက်ငင်း ပထမတွေ့ကြုံရမည် ဖြစ်လေသည်၊ **''အသစ်ဘယ်လိုကောင်းသော်လည်း**

အဟောင်းကိုမမှီနိုင်” ဆိုသော စကားအရ အတန်ကြာ၍ အရေလယ် လာလျှင် နောင်တရစွာနှင့်အဟောင်းဆီသို့ ဦးခေါင်းလှည့်၍လာတတ် သောအလေ့သာများတတ်လေ၏၊ ထို့ကြောင့် ရှေးဆရာကြီးတို့သည်

“ဝမ်းဘဲဟင်းသာ၊မြောင်းကိုပစ်၍မြစ်ကိုရှာ၊ရေသာများ၍ ငါးမတွေ့၊ ဝမ်းထဲထိန်ကာ၊အဟောင်းပစ်၍ အသစ်ကိုရှာ၊ ပွေ ဗျာပွါး၍ ကြားမစေ့။”

ဟူသော စကားကိုစပ်ဆိုကြလေသည်၊ဤကဲ့သို့လောကီအရေးအရာ မှာ အခါခါအိမ်ထောင်လွှဲပြောင်း အဟောင်းခွါပစ် အသစ်လိုက်စား မှုများသည်လည်း စီးပွါးဥစ္စာ အခြေမရနိုင်ခြင်း၏ အကြောင်းရင်း ကြီးတခု ဖြစ်လေသည်၊ အချို့သောသူတို့မှာလည်း အဟောင်းကို မကောင်းဘူး-ဟု အပြစ်ရှာ၍ အသစ်လိုက်စားသည့်အတွက် အတန် ကာလကြာလျှင် အသစ်ကလည်း မှန်းသော အတိုင်း နေရာမကျ, အ ဟောင်းကလည်း လက်လွှတ်ဖြစ်၍ စိတ်ညစ်ပူပန်စွာနှင့် စိတ္တဇရောဂါ ကြီးသာ အဖတ်တင်ရစ်တတ်လေသည်။

ဤအရာ၌ ထောက်ထားရန် ဝတ္ထုသက်သေမှာအသိတာဘူ ဇာတ် ၌ ဘုရားအလောင်းတော်ဖြစ်သော မင်းသားသည်(ကောမာရီဘရိယ) ငယ်စဉ်ကစ၍ ချစ်ခင်ပေါင်းဘက် ခဲ့သော အသိတာဘူ မင်းသမီးကို စွန့်၍ တဒင်္ဂခေတ္တဖြစ်သော ကိန္နရီမနောက်သို့လိုက်လေရာ ကိန္နရီမ ကိုလည်း စိတ်ထင်တိုင်းမရလေ၊ကိန္နရီမနောက်သို့ လိုက်သောအခိုက် တွင် အသိတာဘူမင်းသမီးလည်း သူ၏ငယ်ချစ်ယောကျ်ားသည် ကိန္နရီ မနှင့် ပျော်ပါး၍ သူ့ထံသို့ မပြန်လာဘူးထင်သည်နှင့် ရသေ့မပြုလုပ် လေ၏၊ နောက်မင်းသားပြန်လာ၍ တောင်းပန်ခယ ပါသော်လည်း ကျွန်ုပ်ကစ၍ ဆိုးဝါးသည် မဟုတ်၊ အရှင်မင်းသားကသာလျှင် အ ဟောင်းပယ်ပစ် အသစ်လိုက်စားတတ်သော ဝါသနာဆိုးကို လက်ခံ သဖြင့် ကျွန်ုပ်သူတော်သူမြတ်ပြုလုပ်လေသည်၊ အရှင်မင်းသားနှင့်ပြန် ၍ ပေါင်းသင်းဆက်ဆံရန် အကြောင်းမရှိ-ဟု ဆိုလေ၏၊ ထိုအခါ အ လောင်းတော်မင်းသားမှာ များစွာစိတ်ဒုက္ခရောက်သည်နှင့် အောက်၌ ပါသော ဂါထာကို ရွတ်ဆိုငြီးတွားဘူးလေသည်။

အတြိစ္ဆံ့ အတိလောဘေန၊ အတိလောဘမဒေန စ။
ပရိဟာယတိ အတ္ထမှာ၊ အဟံဝ အသိတာဘုယာ။ ။

**အနက်။** ။အဟံ၊ ငါသည်။ အသိတာဘုယာ၊ အလွန်ဟာရောနိုးရင်း စွာချစ်ခင်အပ်သော အသိတာဘူ မင်းသမီးနှင့်။ ပရိဟာယတိဇ္ဇ၀၊ မပေါင်းရဘဲ ချစ်လျက်နှင့် ကွဲရသကဲ့သို့။ ဟထာ၊ကို့ အတူ။ ယောဂေ၊ လောကဥ္၊ အတြိစ္ဆံ၊ အဟောင်းစွန့်ပစ် အသစ်ခင်မင် မြင်မြင်ရာရာ တဏှာစွမ်းငြိလိုချင်ဘိသောသူသည်။အဘိလောဘေန စ၊ လိုချင်မျက်ါ ကျယ်သောကြောင့်ရင်း။ အတိလောဘမဒေန စ၊ ပြင်းထန်ပိုမို အလို ယစ်မူးခြင်းကြောင့်ရင်း။အတ္ထမှာ၊မိမိရှိရင်းအကျိုးစီးပွါး,ရှိလတံ့သော အကျိုးစီးပွါးမှ။ ပရိဟာယတိ၊ ဆုတ်ယုတ်ပျက်စီးတတ်လေ၏။

ဤအသိတာဘူဇာတ်၌ အလောင်းတော်မင်းသားသည် ကိုယ်ပိုင် ခုဝ စိတ်ချလက်ရှိဖြစ်သော မင်းသမီးကိုပယ်စွန့်၍ စိတ်မချရ အခုဝ ဖြစ်သည့် ကိန္နရီမနောက်သို့ လိုက်မိခြင်းကြောင့် ဆင်းရဲပူဆွေးရလေ သည်၊ ''သူခိုးခေးရိုးကမ်း''ဟု ခေါ်ကြသော တက္ကပဏ္ဍိတဇာတ်၌ အ သစ်ခင်မင်တတ်သော မိန်းမသည် ချစ်ဟောင်းဖြစ်သော အလောင်း တော်ကိုစွန့်၍အသစ်တွေ့ခါစဖြစ်သော ခိုးသူဘက်သို့လိုက်သောကြောင့် ဆင်းရဲဒုက္ခရောက်ဘူးလေ၏၊ စတုကနိပါတ် ကဏဝေရဇာတ်၌ သာ မာမည်သော မိန်းမသည် အမြဲပေါင်းသင်း ဆက်ဆံနေသော သူဌေး သားကိုစွန့်၍ တွေ့ခါစ မြင်ရုံမျှဖြစ်သော အလောင်းတော် နာဂဗလ ခိုးသူကြီးကို ချစ်ခင်သောကြောင့် ဒုက္ခရောက်ဘူးလေ၏။

မိမိအိမ်တွင် ကိုယ်ပိုင်အနေနှင့် ရှိနေသော သက်ရှိသက်မဲ့ပစ္စည်း ဥစ္စာ, အကြီအစည်-ဟူသမျှတို့သည်အာဝါသိကမည်၏၊ ထိုသို့မဟုတ် သေးမူ၍ ရရှိဖြစ်မြောက်လိမ့်မည်ဟု မြော်လင့်ရသော ပစ္စည်းဥစ္စာ, အကြံအစည် တဒင်္ဂဆိုက်ရောက်ရရှိသော ပစ္စည်းဥစ္စာ, အကြံအစည် ဟူသမျှသည် အာဂန္တုကမည်၏၊ ထိုနှစ်ပါးတို့တွင် အာဝါသိကမျိုး ထက် အာဂန္တုကမျိုးကို တိုးတက်၍ နှစ်သက်လိုက်စားခြင်းကိုမပြုရာ၊ အာဝါသိကကိုစွန့်ပစ်၍ အာဂန္တုကကိုမချစ်ရာ၊ သတ္တနိပါတ်၌ လာ သော ဓူမကာရိပုဏ္ဏားကြီးသည် ကိုယ်ပိုင်ခုဝ အာဝါသိကတို့ကို

အပြင်ပပြု၍ အာဂန္တုကကို ချစ်သောကြောင့် စိုးရိမ်ပူဆွေးစိတ်မအေး ရှိရဘူးလေ၏၊ ထို့ကြောင့် ဂုဏ်းဇာတ်၌—

ဧဝံ ယော သန္တိရံ ကတွာ၊ အာဂန္တုံ ကုရုတေ ပိယံ။
သော ဧကော ဗဟုံ သောစတိ၊ ပူမကာရီဝ ဗြာဟ္မဏော။ ။

ဟူ၍ဆိုသည်။

**အနက်**။ ပူမကာရီ၊ ပူမကာရီမည်သော။ ဗြာဟ္မဏော၊ လက်ရှိ ပယ်ပစ်လက်မဲ့ချစ်သောပုဏ္ဏားကြီးသည်။ သောစတိဣဝ၊ စိုးရိမ်ပူဆွေး ရလေဘိသကဲ့သို့။ ဧဝံ၊ ဤအတူ။ ယော၊အကြင်သူသည်။ သံ၊ကိုယ်ပိုင် လက်ရှိဖြစ်သောဓနပစ္စည်းများကို။ နီရံကတွာ၊ အပြင်ပြုပြောဂရုမထား မူ၍။အာဂန္တုံ၊တဒင်္ဂစုအာဂန္တုများကို။ ပိယံ၊ချစ်ခင်လိုက်စား လိုလား တွယ်တာ၏။ သော၊ထိုလက်ရှိပယ်ပစ်လက်မဲ့ချစ်သောသူသည်။ဧကော၊ တယောက်အတည်းတည်း။ ဗဟုံ၊ များစွာ။သောစတိ၊ပူဆွေးရလေ၏။

ထို့ပြင် အတိုးငွေကို လိုလားသောအားဖြင့် ကြွေးချေးငှားသော အလုပ်သည်လည်း အာဂန္တုကို လိုက်စားသော အလုပ်ပင်မည်၏၊ အတိုးငွေကိုရမှာကနောက် ကိုယ်ပိုင်အရင်းငွေကိုပေးလိုက်ရသည်မှာ ပထမအစဖြစ်လေသည်၊ ကြည်ကြည်သာသာနှင့် အတိုးငွေကိုရခဲ၏၊ တရံတခါ အရင်းဥစ္စာပါဆုံးရှုံးတတ်ကုန်၏၊ တရံတခါ ထိုငွေချေးမှု ကြောင့်ပင်လျှင် တရားတဘောင်တွေ့ဆိုင်၍ မုန်းထားကြရကုန်၏၊ ထို ကြွေးမြီမှုနှင့် တရားဖြစ်ကြရသည့်အတွက် ပုံးများသည် တအုံးအုံးတ ညံညံစည်ကားလေ၏၊ ထိုမှတပါးလည်း လက်ရှိဖြစ်၍ စိတ်ချရပြီးသော ပစ္စည်းဥစ္စာ,အကြံအစည်တို့ကိုစွန့်၍ လက်မဲ့အာဂန္တုတွေကိုလိုက်စား မှုနှင့်အကျိုးမဲ့သောအရာတို့သည် လောက၌လွန်စွာပေါများကုန်၏။

စဉ်းစားရန်တချက်ရှိပြန်သည်မှာ--ထိုစာဏကျ ဆရာကြီး၏စကား အရ-လက်ရှိဓနဖြစ်သော ပစ္စည်းဥစ္စာ, အလုပ်အကိုင်, အကြံအစည် တို့ကိုစွန့်ပစ်တတ်၍ မည်သည့်အခါမှ အသစ်ဖြစ်သောပစ္စည်းဥစ္စာ,အလုပ် အကိုင်,အကြံအစည်များကိုမရှာဘွေရ၊ မကြံစည်ရပြီလောဟူမူ-ထိုသို့ ကားမဟုတ်ချေ၊ စာဏကျဆရာကြီးသည် ယေဘုယျနည်းသို့လိုက်၍ အကျိုးမဲ့တတ်သောကြောင့်သာလျှင် အများဖြစ်လေ့ရှိသော လောက

ဓမ္မတာနှင့် ပြဆိုဆုံးမခြင်းဖြစ်လေသည်၊ "လှေနံဓားထစ်"သို့သကဲ့သို့ အစွဲအမြဲယူထားလျှင် လောကမှာ အလုပ်အကိုင်သစ်, အကြံအစည်သစ်, စီးပွားသစ်ဟူ၍ မဖြစ်ထွန်းဘဲရှိနေလိမ့်မည်၊ ပညာဖြင့်မြော်မြင်ဆင်ခြင်၍ အကျိုးရှိမည်ဟု သဘောရလျှင် အသစ်ဖြစ်သော အလုပ်အကိုင်,အကြံအစည်များနှင့် စီးပွားဥစ္စာများကိုရှာကြံကြိုးစားရာ၏။

သို့ရာတွင် လက်ရှိပိုင်နိုင် ကျွမ်းကျင်ပြီးဖြစ်သည့် မူဝများကိုကား ရုတ်တရက် အမှုမထားပယ်ရှားစွန့်လွှတ်ခြင်းကို မပြုရာ၊ မြင့်သော တိုက်ပေါ်သို့ လှေခါးဖြင့်တက်ရာ တခါတည်း တိုက်ပေါ်သို့လှမ်း၍ တက်နိုင်သည်မဟုတ်၊ လှေခါးတထစ်ပေါ်၌ ခြေတဘက်ကိုရပ်ထား၍ ခြေတဘက်ဖြင့် လှေခါးတဘက်ပေါ်သို့ လှမ်းတက်ရလေသည်၊ မြေကြီးပေါ်မှ လှမ်းသွားရာမှာလည်း ခြေတဘက်ဖြင့်မြေမှာရပ်တည်၍ တဘက်ဖြင့်ရှေ့သို့ လှမ်းသွားရလေသည်၊ ဤကဲ့သို့တက်ခြင်းလှမ်းခြင်းဖြင့် အမြင့်ကိုလည်းရောက်လေ၏၊ ရှေ့သို့လည်းခရီးပေါက်လေ၏၊ လူတိုင်း၌ပါရှိသောခြေ၏ လှမ်းပုံတက်ပုံများသည် လောက၌တစုံတရာကြံစည်လုပ်ကိုင်သော အရေးဘို့၌လည်း နည်းပေးသကဲ့သို့ပင်ဖြစ်လေ၏၊ ထိုနည်းအတိုင်းကြံစည်လုပ်ကိုင်သည်ရှိသော် တဖြည်းဖြည်းကြီးပွားတိုးတက်ခြင်းသို့ရောက်နိုင်လေ၏၊ နီတိကျမ်းများ၌လည်း–

စလတျေကေန ပါဒေန၊ တိဋ္ဌတျေကေန ဘူမိယံ။ ။

ဟူ၍ခြေလှမ်းတက်ပုံ ဥပမာဖြင့် လောကကို အဆုံးအမပေးလေသည်။

**အနက်။** ဧကေနပါဒေန၊ ခြေတဘက်ဖြင့်။ စလတိ၊ လှမ်းသွား၏။ ဧကေန၊ ခြေတဘက်ဖြင့်။ ဘူမိယံ၊ မြေအပြင်၌။ တိဋ္ဌတိ၊ ရပ်တည်၍ထား၏။

ဤကဲ့သို့နည်းပြသောအတိုင်း တခုသောအလုပ်၌ အခြေရစေ၍သော် အလုပ်သစ်တခုကိုလုပ်ကိုင်ကြံစည်ရာ၏၊ စီးပွားသစ်တခုကိုရှာဘွေရာ၏၊ ရှေ့သို့တိုးတက်၍မကြံစည်ဘဲ ရှိရင်းစွဲအလုပ်အကိုင် အခြေအနေနှင့် တင်းတိမ်ရောင့်ရဲ၍ထားလျှင်လည်း ကြီးပွားရန်လမ်းပိတ်၍သာနေလိမ့်မည်၊ ကျွန်ုပ်တို့မြန်မာနိုင်ငံမှာကြီးပွားခြင်းမရှိဘဲ (ရှေ့သို့

မတိုးတက်နိုင်ဘဲ)နေသည်မှာအလုပ်သစ်အကိုင်သစ်,နည်းလမ်းအသစ်များကို ရဲရဲဝံ့ဝံ့မလုပ်ဆောင်ခြင်းကြောင့်သာ ဖြစ်လေသည်၊ အသစ်အသစ်ကို ကြံစည်လုပ်ကိုင်ကြိုးစားလေ့ရှိကြသော နိုင်ငံများမှ ကျွန်ုပ်တို့မကြာမကြာ သတင်းကြားသိရသည်မှာ—

မည်သည့်နိုင်ငံမှာ မည်သို့အလုပ်ဖြစ်ထွန်းလေသည်၊ မည်သည့်နိုင်ငံမှာမည်ကဲ့သို့ သင်္ဘောကုမ္ပဏီကြီး, မီးရထားကုမ္ပဏီကြီး စသည်များကို တည်ဖွင့်လုပ်ကိုင်၍ ကြီးကျယ်လေသည်၊ မည်သည့်နိုင်ငံမှာ ကောင်းကင်ပျံ သင်္ဘောကြီးကိုတည်၍ ပျံသန်းကြလေသည်၊မည်သည့်နိုင်ငံမှာ ကမ္ဘာမြေကြီးကိုတူးဖောက်၍ ပင်လယ်ချင်းချင်း စပ်အောင်ပြုလေသည်၊ မည်သည့်နိုင်ငံမှာ ယခုအခါမည်ကဲ့သို့ အတတ်ပညာအထူး အဆန်းများကို ကြံစည်ထမြောက်လေသည်- စသောအားဖြင့် အသစ်အသစ်ဖြစ်သော အကြံအစည်အလုပ်အကိုင် အတတ်ပညာများကိုကြားသိကြရလေသည်၊ ကျွန်ုပ်တို့နိုင်ငံမှာ ထိုကဲ့သို့အသစ် အသစ် အကြီးအကျယ်ဖြစ်ထွန်းသည်များကို နိုင်ငံတပါးကမကြာမကြာ ကြားသိကြရလိမ့်မည်မဟုတ်ချေ၊ မတိုးပွားစေသည်သာမက ရှေးရှေးဘိုးဘွားမိဘတို့လက်ထက်မှ အမွေအနှစ်သဘွယ်အစအန ချန်ထားခဲ့သော အလုပ်အကြံအစည်များနှင့် ပညာများကိုပင်တိမ်ကောအောင်ဖျောက်၍ပစ်လိုက်ကြလေသေးသည်၊၍နေရာ၌ ရက်ကန်းပညာစသည်များကို ဥပမာထုတ်ဆောင်၍ ပြထိုက်လေ၏။

ယခုခေတ်အခါ မြန်မာနိုင်ငံသည် တိုင်းနိုင်ငံထိုထိုနှင့် ဥဒဟိုလမ်းပေါက်ပွင့်၍နေသောကြောင့် လောကီစီးပွားရေးအတွက် ပညာအမျိုးမျိုးကိုသင်ကြားရန်သော်၎င်း, အလုပ်အကိုင် အကြံအစည်များကိုလုပ်ကိုင်ကြိုးစားရန်သော်၎င်း နည်းလမ်းတို့ များစွာပွင့်လင်းလျက်ရှိနေကြလေကုန်၏၊သို့ရာတွင် ယခုအခါများသောအားဖြင့် အင်္ဂလိပ်စာပေပညာများကိုသာအသင်များ၍ လက်မှုပညာစိုက်ပျိုးမှုပညာစသည်များကိုမူကား များစွာသင်ကြားသူမရှိကြသေး၊ စဉ်းစားဆင်ခြင်လိုက်သည်ရှိသော် ခေတ်အလိုက်အသုံးကျ၍နေသော အင်္ဂလိပ်စာတွေကိုတတ်၍ ပြောဆိုတတ်,ရေးတတ်သားတတ်, စီတတ်ကုံးတတ်ဖြစ်နေကြသော်လည်း ဝတ္ထုပစ္စည်းအမျိုးမျိုးများကိုလုပ်ကိုင်တတ်သော လက်မှု

ပညာများကို မတတ်ကြပါမူ နိုင်ငံကြီးပွားဘို့ ဖြစ်နိုင်လိမ့်မည်ဟုများစွာမြော်လင့်ရန်လမ်းမရှိချေ။

အင်္ဂလိပ်စာကို တတ်ကျွမ်းသည်အတွက် (ဖြစ်တတ်သောအလေ့အားဖြင့် ) အသုံးအစွဲ, အနေအထိုင်, အဝတ်အစားတို့၌ စိတ်အထက်သို့ ကျနေပြီးလျှင် လှလှငွေသုံးတတ်သော နည်းလမ်းတို့မှာသာ ဗဟုသုတများ၍ နေတတ်လေသည်၊ ကိုယ်တိုင်ထိထိရောက်ရောက်ဝင်၍ လုပ်ကိုင်ရန် အရေးသို့ကျလျှင် အလုပ်နှင့် ကိုယ်နှင့် အရာမဟုတ်သလိုပင် နောက်ဆုတ်၍ နေတတ်ကြ၏၊ တအိမ်ထောင်ဝဝစား လှလှဝတ်ရရုံမျှနှင့် တင်းတိမ်ပြီးလျှင် တဘဝမှာခပ်ပြောင်ပြောင်ကလေးသာ နေလိုက်တတ်ကြကုန်၏၊ စဉ်းစားဆင်ခြင်လိုက်ပြန်သည်ရှိသော် အင်္ဂလိပ်ဘာသာကို တတ်ခြင်းသည် လမ်းဆုံးသည်မဟုတ်သေး၊ ထိုဘာသာဖြင့်ရေးသားထားသော လုပ်ကိုင်ရမည့်ပညာအမျိုးမျိုးတို့ကို လွယ်ကူစွာသင်ကြားနိုင်ခြင်း၏ အခြေမျှသာဖြစ်လေသည်၊ကျွန်ုပ်တို့မဂ္ဂဇင်းမှာပင် အင်္ဂလိပ်စာကိုသင်ကြားခြင်းသည် ကမ်းတဘက်သို့ကူးနိုင်ရန်ဘံတားကြီးဆောက်လုပ်ခြင်းမျှသာ ဖြစ်သည်ဟူ၍ ဖော်ပြခဲ့ဘူးလေပြီ။

အသစ်အသစ်ဖြစ်သော လက်မှုပညာ အမျိုးမျိုးတို့ကို သင်ကြား၍ နိုင်ငံသားတို့၏ အသုံးအဆောင်များကို ကိုယ့်နိုင်ငံတွင်းမှာ ဖြစ်ပေါ်အောင် လုပ်ကိုင်နိုင်ပါမူကား-တိုင်းနိုင်ငံ ကြီးပွါးခြင်း၏ အကြောင်းရင်းကြီးဖြစ်ပေလိမ့်မည်။

ယခုအခါမှာ မူကား-အင်္ဂလိပ်စာကိုဖတ်ရှု၊ ဘိလပ်ကအကြောင်းတွေကိုသိရှိ၊ အသုံးအဆောင်အပြောင် အလက်တို့ကို သုံးဆောင်ရန်လည်း ဗဟုသုတများကြသည်နှင့် အခြားနိုင်ငံကထုးဆန်းသော ကုန်များကိုသာသိ၍ ထိုကုန်များကဲ့သို့ မိမိတို့နိုင်ငံမှာ ဖြစ်ပေါ်အောင် မူကား-မပြုလုပ်နိုင်ဘဲရှိနေကြကုန်သည်၊ တိုတိုအကျဉ်းချုပ်ပြောရမည်ဆိုသော် အင်္ဂလိပ်စာကိုသာ တတ်ရုံတတ်နေကြ၍ လောကီရေး၌ ဗဟုသုတများနေကြခြင်းသည် နိုင်ငံတိုင်းတပါးက ကုန်များကို မိမိတို့နိုင်ငံသို့မလာ လာအောင်အတင်းသွေးဆောင်ခေါ်ယူသကဲ့သို့ဖြစ်လေသည်။

ထို့ပြင်လည်း မိမိတို့က ရှေးဆောင်ရှေးရွက်ပြုလုပ်၍ ဗဟုသုတ မများသေးသော နိုင်ငံသားတို့ကို သည်လိုသုံးကြ, သည်လိုစွဲကြ,သည်လိုစားကြ, သည်လိုသောက်ကြ, သည်လိုလမ်းရှောက်ကြ-ဟု နည်းပြသကဲ့သို့လည်းဖြစ်လေသည်၊ လောကကြီး၏ ဓမ္မတာသည် တော်တော်ဂုဏ်ရှိသူက ရှေးဆောင်ပြု၍ လုပ်ကိုင်လိုက်လျှင် ထိုအပြု အမူ ပင်လျှင်ခေတ်စား၍ ကောင်းသည် ထင်သောကြောင့် အများ အပြား လိုက်၍ပြုလုပ်လေ့ရှိကြကုန်သည်၊ ထို့ကြောင့် မဟုတ်လော၊ မြန်မာနိုင်ငံတွင် အင်္ဂလိပ်စာတတ်၍ လောကရေးရာတွင် လိမ်မာပါးနပ် ဗဟုသုတဓာတ်ကြီးရှိကြသော သူတို့၏ စတည်လမ်းထွင်မှုကြောင့် မြို့သားတို့ကိုမဆိုထားနှင့် ကျေးရွာငယ်များမှာ လယ်ယာ လုပ်ကိုင်စားသော သူများသည်ပင်လျှင် ဟိုက်စကူးကျောင်းသား, ကောလိပ်ကျောင်းသားများနှင့်မခြားမနား ဝတ်စားသွားလာလျက် ရှိနေကြပုံကို တွေ့မြင်ကြရလေသည်။

ဤသို့ပြဆိုခြင်းမှာ အင်္ဂလိပ်စာကို တတ်မှုအတွက် အပြစ်ဆိုလို၍ပြောသည်မဟုတ်ချေ၊ ထိုအင်္ဂလိပ်စာတွင်သာ ရပ်တန့်၍ မနေကြဘဲ မိမိတို့လှလှသုံးစွဲချင်သလို ကိုယ့်လက်ဖြစ်နှင့် သုံးစွဲကြရ လေအောင် လက်မှုပညာစသည်များကို သင်ကြားကြရန် အားကျစေဖို့ အတွက် ရေးသား ဖော်ပြခြင်းဖြစ်လေသည်၊ သူတပါးအိမ်ကပစ္စည်းကို ငှါး၍ ကိုယ့်အိမ်မှာသုံးစွဲလေသည်ကို သူတပါးမြင်လျှင် အရှိုးအမွှမ်းခံရမည်လော၊ သူတပါး၏ စိန်ကိုငှား၍ဝတ်လျှင် အရှိုးအမွှမ်းခံရမည်လော၊ ထို့အတူ ကျွန်ုပ်တို့မြန်မာနိုင်ငံမှာ အခြားတိုင်းပြည်ကဖြစ်သောပစ္စည်းများကိုငှား၍ သုံးဆောင်သကဲ့သို့ဖြစ်လေသည်၊ ကိုယ့်နိုင်ငံထဲကနေ၍ကြည့်လျှင် မထင်ရှားသေး၊ နိုင်ငံတပါးကကြည့်ပါလျှင် ဤမြန်မာနိုင်ငံသည် ကိုယ်ပိုင်တိုင်းပြည်ဖြစ်သောပစ္စည်းတို့ကိုမသုံးရဘဲ အငှားကဲ့သို့ အခြားနိုင်ငံကဖြစ်သည့် ပစ္စည်းဝတ္ထုတွေကိုသာ သုံးရှာကြရသည်ဟု မဆိုထိုက်ပါလော။

သို့ရာတွင်မြန်မာနိုင်ငံသားတို့က ငွေနှင့်ဝယ်၍ သုံးဆောင်သည်မှာ ဘာမျှရှက်ဘို့မရှိ၊ အငှားမဟုတ်ဟု ဆင်ခြင်ဝင်စရာလမ်းပေါက်တခုရှိလေသည်၊ ထိုသို့ဆင်ခြင်ဝင်ခြင်းကားငွေများထွက်အောင်တိုင်းပြည်ကို

ငွေညှစ်သောအချက်ဖြစ်လေသည်၊ ဤကဲ့သို့ဝယ်ချမ်းရသောငွေများသည် အလကား အိမ်ပေါ်မှာဖြစ်၍ သုံးမကုန် စွဲမကုန် တောင်ပုံရာပုံ၍နေပါ လျှင် ထိုဆင်ခြေဝင်ခြင်းကို ခံ့ညားပါပေသည်ဟုချီးမွမ်းထိုက်ပါ၏၊ထိုသို့ ကားမဟုတ်၊ လက်ဝါးပူတိုက်လုပ်ကိုင်မှရရှိသော ငွေများနှင့် အကြွား ဘက်၍ဆင်ခြေတက်ခြင်းသည် ချီးမွမ်းဘွယ်ကောင်းပါသလော၊ ပြဆို ခဲ့သောအငှါးမျိုးသည် ခေတ္တငှါးရမ်း၍ သုံးစွဲသော အရာတို့တက်ပင် လျှင် အလွန်သာ၍ဆိုးလေသေးသည်၊ အကြောင်းမူကား ထိုသို့လွယ် လွယ်ကူကူရရှိတိုင်း ဝယ်ယူသုံးစွဲနေခြင်းကြောင့် ဉာဏ်ပညာလည်းတုံး, ဥစ္စာလည်းပြုန်းတီးသော အချက်ကြီးတခုဖြစ်လေသောကြောင့်တည်း။

ပြဆိုခဲ့ပြီးသောအတိုင်း ကျွန်ုပ်တို့ နိုင်ငံသားတို့သည် အင်္ဂလိပ်စာ တတ်ရုံမျှတွင်သာ ရပ်တည်၍မနေကြကုန်ဘဲ လက်မှုပညာ အမျိုးမျိုး တို့ကို တတ်ကျွမ်းလုပ်ကိုင်တတ်ကြလေအောင်လည်း ရှေ့သို့တိုးတက်၍ လှမ်းသွားရန်ကောင်းလေသေးသည်၊သို့ပြင် မဖြစ်ထွန်းဘူးသေးသော အကြီးအစည် အလုပ်အကိုင်များကို ထူထောင်လုပ်ကိုင်ကြရန် သင့် လျော်ပေသည်၊ စဉ်းစားရန်အချက်ဘခုရှိပြန်သည်မှာ ထိုလက်မှုပညာ အမျိုးမျိုးကို သင်ကြားရန်အတွက် အခြားနိုင်ငံသို့ အမျိုးသားတို့ သွားရောက်ကြရသည်ထက် တစုံတခု မိမိတို့လုပ်ကိုင်သော အတတ် ပညာမျိုးနှင့်စပ်လျဉ်း၍ ထိုအတတ်ပညာအလုပ်အကိုင်တွင် အောင် မြင်ထမြောက်သော နိုင်ငံခြားသားတို့ကို ကြေးငွေလုံလောက်စွာပေး ကမ်းငှါးရမ်း၍ ကိုယ့်နိုင်ငံထဲသို့ ခေါ်ဆောင်ပြီးလျှင် လက်ထပ် သင်ကြားခြင်းသည်လည်း ဖြတ်လမ်းဖြစ်၍ အထူးပင် သင့်လျော် ကောင်းမြတ်လေသည်။

ဤကဲ့သို့သော ဖြတ်လမ်းနည်းအားဖြင့် သင်ကြားကြမည်ဆိုပါလျှင် တိုင်းရင်းသား မြန်မာများသည် အခြားနိုင်ငံသို့ စရိတ်စက အကုန်အ ကျများစွာနှင့် မိကွဲ,ဘကွာ မျက်နှာသိမ်ငယ်ခြင်းများကို ပဖြစ်စေဘဲ ချမ်းချမ်းသာသာ ကိုယ့်နိုင်ငံတွင်းမှာသာလျှင် သင်ကြားတတ်မြောက် နိုင်ကြပေလိမ့်မည်၊ ထိုသို့ ဖြတ်လမ်းသင်ကြားခြင်း အားဖြင့်လည်း မတတ်မြောက်ဟု မဆိုသာ၊ကျွန်ုပ်တို့ မြန်မာအမျိုးသားတို့သည်လည်း

ဉာဏ်ဓာတ်ခံကြီးရင့်ကြသည်ဖြစ်သောကြောင့် အမှန်ပင် တတ်မြောက်ကြမည်ဟု ယုံကြည်ထိုက်လေသည်။

ယခုလက်ငင်းသက်သေ တင်ပြရန်အချက်တခုမှာ ကျွန်ုပ်တို့ရွှေကြူးကုမ္ပဏီမှ ပန်းရက်ကန်းစက်တခုကို ဂျာမနီပြည်က မှာထားပြီးလျှင် ထိုပန်းရက်ကန်းအတတ်တွင် အထူးတတ်မြောက် ကျွမ်းကျင်သော ဂျာမန်ဆရာကြီးတဦးပါခေါ်ယူ၍ အလုပ်တိုက်တွင်သင်ကြားရာ နှစ်လလောက်နှင့် ကျွန်ုပ်တို့ကုမ္ပဏီက သင်ကြားသော မြန်မာလုလင်ပျိုများ တတ်မြောက်လုပ်ကိုင်နိုင်ကြလေသည်၊ ဤသို့တတ်မြောက်ခြင်းကား ဖြတ်လမ်းအားဖြင့် သင်ကြား၍ တတ်မြောက်ရာမှာ သက်သေသာဓကပင်ဖြစ်လေသည်။

ထိုပန်း ရက်ကန်းစက် အတတ်သည် လွယ်ကူသည် မဟုတ်ဘဲ အတော်ခဲခက်သော ပညာတမျိုးဖြစ်လေသည်၊ ထို့ထက် ခဲခက်သော ပညာမျိုးကို ထို့ထက်ကြာမြင့်စွာနှင့် ဝီရိယစွမ်းထုတ်၍ သင်ကြားကြပါက အမှန်မုချ တတ်မြောက်လိမ့်မည်ဟူ၍ ယုံကြည်ထိုက်လေသည်၊ အခြားနိုင်ငံများကလည်း ဤကဲ့သို့ ဖြတ်လမ်းနည်းဖြင့် သင်ကြားကြသည်ကိုလည်း ကျွန်ုပ်တို့ ကြားသိကြရလေသည်၊ ကိုယ့်နိုင်ငံရင်းသားများတတ်မြောက်သောအခါမှာမူကား နိုင်ငံခြားသားတို့ကိုလိုလိမ့်မည်မဟုတ်ချေ၊ ဤကဲ့သို့ ပြဆိုအပ်သော စကားရပ်များသည်ကား အကြံအစည်သစ်, စီးပွားသစ်, ပညာသစ်များကို တိုးတက်ကြီးစားအားထုတ်လုပ်ကိုင် ရှာဖွေကြရန်အတွက်နှင့် စပ်လျဉ်း၍ ပြဆိုအပ်သော စကားရပ်ဖြစ်လေသည်။

စာကြောကျဆရာကြီး၏အလို, ယခုခေတ်အလို နှစ်ပါးကို နှိုးနှော၍ အကျဉ်းချုပ်ဆိုသည်ရှိသော် မိမိလက်ရှိ ခ၀-စိတ်ချရပြီးသော စီးပွားဥစ္စာ, အကြံအစည်အလုပ်အကိုင်များကို လုံးလုံးစွန့်လွှတ်၍ လက်မဲ့အာဂန္တု၊က-စိတ်မချရသေးသောအရာများကိုအယမ်းမဲ့မလိုက်စားရာ၊ သို့ရာတွင် ခြေလှမ်း၏တက်ပုံကို နည်းယူ၍ မိမိအခြေရပြီးအပေါ်မှာ တည့်မတ်စွာရပ်တည်ပြီးလျှင် စဉ်းစားဉာဏ်ဖြင့် အလုပ်သစ် စီးပွားသစ်များကိုလည်း ကြံစည်ကြိုးစား တိုးပွားစည်ပင်အောင် အားထုတ်ရာ၏၊အထူးမကြံစည်မလုပ်ကိုင်ဘဲ နေမြဲတိုင်းဝတ်၍ နေပြန်လျှင်လည်း

အညွန့်တိုးတတ်သည်၊ ရွှေအားထက်သန်စွာနှင့် ခုံလွှားလွန်းအားကြီး ပြန်သော်လည်း ခြေပန်း လက်ပန်းကျ၍ မြော်လင့်သည့် အရာသို့ မရောက်ခင် မောဟိုက်လျက် မှိုင်တွေရတတ်လေသည်၊ **"ခြေလှမ်း ကျယ်လျှင်အလယ်လစ်"** ဆိုသော စကားအရ—လှမ်းမြဲတိုင်း ခြေလှမ်း ထက်တိုး၍လှမ်းလျှင် ကွက်လပ်များ၍ ကြားမစေ့ဘဲဖြစ်တတ်သည်။

ခြေတဘက်ဖြင့် မြေပေါ်မှာထောက်၍ တဘက်ဖြင့် လှမ်းကြွခြင်း အလေ့ရှိးရှိးနှင့်မသွားဘဲ အလျဉ်စလို စုံခုံ၍ချည်းသာသွားလျှင် ကာလ ကြာရှည်ပါက ခြေလှမ်း မှန်မှန်သွားသောသူကို မှီမည်မဟုတ်ချေ၊ သို့ဖြစ်၍ မည်သည့်အရာမှာမဆို ရပ်လည်းမရပ်လွန်း၊ တိုးလည်းမတိုး လွန်း၊ ခြေလှမ်းမှန်မှန်နှင့် ကြံစည်ကြိုးကုတ် အားထုတ်ဆောင်ရွက်ကြ ရာသတည်း။

အသစ်မမြဲခင် အဟောင်းကိုမစွန့်သင့်ကြောင်းပြီး၏။

---

## ၂၁—ရန်သူမျိုး ၄-ပါး

ဣဏကတ္တာ ပိတာ သတ္တု၊ မာတာ စ ဗျဘိစာရိနီ။
ဘရိယာ ရူပဝတီ သတ္တု၊ ပုတ္တော သတ္တု အပဏ္ဍိတော။ ။

**အနက်**။ ဣဏကတ္တာ၊ နောင်ဘို့အရေး သားမြေးအစဉ် မမြော် မြင်ဘဲ ကြွေးတင်မြဲပွားအောင် ပြုလုပ်တတ်သော။ ပိတာ၊ဘခင်သည်။ သတ္တု၊ သားသမီးတို့၏ ရန်သူကြီးမည်၏။ဗျဘိစာရိနီ၊သားများဘခင် ငယ်ကကြင်သည့် ချစ်လင်ရှိလျက် ငယ်လင်မက်တတ်သော။ ဝါ၊သား များမွေးဘ သေဆုံးကမူ ထောက်ဆမတွေး အိမ်ထောင်ရေးဖြင့် ဘထွေး နောက်လင်ကိုယူတတ်သော။ မာတာစ၊ မိခင်သည်လည်း။ သတ္တု၊ သားသမီးတို့၏ ရန်သူကြီးမည်၏။ ရူပဝတီ၊ အဆင်းပြင်လျှာ လွန်စွာလှပသော။ ဘရိယာ၊ မယားသည်။ သတ္တု၊ လင်ယောကျ်ား၏ ရန်သူကြီးမည်၏။ အပဏ္ဍိတော၊ ပညာမရှိသော။ ပုတ္တော၊သားသည်။ သတ္တု၊ မိဘတို့၏ရန်သူကြီးမည်၏။

**ဆိုလိုရင်းမှာ**။ ကြွေးမြဲတင်အောင် ပြုလုပ်တတ်သော ဘခင်သည် သားသမီးတို့၏ရန်သူမည်၏၊ သားသမီးတို့၏ ဘခင်ရှိလျက် လင်ငယ်

ကိုစုံမက် ကြိုက်ချစ်တတ်သော မိခင်သည်ငှင်း, သားသမီးတို့၏ ဘခင်သေဆုံးသော်လည်း ဘထွေးနောက် လင်ငယ်ကိုယူတတ်သော မိခင်သည်ငှင်း သားသမီးတို့၏ရန်သူမည်၏၊ အဆင်းလှသောမယားသည် လင်ယောကျ်ား၏ ရန်သူမည်၏၊ ပညာမရှိသော သားဖျင်းသည် မိဘတို့၏ ရန်သူမည်၏-ဟူ၍ ဆိုလိုသည်။

ဆောင်ပုဒ်လင်္ကာ

၁။ မြီများကြွေးတင်၊ ပြုလေချင်၊ ဘခင်ရန်သူတည်း။
၂။ ဘောက်ပြန်လေချင်၊ ကျင့်မစင်၊ မိခင်ရန်သူတည်း။
၃။ အဆင်းပြင်လျာ၊ လှဆန်းပါ၊ ကြင်ရာရန်သူတည်း။
၄။ ပညာကင်းဝေး၊ မိုက်မဲမွေး၊ ရင်သွေးရန်သူတည်း။

၁။ "ကြွေးမြီကို တင်ရှိအောင် ပြုတတ်သောဘခင်သည် သားသမီးတို့၏ ရန်သူမည်၏"ဟု ဆိုရာ၌- သားသမီးတို့မည်သည် မိဘတို့၏ အမွေခံများဖြစ်လေသောကြောင့် မိဘတို့က ကောင်းမွေကိုထားခဲ့လျှင် သားသမီးတို့မှာ ချမ်းသာစွာခံစံကြရ၍ ဆိုးမွေကိုထားခဲ့လျှင် သားသမီးတို့မှာ နစ်နာဆင်းရဲကြရလေသည်၊ လောကမှာ ဆင်းရဲ ဒုက္ခပေးသောသူကို ရန်သူဟူ၍ ခေါ်ဝေါ်သမုတ်ကြကုန်၏၊ သားသမီးတို့အား ဆင်းရဲဒုက္ခကို ပေးထားခဲ့သောဘခင်သည် အဘယ်မှာ ရန်သူမဖြစ်ဘဲနေနိုင်ပါအံ့နည်း၊ သားသမီးတို့အပေါ်၌ မိဘတို့က ပြုရမည်ဖြစ်သော ဝတ်တရားသည် ငါးပါးအပြားရှိ၏။

၁။ မကောင်းသောအမှုအရာတို့မှရှောင်ကြဉ်စေခြင်း,
၂။ ကောင်းသောအမှုအရာ၌သာယှဉ်စေခြင်း,
၃။ အတတ်ပညာကိုသင်ပေးခြင်း,
၄။ အရွယ်တိုင်ရောက် လူလားမြောက်သည့်အခါ သင့်လျော်လျောက်ပတ်စွာထိမ်းမြားမင်္ဂလာမှုကိုပြု၍ပေးခြင်း,
၅။ အမွေဥစ္စာကိုပေးခြင်း,

ဤငါးပါးကား သားသမီးတို့၌ မိဘတို့ကပြုရမည်ဖြစ်သောဝတ်တရားငါးပါးပေတည်း၊ ဤဝတ်များကိုရည်၍—

သားတို့၌ဝယ်၊ ပြဘွယ်တကြောင်း မကောင်းကိုကြဉ်၊ ကောင်းရာယှဉ်၍၊ သင်သည်အတတ်၊ လျောက်ပတ်သူအား ထိမ်းမြားထိုက်ပေ၊ အမွေဥစ္စာ လျော်စွာပေးပြား၊ ဤငါးပါးကို နှစ်ပါးမိဘကျင့်အပ်စွ။

ဟူ၍ရှေးဆရာတို့ စပ်ဆိုကြလေသည်၊ ထိုကျင့်ဝတ်ငါးပါးတို့တွင် သားသမီးတို့အား အမွေဥစ္စာကိုပေးရမည်ဟူ၍ ကျင့်ဝတ်တပါးပါရှိလေ၏၊ အမွေသည်ကောင်းမွေ, ဆိုးမွေဟူ၍နှစ်မျိုးရှိ၏၊ ထိုနှစ်မျိုးတို့တွင်—

၁။ ရွှေငွေရတနာ လယ်ယာချောင်းမြောင်းစသော ပစ္စည်းဥစ္စာ အမွေသည် ကောင်းမွေမည်၏။
၂။ ကြွေးမြီတင်ရှိ၍ ၎င်းကြွေးကို မဆပ်နိုင်ဘဲ အမွေအားဖြင့်ချန်ခဲ့သော ကြွေးများသည်ဆိုးမွေမည်၏။

ထိုအမွေနှစ်ပါးတို့တွင် ကောင်မွေကိုပေးသော ဘခင်သည်သာလျှင် သားသမီးတို့အပေါ်၌ ဝတ်တရားကြေပြွန်လေသည်၊ ကောင်းမြတ်သောဘခင်ဟူ၍ ခေါ်ဆိုရလေသည်၊ ကောင်းမွေကို ချန်ထားခဲ့သောဘခင်၏ သားသမီးများသည်လည်း အမျိုးကောင်းသားပြီသ၍ လောကမှာမျက်နှာရှိကြလေသည်၊ ဆိုးမွေကိုချန်ထားခဲ့ပါလျှင် ထိုဘခင်သည် သားသမီးတို့ကို နှိပ်စက်သည်မည်သောကြောင့် ကောင်းသောဘခင်ဟူ၍မဆိုနိုင်ချေ၊ သားသမီးတို့အား ဆင်းရဲဒုက္ခကို ပေးထားခဲ့သောကြောင့် ထိုဘခင်ကို သားသမီးတို့၏ရန်သူကြီးဟူ၍ခေါ်ဆိုရလေသည်။

ဘခင်လက်ထက်က ကြွေးမြီတည်းဟူသော ဆိုးမွေကိုသာခံစံကြရကုန်သောသားသမီးတို့သည် ထိုကြွေးမြီများကို ဆပ်ပေးနေရသည့်အတွက်နှင့်ပင် မိမိတို့၏စီးပွားဖြစ်ထွန်းကြောင်းများကို မစုံဆောင်းနိုင်ကြကုန်ဘဲ တမွဲတည်းမွဲ၍သာ နေတတ်ကြကုန်သည်၊ ပစ္စည်းဥစ္စာတို့မည်သည် အစိုင်အခဲဖြစ်အောင် စုဆောင်းခြင်းသို့ မရောက်သေးလျှင် ရှာ၍ရသမျှသော ပစ္စည်းဟူသမျှသည် မီးတွင်ထည့်အပ်သော ကောက်ရိုးကဲ့သို့ ပြုန်းတီးတတ်လေချည်းသာဖြစ်၏၊ မိဘတို့ဝတ်တရား

ရှိသည့်အတိုင်း ဘိုးဘေးအစဉ်အဆက်တို့က အဆင့်ဆင့်ပစ္စည်းဥစ္စာ ရတနာတည်းဟူသော ကောင်းမွေများကိုသာ သားသမီးတို့အားပေး ထားနိုင်ကြလိမ့်မည်ဆိုလျှင် မိမိတို့အမျိုးအစဉ်အဆက်မှာ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝ၍ လောက်ပြေည့်စုံမည်သာဖြစ်လေ၏။

ကျွန်ုပ်တို့ဗုဒ္ဓဘာသာကျမ်းဂန်များတွင်ဆွေခုနစ်ဆက်,မျိုးခုနစ်ဆက် တို့မှ ဆင်းသက်လာသောပစ္စည်းဥစ္စာ အစုအပုံတို့ဖြင့် အလွန်တရာ ချမ်းသာကြွယ်ဝသော သူဋ္ဌေးများအကြောင်းကို များစွာပြဆိုလျက်ရှိ လေ၏၊ ဘုရားအလောင်းတော်သုမေဓာ၏ ဝတ္ထုစသည်တို့ကို ထောက် လေ၊ မင်္ဂလာတရားတော်တွင်လည်း သားသမီးများကို ချီးမြှောက် ထောက်ပံ့ခြင်းသည် မင်္ဂလာတပါးဖြစ်၏- ဟူ၍မြတ်စွာဘုရားဟော ကြားတော်မူ၏၊ ဤလောက၌အချို့သောဘခင်တို့သည် နောင်အနာဂတ် အခါကာလတွင် သားသမီးများအတွက် မည်သို့မျှငဲ့ကွက်ခြင်းမရှိဘဲ ထင်ရာပေါက်လွှတ်ပြုကျင့်တတ်ကုန်၏၊ ကိုယ့်လက်ထက်ကာလ၌သာနမှာ ကောင်းလျှင်ပြီးရော ဟူသောအနေနှင့် ပစ္စည်းဥစ္စာများကိုပင်သော် လည်းဖြုန်းတီးတတ်ကြကုန်၏၊ ထိုဘခင်များသည်သားသမီးတို့၏ ရန် သူအဖြစ်သို့ရောက်သောဘခင်တို့သာဖြစ်တတ်ကုန်၏။

အမွေဆိုး ဆိုသောအရာတွင် ကြွေးမြီမျှသာမဟုတ်သေးဘဲ ဘခင်၌ စွဲကပ်သော အနာဆိုးရောဂါဆိုးသည်လည်း အမွေဆိုးပင် မည်လေ ၏၊များသောအားဖြင့်ဘခင်တို့၌စွဲကပ်သောရောဂါအနာဆိုးများသည် သားသမီးတို့ကိုသော်လည်းကူးစက်ပြန့်ပွားစေတတ်၏၊ဘခင်၏ရောဂါ အနာတည်းဟူသော အမွေဆိုးကိုသားသမီးများခံရတတ်ကုန်၏၊ဘခင် မှကူးစက်၍ ဖြစ်ပွါးလာသော ရောဂါအမွေကို ခံယူကြရကုန်သော သားသမီးတို့သည် တဘဝမှာ လူစဉ်မှီ၍လူချင်းတူမျှရန် ခဲယဉ်းရှာကြ ကုန်၏၊ ကြွေးမြီအမွေကို ခံရသည်ထက်အနာရောဂါအမွေကို ခံရခြင်း သည်သာ၍ပင် နစ်နာလေ၏။

ထို့ပြင်လည်း ဘခင်တို့၏ ဆိုးဝါးယုတ်ညံ့သော အမူအရာဝါသနာ ဆိုးသည်လည်း ဆိုးမွေပင်မည်လေ၏၊ ထိုဝါသနာဆိုးသည် သားသမီး တို့အား စွဲကပ်လေသည်ရှိသော် လူကောင်း သူကောင်း ဖြစ်နိုင်ရန် အတန်ကြီးပင် ခဲယဉ်းရှာကြကုန်၏၊ ဤစာဏကျ နီတိကျမ်းမှာပင်—

> ''ပိတုဒေါသေန မုဠ္ဟတာ''ဟူ၍ဆိုလျက်ရှိ၏၊ ပိတုဒေါသေန၊ ဘခင်အပြစ်ကြောင့်။ မုဠ္ဟတာ၊ သားသမီးတို့၏ မိုက်မဲညံ့ဖျင်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။

အဘ၏ အပြစ်ကြောင့် သားသမီးများ မိုက်မဲရလေသည်-ဟူ၍ ဆိုလိုသည်၊ လောက၌ အခြားသူများက ကိုယ့်သားသမီးများကို တစုံတရာထိခိုက်၍ နှိပ်စက်သည့် အရိပ်ကိုမြင်လျှင် မိဘပြုလုပ်သောသူတို့မှာ အသည်းနှလုံးသို့ထိခိုက်အောင်နာကျင်ကြကုန်၏၊ ကိုယ့်သားသမီးကို ကိုယ်တိုင် နှိပ်စက်၍ နေကြသည်ကို မှုကား-နှိပ်စက်သည်-ဟူ၍ မထင်နိုင်ကြကုန်၊ ယခင်ပြဆိုခဲ့ပြီးသော ဆိုးမွေများသည် သားသမီးတို့ကိုနှိပ်စက်သည်မည်၏၊ ''ရင်သွေး-ဟူက ချစ်မဝ''ဟူသော စကား အတိုင်း သားသမီးတို့ကို မုန်းသည်-ဟူ၍ကား-မရှိကြကုန်၊ သားသမီးတို့၏ ချမ်းသာကို များစွာလိုလား တောင့်တကြသည်သာ များ၏၊ အချို့သော ဘခင်တို့သည် သားသမီးတို့အတွက် ကောင်းမွေကိုချန်ထားချင်လျက် အလုပ်အကိုင် အခွင့်အလမ်းမတွေ့သည်နှင့် ကြွေးမြီ-တည်းဟူသော ဆိုးမွေများကို ချန်ထားခဲ့ရကုန်သည်။

အအုပ်အထိန်း, သွန်သင်နည်းပြ ပယောဂ ညံ့ဖျင်းသည့်အတွက်ကြောင့် သားသမီးတို့ပျက်စီးသည့်အရာမှာမူကား-မိဘတို့၏တာဝန်ပင်ဖြစ်လေ၏၊ သားသမီးတို့ကို ငယ်စဉ်ကစ၍ ကျူးနွံယဉ်ကျေးစွာရှိအောင် မဆုံးမလျှင်လည်း ထိုမိဘများသည် သားသမီးတို့၏ ရန်သူပင်ဖြစ်၏၊ ထို့ကြောင့်''သားသမီးကို၊ ငယ်ကတည်းက၊ မဆုံးမ၊မိဘတလည်၊ ရန်သူမည်၏''ဟူ၍ ရှေးဆရာကြီးတို့စပ်ဆိုကြလေကုန်သည်။

ထို့ကြောင့် ဘခင်ပြုလုပ်သော သူတို့သည် သားသမီးတို့ရန်သူများမဖြစ်ကြရလေအောင် ဆိုးမွေများကို မချန်ထားခဲ့ကြဘဲ ကောင်းမွေများကိုချန်ထားခဲ့ကြရန်ကိုထက်သန်စွာဂရုစိုက်သင့်ကြပေသည်၊ နောင်ကြီးပွါး၍ လူလားမြောက်လတံ့သော အမျိုးသားသူငယ်ကလေးများကို တစုံတရာနစ်နာထိခိုက်မှုကို မဖြစ်စေဘဲ ဘခင် အသီးသီးတို့သည် ကိုယ်စီကိုယ်ငှ ဖြစ်သော သားသမီးများကို ကောင်းစားရစ်ကြစေရန်အတွက်နှင့်ဆိုးမွေ-ဟူ၍မရှိစေဘဲကောင်းမွေသက်သက်ကိုသာချန်ထားနိုင်ကြပါလျှင် အမျိုးသားတို့၏ ကြီးပွါးခြင်းလည်း သက်ဆိုင်လေသည်။

ကောင်းမွေဆိုသောစကားမှာ ပစ္စည်းဥစ္စာကိုသာ မကောက်ယူဘဲ အတတ်ပညာသင်ပေးခြင်းများကိုလည်း ကောင်းမွေ-ဟူ၍ဆိုသင့်လေသည်၊ သားသမီးတို့အား ပစ္စည်းအမွေကို ပေးထားခဲ့ခြင်းထက် အတတ်ပညာအမွေကို ပေးထားခဲ့ခြင်းသည် သာ၍ကောင်းမြတ်လေ၏၊ ထိုစကားမှန်၏၊ ပစ္စည်းဥစ္စာမည်သည်အမြဲထာဝရ နိစ္စပိုင်ဆိုင်မပျက်မစီးနိုင်-ဟု မဆိုသာ၊ ရေ, မီး, မင်း, ခိုးသူ-စသော ဘေးအန္တရာယ်များကြောင့် ပျက်စီးမည်ဆိုလျှင် ခဏခြင်းပျက်စီးနိုင်၏၊ ပညာဆိုသည်မှာ အဇ္ဈတ္တဥစ္စာဖြစ်လေသောကြောင့် ထိုကဲ့သို့ပျက်စီးနိုင်မည် မဟုတ်ချေ၊ အတတ်ပညာရှိ၍ နေသောသူသည် ဥစ္စာပင်မရှိစေကာမူ များစွာ ဆင်းရဲနိုင်မည်မဟုတ်၊ ထိုပညာဖြင့် အသက်ကို မွေးမြူနိုင်လေ၏။

ယခုအခါ အတတ်ပညာ များကို ထိထိ ရောက်ရောက် တတ်မြောက်အောင် သင်ကြားရာတို့၌ မိဘပြုလုပ်သော သူတို့မှာ သားသမီးတို့၏ အတွက် များစွာပင် ပစ္စည်းဥစ္စာတို့ကို အကုန်ခံကြရကုန်၏၊ ခေတ်ကာလအလိုက် ဘိလပ်မြို့သို့ပို့နိုင်မှ နေရာကျသကဲ့သို့ရှိလေ၏၊ သားလေးငါးယောက်ရှိလျှင် ထိုသားအလုံးစုံကို အကုန် ဘိလပ်သို့ ပညာသင်စေလွှတ်နိုင်ရန် ခဲယဉ်းကြကုန်၏၊ ငွေကြေးအကုန်အကျခံ၍ ပညာ သင်စေခြင်းသည်လည်း အမွေပေးခြင်းပင် ဖြစ်၏၊ သားတယောက်ကို ထိထိရောက်ရောက်ပညာ အမွေကို ပေးထားလျှင် ကျန်သားများအတွက် ထိုသို့ပညာအမွေကို မပေးနိုင်ပါက ဥစ္စာအမွေကို ပေးရာ၏။

ပညာအမွေကို ရရှိပြီးသော သားကလည်း ပညာအမွေကို မခံရသော သားချင်းများအတွက် ပေးရန်ဖြစ်သော ပစ္စည်းအမွေထဲက ညီတူညီမျှရထိုက်သည်ဟု ဥပဒေတတ်ကျမ်းတိုင်း မပြောသင့်ချေ၊ အချို့သောသူတို့သည် ပညာသင်ကြား တတ်မြောက်၍ ပါးနပ်သည့်အတွက်ကြောင့်ပင်လျှင် သားချင်းများနှင့် မိဘများကိုပင် ပြန်၍ပညာရှိနှိပ်စက် နှိပ်စက်တတ်ကုန်၏၊ ထိုသို့ပြုလုပ်လျှင် ပညာတတ်မြောက်သည့်အလျောက် ယဉ်ကျေး၍ ညာတာသည်မဟုတ်ချေ။

[ဤစကားရပ်ကား-ပလမအချက်နှင့်စပ်လျဉ်း၍ပြဆိုအပ်သောစကားရပ်ပေတည်း။]

၂။ ဒုတိယအချက်၌ "သားသမီးများ၏ ဘခင်ဖြစ်သူ ရှိလျက် သဘော တမျိုးတမည်ပြောင်းလဲ၍ တပါးသောယောကျ်ားကို မြှော် မြင်တတ်သော မိခင်သည် သားသမီးတို့၏ ရန်သူကြီးမည်၏" ဟု ဆို ရာ၌–ထိုကဲ့သို့သဘောရှိသော မိခင်များသည်လည်း လောက၌ ရှိတတ် ကုန်၏၊ သားသမီးတို့မည်သည် နှမစုံမွေးဘွားသော မိဘနှစ်ပါးနှင့် အတူတကွနေထိုင်ရမှသာလျှင် အချက်ကျ၍ ချမ်းသာကြီးပွားနိုင်ကြ ကုန်သည်၊ တစုံတရာအမိဖြစ်စေ၊ အဘဖြစ်စေ၊ ချို့တဲ့၍သွားလျှင် များ စွာအခြေပျက်စီး၍ မကြီးပွားမချမ်းသာနိုင်ကြကုန်။

မိန်းမတို့၏သဘောသည်လည်း အမြော်အမြင်နည်းပါး၍ ပညာ မျက်စိမှေးသောကြောင့် တရံတခါ ကြံမကြံရာ ထင်မိထင်ရာ ပြုလုပ် ကြံစည်တတ်ကုန်၏၊ သူတို့ သာယာတပ်မက်မိလို့ရှိလျှင် သားသော သမီးသော, ဆွေမျိုးမိဘသော မထောက်မညှာ ပေါက်ချင်ရာပေါက် ကွဲချင်ရာကွဲ ပြုလုပ်တတ်ကုန်၏၊ ထိုသို့ပြုလုပ်သောမိန်းမများကိုလည်း တွေ့မြင်ကြရကုန်၏၊ ပရဒါရကံကို မကြောက်သော ယောကျ်ားတို့က အဖြားယောင်းကောင်းလျှင် မှားယွင်းလိုက်ပါတတ်ကုန်၏။

ပရဒါရကံကို မကြောက်သော ယောကျ်ားတဦးက နှူး၍ဖြား ယောင်းလျှင် အမြင်မျက်စိမှေးသော မိန်းမများသည် အဘယ်မှာ ကာမေသုမိစ္ဆာစာရကံကို ကြောက်ပါအံ့နည်း၊ သားသမီးတို့၏ဘခင် ဖြစ်သော ချစ်ဟောင်း လင်ယောကျ်ားရှိလျက် တစုံတဦးသော သူကို တပ်မက်၍ မျက်စိထဲမှာ စွဲလမ်းနေပါလျှင် ရေတော်သော နွားသည် ရေကိုမြင်ရာ သောက်ချင်အားကြီးနှင့် ချည်နှောင်၍ထားသောကြိုးကို အတင်းရုံးကန်၍ ဖြတ်သကဲ့သို့ မိမိလင်ဟောင်း ယောကျ်ားကိုပင် အတင်းဖြတ်တောက်ချင်သော စိတ်ဆိုး စိတ်မိုက် ဖြစ်ပေါ်၍ လာလေ သည်။

ထိုအခါ တနည်းနည်းဖြင့် လင်ကြီးနှင့်မတဲ့အောင် အမျိုးမျိုးသော ကန့်လန့်တောင့်ဖြတ်တွေကိုပြုလုပ်လေ၏၊ လင်ဖြစ်သူ မခံသာအောင် ကြမ်းတမ်းယုတ်မာစွာသော စကားတို့ကို ပြောကြားလေ၏၊ အမြင် ကပ်စရာ ဆိုးယုတ်စွာသော အမူအရာကိုပြုကျင့်လေသည်၊ သည်းမခံ နိုင်အောင် ရန်ခိုက်ဖြစ်ပွါးအောင် တစောင်ထဲ စောင်၍ နေ၏၊

လင်ကြီး၏အပြစ်ကိုသာ ရှာကြံ၍နေ၏၊ လင်ကြီးဖြစ်သူက မခံနိုင်၍ ရန်ဖြစ်ကြသောအခါ ထိုအချက်ကို ရမယ်ရှာပြီးလျှင် ကွာရှင်းရန် ပြုလုပ်လေ၏၊ လင်ဖြစ်သူက အမြော်အမြင်ကြီးသဖြင့် မကွာရှင်းရန် အချက်သို့ ဆွဲဆောင်ပါသော်လည်း မိန်းမဖြစ်သူကအတင်းဇွတ်ကန်၍ ငြင်းပယ်လေ၏။

ထိုအခါ မပြောလောက်သော အပြစ်နှင့်ပင် ကွာရှင်းရလေ၏၊ ထိုသို့မှ ကွာရှင်း၍ မဖြစ်နိုင်လျှင် မိန်းမဖြစ်သူက ပရိယာယ် ဉာဏ်ဆင်၍ ဗေဒင်ဆရာများနှင့် နှီးနှောတိုင်ပင်ပြီးလျှင် "သင်တို့လင်မယား ယခုလိုပေါင်းသင်း၍ မည်သို့ဘေးရောက်လိမ့်မည်၊မည်သို့ပျက်စီးကိန်း မြင်သည်" ဟုဟောပြောစေ၏၊ ထိုဗေဒင်ဆရာ၏ စကားကိုအတည်ကျမှတ်ယူပြီးလျှင် စိတ်ဖျောက်လက်ဖြေ ကိုန်းကျေရုံမျှ ကွာရှင်းကြသည့် အနေနှင့် ကွာရှင်းလေ၏၊ ကိုန်းချေသကဲ့သို့ ပြုလုပ်သောကွာရှင်းခြင်းကို တကယ်စင်စစ်ကွာရှင်းခြင်းဖြစ်စေပြီးလျှင် မိန်းမဖြစ်သူက ကွာစာ ရသည့်နောက် သူ့အလိုရှိသောယောကျ်ားနှင့်ပေါင်းသင်းတတ်လေ၏၊ အချို့သောမိန်းမများလည်း နတ်ကတော်နှင့်ကပ်၍ ဤသို့ကြံစည်တတ်ကုန်၏၊ထိုထက်ရက်စက်ကြမ်းကြုတ်၍ စိတ်ယုတ်စိတ်ဆိုးရှိသော မိန်းမများသည်ကား ယောကျ်ား၏ သေကြောင်းကိုကြံစည်လေ၏၊ အဆိပ်ခပ်၍ ကျွေးခြင်းစသည်ဖြင့်လင်ကြီးကို သတ်ဖြတ်တတ်ကုန်၏။

ဤသို့ပြုလုပ်သော အမှုအရာဆိုးများကိုလည်း လူ့ပြည်လောကမှာ မကြာမကြာပင် ကြားသိတွေ့မြင်ကြရကုန်၏၊ ထိုသို့ဖြစ်လေသောအခါ နှမစုံမွေးဘွားသောကလေးသူငယ်တို့မှာ များစွာသိမ်ငယ်၍ အစစအခြေပျက်ကြလေကုန်၏၊ မိခင်ဘက်သို့လိုက်သွားသော ကလေးများဖြစ်လျှင် နောက်ဘထွေးနှင့် နေကြရသည့်အတွက် ဘထွေးမျက်နှာမသာမည်ကို လွန်စွာကြောက်လန့်ရကုန်၏၊ အလွန်ကောင်းသော ဘထွေးပင်ဖြစ်စေကာမူ ဆိုးသောဘခင်ကဲ့သို့ ကလေးသူငယ်များ အပေါ်မှာ အကြင်နာနှင့်မေတ္တာသက်ဝင်ကြကုန်၏၊ ထို့ပြင်မိမိဘခင်နှင့် ရှိရစ်ကြသော ကလေးသူငယ်များ ဖြစ်လျှင်လည်း မိခင်ကင်းမဲ့သည့် အတွက်နှင့် သာ၍ပင်ငြိုငြင်ဆင်းရဲကြကုန်၏။

မိခင်သည် ဘခင်ထက် သားသမီးများကို ကြင်နာယုယစွာနှင့် ပြုစုလုပ်ကျွေးထိန်းကျောင်းတတ်၏၊ ထို့ကြောင့် မိခင်အုပ်ချုပ်ပျိုးထောင်မှုကို ကြီးပွားရသော ကလေးသူငယ်များသည် ကလေးကဝ ပင်ပန်းရှာကြရကုန်၏၊ ဘခင်ဖြစ်သောသူက နောက်ဆက်လက်သားမယားမွေးမြူမည်ဆိုပါလျှင် ထိုကလေးသူငယ်များသည် မိထွေး၏ လက်တွင်းသို့ရောက်ရလေ၏၊ အကောင်းဆုံးဟူ၍ဆိုရသောမိထွေး၏အမှုအရာသည် အဆိုးဆုံး ဖြစ်သောမိခင်၏ အမှုအရာကိုမမှီနိုင်ချေ၊ မိထွေးနှင့်နေရသောကလေးသူငယ်များသည် အစိမ်းဝါး၍ စားတတ်သော ဘီလူးမကြီးထံမှာ အပ်နှံထားသော သူငယ်များကဲ့သို့ ဆင်းရဲနွမ်းပါးတတ်ကုန်၏။

ဤကဲ့သို့ မိဘစုံလင်စွာ မနေကြရကုန်ဘဲအမိတဘက်ပဲ့ အဘတဘက်ပဲ့ မိမဲ့ဘမဲ့ မိတဆိုးဘတဆိုး ဖြစ်ကြကုန်သောအခါ မည်သည့်အရာမှာမဆို အခြေမကျနိုင်ကြကုန်ဘဲ သိမ်ငယ်စွာနှင့် ကြီးပွားကြရကုန်၏၊ ပြဆိုခဲ့ပြီးသောအတိုင်း သားသမီးတို့၏ဆင်းရဲခြင်းမှာ မိခင်မကောင်းသည့်အတွက်ကြောင့်ဖြစ်ရလေသည်၊ ထို့ကြောင့်သားသမီးတို့အား ဆင်းရဲကိုပေးတတ်သဖြင့် ထိုကဲ့သို့ သဘောရှိသော မိခင်ကိုသားသမီးတို့၏ ရန်သူကြီးဟူ၍ စာဏကျဆရာကြီးမိန့်ဆိုလေသည်၊ ဤကဲ့သို့သဘောရှိသော မိန်းမကား ရှားသည်မဟုတ်ချေ၊ မဟောသဓာဇာတ်၌ စူဠနီဗြဟ္မဒတ်မင်းကြီး၏ မယ်တော်သည် ထိုကဲ့သို့သဘောရှိသောမိခင်ပင်ဖြစ်လေသည်၊ ဤနေရာ၌ လွန်စွာပင်အကြောင်းသင့်လျော်သဖြင့် မယ်တော်စလာကဒေဝီကြီး၏ အကြောင်းအကျဉ်းမျှတို့ကိုအမြွက်မျှပြဆိုပါဦးမည်။

### စလာကဒေဝီဝတ္ထု

တနေ့သောအခါ ဘေရီပရိဗိုဇ်မသည် မှူးမတ်အပေါင်းတို့ဖြင့်ဝန်းရံ၍နေသော စူဠနီဗြဟ္မဒတ်မင်းကြီးထံသို့ ဝင်ပြီးလျှင် မင်းကြီးအားပုစ္ဆာတခုကို မေးလိုသည်ခွင့်ပြုပါဟုဆိုရာ မင်းကြီးကခွင့်ပြုလေ၏၊ ထိုအခါ ဘေရီပရိဗိုဇ်မသည် ဒကရက္ခိုသ်၏ပြဿနာကိုမေးလေ၏၊ "မင်းကြီး..သမုဒ္ဒရာ၌ သင်္ဘောပျက်ခြင်းတည်းဟူသောဘေးကြီးဖြင့် နှိပ်စက်သောအခါ ရေစောင့် ဘီလူးတယောက်သည်လာ၍ သင်တို့ခုနစ်

ယောက်တွင် အဘယ်သူကို အသင်ရှေဦးစွာ ပေးမည်နည်း၊ လူ၏အသွေးအသားကိုစားလိုသည်ဟု တောင်းခံလာလျှင် မည်သူ့ကိုရှေဦးစွာပေးမည်နည်း'' ဟူ၍မေးလေ၏၊ ထိုအခါ စူဠနီဗြဟ္မဒတ်မင်းက—

''မာတရံပထမံဒဇ္ဇံ။ ။မာတရံ၊ မယ်တော်စလာကဒေဝီကို။ ပထမံ၊ ရှေဦးစွာ။ ဒဇ္ဇံ၊ ရေစောင့်ဘီလူးအား ပေးပါအံ့။

ဟူ၍ ရှေဦးစွာ သူ၏မယ်တော်ဖြစ်သော စလာကဒေဝီကို ဒကရက္ခိုသ်အားပေးမည်-ဟု ဖြေကြားလေသည်၊ ''အဘယ့်ကြောင့် ကျေးဇူးရှင်ကြီး ဖြစ်သော မွေးသည့်မိခင်ကို ရှေဦးစွာရေစောင့်ဘီလူးအားပေးရမည်နည်း''ဟုပေးပြန်ရာ မယ်တော်စလာကဒေဝီ၏အပြစ်ကိုဖော်ပြလေ၏၊ အပြစ်ကား-ဤသို့တည်း၊ စူဠနီဗြဟ္မဒတ်မင်းကြီး၏ ခမည်းတော်သည် မဟာစူဠနီ မည်၏၊ မယ်တော် စလာကဒေဝီသည်ကား ထိုမဟာစူဠနီမင်းကြီး၏ မိဖုရားကြီးပင် ဖြစ်လေသည်၊ မဟာစူဠနီမင်းကြီးအသက် ယင်ရှားရှိစဉ်ကပင်လျှင် စလာကဒေဝီသည် ဆဒ္ဒိမည်သော ပုဏ္ဏားနှင့် မှားယွင်းဘောက်ပြန် လေ၏၊ အဟောင်းထက် အသစ်ကို ပက်သော စလာကဒေဝီသည် သူ၏လင်ကြီးဖြစ်သော မဟာစူဠနီမင်းကြီးကိုသတ်၍ ဆဒ္ဒိပုဏ္ဏားနှင့် ထီးနန်းစည်းစိမ်ကို ခံစားလိုသော သဘောရှိ၏။

တနေ့သောအခါ စလာကဒေဝီသည် ပွဲတော်အုပ်မှာ အဆိပ်ခပ်၍ မဟာစူဠနီမင်းကြီးကို သတ်လေ၏၊ ထိုအခါစူဠနီ ဗြဟ္မဒတ်မင်းသည် ကလေးသူငယ် အရွယ်အားဖြင့်သာ ကျန်ရစ်လေ၏၊ မဟာစူဠနီ မင်းကြီးကို အဆိပ်ခပ်၍ သတ်ကြီးသော် စလာကဒေဝီမိဖုရားသည် ဆဒ္ဒိပုဏ္ဏားကြီးကို နန်းအပ်၍ ဘုရင်ပြုလုပ်စေ၏၊မိမိမူကား-မိဖုရားကြီး အဖြစ်နှင့်ပင်စံစားလေ၏၊ ဆဒ္ဒိပုဏ္ဏားကြီးသည် ကျန်ရစ်သော စူဠနီဗြဟ္မဒတ်မင်းသားငယ်၏ ဉာဏ်ပညာ ကြီးကျယ်သည်ကို တွေ့မြင်လေသည်မှ်သော် နောင်အခါ၌ ငါ၏ ရန်သူဖြစ်လတ့်-ဟူ၍ စိုးရိမ်သောကြောင့် ဤမင်းသားငယ်ကို ယခု အရွယ်ကပင် သတ်ဖြတ်မှ သင့်မည်-ဟု ကြံစည်လေ၏၊ (ဤသို့ကြံစည်ခြင်းမှာ ဘထွေးဖြစ်သည့် အတွက်ကြောင့် ရက်စက်စိမ်းကား၍ ကြံစည်လေသည်၊ ဘထွေးတို့၏ သဘောသည် ဤမျှလောက် ရက်စက်စိမ်းကားသည်-ဟူ၍ ဤအချက်ဖြင့် သိရာ၏။)

ဆဗ္ဗိပုဏ္ဏားကြီးသည် မင်းသားငယ်ကို သတ်ဖြတ်လိုကြောင်းနှင့် စလာကဒေဝီမိဖုရားကြီးအားပြောကြားရာ "အရှင်မင်းကြီး အလိုရှိသော အတိုင်းဖြစ်ပါစေမည်၊ အလွန်ချစ်ခင်အပ်သော လင်၏ရန်သူကို ထားသဖြင့် အဘယ်မှာ အကျိုးရှိပါအံ့နည်း"ဟူ၍ ကိလေသာသွေး မြောက်သဖြင့် ရဲဝံ့စွာဝန်ခံလေ၏၊ (ဤအရာကို ထောက်ဆသဖြင့် မေတ္တာချစ်နှင့် ကိလေသာချစ်နှစ်ပါးမည်သူက အားကြီးကြောင်းကို ဆင်ခြင်နိုင်လေသည်၊ ကိလေသာဖြားယောင်းသောအခါ မိမိ၏ သားကိုပင်မညှာမထောက်နိုင်ဘဲ ဖြစ်တတ်လေသည်၊ ထို့ကြောင့် "ကိလေသာအပြင်းဘမ်းမှဖြင့် အကန်းတွေချည်းသာဖြစ်သည်"ဟူ၍ ပညာရှိတို့ ဆိုကြပေကုန်သတည်း။)

စလာကဒေဝီလည်း ရင်သွေးဖြစ်၍ ရက်စက်စိမ်းကားစွာသတ်ဖြတ်နိုင်သည် တကြောင်း၊ ပရိယာယ် ဝေဝုစ်အရာမှာ ပွန်စွာကျွမ်းကျင်သည်လည်း တကြောင်း၊ ထိုအကြောင်းများကြောင့် သူ၏လင်ငယ်ယောကျ်ားကို စိတ်ကျေနပ်လေအောင် စားတော်ကဲနှင့် တိုင်ပင်၍ အခြားနိုင်ငံသို့ ထွက်သွားစေ၏၊ စားတော်ကဲ၏ အိမ်ကိုမူကား-မီးနှင့်ရှို့၍ ဆိတ်ရိုးတို့ကို မီးလောင်ပြင်၌ ရှိရစ်စေ၏၊ထိုအခါ စလာကဒေဝီသည် ဆဗ္ဗိပုဏ္ဏားထံသို့ဝင်ပြီးလျှင် "အရှင်မင်းကြီး····ယခုအခါ အကျွန်ုပ်တို့၏ အလိုဆန္ဒသည်ပြည့်ဝလေပြီ၊ စူဠနီဗြဟ္မဒတ် မင်းသားကို စားတော်ကဲအိမ်မှာ အပ်ထားသဖြင့် ထိုအိမ်ကိုမီးရှို့ရာ စားတော်ကဲ, ၎င်းစားတော်ကဲ၏သား ဓနုသေခတို့နှင့်တကွ စူဠနီဗြဟ္မဒတ် မင်းသားသည် သေဆုံးစုတေလေပြီ၊ ယခုအခါအရိုးများကြွင်းကျန်ပါတော့သည်" ဆို၍ မီးလောင်ပြင်၌ ဆိတ်ရိုးတို့ကို ယူဆောင်၍ ပြလေ၏။

ဆဗ္ဗိပုဏ္ဏားလည်း မိဖုရားပြောသောအတိုင်း ယုံကြည်စိတ်ချလေ၏၊ (ဤနေရာအချက်ကို ထောက်သဖြင့်လည်း မိန်းမတို့၏ ပရိယာယ်များကြောင်း၊ မိန်းမက ပရိယာယ်ဆင်၍ ပြောကြားလျှင် ယောကျ်ားဖြစ်သူတို့ ယုံကြည်တတ်ကြောင်းကိုသိသာလေသည်၊) စားတော်ကဲသည်မူကား စလာကဒေဝီ ပေးသောရွှေငွေရတနာတို့နှင့် မိမိ၏ သား ဓနုသေခ, စူဠနီဗြဟ္မဒတ် မင်းသားငယ်တို့ကို ခေါ်ဆောင်ပြီးလျှင် မဒ္ဒရာဇ်တိုင်း သာဂလပြည်သို့ ထွက်ပြေးလေ၏၊ သာဂလပြည်သို့

ရောက်ကြလျှင် ဘုရင်မင်းကြီးထံသို့စားတော်ကဲဝင်၍ ခစားရာယခင်ကဲ့သို့ပင် စားတော်ကဲအရာကို ရရှိလေ၏၊ ဤအခါကစ၍ မင်းကြီးမြတ်နိုးတော်မူသည်နှင့် စူဠနီမင်းသားငယ်ကိုပင် မဟာစူဠနီမင်းကြီး၏ သားတော်ဖြစ်ကြောင်းများ တိုင်အောင်သိလေ၏၊ တဆဲ့ခြောက်နှစ်အရွယ်သို့ ရောက်လတ်သည်ရှိသော် မဒ္ဒရာဇ်မင်းကြီးသည် စူဠနီဗြဟ္မဒတ်မင်းသားကို မိမိ၏သမီးတော်ဖြစ်သော နန္ဒာဒေဝီနှင့် ထိမ်းမြားလက်ထပ်တော်မူလေ၏။

ဤကဲ့သို့ ငယ်ရွယ်စဉ်က စူဠနီဗြဟ္မဒတ်မင်းသားကလေး၏ အခြေအနေမကျ ဆင်းရဲရခြင်း, တတိုင်းတနိုင်ငံ ထွက်ပြေးရခြင်း, သူ၏အသက်ကိုပင် အန္တရာယ် ပြုလုပ်မည့်သူနှင့် တွေ့ကြုံရခြင်းများသည် မိခင်ဖြစ်သူက ဘောက်ဘောက်ပြန်ပြန် ကျင့်ခြင်း, သား၏ မွေးဘခင်ရှိလျက် နောက်လင်မက်ခြင်းကြောင့်သာလျှင် ဖြစ်လေသည်၊ ဤကဲ့သို့သော အကြောင်း အရာများကို စိတ်နာသောကြောင့် ရှေးဦးစွာပင် ရေစောင့်ဘီလူးအား မယ်တော် စလာကဒေဝီကို ပေးမည်ဟု ပြောဟန်လက္ခဏာ တူလေသည်၊ ဘောဓိပရဗိုဇ်မက ပြောပြန်သည်မှာ "ဆဗ္ဗညုပုဏ္ဏားက သင့်ကိုသတ်ရန် အပိန့်ချမှတ်ပါသော်လည်း မယ်တော်ဖြစ်သူ စလာကဒေဝီ၏ ကြံစည်ချက်ကြောင့်ပင် အသက် ချမ်းသာသည်မဟုတ်ပါလော၊ မွေးကျေးဇူးနှင့် အသက်ကိုကယ်ဆယ်သည့် ကျေးဇူးများကို ထောက်ဆသောအားဖြင့် မိခင်ကို အဘယ့်ကြောင့် ရေစောင့်ဘီလူးအား ရှေးဦးစွာ ပေးချင်ပါသနည်း" ဟူ၍ မေးပြန်လေ၏။

ထိုအခါ စူဠနီဗြဟ္မဒတ်မင်းကြီးကဆက်၍ မယ်တော်၏အပြစ်ကို ပြောပြန်သည်မှာ "အိုအရှင် ပရဗိုဇ်မ… မွေးကျေးဇူးနှင့် အသက်ကိုကယ်ဆယ်သည့် ကျေးဇူးရှိသည် ဆိုပါဦးတော့၊ ထို့ပြင် မယ်တော်ကြီး၏ အပြစ်တို့သည်လည်း များစွာရှိကုန်၏၊ ကျွန်ုပ်၏ မယ်တော်သည် အရွယ်လွန်ပြီး၍ ကြီးရင့်အိုမင်းလေသော်လည်း အပျိုအရွယ်များကဲ့သို့ မိမိနှင့်မတန်မရာသော ပန်ဆာဝတ်စားတို့ကိုဝတ်ဆင်၍ တကိုယ်လုံးနံ့သာတို့ဖြင့် လိမ်းကျံပြီးလျှင် ကျွန်ုပ်ခမည်းတော်မင်းကြီး၏ လက်ထက်က ရှိရင်းဖြစ်ကြသော အမတ်ကြီးတို့သည် ကျွန်ုပ်ထံသို့ခစား၍

နေစဉ်အခါ ထိုအမတ်ကြီးများက သူ့ကိုပြင်ရလေအောင် နန်းတော်ဦးမှာ လူးလာခတ်၍ ဇာနေမြေမရပြုလေဘိ၏၊ သူ၏ဟန်သော ရတနာသံတို့ဖြင့် တနန်းတော်လုံး တချွင်ချွင်ဆူညံအောင်ပြုလေဘိ၏။

ထို့ပြင် မိမိစားနုတ် စားပေါက်ကိုမျှ ကောက်၍စားခြင်းငှာမထိုက်မတန်၍ ကိုယ်နှင့် အရာမဟုတ်သော တံခါးမှူး, ဆင်ထိန်း,မြင်းထိန်း, သူရဲကိုယ်ရံတော်များကိုလည်း အပါးသို့ခေါ်ပြီးလျှင် အချိန်ကာလမရွေး ကြာမြင့်စွာ ကလေးစကားပြောဆို၍ စည်းကမ်းမဲ့ ရယ်မြူးခြင်းကိုလည်းပြုဘိ၏၊ အဘ ခမည်းတော်လက်ထက်ကစ၍ သူ့မှာပါရှိ၍လာသော ဝါသနာဆိုးသည် ယခုလောက် အသက်အရွယ် ကြီးသည်တိုင်အောင်ပင် မကွဲမပျက်နိုင်ဘဲ ရှိလေသေး၏၊ ယို့ပြင် အခြားပြည်ထောင်မင်းများထံသို့လည်း အကျွန်ုပ်က အလိုကျဟန်လာ၍ကာဖြင့် သဝဏ်လွှာ ရေးသားပေးပို့၍ သူ့ကိုချစ်ကြိုက်လေအောင် သွေးဆောင်ဘိ၏၊ သဝဏ်လွှာ ရေးပုံအဓိပ္ပါယ်မှာ—

"အရှင်မင်းမြတ်....ကျွန်ုပ်သားတော် ဗြဟ္မဒတ်မင်းကြီးက မယ်တော်နှစ်သက်ရာ မင်းထံသို့အောင်တမန်စေလွှတ်၍ ကာမဂုဏ်စည်းစိမ်ဖြင့် ပျော်ပါးစွာစံစားလေ" ဟု အခွင့်ပေးသည့်အတိုင်း အကျွန်ုပ်သည် သင်မင်းကြီးအား လွန်စွာချစ်ခင်စုံမက်လှပါ၏၊ သင်မင်းကြီးကိုသာ လွန်စွာနှစ်သက်မြတ်နိုးလှပါသဖြင့် ဤသဝဏ်လွှာနှင့် တမန်ကိုစေလွှတ်လိုက်ရပါသည်၊ အတူတကွ ပျော်ပါးစံစားပါရမည့်အကြောင်း-ကောင်းသော လက်ဆောင်ပဏ္ဏာတို့နှင့်လာရောက်၍ ကျွန်ုပ်ကိုဆောင်ယူလှည့်ပါ" ဟူ၍ ရှက်ဘွယ်လိလိရှိသော စကားတို့ဖြင့် ကျွန်ုပ်မသိအောင် ရေးသားပြီးလျှင် ပြည်ထောင်မင်းများထံသို့ အောင်တမန်စေလွှတ်လေသည်၊ (ဤအရာ၌စလာကဒေဝီ မိဖုရားကြီးစာရေးပေးပို့သည်ကို ထောက်လျှင် ယခုခေတ်ကာလ ကြိုက်ချစ်စုံမက်ကြသောသူတို့၏ အချင်းချင်း စာပေးစာယူပြုလုပ်မှုသည် ရှေးမဟောသမာတို့လက်ထက်ကပင်စလျက်ရှိလေသည်ဟု သိသာလေသည်။)

သဝဏ်လွှာကို ရသော ပြည်ထောင်မင်းငယ် များသည်လည်း ကျွန်ုပ်ကိုကြောက်ရွံ့ခဲ့ညားကြသဖြင့် မယ်တော်ကြီးပေးသော စာနှင့်

ပူးတွဲ၍ ကျွန်ုပ်ထံသို့ ဤသို့စာပြန်ကြကုန်၏၊ ''အရှင်မင်းမြတ်.... ကျွန်တော်မျိုးတို့ကား-အရှင်စုဠနီပြဟ္မဒတ်မင်းကြီး၏လက်အောက်ခံ ဖြစ်သော အခွန်တော်ဆက်မင်းငယ်များဖြစ်ပါသည်၊ ကျွန်တော်မျိုး တို့အား အရှင့်မယ်တော်နှင့် မထိုက်တန်ပေ၊ နောက်နောင် ဤကဲ့သို့ သော စာမျိုးကို ပေးတော်မူခြင်းမှ ရှောင်ရှားခွင့်ပေးတော်မူရန် အသ နားခံပါသည်''ဟူ၍ ရေးသားပြီးလျှင် တမန်စေလွှတ်ကြကုန်၏။

ထိုစကားကို ကျွန်ုပ်က အကြောင်းမျိုးစုံ မသိရသည်နှင့် တိုင်းရေး ပြည်မှုနှင့် စပ်လျဉ်းသော စာမျိုးထင်၍ မိုလ်ပုံပရိသတ် အလယ်တွင် ဘတ်ကြားစေရာ ကျွန်ုပ်၏ဦးခေါင်းကိုတဆယ့်ခြောက်စိတ် ခွဲဘိသကဲ့သို့ ဆင်းရဲပူပန်စွာ ရှက်ရဘိ၏၊ဤကဲ့သို့မယ်တော်က ပြုပေသော ကျေးဇူး ဆိုးတို့သည် ကျွန်ုပ်အပေါ်မှာ များစွာရှိကုန်၏၊ ''ဤဂုဏ်ကျေးဇူး ဆိုးတို့ကို ရည်စူး၍ ရွှေဦးစွာ ရေစေ‌ာင့်ဘိလူးအား မယ်တော်ကြီးကို ပေးမည်ဆိုပါသည်''ဟု ပြန်ကြားလေ၏။

[ဤကား-စလာကဒေဝီ၏ အဋ္ဌုပ္ပတ္တိပေတည်း။]

ဤစလာကဒေဝီ၏ ဝတ္ထုကို ထောက်သဖြင့်လည်းဘောက်ဘောက် ပြန်ပြန် ကျင့်ကြံတတ်သော မိခင်သည် သားသမီးတို့၏ ရန်သူမည် ကြောင်းကိုသိရာ၏၊ သားသမီးတို့၏ ဘခင်သေဆုံးပြီးသောနောက် နောက်ယောက်ျားကို ပယူစေကာမူ စလာကဒေဝီကဲ့သို့ သူငယ်ပြန်၍ ဣန္ဒြေမရ လော်လော်မာမာ ကျင့်ခြင်းများသည်လည်း သားသမီးတို့ ကို အရှက်ရစေပာတ်သောကြောင့် ထိုမိခင်ကို ရန်သူ-ဟူ၍ဆိုထိုက်ပြန် လေသည်၊ ဤအလေ့သည် မိန်းမတို့မှာ များစွာဖြစ်လေ့ရှိသည့်အတိုင်း လောကစရိုက်နှင့်ဆင်ခြင်၍ မိခင်တို့ရန်သူဖြစ်တတ်ကြောင်းကို ဆင်ခြင် ရာ၏၊မိခင်တို့ကလည်း အဆင်အခြင်ကြီးစွာနှင့် သားသမီးတို့၏ ရန်သူ မဖြစ်ရလေအောင် ပြဆိုအပ်ပြီးသော အလေ့ဆိုးများကို ရှောင်ကြဉ် ပါမူကား-များစွာကောင်းမြတ်လေသည်။

ဤအရာ၌ စဉ်းစားဘွယ်ရှိသည်မှာ ဘောက်ဘောက် ပြန်ပြန်ကျင့်မှု နှင့်စပ်လျဉ်း၍ မိခင်ဘက်သို့သာ အပြစ်ဆိုလေသည်မှာ ကြွေးမြီတင် အောင် ပြုလုပ်တတ်သော ဘခင်၏ အပြစ်ကို ပထမအချက်ကပြဆိုပြီး

ဖြစ်၍ မိခင်ဘက်သို့ လှည့်၍ဆိုခြင်းဖြစ်လေသည်၊ ဘခင်ဖြစ်သူကလည်း ထိုနည်းတူစွာ သားသမီးတို့၏ မိခင်မယားကြီးရှိပါလျက် မယားငယ် ဘက်သို့လိုက်ပါ၍ သားသမီးတို့အားဆင်းရဲဒုက္ခပေးပါလျှင် မိခင်ကဲ့သို့ ပင် သားသမီးတို့၏ ရန်သူဖြစ်ကြောင်းကို ရှေးနည်းအတိုင်း သိရာ၏။

[ဤကား-ဒုတိယ အချက်နှင့် စပ်လျဉ်း၍ ပြဆိုအပ်သော စကားရပ် ပေတည်း။]

၃။ "အဆင်းလှသော မယားသည် လင်ယောက်ျား၏ ရန်သူမည် ၏"ဟူသော တတိယ စကားရပ်၌ အဆင်းလှလျှင် မြင်သောသူတို့က တိမ်းညွှတ်သော စိတ်ဖြင့် ကြံစည်ချင်တတ်ကုန်၏၊ထိုအခါ ယောက်ျား ပြုလုပ်သူမှာ ရန်သူများ၍ အကြောင်းမသင့်အခွင့် မပျော်သည့် အခါ အသက်သို့ တိုင်ရောက်အောင်ပင် ထိခိုက်ပျက်စီးတတ်လေသည်၊ ဤ လောက၌အဆင်းလှခြင်းသည်သူတပါးတို့၏မျက်စိကိုယောဘစ်ချိတ်သို့ ပါအောင်သွေးဆောင်တတ်လေ၏၊ မျက်စိသည်လှပသော အဆင်းကို မြင်လျှင်သာယာတပ်မက်သော တဏှာကိုနှိုးဆော်၍ ထိုအဆင်းရှုပါရုံ ကိုရအောင်လမ်းပြလေ၏၊ တစုံတယောက်သောမိန်းမသည် ပြောပ လောက်အောင် အဆင်းလှပသည်ရှိသော် များစွာသော ယောက်ျား တို့၏ စိတ်နှစ်လုံးကို ညှဉ်းဆဲနှိပ်စက်လေ၏၊ ဥမ္မာဒန္တီ၏အဆင်းလှပမှု ကြောင့် ပြည့်ရှင်မင်းကြီးနှင့်တကွ များစွာသောသူတို့၏ ဆင်းရဲဒုက္ခ ရောက်ကြပုံကို ထောက်၍ သိလေ။

## ပြာသာဒ်မယ်ဝတ္ထု။

မိန်းမအဆင်းလှပသည့်အတွက်ကြောင့် လင်ယောက်ျားဖြစ်သော သူတို့မှာ များစွာဆင်းရဲဒုက္ခရောက်ရပုံ, အသက်ဝိညာဉ်ပျက်စီးရပုံ များသည် ကျမ်းဂန်ရာဇဝင်တို့တွင် အများပင် ပါရှိလေကုန်၏။

မြတ်စွာဘုရား လက်ထက်တော်အခါ သာဝတ္ထိပြည့်ရှင်ဖြစ်သော ကောသလမင်းကြီးသည် ဆင်နှင့် မြှိုလှည့်ရာတွင် ယခုကာလ "ပြာသာဒ်မယ်"ဟူ၍ ခေါ်ကြသော မိန်းမတယောက်ကို မြင်သဖြင့် လွန်စွာတိမ်းညွှတ်တပ်မက်ခြင်းဖြစ်လေ၏၊ ထိုမိန်းမမှာ လင်ရှိမရှိကို စုံစမ်းမေးမြန်းသောအခါ လင်ရှိကြောင်းကိုသိလျှင် ကောသလမင်း ကြီးက ထိုယောက်ျားကို သတ်၍ ပြာသာဒ်မယ်ကိုယူမည်-ဟု အကြံ

အစည်ဆိုးကြီးကို ကြံစည်မိလေ၏၊ ထိုမိန်းမ၏ယောက်ျားကို အမှုပြစ်ရှာလိုသောကြောင့် အပါးတော်မှာခေါ်၍ ခစားစေ၏၊ ထိုယောက်ျားလည်း အကြောင်းကို သိသည်နှင့် တစုံတရာမျှ အပြစ်မရှိလေအောင် မင်းဝတ်ကျေကုန်စွာ ခစားထမ်းရွက်လေ၏။

အပြစ်ရှာ၍ မရလျှင် အပြစ်ရှိလေအောင် တမျိုးကြံဆောင်ပြန်၍ ''အရုဏဝတီမြေနှင့် ကုမုဒြာကြာဖြူပန်းကို ညနေရေစမ္ပယ်တော်မူသောအခါ ရအောင် ရှာကြံ၍ ဆက်သရမည်''ဟု အမိန့်ရှိ၍ စေလွှတ်တော်မူ၏၊ ဤအရုဏဝတီမြေနှင့် ကုမုဒြာကြာပန်းဆိုသည်မှာ လူ့ပြည်လောကတွင် ရှာကြံ၍ လွယ်ကူသည်မဟုတ်၊ နဂါးပြည်မှာရှိသောအရာများပေတည်း၊ ထိုယောက်ျားသည် မြို့မှထွက်လေရာ ကံအားလျော်စွာ နဂါးတို့စောင့်မသည်နှင့် ကုမုဒြာကြာပန်းနှင့် အရုဏဝတီမြေကို ညနေချမ်းအခါ မင်းကြီး ရေစမ္ပယ်တော်မူသည့်အချိန် မှီအောင်ပင် ဆိုက်ရောက်လာ၏၊ သို့ရာတွင် အပြစ်ရှာလို၍ တံခါးကိုပိတ်ထားသောကြောင့် နန်းတော်တွင်းသို့ ဝင်၍မဆက်ရလေ။

ထိုကုမုဒြာကြာပန်းနှင့် အရုဏဝတီမြေကို တံခါးမှူးအား သက်သေပြု၍ တံခါး၌ထားခဲ့ပြီးလျှင် မင်းကြီးသည် ငါ့ကို သတ်လို၍ ဤကဲ့သို့စေခိုင်းခြင်းဖြစ်သည်ဟူ၍ စိတ်ချပြီးလျှင် အသက်ဘေးမှ ချမ်းသာစေခြင်းငှာ ဇေတဝန်ကျောင်းတော်တွင်းသို့ သွားရောက်လေ၏၊ ထိုညချမ်းအခါ မင်းကြီးသည် ပြာသာဒ်မယ်ကို တာတွယ်တပ်မက်သောစိတ်ဖြင့် နံနက်မင်းခစားယောက်ျားကို သတ်၍ ပြာသာဒ်မယ်ကို ငါသိမ်းပိုက်ရတော့အံ့-စသည်ဖြင့် သူသဘောရှိသည့်အတိုင်း ကြံစည်နေလေသောကြောင့် အိပ်စက်၍ မပျော်နိုင်ဘဲရှိလေ၏၊ ညဥ့်အခါမှာပင် ကောသလမင်းကြီးသည် ငရဲသားလေးဦးတို့ ဟစ်အော်ကြသော ''ဒု,သ,န,သော'' ဟူသော အသံကိုကြားရလေ၏။

နံနက်လင်းသောအခါ မာလိကာမိဖုရား၏ သွေးဆောင်ချက်ဖြင့် မြတ်စွာဘုရားထံသို့ သွားရောက်ပြီးလျှင် ကြားရသော အသံကြီးလေးခု၏ အကြောင်းအတ္တုပ္ပတ္တိကို မေးလျှောက်သည်တွင် ရှေးအခါသူဌေးသားလေးဦးတို့သည် သေရည်သေရက်ကို သောက်စား၍ ပရဒါရကံ

ကို ပြစ်မှားကြသဖြင့် လောဟကုမ္ဘီငရဲ၌ ကျရောက်သည့် အကြောင်း, ထိုငရဲမှာ အနှစ်ပေါင်း ခြောက်သောင်းရှိမှ တကြိမ်တခါ ဦးခေါင်း ပြူခွင့်ရ၍ ထိုဦးခေါင်းအပြူတွင် အသီးအသီး ညည်းညူရွတ်ဆိုကြ သောအသံများဖြစ်ကြောင်းကို ဟောကြားတော်မူရာတွင်မှ ပရဒါရ ကံ၏အပြစ်ကြီးကြောင်းကို သိရ၍ ပြာသာဒ်မယ်၌ ဘောက်ဘောက်ပြား ပြား ကြံသည်များကိုလည်း ပယ်ရှားလေသည်၊ ပြာသာဒ်မယ်၏ ယောက်ျားလည်း မြတ်စွာဘုရား၏ တရားတော်အရှိန်ကြောင့် အသက် ဘေးမှချမ်းသာရာ ရလေ၏။

ဤ၀တ္ထု၌ ပြာသာဒ်မယ်၏ အဆင်းလှမှုကြောင့် သူ၏ ခင်ပွန်း ယောက်ျားမှာ များစွာဆင်းရဲရှာလေသည်၊ ထိုဆင်းရဲကား ပြာသာဒ် မယ်အဆင်းက ပေးယောဒက္ခပေတည်း၊ အကယ်၍သာ ငရဲသား လေးဦးတို့၏ အော်ဟစ်သံကိုမကြားမူ၍ မြတ်စွာဘုရား၏ တရား တော်ကိုမနာရပါလျှင် ကောသလမင်းကြီးက သတ်ဖြတ်၍ အသက် သေဆုံးမည်သာဖြစ်လေသည်။

### သုဇာတာဝတ္ထု၊

မဃဝိဇောရဇာတ်တွင်လည်း မယားဖြစ်သူသုဇာတာ၏ အဆင်း လှမှုကြောင့် လင်ယောက်ျားကို သတ်လိုသည့်အတွက်နှင့် ပတ္တမြားခိုး ဟူ၍ စွပ်စွဲပြီးလျှင် သတ်ဖြတ်ရန်ကြံစည်နှိပ်စက်ခြင်းကိုခံရလေသည်။

### ရှင်ဘို့မယ်ဝတ္ထု၊

မြန်မာ ရာဇ၀င်တွင်လည်း ရှင်ဘို့မယ်သည် အဆင်းပြင်လျာ ကောင်းသဖြင့် မင်းငါးဆက်တိုင်တိုင် မိဖုရားအဖြစ်ကိုရလေ၏၊ မင်း ငါးဆက်မှာ—

၁။ သက္ကရာဇ် ၇၆၃-ခုနှစ်တွင် ရတနာပူရအင်းဝမြို့တွင် ဘုရင် မင်းခေါင်သည် ရှင်ဘို့မယ်ကိုစ၍ မိဖုရားမြှောက်လေ၏။

၂။ သက္ကရာဇ် ၇၇၃-ခုနှစ်တွင် သားတော်သီဟသူသည် အင်းဝ ရွှေနန်းကိုတက်သောအခါ ခမည်းတော်၏ မိဖုရားဖြစ်သော ရှင်ဘို့မယ်ကိုပင်ထပ်၍ မိဖုရားမြှောက်တင်ပြန်၏။

၃။ သက္ကရာဇ် ၇၈၇-ခုနှစ်တွင် မင်းလှငယ်မင်းပြု၏၊ ရှင်ဘို့မယ်ကိုပင် မိဖုရားမြှောက်ပြန်၏၊ထိုမင်းလှငယ်သည် တော်သလင်းလတွင် နန်းတက်၍ တန်ဆောင်မုန်းလသို့ရောက်လျှင် မိဖုရား ရှင်ဘို့မယ်က ဆေးဖြင့် အန္တရာယ်ပြုသောကြောင့် ကံကုန်လေ၏။

၄။ သက္ကရာဇ် ၇၈၇-ခုနှစ် နတ်တော်လတွင် ကလေးကျေးတောင်ညို နန်းတက်လေ၏၊ ထိုအခါတွင်လည်း မိဖုရားရှင်ဘို့မယ်ကိုပင် နန်းတင်ပြန်လေ၏။

၅။ ထိုနှစ်တပေါင်းလအခါတွင် မိုးညှင်းမင်းတရားသည် ရေအားကြည်းအားနှင့် မိုးညှင်းက အင်းဝသို့ ချီလာ၏၊ ထိုအခါ ကလေးကျေးတောင်ညိုမင်းသည် ရှင်ဘို့မယ်ကိုယူ၍ ရခိုင်သို့ ယွက်ပြေးလေ၏၊ ရခိုင်သို့မရောက်မီ ပဲလွန်းတောင်စခန်းတွင် ရုတ်တရက်ရောဂါဖြင့် ကလေးကျေးတောင်ညိုမင်း အနိစ္စရောက်လေ၏၊ ထိုအခါ ရှင်ဘို့မယ်သည် မန်းစက်တော်ရာတွင် တပ်တည်၍ နေလေ၏၊ သက္ကရာဇ် ၇၈၈-ခုနှစ်တွင် မိုးညှင်းမင်းတရားသည် အင်းပရွှေနန်းကိုတက်လေ၏၊ ရှင်ဘို့မယ်ကို ရွှေဝေါ ရွှေလှေ ရွှေလောင်းတို့ဖြင့် ဆောင်ယူစေပြီးလျှင် မိဖုရားမြှောက်ပြန်လေ၏။

ထို့ကြောင့် ရှင်ဘို့မယ်သည် မင်းငါးဆက်တိုင်တိုင် မိဖုရားဖြစ်၍ နန်းစံရသည်ဟု ဆိုကြလေသည်၊ သည်ကိုရည်၍ ကဝိလက္ခဏာသတ်ပုံဆရာကြီး ဦးညြသည်လည်း–

“မင်းဆက်ငါးသွယ်၊ရှင်ဘို့မယ်၊နန်းလယ်တင်သည်သာ”–

ဟူ၍ ယသဟ်ကာရန်ပွင် သတ်ပုံစပ်ဆိုလေသည်၊ သီဟသူ လက်ထက်ကပင် ရှင်ဘို့မယ်သည် ကလေးကျေးတောင်ညိုနှင့် မေတ္တာဆက်သွယ်ရင်းမြုံကြ၏၊ ကလေးကျေးတောင်ညိုကလည်း ရှင်ဘို့မယ်ကို မေတ္တာသက်ဝင်၏၊ ထို့ကြောင့် သီဟသူ အနိစ္စရောက်၍ မင်းလှငယ်မင်းပြုသည်တွင် မိဖုရား ရှင်ဘို့မယ်က ကလေးကျေးတောင်ညိုကို အင်းဝသို့ဆင်လုံး မြင်းရင်းနှင့် အလျင်ချီတက်ခဲ့ဟုသူလျှိုတမန်လွှတ်၏၊

ကလေးကျေးတောင်ညိုလည်း ဂျိုတက်ခဲ့လေ၏၊ အင်းဝသို့ရောက်လျှင် ရှင်ဘို့မယ်ကမင်းလှငယ်ကိုဆေးဖြင့် အန္တရာယ်ပြု၍ အနိစ္စရောက်စေ၏၊ မင်းလှငယ်သည် မိဖုရား ရှင်ဘို့မယ်ထက် များစွာ အသက်ငယ်၏၊ အရွယ်တူမတူကို မထောက်ချင့် အရုပ်အဆင်းကို တပ်မက်သဖြင့် မိဖုရားတင်မြှောက်လေသော မယားချောရှိသည့် မင်းလှငယ်သည် ထီးနန်းစံ၍ မကြာမြင့်မီပင် သေဆုံးရှာလေသည်။

ရှင်ဘို့မယ်၏ ဒုတိယလင်ယောကျ်ားဖြစ်သူ သီဟသူသည်လည်း ရှင်ဘို့မယ်၏ ကြံစည်အားပေးချက်ဖြင့် အသက်သေဆုံးကြောင်းနှင့် မှန်နန်းရာဇဝင်တွင်ဆိုသည်၊အကြောင်းသော်ကား- ဆင်ဖြူရှင်သီဟသူ သည် တလိုင်းမင်း ရာဇာဓိရာဇ်၏သမီးတော် ရှင်စောပုကို ရတော် မူသောအခါ အဆင်းပြင်လျာကောင်းလှသည်နှင့်လွန်စွာ နှစ်သက် တော်မူ၏၊ မိဖုရားရှင်ဘို့မယ်ကို မချစ်မနှစ်သက်သကဲ့သို့ ပြုတော်မူ၏၊ ထိုအခါ ရှင်ဘို့မယ်က အုန်းဘောင်လယ်သံဘွားကို မြှောက်ပင့်ပြီး လျှင် အောင်ပင်လယ်အရပ်တွင် စံနေခိုက်ဖြစ်သော သီဟသူမင်းကို ဆင်နှင့်တိုက်စေသည်၊ ထိုအရပ်တွင်ပင်သီဟသူကံကုန်လေသည်၊ ထို သီဟသူမင်းသည် ခမည်းတော်၏ မိဖုရားရှင်ဘို့မယ်ကို အဆင်းပြင်လျာ ကောင်းသည့်အတွက်နှင့် မိထွေးတော်ဟုမရေတွက်ဘဲ မိဖုရားမြှောက် သဖြင့် နောက်အခါ ထိုအဆင်းလှသောမိမိ၏ မိဖုရားရှင်ဘို့မယ်၏ ကြံစည်မြှောက်ပင့်ခြင်းကြောင့်လျှင်အသက်ဆုံးရလေသည်။

[ဤကား မယားချောသည် လင်ယောကျ်ား၏ ရန်သူဖြစ်သည်ဟူ၍ စာဏကျဆရာကြီး၏စကားကို မြန်မာရာဇဝင် ရှင်ဘို့မယ်၏ ဇာတ်ဖြင့် သက်သေတင်ပြခြင်းပေတည်း။]

### ဝေဠုဝတီဝတ္ထု၊

ထို့ပြင်ပုဂံပြည်တွင် မင်းယဉ်နရသိခ်မင်းပြုသည့် အခါ ညီတော် နရပတိစည်သူ၏ မိဖုရားဝမ်း၌ သံသေဒဇစွဲ၍ ဖြစ်လာသည် ဆိုသော ဝေဠုဝတီ၏ အခဏ်းဖြင့်လည်း သက်သေထုတ်ပြသင့်သေး၏၊ မင်းယဉ် နရသိခ်သည် တနေ့သောအခါ ခယ်မတော်ဝေဠုဝတီကို မြင်သည်တွင် လွန်စွာတိန်းညွတ်တပ်မက်သော စိတ်ရှိလေသဖြင့် ခယ်မတော်ကိုသိမ်း ပိုက်လိုသောကြောင့်ညီတော်ကိုခေါ်၍ ညီတော်····ငဆောင်ရန်းအရပ်

တွင် သူပုန်ထကြွလျက်ရှိသည်၊ညီတော်ကိုယ်တိုင်ချီတက်၍ ရန်သူတို့ကို ဖြိုဖျက်ရမည်ဟုအမိန့်ရှိလေ၏၊ ညီတော်နရပတိစည်သူလည်း နောင်တော်ကို သံသယမကင်းသည်နှင့် အိမ်တော်မှာ စီးတော်မြင်းနှင့်မြင်းခံငပြည့်ကို အခင်းအရေးပေါ်လာလျှင် ငါ၏မြင်းသူတော်စင်ကို စီး၍ အလျင်အမြန် လျှောက်တင်လာရမည်-ဟု မှာထားပြီးလျှင် စစ်သည်ဗိုလ်ထုနှင့်တကွထွက်လေ၏။

ညီတော် ထွက်လေ၍ သစ်ဆိမ့်အရပ်သို့ရောက်လျှင် နောင်တော်နရသိင်္ခမင်းသည် ခယ်မပေါ်ဝေဠုဝတီကိုယူဆောင်၍ နန်းတင်လေ၏၊ ဤအကြောင်းကိုလျှောက်တင်ခြင်းငှါ မြင်းခံငပြည့်သည် မြင်းသူတော်စင်ကိုစီးပြီးလျှင် သူ၏အရှင်ထံသို့ လာခဲ့လေ၏၊ နံနက်စောစောပုဂံကို ထွက်လာရာ နေပင်ချိန်တွင် ငါးပတ်ချောင်းသို့ရောက်လေ၏၊ထိုအရပ်တွင်ပင်မြင်းတော်ကိုရေချ၍ မြက်စားစေပြီးလျှင် မြင်းခံငပြည့်လည်း အိပ်နေလေ၏၊ နရပတိစည်သူမင်းကား ငါးပတ်ချောင်း၏ တဘက်မှာစစ်သည်ဗိုလ်ပါနှင့်တကွတပ်စခန်းချလျက်ရှိ၏၊ညအခါမြင်းသူတော်စင်ဟီသောအသံများကို နရပတိစည်သူ ကြားလေရာ ဤမြင်းသံကား ငါ၏မြင်းတော်သံဖြစ်ဟန် လက္ခဏာတူသည်-ဟု စဉ်းစား၍ သူ၏ကြင်ယာဝေဠုဝတီအတွက် စိတ်မချသည်နှင့် စက်တော်မခေါ်နိုင်ဘဲရှိလေ၏။

နံနက်စောစောတွင် မြင်းခံငပြည့်သည်မြင်းကိုစီး၍ငါးပတ်ချောင်းကိုကူးရာတွင် အရှင်ဖြစ်သောနရပတိစည်သူအထံသို့ရောက်၍ ဝေဠုဝတီကိုနောင်တော် နရသိင်္ခမင်းသိမ်းပိုက်ကြောင်းကို လျှောက်တင်လေ၏၊ ထိုအခါ သူ၏မိဖုရားစိတ်ဇောကြောင့် ဒေါသကြီးစွာထွက်ပြီးလျှင် သူ၏အကျိုးကိုဆောင်သော မြင်းခံငပြည့်ကိုပင်ညှိုး၍ သင်သည် ယခုငါနေသော အရပ်နှင့်မနီးမဝေးမှာ ဘယ့်ကြောင့်အိပ်၍ နေသနည်း၊ အရှင်၏အမှုကိစ္စကို ဤမျှလောက် ပေါ့လျော့စေသည်မှာ ရာဇဝတ်ပြစ်ဒဏ်နှင့်မလွတ်၊ မင်းတို့မည်သည် တနာရီအတွင်းမှာပင် များစွာသော အကြံအစည်တို့ကိုပြီးစီးစေနိုင်၏-ဟူ၍ ဆိုပြီးလျှင် မြင်းခံငပြည့်ကို ကွပ်မျက်သုတ်သင်လေ၏။

နရပတိစည်သူသည် အောင်စွာငယ်ကိုခေါ်၍ သင်သည်ငါ၏နောင်တော်ကိုလုပ်ကြံလေ၊ အကြံအောင်လျှင် ငါ၏မရီးတော်သုံးပါးရှိသည်အနက် သင်အလိုရှိရာကို ပေးတော်မူမည်ဆို၍ ပုဂံသို့ စေလွှတ်လေ၏၊ အောင်စွာငယ်လည်း သူရဲကောင်းရှစ်ကျိပ်ကိုရွေး၍ ပုဂံမြို့သို့အတင်းစုံလေ၏၊ပုဂံသို့ရောက်လျှင်နန်းတော်သို့ဝင်၍ရေအိမ်သို့တက်စဉ်အခိုက်ဖြစ်သောမင်းယဉ်နရသိင်္ခကိုအောင်စွာငယ်ကလုပ်ကြံသတ်ဖြတ်လေ၏၊ နောင်တော်မရှိလျှင် ညီတော်နရပတိစည်သူမင်းသည် ဝေဠုဝတီနှင့်တကွ ဘိတ်သိက်ခံ၍ နန်းတက်လေ၏၊ နောင်တော်၏မိဖုရားဖြစ်သောမရီးတော်များက အောင်စွာငယ်နှင့် ပေးစားမည်-ဟုကြားသိကြသောအခါမတ်တော်မင်းအား ဝပ်စင်းခယ၍ အောင်စွာငယ်နှင့် ထိမ်းမြားခြင်းမပြုရန် တောင်းပန်ကြလေသောကြောင့် အောင်စွာငယ်ကို ခေါ်ပြီးလျှင် ယခင်ကမရီးတော်များနှင့် ထိမ်းမြားမည်ဟူ၍ ပြောဘူးသည်ကားမှန်၏၊သို့ရာတွင် ထိုသို့ထိမ်းမြားက ဘုန်းချင်းမတူသဖြင့် ဘိုးတော်, ဘေးတော်များကို ပြစ်မှားရာကျလိမ့်မည်၊ သို့ဖြစ်၍ အမျိုးမြတ်သောသမီးကညာတဦးဦးနှင့် သင့်ကိုထိမ်းမြားမည်-ဟု အမိန့်ရှိလေ၏။

ထိုအခါ အောင်စွာငယ်သည် မင်းဖြစ်လျက် သစ္စာစကားကို ဖျက်သည်-ဟူသော သဘောထားနှင့် "ပွိ" ဟူ၍ဆိုလေ၏၊ နရပတိစည်သူမင်းလည်း ဤကဲ့သို့ မခံ့မညား ပြုရမည်လော-ဟု မင်းဖြစ်အောင်ရွက်ဆောင်သော ကျေးဇူးကို မထောက်ဘဲ အောင်စွာငယ်ကို သတ်လေ၏၊ ထို့ပြင် နောင်တော်မင်းယဉ်နရသိင်္ခ၏ အထိန်းတော်ဖြစ်သည့်အနန္တသူရိယ အမတ်ကိုလည်း သတ်လေ၏၊ ထိုအနန္တသူရိယအမတ်သည် သတ်ခါနီးဆဲဆဲတွင် လေးလုံးစပ်ကဗျာလေးပိုဒ်ကို ရေးစီ၍ မင်းကြီးအား ဆက်ရစ်ပါ-ဟု မှာထားခဲ့၏၊ ထိုလေးလုံးစပ်ကဗျာလေးပိုဒ်ကား အောက်ပါအတိုင်းဖြစ်သည်။

၁။ သူတည်းတယောက်၊ ကောင်းဘို့ရောက်မူ၊ တယောက်သူမှာ၊ ပျက်လျှင်ကသာ၊ ဓမ္မတာတည်း။

၂။ ရွှေအိမ်နန်းနှင့်၊ ကြငှန်းလည်းခံ၊ မတ်ပေါင်းရံလျက်၊ပျော်စံရိပ်ငြိမ်၊ စည်းစိမ်မကွာ၊ မင်းချမ်းသာကား၊သမုဒ္ဒရာ၊ရေမျက်နှာထက်၊ ခဏတက်သည်၊ ရေပွက်ပမာ၊ တသက်လျှာတည်း။

၃။ ကြင်နာသနား၊ ငါ့အားမသတ်၊ ယခုလွှတ်လည်း၊ မလွှတ် ကြမ္မာ၊ လူတကာတို့၊ ခန္ဓာခိုင်ကြည်၊ အတည်မမြဲ၊ ဘောက် လွဲတတ်သည်၊ မချွတ်စသာ၊ သတ္တဝါတည်း။

၄။ ရှိခိုးကော်ရော်၊ ပူဇော်အကျွန်၊ ပန်ခဲ့တုံ၏၊ ခိုက်ကြုံဝိပါက်၊ သံသာစက်၌၊ ကြိုက်လတ်တုံမူ၊ တို့ပြန်မလို၊ ကြည်ညိုစိတ်သန်၊ သခင်မှန်ကို၊ အကျွန်စင်စစ်၊ အပြစ်မဲ့ရေး၊ ခွင့်လျှင်ပေး၏၊ သွေးအနိစ္စာ၊ ဖြစ်မြဲရာတည်း။

ဤစာလေးပိုဒ်ကို သူသတ်ယောကျ်ားများက အနန္တသူရိယကို သတ်ပြီးမှဆက်ရာ မင်းကြီးသည် လွန်စွာ ကြည်နူးတော်မူသဖြင့် အနန္တသူရိယကို လွှတ်ကြစေ-ဟု အမိန့်ပေးတော်မူ၏၊သူသတ်တို့လည်း လက်လွန်ပါပြီဘုရား-ဟူ၍ လျှောက်ကြရာ နှင့်တို့မသတ်ခင်က သည်စာ ကိုဆက်ကောင်းလျက် သတ်ပြီးမှ ဆက်သည်ဆို၍ အမျက်ထွက်သဖြင့် သူသတ်တို့ကို ကွပ်မျက်တော်မူပြန်၏၊ ဤမင်းသည်ကျေးဇူးအထူးတင် ထိုက်ပေသော ပြည့်နှင့် အောင်စွာငယ်တို့ကို သတ်သည့်ပြင် လေးလုံး စပ်ကဗျာကို ရှေဦးစွာ မြန်မာပြည်တွင် စပ်ဆိုသော အနန္တသူရိယ အမတ်ကိုလည်း သတ်သောဘုရင်ဖြစ်လေသည်။

ဤ ရာဇဝင် အတ္ထုပ္ပတ္တိ၌ မိန်းမချော ဝေဠုဝတီ၏ ပထမ လင် ယောကျ်ားဖြစ်သော နရပတိစည်သူသည် နောင်တော်မင်းကြီး၏ ကြိ စည်ခြင်းကို ခံရသည့်ပြင် ပါဏာတိပါတကံ အမျိုးမျိုးကို မယားစိတ် မွှန်၍ မစဉ်းမစားဘဲ သတ်ဖြတ်ကျူးလွန်မိလေ၏၊ဝေဠုဝတီကို တခဏ မျှ ချစ်ကြိုက်ရသော မင်းယဉ် နရသိင်္ခလည်း ထိုမယားချောအတွက် ကြောင့်ပင် သူတပါး၏ လက်နက်ဖြင့် အသက်သေဆုံးရလေ၏။

## မိဖုရားသီရိဘုန်းထွန်း၀တ္ထု၊

ထို့ပြင် ဟံသာဝတီဆင်ဖြူရှင်ဘွဲ့ခံ မဟာစေတီတော်ကြီး၏ ဒါယ ကာဖြစ်သော မင်းတရားကြီးသည်လည်း ဘုရင်မင်းခေါင်ဘွဲ့ခံ ရှင်သ ရက်၏ မိဖုရားသီရိဘုန်းထွန်းကို တပ်မက်စွမ်းငြိသော စိတ်ရှိသဖြင့် အမှုရှာပြီးလျှင် ရှင်သရက်ကို သတ်လေသည်၊ရှင်သရက်၏ မိဖုရားသီရိ ဘုန်းထွန်းကို စန္ဒာဒေဝီဟူသော ဘွဲ့နှင့် မိဖုရားပြုလေ၏၊ ဘုရင်မင်း

ခေါင်ဘွဲ့ခံရှင်သရက်မှာ မယားချောသီ့ဘုန်းဖွင့်အတွက်နှင့် အသက်အသေခံရရှာလေ၏၊ ဤကဲ့သို့ထုံးပုံရာဇဝင် အမျိုးမျိုးပတို့ကို ထောက်ထားသဖြင့်မယားချောသည် လင်ယောကျ်ား၏ ရန်သူဖြစ်ကြောင်းကို သိရာ၏။

သို့ရာတွင် ဖြစ်တတ်သော သဘောအလေ့ရှိသည်ကိုသာ ရည်၍ စာဏကျဆရာကြီး မိန့်ဆိုတော်မူသည်၊ မယားချောတိုင်းပင် လင်ယောကျ်ား၏ အန္တရာယ်မဖြစ်ချေ၊ သမ္ဗုလဇာတ်၌ သမ္ဗုလ မင်းသမီးသည် အလွန်တရာ ချောမွေ့လှပ သော်လည်း လင်ယောကျ်ား၏ အန္တရာယ်မဖြစ်သည့်ပြင် လင်ယောကျ်ား၏ နူနာရောဂါကိုပင် သစ္စာမိဋ္ဌာန်ပြု၍ ကုသပျောက်ကင်းစေသည်၊ မယားဖြစ်သူသည် ကျင့်ဝတ်ငါးပါးကို ခိုင်မြဲကျပ်တည်းစွာ ကျင့်၍ ဟိရိဩတ္တပ္ပတရား နှစ်ပါးကို ခါးဝတ်ကဲ့သို့မြဲစွဲကျင့်သုံးပါလျှင်ထိုကဲ့သို့ဖြစ်နိုင်တန်ရာသည်မဟုတ်ချေ။

လောက၌ယောကျ်ားတို့သည် ပရဒါရကံကို ကျူးလွန်ပါကြသည် ဆိုရာ၌ ယောကျ်ား၏ အစွမ်းသတ္တိချည်း သက်သက်နှင့် ဖြစ်မြောက်နိုင်ရန်မှာ အတန်ပင် ခဲယဉ်းကြကုန်၏၊မိန်းမဖြစ်သူကလည်း မစောင့်မစည်းသောစိတ်ဖြင့် သဘောတူစွာနှင့် မျက်နှာသာပေး, လမ်းဖွင့်ပေးကြသောကြောင့်သာလျှင် ထိုကံကို ပြုလုပ်ရန် ယောကျ်ားတို့မှာ လွယ်ကူကြလေသည်များကိုလည်း စဉ်းစားဆင်ခြင်သင့်လေသည်၊ သို့ဖြစ်၍ လင်ယောကျ်ားပိုင်ရှင်ရှိနေကြသော မိန်းမတို့သည် မိန်းမတို့မှာ အကျင့်တည်းဟူသော တံတိုင်းကာရံပိုင်းလျက် ရှိသည်-ဟူ၍ ပြဆိုခဲ့ဘူးသော အတိုင်း ယောကျ်ားတပါးအပေါ်၌ မကျူးလွန်ခြင်း-တည်းဟူသော ကျင့်ဝတ်တံတိုင်းကြီးကို လုံခြုံမြဲမြံစွာကာရံ၍ ထားရာသတည်း။

[ဤကား-မယားချောသည် လင်ယောကျ်ား၏ ရန်သူဖြစ်ကြောင်းနှင့် စပ်လျဉ်း၍ ပြဆိုခဲ့သော စကားရပ်ပေတည်း။]

၄။ "ပညာမဲ့သောသားဆိုးသည် မိဘတို့၏ရန်သူမည်၏"ဟူသော စတုတ္ထအချက်၌ ပညာမဲ့သော သားဆိုးကို မွေးမိလျက် ရှိနေသော မိခင်,ဘခင်တို့မှာ အလွန်ပင် ဆင်းရဲဒုက္ခရောက်ကြရကုန်၏၊ သားသမီးတို့၏အတွက်နှင့် ဆင်းရဲဒုက္ခရောက်ရလေသောအခါ ကိုယ်၏ပင်ပန်းခြင်း, စိတ်၏ပင်ပန်းခြင်း, ပစ္စည်းဥစ္စာ၏ ပင်ပန်းခြင်းများနှင့်လည်း

တွေ့ကြုံရလေ၏၊ သားဆိုးတယောက်နှိပ်စက်လျှင် မိဘတို့မှာရှိသော ပစ္စည်း ဥစ္စာတို့သည်လည်း ပျက်စီးကုန်ဆုံးတတ်၏၊ ထိုကဲ့သို့ဖြစ်ကြ လေသည်ကိုလည်းမကြာမကြာ လောကတွင်တွေ့မြင်ကြရလေ၏။

သားဆိုးပညာမဲ့သည် အတွင်းရန်သူကြီးအစစ် ဖြစ်လေသော ကြောင့် အပြင်ပမှာရှိသောသူစိမ်းရန်သူများထက် စိုးရိမ်ကြောက်မက် ဘွယ်ကောင်းလှ၏၊ **"တောင်းဆိုးပလုံးဆိုးကိုသာပစ်နိုင်သည်၊ သားဆိုးသမီး ဆိုးကို မပစ်နိုင်"** ဟူသော ကျွန်ုပ်တို့မြန်မာလူမျိုးများ၏ စကားပုံအရ မည်ကဲ့သို့ပင် သားသမီးများဆိုးဝါးစေကာမူ လွှတ်လွှတ်စွန့်ပစ်နိုင်ကြ သည် မဟုတ်ဘဲ အောင့်၍သာသည်းခံကြရကုန်၏၊ သားဆိုးများသည် အလွန်အကျူးအထူးတိုးတက်၍ မိုက်မဲလာကြကုန်သည်ရှိသော် ပိတု ဃာတကကံ, မာတုဃာတကကံကို မထောက်မထား မိဘတို့ကိုပင် အသေသတ်ဖြတ်ကြလေသည်၊ ဗုဒ္ဓဘာသာကျမ်းဂန်တွင် လာသော အဇာတသတ်မင်းစသည်ကိုထောက်လေ။

ကျွန်ုပ်တို့မြန်မာရာဇဝင်တွင်လည်း ဟံသာဝတီတွင် မင်းရဲဒိဗ္ဗသည် ခမည်းတော် မဟာဓမ္မရာဇ်မင်းတရားကြီးကို သတ်ဖြတ်၍ နန်းစံဘူးလေ သည်၊ ဤသို့စသည်ဖြင့် သားဆိုးသားမိုက်တို့အတွက်ကြောင့် မိဘတို့ မှာများစွာဆင်းရဲဒုက္ခ တွေ့ကြုံကြရသော ဝတ္ထုတို့လည်း များစွာရှိ ကုန်၏၊မြတ်စွာဘုရားလက်ထက် သားလေးယောက်၏ ဘခင်ဖြစ်သော ပုဏ္ဏားကြီးသည် ဥစ္စာပစ္စည်းရှိသမျှကိုသားတို့အား အလုံးစုံခွဲဝေ ပေး ပြီး၍ နောင်အားကိုးရာမရသည့်အခါတွင် တောင်ဝှေးတခုကို ကိုင်၍ ဤတောင်ဝှေးက မြတ်သေး၏၊ အဘ၏ အလိုသို့မလိုက်ပါသောသား တို့သည် ဤတောင်ဝှေးလောက် မကောင်းကြကုန်-ဟူ၍ မြွက်ဆိုဘူး လေသည်။

ဒဏ္ဍောဝ ကိရ မေ သေယျော၊ ယဉ္စေ ပုတ္တာ အနဿဝါ။

**အနက်**။ ကိရ၊ စင်စစ်။ မေ၊ ငါ၏။ ဒဏ္ဍောဝ၊ တောင်ဝှေးသည် ပင်လျှင်။ သေယျော၊ မြတ်လေသေး၏။ အနဿဝါ၊ ဘခင်စကားကို နားမနာယူ အမိုက်ထူကြကုန်သော။ ပုတ္တာ၊ သားတို့သည်။ ယဉ္စေ သေယျော၊မမြတ်သည်သာ လျှင်တည်း။

[ဤကား-ယခင်ပုဏ္ဏားကြီး၏ မြွက်ဆိုသော စကားပေတည်း။]

ထိုမှတပါးလည်း ဇာတ်တော်များ၌ ဟောတော်မူသည်မှာ

ကဋ္ဌံ နိပ္ပလဝိတံ သေယျော၊ နတွေဝေ ပက္ကိယော နရော။

**အနက်။** လောကေ၊ လောက၌။ နိပ္ပလဝိဟံ၊ ရေမှဆယ်ကင်၍ ယူအပ်သော။ ကဋ္ဌံ၊ ထင်းတုံးသည်။ သေယျော၊ မြတ်သေး၏။ ကေတ္တိ ယော၊ အချို့သော။ နရော၊ လူသည်။ နတွေဝ၊ မမြတ်သည်သာလျှင် တည်း။

**ဆိုလိုရင်းမှာ။** ရေမှဆယ်၍ ထားအပ်သော ယင်းဟုံးသည် မြတ် ၏၊ အဘယ့်ကြောင့်နည်းဆိုသော် ထိုထင်းတုံးသည် ဆယ်သူ၏ အကျိုး ကိုရွက်ဆောင်၏၊ အယုတ်ဆုံးအားဖြင့် ထမင်းဟင်း ချက်ပြုတ်ရာ၌ထင်း ကိစ္စဖြင့် မီးဖြစ်အောင်ရွက်ဆောင်လေ၏၊ ထို့ပြင် အိမ်ဆောက်ခြင်းစ သော ကိစ္စများ၌လည်း အသုံးဝင်လေ၏၊ လူ့ပြည်လောက၌ မွေးမြူ၍ ထားအပ်သော အချို့သော သားသမီးစသည်များကား-ထိုထင်းပုံး ကဲ့သို့မျှအကျိုးစီးပွါး မရွက်ဆောင်၊ မိဘတို့၏ အကျိုးယုတ်ကိုသာ ပြုလုပ်ရွက်ဆောင်တတ်ကုန်၏-ဟူ၍ ဆိုလိုသည်။

သားဆိုးများသည် မိဘတို့၏ ဂုဏ်ကြက်သရေကိုလည်း ညှိုးနွမ်း စေတတ်ကုန်၏၊ **''သားသမီးမကောင်းမိဘခေါင်း''**ဟူ၍ဆိုသော အတိုင်း သားသမီးမကောင်း ဆိုးဝါးလျှင် မိဘတို့ကို ထိခိုက်၍ ပြောဆိုတတ်ကြ ကုန်၏၊ သားဆိုးရှိသော မိဘများသည် မြွေပွေးကိုခါးပိုက်တွင်ပိုက်၍ ထားဘိသကဲ့သို့ မည်သည့်အခါမှာမှ စိတ်၏ ချမ်းသာစွာ မနေရဘဲ ဒုက္ခမီးပုံကြီးတို့နှင့်သာလျှင် တွေ့နေရလေ၏၊သို့ဖြစ်၍ ''ပညာမဲ့သော သားဆိုးသည် မိဘ၏ရန်သူဖြစ်သည်''ဟူ၍ စာဏက္က ဆရာကြီးမိန့်ဆို လေသည်။

ထို့ကြောင့် မိဘပြုလုပ်သောသူတို့သည် သားသမီးများကိုမိမိတို့၏ ရန်သူတွေ မဖြစ်ကြရလေအောင် ငယ်ရွယ်စဉ် အခါကာလကပင်လျှင် ကျနကျိုးနွံစွာရှိအောင် သွန်သင်ဆုံးမရာ၏၊အတတ်ပညာများကိုလည်း လူလားမမြောက်ခင်ကပင် သွန်သင်၍ ပေးရာ၏၊ အတတ်ပညာသင် ကြား၍ မပေးသော မိဘတို့သည်လည်း သားသမီးတို့၏ ရန်သူမည်ပြန်

လေသောကြောင့် မိဘတို့မှာ မိမိတို့ကိုယ်တိုင် သားသမီးတို့၏ ရန်သူအံဖြစ်မှ ကင်းလွတ်ကြလေအောင် သားသမီးတို့အပေါ်၌ ရှက်ဆောင်တတ်သည့် ဝတ်တရားကို ကျေကုန်အောင်ရွက်ဆောင်သင့်ပေ၏။

မိဘတို့က ဝတ်တရားကျေကုန်စွာ အတတ်ပညာ သင်ပေးခြင်းစသည်တို့ဖြင့် ရွက်ဆောင်ပြုလုပ်ပါလျက်နှင့် သားသမီးတို့က ဆိုးဝါးယုတ်မာပါလျှင် တစုံတရာမျှ မိဘတို့အပေါ်၌ အပြစ်ဆိုရန်မရှိချေ။ မိဘတို့ဝတ်တရား မကျေကုန်သည့်အတွက်ကြောင့် သားသမီးတို့ ပျက်စီး၍ ဆိုးဝါးယုတ်မာခြင်းဖြစ်နေပါလျှင် မိဘတို့လည်း သားသမီးတို့ မသိမလိမ်မာသောအချက်မှာ တနည်းအားဖြင့် အားပေးကူညီရာ ရောက်သောကြောင့် အပြစ်လွတ်ရန်လမ်းမရှိချေ။

ယခုခေတ်ကာလအခါမှာ လူလိမ်မာ လူပါးလူနပ်တို့ဖြစ်နိုင်မှ သင့်လျော်လျောက်ပတ်သော ကာလနှင့် ကြုံကြိုက်၍ နေသောကြောင့် သားသမီးများကို လိမ်မာလေအောင်, ပညာတတ်မြောက်လေအောင် အထူးပင် အားတက်စွာနှင့် သင်ကြားသင့်လေသည်၊ သိကြားလိမ်မာ၍ ပညာတတ်မြောက်သော သားများ၏ မိဘဖြစ်ပါလျှင် လောကမျက်မှောက်မှာ လွန်စွာဂုဏ်ရှိ၍ ထင်ပေါ်ကျော်စောနိုင်လေသည်၊ သို့ဖြစ်၍ သားသမီးတို့၏ သိကြားလိမ်မာ ပညာတတ်မြောက်ခြင်းသည် မိဘအကျိုး,သားသမီးအကျိုး၊ ဤအကျိုး နှစ်ပါးကို ထွန်းကားဖြစ်ပွားစေသည်-ဟူ၍ အမြဲနှလုံးသွင်းပိုက်ပြီးလျှင် မိမိတို့ပစ္စည်းအင်အားနှင့်လိုက်လျောညီစွာ ပညာသင်ကြားခြင်း အမှုကိုပြုလုပ်သင့်ကြလေသတည်း။

ရန်သူမျိုး ၄-ပါးပြီး၏။

---

## ၂၂-လုံ့လရှိက ဝန်လေးသောအရာမရှိစသော အကြောင်း

ကော တိဘာရော သမတ္ထာနံ၊ ကိံ ဒူရံ ဗျဝသာယိနံ။
ကော ဝိဒေသော သဝိဇ္ဇာနံ၊ ကော ပရော ပိယဝါဒိနံ။ ။

**အနက်**။ သမတ္ထာနံ၊ အမှု၌ပြုလုပ်ဆောင်ရွက် အားကြီး မာန်တက်ဆောင်ရွက်ပြုလုပ်လေ့ရှိသောသူတို့အား။ အတိဘာရော၊ အလွန်

ဝန်လေးသောအရာသည်။ ကောအတ္တိ၊ အဘယ်မှာရှိပါအံ့နည်း။ ဗျဝသာယီနံ၊ ရောင်းဝယ်ဘောက်ကား ကူးသွားလှည့်လည်၍ ကုန်သောကုန်သည်တို့အား။ ဒူရံ၊ ဝေးသောအရပ်မည်သည်။ ကိံ၊ အဘယ်မှာရှိပါအံ့နည်း။သဝိဇ္ဇာနံ၊ တတ်သိလိမ်မာ ဉာဏ်ပညာပြည့်စုံသော ကဝိသူမွန်တို့အား။ ဝိဒေသော။ အရပ်တပါးမည်သည်။ ကောအတ္တိ၊ အတိမှာရှိပါအံ့နည်း။ ပိယဝါဒီနံ၊ချိုသာအေးငြ ပိယဝါစာကိုပြောဆိုတတ်သောနှုတ်ချိုသမားတို့အား။ ပရော၊ အကျွမ်းမဝင်သော သူတပါးမည်သည်။ ကောအတ္တိ၊ အဘယ်မှာရှိပါအံ့နည်း။

**ဆိုလိုရင်းမှာ။** အမှုအမျိုးမျိုးကို အားကြိုးမာန်တက် ဆောင်ရွက်လေ့ရှိသော ဝီရိယသမားမှာ ဝန်လေးသောအရာဟူ၍မရှိ၊ ရောင်းဝယ်ဘောက်ကား ကုန်သည်များမှာ ဝေးသောအရပ်မရှိ၊ ပညာရှိတို့မှာ အရပ်တပါးမည်သည်မရှိနိုင်၊ ရှိရှိသမျှသောအရပ်ဒေသ မြို့ရွာဌာနများသည် ပညာရှိတို့၏ အရပ်ဌာနချည်းသာဖြစ်သည်-ဟူ၍ဆိုလိုသည်၊ ပိယဝါစာ သာယာချေငံစွာပြောဆိုတတ်သောသူတို့မှာ သူစိမ်းပြင်ပဟူ၍ မရှိ၊ (လူရှိသမျှအလုံးစုံ အကျွမ်းဟဝင်ချစ်ခင်ကြသည်ချည်းသာဖြစ်သည်-ဟူ၍ဆိုလိုသည်။)

**အောင်ပုဒ်လင်္ကာ**

၁။ စွမ်းအင်လို့လ၊ ရှိတုံက၊ ကိစ္စဝန်မလေး။
၂။ ကုန်သည်ဘာဝ၊ပြုတုံက၊ ဌာနရပ်မဝေး။
၃။ ပညာရှိမှာ၊ မြို့ရပ်ရွာ၊ ခရောက်ရာကြည်ရွှင်အေး။
၄။ နှုတ်မြွက်စကား၊ ဆိုတတ်ငြား၊ လူများပိယဆေး။

၁။ "စွမ်းအင်လို့လ ဝီရိယ ရှိသောသူသည် မည်သည့် အမှုမျိုးမဆို ဝန်မလေးနိုင်"ဟူသော ပထမ အချက်၌- ဝီရိယဓာတ်သည် ရဲရင့်ခြင်းသဘောရှိ၏၊ ထိုဝီရိယဓာတ်ရှိသော သူသည်လည်း ရဲရင့်ထက်မျက်တတ်၏၊ ရဲရင့်ထက်မျက် ဝီရိယဓာတ်စက်ရှိနေသောသူသည် မည်သည့်အမှုမျိုးကိုမဆို ပြုလုပ်ကြိုးစားရန် ရဲဝံ့စွာရှိလေ၏၊ ငါပြုလုပ်ရလျှင် ဤကဲ့သို့ အမှုကိစ္စသည် မပြီးမြောက်ဘဲ ခံနိုင်မည်လော-ဟူ၍ ခဲကြိတ်သော အတွင်းသဘောလည်းရှိတတ်လေ၏၊ ကျမ်းဂန်တို့၌-

ဝီရိယဝတော ကိံနာမ ကမ္မံ နသိဇ္ဈတိ။ ။ဝီရိယဝတော၊ ဝီရိယရှိသောသူအား။ ကိံနာမကမ္မံ၊အဘယ်မည်သောအမှုမျိုးသည်။ နသိဇ္ဈတိ၊ မပြီးဘဲရှိပါတုံအံ့နည်း။

ဟူ၍ ဝီရိယရှိသောသူတို့၏ အစွမ်းသတ္တိများကို ချီးမွမ်းတော်မူကြလေသည်၊ ဝီရိယညံ့ဖျင်းသောသူသည် စိတ်ပြေ့၍အရာရာမှာ တွန့်တိုဆုတ်နစ်တတ်၏၊ အမှုအမျိုးမျိုး၌ မရဲရင့်ခြင်းဖြစ်တတ်၏၊ အမှုကိုရွက်ဆောင်ရန် ကြောက်လန့်၍နေတတ်၏၊ သို့ဖြစ်၍ အမှုတခုခုကို မစမိနိုင်ဘဲ ဖင့်နွှဲ ကြာမြင့်စေလျက်သာ ရှိနေတတ်လေ၏၊ ဝီရိယသမားသည်ကား ထိုကဲ့သို့မဟုတ် အမှုကိစ္စကို ဆောင်ရွက်မည်ဆိုလျှင် ထက်မျက်ရဲရင့်စွာနှင့် ရွတ်ရွတ်ချွံချွံပြုလုပ်တတ်၏၊ဘယ်လိုကြီးသောအမှုကို မဆိုဆောင်ရွက်လျှင် မပြီးမြောက်ဘဲ ရှိပါအံ့နည်း-ဟု စိတ်ကိုခိုင်ခိုင်ထားပြီးလျှင် အားကြိုးမာန်တက်ဆောင်ရွက်ကြိုးပမ်းလေ၏။

အလုပ်တခုကို ပြုလုပ်မည်ကြံစည်မိလျှင် မြန်စွာစ၍ ပြုလုပ်တတ်၏၊ ထိုအလုပ်ကို မပြီးမခြင်း စိတ်တွန့်ခြင်း မရှိဘဲ (အလုပ်ကို တပိုင်းဖြတ်မထားဘဲ) အဆုံးတိုင်အောင် ရွက်ဆောင်ပြုလုပ်တတ်လေ၏၊ အလုပ်တခု၌ စိတ်စွဲမိလျှင် ထိုအလုပ်ထဲ၌ အဓိပတိပစ္စည်းတပ်လျက် မရပ်မနားပြုလုပ်လိုသော ဆန္ဒရှိ၏၊ဝီရိယရှိသောသူတို့ ပြုလုပ်ဆောင်ရွက်အပ်သော အမှုကိစ္စများသည် အောင်မြင်ထမြောက် လေသည်သာများ၏၊ ထမြောက်တိုင်း အကျိုးခံစားရသည်- ဟူ၍မဆိုလို၊ ဝီရိယအစွမ်းနှင့် ပြုလုပ်လျှင် ပြီးမြောက်ကြောင်းကိုသာဆိုသည်၊ အကျိုးခံစားရသည်-ဟူ၍မဆိုလို၊အကျိုးခံစားရခြင်းမှာ တနည်းတလမ်း ဖြစ်လေသည်၊ သမ္ပတ္တိစက်အမျိုးမျိုးကို ကြုံကြိုက်ပါမှ အကျိုးခံစားရခြင်းဖြစ်လေသည်၊ သို့ရာတွင် ဝီရိယအကျိုးကား တိမ်ကောနိုင်သည်မဟုတ်ဘဲ တနည်းအားဖြင့် အကျိုးရှိလေသည်သာဖြစ်၏။

ဇနကမင်းသားဝတ္ထု၊

ဝီရိယဓာတ် ရင့်သန်ခိုင်မာသည့်အတွက်နှင့် အမှုကိစ္စကို ဝန်လေးသည်မထင်ပုံမှာ ဇနကမင်းသား၏ ဝတ္ထုဖြင့် ထင်ရှား၏၊ ဇနကမင်း

သားသည် ကမ်းလမ်းမမြင်သော သမုဒ္ဒရာပင်လယ်ပြင်မှာ သင်္ဘော နစ်မြုပ်လေသည့်အခါ တစုံတရာမှ ကြောက်ရွံ့လန့်ထိတ်သောစိတ်မ ရှိဘဲ ဤသမုဒ္ဒရာကြီးကို ကမ်းတဘက်သို့ ရောက်အောင် လက်ပစ်ကူး မည်၊ ငါကူးရလျှင် သမုဒ္ဒရာကမ်းပါးသည် ငါ့လက်မှလွတ်နိုင်ပါရိုး လား-ဟု အားတက်စွာနှင့် ကူးမြောက်လေ၏၊ စင်စစ်အားဖြင့်ဆို သော် ဇနကမင်းသား၏ အစွမ်းအား သက်သက်နှင့် ကမ်းတဘက်သို့ ရောက်နိုင်မည်မဟုတ်၊ အတန်ကြာမြင့်လျှင် လက်ပန်းကျ၍ နစ်မြုပ် သေဆုံးမည်သာဖြစ်၏၊ သို့ရာတွင် ဝီရိယခေတ်ခံရှိသည်နှင့် ပင်လယ် ကူးမည့် အရေးကို ဝန်လေးသည်-ဟု မမှတ်ထင်ဘဲ သူတတ်နိုင်သမျှ ကြိုးစား၍ ကူးလေ၏။

အသက်နှင့် တည်နေသမျှကာလမှာ မိမိတို့သန္တာန်မှာ ရှိသော ဝီရိယကို တတ်နိုင်သမျှ အသုံးချသင့်ကြောင်းမှာ အလောင်းတော် ဇနကသည်ပင်လျှင် ဥဒါဟရုဏ်ပုံစံသက်သေကြီးတခု ဖြစ်လေ၏၊ ဇနကမင်း၏ မြော်လင့်ဘွယ်မရှိသော ဝီရိယသည် အကျိုးအချည်းနှီး ဖြစ်၍မသွားဘဲ ဝီရိယ၏ အာနုဘော်ကြောင့် မေခလာနတ်သမီးလာ၍ ဆယ်တင်ရလေ၏၊ နတ်သမီးက ဆယ်တင်ခါနီးတွင်—

"ဤကမ်းလမ်းမမြင်သော ပင်လယ်အပြင်၌ ကူးသန်း၍ နေသူကား-အဘယ်သူပေနည်း၊ မြော်လင့်စရာ အကျိုးမရှိပါဘဲ လျက် မည်သည့်အကျိုးကို မြော်ကိုး၍ ပင်လယ်ပြင်ကြီးကို လက်ပစ်ကူးနေပါသနည်း"။

ဟူ၍ မေးမြန်းရာ ဇနကမင်းသားက—

"အို-မေခလာနတ်သမီး···· ဤလောက၌ ယောကျ်ားတော် တကာတို့အားထုတ်မြဲဖြစ်သော ဝီရိယဝတ်ကိုငါလည်း ဖြည့် ကျင့်ဆည်းပူး အထူးကြိုးစားထိုက်ပေသည်-ဟူ၍ မြော်လင့်မိ သောကြောင့်၎င်း, အားထုတ်အပ်သော ဝီရိယမည်သည် အကျိုးမဲ့ အချည်းနှီးဖြစ်၍ သွားလေ့မရှိ၊ များသောအားဖြင့် အကျိုးပေးတတ်သည့် ဝီရိယဂုဏ်ကျေးဇူးကို မြော်မြင်မိသော ကြောင့်၎င်း ဤကမ်းလမ်းမမြင်သော ပင်လယ်ပြင်မှာ ငါအ

သက်ရှင်စဉ် ဝီရိယကို အသုံးမပြုလျော့ချ၍မထားဘဲ ကြိုးစား၍ ကူးပေသတည်း”—

ဟူ၍ ပြန်ပြော့လေ၏၊ ထိုနောက် နတ်သမီးနှင့်များစွာ စကားမပြောဘဲ ပင်လယ်ထဲမှာ ရဲစွမ်းသတ္တိရှိစွာနှင့် ဝီရိယကို အားကိုး၍ ကူးနေရာတွင်မှ မေခလာနတ်သမီးပွေ့ပိုက်၍ ကယ်ဆယ်ရလေသည်။

ဤသို့ကယ်ဆယ်ခံရခြင်းသည်ကား ဝီရိယ၏ဒိဋ္ဌအကျိုးဖြစ်ပေသည်၊ ဤဇနကမင်းသည်ကား-သေခါနီးဆဲဆဲဖြစ်၍ နေရာမှာပင် သူ့ဝီရိယကို သူအသုံးချမိအောင် ချလေသည်၊ အကယ်၍သာ လက်လျော့၍ ဝီရိယမကူပံ့ပါက မေခလာနတ်သမီးမလာမီ နစ်မြုပ် သေဆုံးရာ၏၊ ဝီရိယကျိုးကို မခံစားရာ၊ မေခလာနတ်သမီး အကယ်ဆယ်ခံရသည် ကစ၍ ထီးနန်းစည်းစိမ်ကို ရသည့်တိုင်အောင် ဝီရိယအကျိုးတို့ဟူ၍ ဆိုထိုက်လေ၏၊ ထိုမှတပါး ဝီရိယအစွမ်းအားဖြင့် ပင်လယ်ရေကိုပင် အမြီးနှင့်ဆွတ်၍ ခါသဖြင့် ကုန်ခန်းစိမ့်မည်သဘောထား၍ ကြိုးစားအားထုတ်သော ရှဉ့်မင်းဝတ္ထုများလည်း ရှိလေသေး၏၊ ဝီရိယတရားသည် ကမ္ဘာ၏အင်အားကဲ့သို့ ဖြစ်နေလေ၏၊ ကမ္ဘာတည်သည်ကစ၍ ယခုထက်တိုင်အောင် လူများအပေါင်းတို့သည် လူ့ပြည်လောကမှာ လူပြိုသစွာနှင့် အတင့်အတယ်အဘွယ်အရာ နေထိုင်ကြသည်မှာ ဝီရိယအစွမ်းကြောင့်ပင် ဖြစ်သည်-ဟူ၍ ဆိုထိုက်လေ၏။

### ဝီရိယအကျိုးကြီးကျယ်ပုံ

နိုင်ငံမြို့ရွာ အဖြာဖြာတို့၏ ကြီးပွါးစည်ပင်၍ နေမှုသည်လည်း ဝီရိယ၏ အကျိုးပင်ဖြစ်၏၊ လူအပေါင်းတို့သည် မိမိတို့သန္တာန်မှာ ရှိသောဝီရိယတို့ဖြင့် အသီးအသီး အားထုတ်ကြကုန်ပြီးလျှင် ကမ္ဘာနှင့် သက်ဆိုင်သော အလုပ်အကိုင်ကြီးတွေကို ပြုလုပ်၍နေကြကုန်၏၊ ဝီရိယဓာတ်ကိုသာ အလုံးစုံတညီတညွတ်တည်း လက်လျော့လိုက်ကြမည်ဆိုပါလျှင် ကမ္ဘာလောကကြီးသည် ယခုအခြေအနေနှင့် တည်တံ့နိုင်မည်မဟုတ်ချေ၊ ဇနကဇာတ်တွင်လည်း ဝီရိယကို ကမ္ဘာလောက၏ ဝတ်တရားကြီး-ဟူ၍ လည်းဆိုလေ၏၊ ဘယ်မျှလောက်ပင် ဉာဏ်ပညာထက်မျက်စေကာမူ ဝီရိယကဉာဏ်နောက်မလိုက်ဘဲ အတင်းငြင်းဆန်

ပုန်ကန်၍နေလျှင် ဘာတစုံတခုမျှဖြစ်မြောက်နိုင်မည်မဟုတ်ချေ၊ ကမ္ဘာပေါ်တွင် အလုပ်အကိုင်ရှိသမျှသည် ဝီရိယလက်ယာမှာသာ အလုံးစုံပေါင်းစု၍နေ၏။

ယခုအခါနိုင်ငံတကာမှာ ရှေးရှေးလက်ထက်များက ပြုလုပ်စီမံ၍ထားခဲ့သော အဆောက်အဦကြီးအမျိုးမျိုးတွေကို တွေ့မြင်ရကတ်ကုန်၏၊ ထိုအဆောက်အဦကြီးများက ရှေးလက်လက်အခါတွင် ဖြစ်ထွန်းခဲ့ကြကုန်သော ပုဂ္ဂိုလ်တို့၏ ဝီရိယတံခွန်တိုင်သလျှင်ဖြစ်ကုန်၏၊ ကျွန်ုပ်တို့မြန်မာနိုင်ငံပုဂံပြည်တွင် အာနန္ဒာဘုရားစသော အဆောက်အဦအဆန်းတကြယ်ကြီးများကို ယခုတိုင်တွေ့မြင်ကြရကုန်၏၊ထိုသို့တွေ့မြင်ရသောအခါ ရှေးကာလက ပုဂံပြည်တွင်စိုးစံကြသော အနော်ရထာမင်း, ကျန်ရစ်သားမင်း, အလောင်းစည်သူမင်းစသည်တို့၏ ဝီရိယ အစွမ်းအစများကို သိရှိရကုန်၏၊ မန္တလေးမြို့ မင်းကွန်းဘက်၌ ခေါင်းလောင်းကြီးကို တွေ့မြင်ရသောအခါ အမရပူရမြို့တည် ဘိုးတော်မင်းတရား၏ ဝီရိယအစွမ်းအစကို သိရှိရကုန်၏။

မန္တလေးမြို့ မဟာလောကမာရဇိန် စေတီတော်ကြီးအတွင်း ပိဋကတ်ရေးတင်သော ကျောက်ဖြူပြားတွေကို တွေ့မြင်ရသော အခါ မန္တလေးမြို့တည် ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီး၏ ဝီရိယအစွမ်းအစများကို သိရှိရကုန်၏၊ အောက်နိုင်ငံ၌ မဟာတိကုမ္ဘစေတီတော်ကြီး, ရွှေမော်ဓောစေတီတော်ကြီးစသည်များကို တွေ့မြင်ရသောအခါ ရှေးမင်းအစဉ်အဆက်တို့၏ ဝီရိယအစွမ်းအစများကို သိရှိရကုန်၏၊ ဣန္ဒိယနိုင်ငံတောင်ပိုင်း,မြောက်ပိုင်းတို့၌ ဗုဒ္ဓဘာသာနှင့်စပ်ဆိုင်သော အဆောက်အဦ အဟောင်းအမြင်းတို့ကို တွေ့မြင်ရသောအခါ ဓမ္မာသောကမင်း, ကနိဋ္ဌကမင်းတို့၏ ဝီရိယအစွမ်းအစများကို သိရှိရကုန်၏။

ထို့ပြင်ဇေတဝန်ကျောင်းတော်ရာ,ပုဗ္ဗါရုံကျောင်းတော်ရာ, ဝေဠုဝန်ကျောင်းတော်ရာ-စသည်များကို တွေ့မြင်ရသောအခါ အနာထပိဏ်, ဝိသာခါ, နန္ဒိယဥပါသကာ စသည်တို့၏ ဝီရိယအစွမ်း အစများကို သိရကုန်၏၊ ဣန္ဒိယနိုင်ငံမှာ ဓမ္မာသောကမင်းကြီး မရှိသည့်နောက်ကာလအတန်ရွှေ့ခဲ့သည်ရှိသော် ဣန္ဒိယတဝန်းလုံးလိုလိုပင်ချောက်ချား

၍မတည်မငြိမ်ရှိလေ၏၊မဟာမေဒင်တို့သည်ဣန္ဒိယသို့များစွာဝင်ရောက် နှောင့်ယှက်လာကြကုန်၏၊ သို့ဖြစ်၍ ထိုဣန္ဒိယနိုင်ငံမှာ အလွန်တရာ ကြီးကျယ်သော ဗုဒ္ဓဘာသာ အဆောက်အဦကြီးများသည် ပျက်ပြား ပြုန်းတီးကြရကုန်သည်၊ ဣန္ဒိယနိုင်ငံကြီးသည်ဣန္ဒြေရစွာနှင့်တည်တည် တံ့တံ့ဆင်းသက်၍ လာခဲ့ပါလျှင် အလွန်တရာ ကြီးကျယ်သော ဇေတ ဝန်ကျောင်းတော်ကြီးစသည်များကို ယခုထက်တိုင်အောင်ပင် အတော် အတန်ကောင်းမွန်ထင်ရှားစွာတွေ့ရှိတန်ရာ၏။

ထို့ပြင်သီဟိုဠ်ကျွန်း၌မဟာစေတီ,ထူပါရုံစေတီစသောအဆောက် အဦကြီးတွေကို တွေ့မြင်ကြရသည့်အခါ ဒေဝါနံပိယတိဿမင်း, ဒုဋ္ဌဂါ မဏီမင်းတို့၏ ဝီရိယအစွမ်းအစများကိုသိနိုင်ကုန်၏၊ ထို့ပြင်ရှေးဆရာ ကြီးတို့အားထုတ်၍ စီရင်တည်ထွင်တော်မူခဲ့ကြသော လောကီ လော ကုတ္တရာဆိုင်ရာကျမ်းစာအမျိုးမျိုးတွေကိုတွေ့မြင်ရသဖြင့် ထို့ဆရာကြီး တို့၏ ဝီရိယအစွမ်းများကိုသိရှိရကုန်၏၊ထို့ပြင် လောကီစီးပွားချမ်းသာ ရေးအတွက်နှင့် ရှေးရှေးလူဟောင်းတို့ ပြုလုပ်ခဲ့ကြကုန်သော တူး မြောင်းကြီး, အင်းကြီး, ကန်ကြီး,လမ်းကြီး စသည်များကို တွေ့ရှိရသ ဖြင့်လည်း ထိုရှေးလူကြီးလူဟောင်းတို့၏ ဝီရိယအစွမ်းအစများ သိရ ကုန်၏၊ ထိုသို့ဝီရိယအစွမ်းအစများကို ချန်ထားခဲ့ကြသည်မှာ နောင် လာနောက်သားတို့၏"ဝီရိယဓာတ်များကိုတိုးပွားလေအောင်တနည်း အားဖြင့် ရှက်ဆောင်နည်းပြု ပြုလုပ်ခဲ့ကြပေသည်"ဟူ၍လည်းထင်မြင် တိုက်ပေ၏။

ဝီရိယအစွမ်းဖြင့် ပြုလုပ်ခဲ့ကြကုန်သော လက်ရာခြေရာများကိုတွေ့ မြင်ရသဖြင့် အမြော်အမြင်အဆင်ခြင်ကျယ်ဝန်းသော သူတို့သည် မိမိ တို့၏ ဝီရိယများကိုလည်း သတိရစွာနှင့် ကြိုးစားအားထုတ်အောင်နှိုး ဆော်တိုက်တွန်းကြကုန်၏၊ရှေးရှေးဝီရိယများသည် နောက်နောက် ဝီရိ ယတို့အား(အနန္တရပစ္စည်းမျိုးကဲ့သို့)ကျေးဇူးပြုတတ်ကုန်၏၊ ဥပမာ- ပထမနှစ်၌ တခုသောအလုပ်မှ အားထုတ်သော ဝီရိယကိုထူထောင်မိ လျှင် နောင်နှစ်အခါ ထိုထက်မြဲမြံသော ဝီရိယဓာတ်ကို ဖြစ်စေတတ်၏၊ ဝီရိယကိုတိုးတက်၍ ရင့်သန်စေတတ်၏၊ အလုပ်တခုခုမှာ အားထုတ် ခြင်းဝီရိယကို တဇောကစိုက်ပျိုးထူထောင်၍ သွားသည့်အခါ ဓာတ်ရ၍

ကြာလေလေ လွယ်ကူစွာနှင့် ပြုလုပ်ဆောင်ရွက်နိုင်၏၊ ဗတည်အားမ ထုတ်ရသေးခင် မည်သည့်အမှုမျိုးမဆို ခဲယဉ်းပင်ပန်းရကုန်၏၊ ဗတည် ၍ကြိုးစားမိသောအခါ လွယ်ကူစွာဖြင့် သက်သက်သာသာဖြစ်မြောက် တတ်လေသည်။

[ဤကား-ရှေ့ဝီရိယ၏ နောက်ဝီရိယကို ကျေးဇူးပြုပုံတည်း။]

ဝီရိယနှင့်ရှေးကပြုလုပ်ထားသော လုပ်ငန်းများသည်လည်း ထို့အ တူပင်လျှင် နောက်၌ပြုလုပ်ကြိုးစားသူအား ကျေးဇူးပြုတတ်လေသည်၊ ဥပမာ-ကောင်းကင်သို့ပျံနိုင်သောလေယာဉ်ပျံရထားကို ရှေ့ဦးပထမ တဦးတယောက်က ပြုလုပ်လေ၏၊ ထိုသူတလက်ထက်မှာ ကောင်းစွာ အထမမြောက်သေးသော်လည်း ထိုအလုပ်အကိုင် အစအနကိုဆက် လက်၍ နောက်တယောက်က ပြုလုပ်ဆောင်ရွက် လေသောအခါ အတော်အတန်ကောင်းမွန်သေသပ်စွာနှင့် ထမြောက်လာ၏၊ ထိုကဲ့သို့ အဆင့်ဆင့်ပြုလုပ်လာကြရာ နောက်အခါ ထိုလုပ်ငန်းသည် ကောင်း စွာထမြောက်လေ၏။

နိုင်ငံကိုအုပ်ချုပ်သော အစိုးရမင်းဟူသည်လည်း ထို့အတူပင်လျှင် အခွန်တော်နှင့်စပ်လျဉ်း၍ ဖြစ်စေ၊ မြို့ရွာသာယာစည်ပင်မှုနှင့် ဖြစ်စေ၊ နယ်တနယ်မှာ အရာရှိတဦးတယောက်ကစ၍ စီမံပြုလုပ်သွားရာ ထို လက်ထက်အခါ ကောင်းစွာအထမမြောက်သေးသော်လည်း နောက် အရာရှိတဦးလက်ထက် ဆက်လက်ပြုလုပ်သွားပါက ကောင်းမွန်သေ သပ်စွာနှင့် ချောမောပြေပြစ်လာလေသည်၊ တလက်ထက်မှာ အထမ မြောက်သေးလျှင် ဆုတ်နစ်တွန့်တိုခြင်းကိုမဖြစ်စေဘဲ တလက်ထက်မှာ ဆက်လက်၍ ဆောင်ရွက်ပါက မည်သည့်အလုပ်ကိစ္စမျိုးမဆိုများသော အားဖြင့် ထမြောက်အောင်မြင်တတ်လေ၏။

ကျွန်ုပ်တို့မြန်မာဘုရင်များသည် ထိုသို့ဝီရိယဓာတ်နှင့် အလုပ်အ ကိုင်တို့၏ အဆင့်ဆင့်ကျေးဇူးပြုပုံကို များစွာစဉ်းစားလေ့မရှိဘဲ မင်း တပါးလက်ထက်က ဆောင်ရွက်ပြုလုပ်ခဲ့သည်များကို မင်းတပါးက ဆက်လက်ပြုလုပ်လေ့မရှိကုန်၊ ကိစ္စတန်းလန်းနှင့်သာပစ်စွန့်၍ ထား တတ်ကြကုန်၏၊မင်းတပါးတည်ထောင်ထားခဲ့သောမြို့ကို ကောင်းမွန်

တိုးတက်အောင်ပြုလုပ်မည်မကြံစည်ကြ၊ကိုယ့်လက်ထက်မှာ မြို့သစ်နန်း သစ်တည်ထောင်၍ စံချင်တတ်ကြလေသည်၊ ထို့ကြောင့် မြို့ပြပြည်ရွာ များသည် အခြေရစွာနှင့် စည်ပင်ကြီးပွားခြင်းမရှိနိုင်ဘဲ ခဏခဏ မြို့ပြောင်းရသည့် ကိစ္စနှင့်ပင် ကစင့်ကရဲဖြစ်၍နေလေသည်။

[ဤကား ရှေ့အလုပ်ကို နောက်အလုပ်ကကျေးဇူးပြုပုံတည်း။]

ပုဂ္ဂိုလ်တဦး၏ ဝီရိယသည်လည်း ထို့အတူပင် ပုဂ္ဂိုလ်တဦးအား (ဥပနိဿယပစ္စည်းမျိုးဖြင့်) ကျေးဇူးပြုတတ်လေ၏၊ ဥပမာ—ဝီရိယ ရှိသောသူနှင့် ပေါင်းသင်းဆက်ဆံ၍ နေသောသူသည် မူလပထမက ဝီရိယပင်မရှိစေကာမူ အတန်ကြာလျှင်အတုမြင် အတတ်သင်သော အားဖြင့် (ဓါတ်ကူးသောအားဖြင့်) ဝီရိယရှိသောသူဖြစ်လာတတ်၏၊ ရှေးအခါဝီရိယဓါတ်စက်ကနှိုးဆော်ခြင်းမရှိဘဲ အငြိမ်းပေး၍ အေး အေးနေတတ်ကြကုန်သော ခြေလက်တို့သည်လည်း လှုပ်လှုပ်ရှားရှား သွက်သွက်လက်လက်နှင့် အလုပ်ကိုလုပ်ကိုင်လာကြကုန်၏။

ပျင်းရိသောမိဘတို့၏ သားသမီးများသည် အပျင်းကလေးတွေဖြစ် ၍လာကုန်၏၊ လုံ့လဝီရိယရှိသော မိဘတို့၏သားသမီးများသည်ကား ငယ်စဉ်ကပင် မိဘတို့က ဝီရိယရှိရန်နှိုးဆော်သွန်သင်ချက်ဖြင့် သွက် သွက်လက်လက်ဝီရိယရှိသော လူကလေးတွေဖြစ်၍ လာတတ်ကုန်၏၊ တိုင်းနိုင်ငံအမျိုးဇာတိအားဖြင့်လည်းဝီရိယအထက်အနိမ့်ရှိတတ်ကုန်၏၊ ဥရောပတိုက်သားများသည် ယေဘုယျနည်းအားဖြင့်ဝီရိယရှိတတ်ကုန် ၏၊ ထိုဝီရိယရှိသော ဥရောပတိုက်သားတို့၏ လုပ်ပုံကိုင်ပုံနေထိုင်ပုံများ သည် ဝီရိယသမားနှင့်တူ၍ သားသားနားနားရှိတတ်ကြကုန်၏၊ ယခု အခါကမ္ဘာပေါ်တွင် ကြီးကျယ်လေသမျှသည် ဥရောပတိုက်သားတို့၏ ခြေရာလက်ရာတို့သာများကုန်၏။

အမေရိကန်တိုက်ကြီးမှာ ထွန်းကားလေသည်-ဆိုသော်လည်း အ မျိုးဇာတိကိုစစ်၍ကြည့်လျှင် ဥရောပတိုက်သားဖြစ်ကြကုန်၏၊ ဇမ္ဗူဒိယ နိုင်ငံသည် ယေဘုယျအားဖြင့် ဝီရိယဓာတ်များစွာမစွမ်းသန်သော ဒေသဖြစ်၏၊ ကမ္ဘာလောက၏ ဝတ်တရားကြီးတခုဖြစ်၍နေသော ဝီရိယ သည် နေအရောင်က မှောင်ကိုလွှမ်းမိုးဘိသည့်အလား ဝီရိယနည်းပါး

သည်ကို ဖိစီးလွှမ်းမိုးတတ်၏၊ ဝီရိယညှိုဖျင်းသောပုဂ္ဂိုလ်ကို ဝီရိယ ထက်သန်သော ဥရောပတိုက်ကလွှမ်းမိုး၍နေသည်မှာသက်သေကြီးပေတည်း၊''ဘောဇနံပိ ဥပနိဿယပစ္စယေန ပစ္စယော''ဆိုသောပဋ္ဌာန်း ပါဠိတော်နှင့် အညီ-အစာသည်လည်း ဝီရိယ အထက် အနံ့ကိုဖြစ်အောင် ကျေးဇူးပြုတတ်၏၊ဘိန်းသည် ဝီရိယကိုဖျက်ဆီးရာ၌ ကြီးကျယ်သော လက်နက်ကြီးတခုဖြစ်၏။

တရုပ်ပြည်သည် နိုင်ငံလည်းကျယ်ဝန်း လူအင်အားလည်း ပေါများ၏၊ သို့ရာတွင်ဘိန်းကနှိပ်စက်၍နေခြင်းကြောင့် စောစောစီးစီး ကြီးပွားသင့်လျက် မကြီးပွားဘဲ နှောင့်နှေးကြီကြာလျက် ရှိလေ၏၊ တိရစ္ဆာန်သတ္တဝါ အငယ်စားကလေးတွေဖြစ်သော်လည်း ပျား,ချ, ပရွက်ဆိတ်တို့သည် ဝီရိယသမားကလေးတွေ ဖြစ်လေသောကြောင့် ထိုက်သည်အားလျော်စွာ အစားအသောက်ပြည့်စုံ မှုယ်းလုံလေလုံနှင့် အတင့်အတယ်နေထိုင်ကြလေကုန်၏။

[ဤကား ဝီရိယနှင့်စပ်လျဉ်း၍ ဆိုလိုက်သောစကားရပ်တို့ပေတည်း။]

''ဝီရိယသမားတို့သည် အမှုကိစ္စမျိုး၌ ဝန်မလေး'' ဟူသောစကားမှာ ယခုအခါ အလုပ်အကိုင်အကြီးအကျယ်တွေကိုဖြစ်မြောက်အောင် ရွက်ဆောင်လုပ်ကိုင်လျက် ရှိနေကြကုန်သော ဥရောပတိုက်သားတို့ကို ထောက်သောအားဖြင့် များစွာထင်ရှားလေ၏၊ ဝီရိယအစွမ်းအားဖြင့်ကြိုးစားအားထုတ်လျှင် ကိစ္စပြီးမြောက်သည်ဆိုရာတွင်-ပြီးမြောက်သော အရာတိုင်းလည်းအကျိုးရှိသည်မဟုတ်ချေ၊ တရံတခါအလုပ်အဆောင်မှားသဖြင့်အလကားအချည်းနှီးဖြစ်သော အရာများသည် ရှိလေသေး၏။

ဥပမာ–မျက်စိလည်၍ နေသောသူသည် အရှေ့အရပ်ကို သွားလိုရာ အနောက်ကိုအရှေ့ထင်သဖြင့် အနောက်စူးစူးသို့ အားထုတ်ကြိုးစား၍ အားထုတ်လှမ်းသွားမိသဖြင့် ခရီးတမိုင် နှစ်မိုင်ရောက်ရှိပါသော်လည်း ထိုကြိုးစားမှုများသည် အလကားအချည်းနှီးမျှသာဖြစ်၍ ပင်ပန်းသာလျှင် အဖတ်တင်ခံရလေသကဲ့သို့ငှင်း,စပါးရှားသည့်နေရာ၌ာန ဟာခုမှာ ဆန်ရောင်း၍ ကောင်းသည်နှင့် ဆန်စက်တည်လျှင် အကျိုးဖြစ်ထွန်းလိမ့်မည်ထင်သောကြောင့် ဆန်စက်တည်ဖွင့်ရာ ကြိတ်လုပ်ရန်

စပါးမရနိုင်ရှိသဖြင့် အကျိုးဆုတ်ယုတ်လေသကဲ့သို့ဂင်း, တောရွာငယ် ကလေးမှာ အကြီးအကျယ်ရပ်ဆိုင်ကြီးတည်ဖွင့် လုပ်ကိုင်ပါသော် လည်း အကျိုးမခံစားရသကဲ့သို့ဂင်း ကြိုးစားပါသော်လည်း အစီအမံ မှားနေက ဝီရိယစွမ်းအားများသည် အလကား အချည်းနှီးမျှသာ ဖြစ်တတ်လေသည်များကိုလည်း ဆင်ခြင်ရာ၏။

''အစီအရင်မှားသည်''ဆိုရာ၌- အချက်အကွက်မကျသော နေရာ ဌာနတွင် မိမိဝီရိယကို အသုံးပြုခြင်းကို ဆိုလိုသည်၊ မြန်မာရာဇဝင်တွင် အင်းဝဘုရင် မင်းခေါင်လက်ထက် သားငယ်အိမ်ရှေ့မင်း မင်းရဲကျော် စွာသည် စစ်တိုက်ခြင်းဝါသနာပါလှသဖြင့်စစ်ပွဲတိုင်းမှာလိုပင်ကိုယ်တိုင် ကြိုးစား၍ တိုက်ခိုက်လေ့ရှိ၏၊ ကိုယ့်အစွမ်းသတ္တိကိုလည်း အလွန်အား ကိုး၏၊ သို့ရာတွင် သက္ကရာဇ် ၇၇၀-ခုနှစ် ဒလပန်းကျော်ချောင်းအနီး တွင် ရာဇာဓိရာဇ်နှင့် ဆင်စီး၍ စစ်တိုက်ကြရာတွင် ကိုယ့်အစွမ်း သတ္တိဝီရိယ အရှိန်အစော်ကို အားကိုးလွန်သောကြောင့် အရေးမှား၍ ပျက်စီးသေဆုံးရလေ၏။

အရေးမှားကြောင်းမှာ-ထိုစစ်ပွဲဆင်ယင် တိုက်ခိုက်မည်ရှိရာ ရာဇ သင်္ကြံအမတ်က ''စစ်ရေးတို့သဘောသည် ကြက်ဥတွင်ရှိသောကြက် သူ ငယ်များနှင့်အတူ ဒေမည်းအဖြူကို တတ်အပ်သိဘို့ရာခဲယဉ်းလှပါသည်၊ ဗိုလ်မှူးစစ်ကဲများနှင့် တိုင်ပင်ညှိညွတ်၍ ပြုသင့်လှပါသည့် အရေးကို လွန်တော်မမူပါစေလင့်''ဟူ၍ လျှောက်တင်သော်သည်း ရှေးကစစ်ပွဲ များတွင် နိုင်ဘူးလှပြီဖြစ်၍ ရာဇသင်္ကြံ၏တင်စကားကို များးစွာအရေး မမူဘဲ ဆင်ပေါ်ချေစ်ခိုင်ကို စီးပြီးလျှင် အမှူးအမတ် နောက်တပ်များ ကိုမှ မစောင့်ဆိုင်းနိုင်ဘဲ ရဲတင်းစွာသွား၍ တိုက်ခိုက်လေသည်နှင့် တ လိုင်းမင်း ရာဇာဓိရာဇ်က ဆင်တို့ဖြင့် ဝိုင်းတိုက်လေရာ ရှုံးခြင်းမလှ အရှုံးနစ်နာရလေသည်။

ဤသို့စသည်ဖြင့် အားထုတ်တိုင်းလျှည်းနေရာမကျ၊ အရေးမှား သောအရာတို့နှင့် တွေ့ကြုံရတတ်သည်များလည်းရှိလေသေး၏၊ ကံ, ဉာဏ်,ဝီရိယ-ဟူ၍ရှေးသူကြီးတို့ ပြဆိုသောစကားအရ-ဝီရိယကောင်း မွန်ထက်မြက်ပါသော်လည်း အဆင်အခြင်ဉာဏ်ပညာက ပဲ့ပြင်၍ မပေးနိုင်လျှင် မှားယွင်းတတ်လေ၏။

''သမာဓိလွန်လျှင်ကြောက် ဝီရိယလွန်လျှင်မျောက်'' ဟူ၍ ဆိုသော စကားအတိုင်း ဝီရိယလွန်လျှင်မျောက်ကဲ့သို့ အတည်မရှိ၊ ကလှုပ်လှုပ် တရှားရှားအားထုတ်၍သော နေချင်တတ်၏၊ ကိစ္စတခုမပြီးမြောက်သေး ခင် ကိစ္စတခုကို အားထုတ်ပြုလုပ်ချင်၏၊ မပြီးဆုံးသေးသော ကိစ္စတွေ တန်းလန်းစ၍ထားသောအမှုကိစ္စနှင့်''အရှုးမီးဝိုင်း''ဆိုသကဲ့သို့လည်း ဖြစ်တတ်လေ၏၊ ကိစ္စဟောင်းတခုမပြီးခင် ကိစ္စသစ်တခုကို ပြုလုပ်ချင် သည်နှင့် ထင်တိုင်းပြုလုပ်ကြိုးစားရာ ဗျာပါသောကများစွာနှင့် အကျိုး မခံစားရဘဲ အားထုတ်သမျှသော ဝီရိယတို့သည် အချည်းနှီးဖြစ်တတ် ကုန်၏၊ ကျမ်းဂန်များတွင် စ၍ ပြုလုပ်သော အာရဗ္ဘဝီရိယ, စသည့် အတိုင်း အစည်းအရုံးပြု၍ လုပ်သော ယုဋ္ဌန ဝီရိယ,အဆုံးတိုင်အောင် ကျွတ်ကျွတ်လွတ်လွတ်ပြုလုပ်သော နိက္ကမ ဝီရိယ-ဟူ၍ သုံးမျိုးကိုပြဆို လျက်ရှိလေ၏၊ အစဝီရိယ, အလယ်ဝီရိယ, အဆုံးဝီရိယ-ဟူ၍ ဆိုလို သည်၊ အစဝီရိယမှ မထောက်နိုင်လျှင် ကြွင်းသော ဝီရိယများကိုကား-ပြောဆိုဘွယ်မရှိချေ။

ပျင်းသောသူတို့သည်အမှုကိစ္စတခုကိုစတည်၍လုပ်ရန်ကိုပင်ကြောက် လန့်ကြလေ၏၊ အမှုကိစ္စတစုံတခုကို ပြုလုပ်မည်ဖြစ်လျှင် ထိုအလုပ် ကိစ္စကို ပထမဦးအောင်စ၍ ပြုလုပ်လိုက်ရာ၏၊ စ၍ပြုလုပ်လိုက်လျှင် နောင်အစဉ် အတိုင်းပြုလုပ်လိုသော ဆန္ဒဖြစ်ပေါ်၍ လာတတ်၏၊ အစကိုမှ မစမိသေးပါလျှင် ဘယ်မှာအားထုတ်ပြုလုပ်ရန်လမ်းကိုရနိုင် ပါအံ့နည်း၊ အချို့သောသူတို့သည် ဝီရိယရှိစွာနှင့် တစုံတခုသော အမှုကိစ္စကို စ၍ပြုလုပ်ထားသော်လည်း အလယ်ဝီရိယအဆုံးဝီရိယ တို့ဖြင့် ပြီးဆုံးအောင်မလုပ်ချင်ကြဘဲရှိတတ်ကြကုန်၏၊ထိုသို့ဖြစ်ပါလျှင် စမိသောဝီရိယသည်လည်း အကျိုးမပေးနိုင်ဘဲအဟောသိကံ အနေနှင့် သာလျှင် ဆုံးရှုံးတတ်လေ၏၊ထို့ကြောင့် အစ,အလယ်,အဆုံး သုံးပါး လုံး ဖြောင့်မတ် ညီညွတ်စွာနှင့် ကိစ္စတစုံတရာကို ထမြောက်အောင် မြင်စွာရှိအောင် ကြိုးစားရာ၏။

မိုယ်းဦး, မိုယ်းလယ်, မိုယ်းနှောင်း မိုယ်းသုံးချက် ကောင်းမွန်ညီ ညွတ်လျှင် စိုက်ပျိုးလုပ်ကိုင်သောကောက်စပါးတို့သည် အောင်မြင်စွာ ဖြစ်ထွန်း၍အကျိုးရှိစေသကဲ့သို့ ထို့အတူဝီရိယတည်းဟူသောမိုယ်းသုံး

ချက်ညီခြင်းအားဖြင့် အကျိုးစီးပွားကို ကြီးမားဖြစ်ထွန်း စေနိုင်သည်၊ အားထုတ်ကြိုးစားရာတွင် အရေးမှားမဖြစ်ရအောင် သတိပညာဖြင့် ပဲ့ပြင်၍ပေးရာ၏၊ အားမထုတ်တန်ရာ၌ အားထုတ်လျှင်လည်း ပျက်စီး နစ်နာတတ်၏၊ ကံကိုလည်း လုံးလုံးပုံ၍မယုံရာ၊ ဝီရိယအစွမ်းကိုလည်း အကြွင်းမဲ့အားမကိုးရာ၊ ဉာဏ်ကိုလည်း တဘက်သတ်စွဲလမ်း၍ တမ်း တမ်းစွဲအယူမသန်ရာ၊ စောင်းသမားကြိုးညှိ၍ သတိဖြင့် စောင့်ကြပ်ရာ ၏၊ သတိတရားသည်ကား-မည်သည့်အရာဌာနမှာမှ ပိုလွန်နိုင်သည်ဟူ ၍မရှိချေ၊လိုလျက်ရှိတတ်လေ၏၊ထို့ကြောင့် **"သတိမမူ ဂူမမြင်၊ သတိတ မန်၊ဉာဏ်မြေကတုတ်"** ဟူ၍ ဆိုစမှတ်ပြုကြကုန်၏၊ မုံရွာဆရာတော်က ဘကြီးတော်မင်းတရားကို ဆုံးမသောစာတွင်-

> "သတိကိုလက်ျာ၊ပညာကိုလက်ဝဲ၊ တကဲလက်သုံး၊နှလုံးလုံ လောက်၊ဝီရိယကူလျှောက်၍၊မြှော်ထောက်တော်မူပါ၊ဝီရိယယုံ လှသည့် ငါးတဖုံ၊ ကံကိုယုံသည့်ငါးတဝ၊ ကံဝီရိယနှစ်ဌာနကို၊မျှ တ၍ယုံသည့်ငါး၊၎င်းသုံးပါးတည်း၊ဘုရားဟောဇာတ်နိပါတ်တွင် အလာ"—

ဟူ၍ စပ်ဆိုလေ၏၊ ၎င်းမေတ္တာစာတွင် ပညာထက်ပင်သတိကို အ ရေးတကြီးပြု၍သတိကိုလက်ျာက ထားပြီးလျှင် ပညာကိုလက်ဝဲကထား ၍ ရေးသားတော်မူလေသည်၊ ဇာတ်နိပါတ်၌ လာသောဝတ္ထုတခုမှာ တခုသောမြစ်၌ ငါးသုံးကောင်ရှိကြရာ ငါးတကောင်သည်ကား-ဝီရိယ ကိုအလွန်ယုံကြည်၏၊ငါးတကောင်သည်ကား-ကံကို အလွန်ယုံကြည်၏၊ ငါးတကောင်သည်ကား-ကံ,ဝီရိယနှစ်ပါးကိုသတိပညာဖြင့် မျှတစေ၍ အရာအားလျော်စွာယုံကြည်၏၊တနေ့သောအခါထိုငါးသုံးကောင်သည် တံငါတဦး၏ ပိုက်ကွန်ထဲမှာ တပြိုင်နက်မိကြလေ၏၊ ပိုက်ကွန်မှထုတ် ယူ၍ အရှင်အတိုင်း လှေထဲတွင်ထည့်ထားရာ။

၁။ ဝီရိယကို အားကိုးလွန်းသောငါးက လှေမှခုံဆင်းရန် မရပ်မ နားအားထုတ် **တ**လှုပ်လှုပ်ထကြွ၍နေလေ၏၊ ထိုအခါ တံငါသည်များ က သည်ငါးအလွန်ဆော့သည်ဟု ဦးခေါင်းကိုရိုက်နှက်၍ သတ်သဖြင့် အသက်သေဆုံးရလေ၏။

၂။ ကံကိုယုံလွန်းသောငါးသည်လည်း ငါဘာမျှအားမထုတ်သော် လည်း ကံအားလျော်စွာ လွတ်ပါလိမ့်မည်ဟု ယုံကြည်စိတ်ချ၍ ငြိမ်သက်စွာနေရာ အတန်ကြာလျှင် လှေထဲတွင်သေဆုံးလေ၏။

၃။ အခွင့်အခိုက်သင့်သည့်အခါ ငါခုံထွက်မည်ဟူ၍သာလျှင် သတိဖြင့်စောင့်၍နေလေ၏၊ထိုသို့သတိရှိစွာနှင့် အခွင့်အခိုက်ကိုကြည့်၍နေစဉ် အခါ လှေသည်စောင်းလေ၏၊ထိုသို့လှေအစောင်းတွင် အချက်ကောင်း ရလေသောကြောင့် ရုတ်တရက် လှေမှခုံဆင်းလေရာ ရေသို့ကျ၍ အသက်ချမ်းသာလေ၏။

ဤငါးသုံးခု၏ပုံကိုလည်း သတိထား၍ အရာရာတွင် ကံ,ဝီရိယ-များကို သတိပညာနှင့်မျှတ၍ လောကအလိုက် ခေတ်အလိုက် နေတတ် ထိုင် တတ်အောင် ကြိုးစားသင့်ကြပေသတည်း။

[ဤကား-ဝီရိယရှိသောသူသည် အမှုကိုဆောင်ရွက်ရန် ဝန်မလေး ဟူသော ပထမအချက်နှင့် သက်ဆိုင်ဖော်ပြသော စကားရပ်ပေတည်း။]

၂။ "ကိံ ဒူရံ ဗျဝသာယိနံ" ဟူသော စကားအရ- "ရောင်းဝယ် ဘောက်ကားကုန်သည်များမှာ ဝေးသောအရပ်မရှိ"ဟူသောစကားစ သည်များကိုဖော်ပြရန်အခွင့်ဆိုက်ရောက်လေ၏၊ ကုန်သည်တို့မည်သည် ဝေးသောအရပ်သို့သွားလာ၍ ရင်းနှီးရှာဖွေမှသာလျှင် များစွာအကျိုး ဖြစ်ထွန်းလေ့ရှိကုန်၏၊ မိမိတို့နိုင်ငံမှ ထွက်သောကုန်များကို ဝေးသော တိုင်းတပါးသို့ တင်ပို့ရောင်းချခြင်း, ဝေးသောတိုင်းတပါးမှ ထွက်သည့် ကုန်များကို မိမိတို့နိုင်ငံတွင်းသို့ဆောင်သွင်းရောင်းချခြင်းသည်ကုန်သည် တို့မှာ အမြတ်အစွန်း များစွာတို့ကို ရစေတတ်သော အလုပ်မျိုးဖြစ် လေ၏။

ထိုသို့ အရပ်ဝေးသည့်တိုင်းတပါးသို့သွားရောက်၍ ကူးသန်းရောင်း ဝယ်ရေးကိုပြုတိုင်း အကျိုးစီးပွားကြီးမားဖြစ်ထွန်းလေ့ရှိသောကြောင့် အမြော်အမြင်ကျယ်ဝန်းသော ကုန်သည်ကြီးတို့သည် ကူးသန်းရောင်း ဝယ်ရေးနှင့် စပ်လျဉ်းသောအခါ မည်သည့်ဌာနကိုမျှ ဝေးသည်ဟူ၍ မထင်မြင်နိုင်ချေ၊ ထို့ကြောင့် "ကုန်သည်တို့မှာ အရပ်ဝေးမရှိ"ဟူ၍ စာဏကျဆရာကြီးမိန့်ဆိုလေသည်၊ ဤစကားမှာ အဓိပ္ပါယ်ဆက် သွယ်၍ ယူလိုက်သည်ရှိသော် အရပ်ဝေးကို သွားရမည်ကိုလည်း

ကြောက်၊ နိုင်ငံခြားတိုင်းတပါးတို့သို့ ပေါက်ရောက်အောင် ကူးသန်းရောင်းဝယ်ရေးမှုကို မပြုမလုပ်နိုင်သော ကုန်သည်တို့ ကြီးကျယ်စွာအကျိုးစီးပွားမဖြစ်ထွန်း-ဟူ၍သိရှိနိုင်လေသည်။

ဥပမာဆိုသည်ရှိသော်-မိမိမြို့ရွာမှာဖြစ်သော ကုန်စည်ပစ္စည်းများကို မိမိတို့မြို့ရွာမှာသာရောင်းချမည်ဆိုပါလျှင်များးစွာလည်းမတွင်ကုန်၊ အမြတ်အစွန်း များးစွာကိုလည်းမရနိုင်၊ မိမိနိုင်ငံတွင်းမှာပင်ဖြစ်စေ၊ ကိုယ့်မြို့ကိုယ့်ရွာမှ ဖြစ်ပေါ်ထွက်ရှိသော ကုန်များးကို ဝေးသောမြို့ရွာများးသို့ တင်ပို့ရောင်းချပါလျှင် အတော်ပင်တွင်ကုန်၍ အမြတ်အစွန်းလည်းခပ်များးများးရရှိလေသည်၊ ကိုယ့်နိုင်ငံမှဖြစ်သောကုန်ကို နိုင်ငံတပါးသို့တင်ပို့ရောင်းချခြင်း, နိုင်ငံတပါးမှဖြစ်သောကုန်ကို မိမိနိုင်ငံသို့သွင်းဆောင်ရောင်းချခြင်းတို့၌ အကျိုးစီးပွားဖြစ်ထွန်းမည့်အရာကိုအထူးပြောဘွယ်ရာမရှိချေ၊သို့ရာတွင်"ကာလံဒေသံအဉ္ဇာယ"ဆိုသောစကားအရ မိမိနိုင်ငံဖြစ်သောကုန်များးကို အခြားနိုင်ငံသို့တင်ပို့ရောင်းချလျှင် သင့်လျော်၏ဆိုသော်လည်း ထိုကုန်စည်ပစ္စည်းများးကို နိုင်ငံတပါးမှာ အသုံးပြုမပြု, တွင်မတွင်များးကိုလည်း စဉ်းစားဆင်ခြင်သင့်လေသည်။

ဥပမာ—ကျွန်ုပ်တို့မြန်မာနိုင်ငံမှာ သက်န်း, သပိတ်, ပရိက္ခရာကုန်များးထွက်သောကြောင့် ထိုကုန်များးကို ဥရောပတိုက်သို့တင်ပို့ရောင်းချမည်ဆိုသော်လည်း ထိုကုန်များးကို ဥရောပတိုက်သားတို့အသုံးပြုမည်မဟုတ်သောကြောင့် အချည်းနှီးမျှသာဖြစ်လိမ့်မည်။

ထို့ပြင် ဝေးသောတိုင်းတပါးမှ မိမိနိုင်ငံသို့ ကုန်များးသွင်းဆောင်ရောင်းချမည်ဆိုသော်လည်း ထိုကဲ့သို့ပင်ဆင်ခြင်သင့်လေသည်၊ ဥပမာ-အာဖရိကတိုက်မှ ကုလားအုပ်များးကိုဈေးပေါပေါနှင့်ရသည့်အတွက်မြန်မာနိုင်ငံသို့ ယူဆောင်ရောင်းချမည်ဆိုသော်လည်း အကျိုးရှိမည်မဟုတ်ချေ၊ ဤကဲ့သို့ ကာလ, ဒေသ, ဌာန, ခေတ်အလိုက်အားဖြင့်လည်း ကုန်သည်တို့မှာ များးစွာပင်ဉာဏ်ကို အသုံးပြုသင့်လေ၏၊ ဤကဲ့သို့ ဌာနာဌာနကောသလ္လဟု ဆိုအပ်သောဉာဏ်ကို အသုံးပြုနိုင်သည်ရှိသော် ဝေးကွာသောအရပ်ဌာနသို့ သွားရောက် ကြံစည်နိုင်တိုင်းကူးသန်းရောင်းဝယ်ရေးမှာ များးစွာအကျိုးရှိတတ်လေ၏။

ဤကဲ့သို့နိုင်ငံခြားကူးသန်းရေးနှင့်စပ်၍ ဆင်ခြင်ရန်အချက်တခုရှိ သည်မှာကျွန်ုပ်တို့နိုင်ငံမှာ ဆန်,စပါးတို့သည် များစွာထွက်ကုန်၏၊ ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံကဖြစ်သောဆန်သည် အကောင်းဆုံး ဟူ၍သမုတ်ကြကုန်၏၊ ထိုစပါးကို လုပ်ကိုင်သော သူတို့သည်လည်း တိုင်းရင်းသားမြန်မာတို့သာလျှင် များကြကုန်၏၊ ထိုသို့လုပ်ကိုင်၍ စပါး ဖြစ်သောအခါ ကူးသန်းရောင်းဝယ်ရေးကိုပြုလုပ်ကြရာ၌ကား မြန်မာ နိုင်ငံထဲမှာသာ ရောင်းချလိုက်ကြကုန်၏၊ ဝေးသောနိုင်ငံခြားများသို့ မြန်မာအမျိုးသားတို့ သွားရောက်၍ဖြစ်စေ, တင်ပို့၍ဖြစ်စေ အကြီး အကျယ်ကူးသန်းရောင်းချကြသည်ဟူ၍ မရှိကြကုန်သေး၊ နိုင်ငံခြား တိုင်းတပါးသားတို့ကသာလျှင် ဝေးကွာသော ကျွန်ုပ်တို့မြန်မာနိုင်ငံသို့ လာရောက်၍ ထိုဆန်စပါးတို့ကို ဝယ်ယူပြီးလျှင် နိုင်ငံခြားများသို့ တင်ပို့ ရောင်းချကြလေကုန်၏၊ ထိုသို့ရောင်းချရာတွင် များစွာအမြတ် အစွန်းရရှိလိမ့်မည်မှာ ယုံမှားသွယ်ရာမရှိချေ။

ကျွန်ုပ်တို့နိုင်ငံမှထွက်သောဆန်စပါးများကိုနိုင်ငံသားတို့က အကြီး အကျယ်ကုမ္ပဏီစုဆောင်း၍ နိုင်ငံခြားသားများပြုလုပ်သည့် နည်းနာ အတိုင်း နိုင်ငံရပ်ခြားတိုင်းတပါးသို့ တိုက်ရိုက်ရောင်းချကြပါလျှင် များ စွာအကျိုးရှိဘို့လက္ခဏာရှိလေသည်၊ယခုအခါ များသောအားဖြင့် မြန် မာနိုင်ငံသားတို့ ဆန်စပါးရောင်းချခြင်းကိစ္စမှာ ရန်ကုန်မြို့တွင်သာ လမ်းဆုံးထား၍ ရောင်းချကြကုန်သည်၊ဤသို့ဖြစ်ရခြင်းမှာ ကျွန်ုပ်တို့မြန် မာအမျိုးသား ကုန်သည်ကြီးများတို့သည် အမြင်ကျဉ်းမြောင်းစွာနှင့် လမ်းခရီးကြုံ့ပြီးလျှင် အလုပ်ကြီးအကိုင်ကြီး, အကြံကြီးအစည်ကြီး များကို မပြုလုပ်နိုင်ကြလေ - ဟူသော နိမိတ်လက္ခဏာကို ဖော်ပြရာ ရောက်လေ၏။

နိုင်ငံခြားတိုင်းတပါးသားများသည်မည်မျှလောက်ပင်အရပ်ဒေသ ဝေးကွာသည်ဖြစ်စေကာမူထိုသို့ခရီးဝေးသည့်အတွက်ကိုဂရုစိုက်လေ့မ ရှိဘဲ အကျိုးရှိမည့်အကြံအစည်ဖြစ်ပါက သွားရောက်၍ ကူးသန်းရောင်း ဝယ်ခြင်းများကို ပြုလုပ်ကြလေသည်၊ဤအရာမှာ အထူးသက်သေထင်ပြ ဘွယ်ရာမလို၊ ကျွန်ုပ်တို့မြန်မာနိုင်ငံ၌ရှိနေကြသော ဥရောပတိုက်သား, အမေရိကတိုက်သား,ကုလား, တရုပ်စသည်များကို တွေ့မြင်သဖြင့်ပင်

လျှင် ဒိဋ္ဌသိရှိနိုင်ကြလေသည်၊ ထိုနိုင်ငံခြားသားတို့သည် မိမိတို့ဇာတိဌာနဝေးကွာသော ကျွန်ုပ်တို့ မြန်မာနိုင်ငံသို့လာရောက်၍ ကုန်သွယ်ရောင်းဝယ်မှုများကို ပြုလုပ်ကြီစည်ကြရာ မြောက်မြားလှစွာသော ပစ္စည်းအင်အားတို့နှင့်ပြည့်စုံ၍ ချမ်းချမ်းသာသာ နေထိုင်စားသောက်သုံးစွဲနိုင်ကြကုန်သည်။

ကျွန်ုပ်တို့ရန်ကုန်မြို့ပေါ်မှာ အလွန်တရာစည်ကား၍ အတိုးများစွာထိုက်တန်သည့်ရပ်ကွက်များကို ကုလား,တရုပ်စသော နိုင်ငံခြားသားတို့စိုးပိုင်၍ ဆိုင်ပေါင်းများစွာတို့နှင့် ပြည့်နှက်လျက်ရှိနေသော သိမ်ကြီးဈေးသည်လည်း နိုင်ငံခြားသား တူရကီလူမျိုးများပိုင်ဆိုင်လျက်ရှိလေသည်၊ဤကဲ့သို့ဖြစ်ရခြင်းမှာနိုင်ငံခြားသားတို့သည် ကုန်သွယ်ရောင်းဝယ်မှုဖြင့်အခြေအမြစ်ပြုပြီးလျှင် ကြီးကျယ်ခမ်းနားခြင်း ဖြစ်ကြလေသည်၊ မြန်မာလူမျိုးတို့၏ ဇာတိဌာနဖြစ်သော ဤရန်ကုန်မြို့ကြီးမှာ မြန်မာလူမျိုးတို့ ပိုင်ဆိုင်သောဈေးဟူ၍မရှိဘဲ အခြားလူမျိုးတို့ပိုင်ဆိုင်သောဈေးအတွင်းမှာသာလျှင် လခပေး၍ အချို့ဈေးဆိုင်ဖွင့်လှစ် ရောင်းချကြရလေသည်၊ကိုယ့်နိုင်ငံထဲမှာမှ ကိုယ့်အမျိုးသားတို့ပိုင်ဆိုင်သောဈေးမရှိဘဲလျက်နိုင်ငံတပါးမှာ ကျွန်ုပ်တို့မြန်မာလူမျိုးများ ဖွင့်လှစ်သောဈေးများ ရှိပေလိမ့်မည်-ဟူ၍ မြော်လင့်ရန်အချက်မှာ အိပ်မက်တွင်မျှထင်မြင်စရာလမ်းမရှိချေ။

ဤရန်ကုန်မြို့မှာသာမဟုတ်သေး၊မန္တလေး,မော်လမြိုင်,ပုသိမ်,ဟင်္သာတ-စသောမြို့များမှာလည်းထို့အတူပင်သာလျှင်မြန်မာလူမျိုးတို့ပိုင်ဆိုင်သောဈေးဟူ၍မရှိဘဲ နိုင်ငံခြားသားတို့ပိုင်ဆိုင်သော ဈေးသော်၎င်း မြူနီစီပါယ်က ပိုင်ဆိုင်သောဈေးသော်၎င်း ရှိကြလေသည်၊ ဈေးကြီးတခုလုံးကိုမဆိုထားနှင့်ဦး၊ မြန်မာလူမျိုးတို့ဖွင့်လှစ်သောတိုက်ဆိုင်ကြီးများပင် အခြားလူမျိုးခြားတို့ဖွင့်လှစ်သော တိုက်ဆိုင်ကြီးများကဲ့သို့ အကြီးအကျယ် မရှိကြကုန်သေး၊ရိုး,ဗိုကဲ့တဝေး-စသောတိုက်ဆိုင်ကြီးများ၊ကာဝီ,အေစကောက်-စသော တိုက်ဆိုင်ကြီးများကဲ့သို့ မြန်မာအမျိုးသားတို့ မတည်ထောင်မဖွင့်လှစ်နိုင်-ဟူ၍ မဆိုသာချေ။

**''ပေါင်းသင်းအများ၊ညီညွတ်ငြား၊အင်အားပြည့်နိုင်သည်''** ဟူသောစကားအရ-အညီအညွတ် မကွဲမပြား အစီအမံကောင်းမွန်စွာနှင့် ကြီ

စည်ကြပါလျှင် အားအင်ပြည့်တင်း၍ အလိုရှိရာလွယ်ကူစွာ ကြံစည်ပြီးမြောက်နိုင်ဘွယ်ရာရှိလေသည်၊ ယခုအပါ အင်္ဂလိပ်ပညာကို တတ်မြောက်ကျွမ်းကျင်သူများ၍ကမ္ဘာလောကနှင့်သက်ဆိုင်သောအရာများကိုလည်းနားလည်သိကျွမ်းသည့်အမျိုးကောင်းသား မြန်မာများပေါ်ပေါက်လာပြီဖြစ်လေသောကြောင့် ငွေအင်အား လုံလောက်ပါလျှင်ကြီးကျယ်စွာကြံစည်နိုင်သောအခွင့်အလမ်းရှိသည်-ဟူ၍ ထင်မြင်ဘွယ်ရာရှိလေသည်၊သို့ရာတွင် လောကီရေး၌ အသိအမြင်ကျယ်ဝန်းသောပညာရှိတို့ပြောဆိုသော စကားအရ–ကျွန်ုပ်တို့မြန်မာအမျိုးသား များသည် ကုန်သန်းရောင်းဝယ်ရေးစသည့် လောကီရေးကိစ္စတို့၌ ပါရမီနုသေးသည်-ဟု ပြောဆိုသောစကားမှာ မှန်ကန်သကဲ့သို့ဖြစ်လေ၏။

အကြောင်းကိုဆိုသော် ကျွန်ုပ်တို့ မြန်မာအမျိုးသားတို့သည် ထိုရောင်းဝယ်မှုကိစ္စတို့၌ အကြီးအကျယ် မပြုလုပ်နိုင်ကြသေး၊ အခြားနိုင်ငံခြားသား ကုန်သည်ကြီးများ၏ လက်အောက်ခံ အနေနှင့်သာလျှင်လုပ်ကိုင်လျက်ရှိနေကြကုန်သေးသည်၊ ရှေးအခါနိုင်ငံခြားတိုင်းတပါးတို့နှင့်မပေါင်းသင်းမဆက်ဆံရခင် ဗဟုသုတနည်းပါး, ဉာဏ်အမြင်ကျဉ်းမြောင်းသော ကာလက ပါရှိသောဝါသနာကိုလည်း များစွာမစွန့်ပယ်နိုင်ကြကုန်သေး၊ အကြားအမြင်ဗဟုသုတ များမှ ဉာဏ်ကြီးထွားသည်၊ ဉာဏ်ကြီးထွားမှအမြင်ကျယ်ဝန်းပြီးလျှင် အဇ္ဈာသယကြီးစွာနှင့် ခမ်းနားကြီးကျယ်သော အကြံအစည် အလုပ်အကိုင်များကို ကြံစည်လုပ်ကိုင်နိုင်လေသည်၊ မြန်မာအမျိုးသားတို့သည် ထိုကဲ့သို့အဇ္ဈာသယမကြီးထွားကြသေးသောကြောင့် ကြီးမားသော ကုန်သန်းရေးတို့ကိုမကြံစည်မလုပ်ကိုင်နိုင်ဘဲရှိကြလေသည်-ဟု ဆိုစရာရှိလေ၏။

အာရှတိုက်သားချင်း တူမျှသော်လည်း ကုလား တရုပ်လူမျိုး, ဂျာပန်လူမျိုးတို့သည် ရဲဝံ့စွာနှင့် တိုင်းနိုင်ငံတပါးသို့ ပေါက်ရောက်အောင်သွားရောက်ကြပြီးလျှင် ကုန်သန်းရောင်းဝယ်မှု ကိစ္စများကိုပြုလုပ်ကြလေကုန်၏၊ ကျွန်ုပ်တို့မြန်မာနိုင်ငံသားတို့သည်မူကား-ထိုကဲ့သို့ နိုင်ငံခြားအရပ်ဝေးသို့ သွားရောက်၍ ကုန်သည်ကြီးအဖြစ်နှင့်နေထိုင်ရောင်းဝယ်လျက်ရှိနေကြသည်ကို များစွာမကြား မသိရသေးကုန်၊ ယခုအခါများသောအားဖြင့် ကျောင်းသားအရွယ် လုလင်ငယ်တို့ သာလျှင်

ထမြောက်အောင်မြင်စွာရှိအောင်ရွှေဆောင်ပြုလုပ်၍ကြံစည်ကြိုးစားသူများ အမျိုးသားထဲကပေါ်ပေါက်လာလျှင်လည်း ထိုသူ၏လမ်းစဉ်သို့တစတစလိုက်ပါနိုင်ဘွယ်ရာရှိလေသည်၊ ထို့ပြင် တချက်မှာလည်း ကျွန်ုပ်တို့မြန်မာနိုင်ငံမှာ ဗုဒ္ဓဘာသာတရားတော်အရ သံယောဇဉ်ဆိုသော စကားကိုလည်း များစွာပြောဆိုကြကုန်၏၊ သံယောဇဉ်ကြိုးကဖွဲ့နှောင်၍ထားကြောင်း,သံယောဇဉ်ကြိုးအတွက်အရာရာမှာ တနှောင့်နှေးနှေး နောက်ဆံတင်ငင်ရှိကြောင်း,ထိုသံယောဇဉ်ကိုဖြတ်တောက်သင့်ကြောင်း- စသည်များကိုလည်းပြောကြားနှုတ်တက်ကြကုန်၏။

သို့ရာတွင် သံယောဇဉ်စကားပြောများသော ကျွန်ုပ်တို့မြန်မာအမျိုးသားတို့သည်ပင်လျှင် သံယောဇဉ်အားကြီး၍ သံယောဇဉ်ကြိုးတင်းလွန်းပုံရောက်နေ၏၊ အကြောင်းကိုဆိုသော် ကျွန်ုပ်တို့ အမျိုးသားတို့သည် သားမယား,သားသမီး, ဆွေမျိုးဉာတကာ,တိုက်တာအိုးအိမ် စသည်ကို အလွန်တရာတွယ်တာငြိကပ် သံယောဇဉ်မပြတ်နိုင်သော ဓါတ်သဘောတို့သည် အလွန်အားကြီးကြကုန်၏၊တရားဓမ္မကိုရှာမှီးရန်အတွက် သားမယား,အိုးအိမ်တို့မှထွက်ခွါသော နိက္ခမပါရမီကို မဆိုပါနှင့်ဦးတော့၊ လောကီစီးပွားနှင့်စပ်လျဉ်း၍ ပစ္စည်းဥစ္စာရှာမှီးရန် ကိစ္စအတွက်နှင့်ပင် မိမိတို့မြို့ရွာအိုးအိမ်တို့မှ ထွက်ခွါရန် ခဲယဉ်းကြလေသည်၊ ပစ္စည်းပြည့်စုံ၍ စားသောက်လောက်အောင် ဝဝလင်လင်ရှိကြသောသူတို့သည်လည်း မိမိတို့ရှိသမျှနှင့်ပင် တင်းတိမ်ရောင့်ရဲ၍ နေမြဲရပ်ရွာ၌သာလျှင် စွဲမြဲစွာနေထိုင်လေ့ရှိကြကုန်သည်။

မိမိအခြေရပြီးသော ပစ္စည်းဖြင့် အတ္တဟိတ ကိုယ့်အကျိုးအတွက်နှင့်တိုးပွားအောင်ဖြစ်စေ၊ ဉာတကာနဉ္စမင်္ဂလာ,ဉာတတ္ထစရိယာဟု ဆိုအပ်သော အမျိုးသားခြင်းတို့၏ အတွက်နှင့် တိုးပွားအောင် ဖြစ်စေ၊ အထူးအထွေ မကြံစည်ကြကုန်ဘဲ မိမိတို့ဝီရိယစွမ်းအားကို အညွန့်ချိုး၍ တိုးတက်ရန်လမ်းပေါက်ကို ပိတ်ဆို့လျက်သာ ငြိမ်ဝပ်စွာနေထိုင်လေ့ရှိကြကုန်၏၊ တစုံတခုသော အကြံအစည်အလုပ်အကိုင်နှင့် ထွက်သွားခြင်းကိုမဆိုထားဘိ၊ ဒေသန္တရဗဟုဿုတ အလို့ငှာသော်မှ တမြို့တနိုင်ငံသို့ သွားလာလှည့်လည်ခြင်းများကိုပင် ပြုလေ့မရှိကြကုန်။

ဥရောပတိုက်သား, အမေရိကံကျွန်းသားတို့သည်မူကား- ကူးသန်းရောင်းဝယ်ရေးနှင့် မသက်ဆိုင်သည်ဖြစ်စေကာမူ ဒေသန္တရဗဟုသုတအလို့ငှာ ကမ္ဘာလှည့်လည်ခြင်းအမှုများကို ပြုလုပ်ကြိုးစားမလ့ ရှိကြကုန်သည်၊ ထိုကမ္ဘာလှည့်လည်မှုကပင် အရင်းပဓါနပြု၍ အသိအလိမ္မာ ဉာဏ်ဗဟုသုတအမျိုးမျိုးတို့ကို ဆိုင်ရာဆိုင်ရာဌာနတို့မှ ရရှိကြလေကုန်၏၊ထိုဒေသန္တရဗဟုသုတမှစပ်ဆက်၍ လောကီကြီးပွားရာမှီးခြင်းစသောအကြံအစည်များလည်း ထိုက်သည်အားလျော်စွာပေါ်ပေါက်၍လာကြကုန်၏၊ကျွန်ုပ်တို့မြန်မာအမျိုးသားတို့သည်မူကား-အခြားနိုင်ငံကိုမဆိုထားဘိ၊ ကိုယ့်မြန်မာနိုင်ငံတွင်းမှာ သော်လည်း အပေါက်အရောက်နည်းပါး ဒေသန္တရဗဟုသုတရှားပါးကြကုန်၏။

သို့ရာတွင် ကျွန်ုပ်တို့မြန်မာနိုင်ငံသားတို့၏ အလေ့ဝါသနာမှာ ဗုဒ္ဓဘာသာဖြစ်သည့်အတိုင်း ဘုရားဖူးရန်ကိစ္စနှင့်သွားလာတတ်ကြကုန်၏၊ သို့အတွက်ကြောင့်ပင်လျှင် ဘုရားပွဲတို့သည် စည်ကားကြီးကျယ်စွာဖြစ်တတ်ကြကုန်၏၊ဘုရားဖူးရန်ကိစ္စနှင့် ဇမ္ဗူဒီပ ဒေသ မဟာဗောဓိသို့ငှင်း, သီဟိုဠ်ကျွန်းသို့ငှင်း သွားလေ့ရှိကြကုန်၏၊ သဂါထာဝဂ္ဂသံယုတ်၌လာသော အနာထပိဏ်သူဌေးကြီး၏ ဝတ္ထု၌ ဘုရားဖူးမျှော်ရန်ကိစ္စနှင့် သွား သောသူတို့၏ ခြေဘဝါးတလှမ်းတလှမ်းမှာ "သတံဟတ္ထိသတံအဿာ"စသောဂါထာဖြင့် အကျိုးများစွာ ထိုက်တန်ကြောင်းနှင့်ဟောကြားတော်မူအပ်သော တရားတော်ကို ဘုရားဖူးသွားရာတို့၌ များစွာအားကိုးလေ့ရှိကြကုန်၏။

သို့ရာတွင် ခြေလှမ်းတိုင်းလှမ်းတိုင်း "ဗုဒ္ဓါနုဿတိဘာဝနာ" ကိုထုံ၍ဘုရားအာရုံဖြင့် သွားနိုင်ပါမှ ဆိုခဲ့ပြီးသော ဂါထာအရများစွာအကျိုးထိုက်တန်လိမ့်မည်ဟူ၍ အဘိဓမ္မာနည်းအားဖြင့် ကောက်ယူရန်လမ်းရှိလေသည်၊အနာထပိဏ်သူဌေးကြီး၏ လှမ်းသွားတိုင်းသောခြေလှမ်းမှာ ဗုဒ္ဓါနုဿတိဘာဝနာနှင့်လွတ်ကင်းမည်မဟုတ်ပေ၊ပွဲလမ်းသဘင်ကိစ္စ, အပျော်အရွှင်ကိစ္စတို့နှင့် သွားသောအခါ လှမ်းသောခြေလှမ်းများကဲ့သို့သာသွားပါလျှင် အကျိုးများစွာထိုက်တန်လိမ့်မည်ဟူ၍ အမှန်ဆိုရန်ခဲခက်ပေလိမ့်မည်၊ဤကဲ့သို့ ဘုရားဖူးမျှော်ရန်သွားသောအ

ခါတို့မှာလည်း အိမ်ကသံယောဇဉ်များသည် တဆွဲဆွဲတင်ငင်နှင့်သာ လျှင်ရှိလေ၏၊ အိမ်သို့ပြန်လိုသော ဇောတို့သာလျှင် အလောလောဖြစ်ပေါ်လျက်ရှိသည်ဟူ၍ ဆိုလိုသည်၊ထို့ကြောင့် ကျွန်ုပ်တို့မြန်မာအမျိုးသားတို့သည် သံယောဇဉ်စကားကို အားကြီးပြော၍ သံယောဇဉ်ကြိုးတင်းသောသူများဟူ၍ ကျွန်ုပ်တို့ပြဆိုခဲ့ပေသည်။

အခြားနိုင်ငံသားတို့သည်ပစ္စည်းရှာဖွေရေးကိစ္စဖြင့် ဝေးကွာသောနိုင်ငံသို့သွားရောက်ကြသောအခါ (များသောအားဖြင့်) ပစ္စည်းခေတ်အခြေကိုမရမီအလျင်တဆောပြန်လိုသောသဘောမရှိဘဲ သည်းခံ၍ရှာဖွေလျက်နေထိုင်တတ်ကြကုန်၏၊ ထိုသို့အရှည်အကြာနေထိုင်၍ ရှာဖွေရာ ဥစ္စာပစ္စည်းတို့သည် အခြေရရှိလောက်အောင် ဖြစ်ထွန်းကြကုန်၏၊ သေးနုတ်သိမ်ငယ်သောအလုပ်ဖြင့် ပစ္စည်းကိုရှာဖွေရာ ကာလအတန်ကြာလျှင် ကြီးကျယ်စွာသောအလုပ်အကိုင်နှင့်တခမ်းတနားဖြစ်၍နေကြလေကုန်၏၊ ကျွန်ုပ်တို့ မြန်မာအမျိုးသားတို့သည် အိမ်ကသံယောဇဉ်ကြိုးတင်းသည့် လက္ခဏာဖြင့် ဥစ္စာပစ္စည်း ရှာဖွေရန် ထွက်လာသော်လည်း ပစ္စည်းအခြေခံမရမီ လျင်မြန်စွာ မိမိတို့ နေရပ်သို့ရသမျှသော ဥစ္စာပစ္စည်းကလေးကို ယူဆောင် ပြန်သွားတတ်ကြကုန်၏။

ဥပမာ။ ဤမြန်မာပြည်တွင် အထက်နိုင်ငံသားများပစ္စည်းရှာဖွေရန်ကိစ္စဖြင့် စပါးရိတ်သိမ်းချိန် အခါမှာ ဖြစ်စေ၊ ထွန်ယက်စိုက်ပျိုးချိန်အခါမှာဖြစ်စေ၊ လာရောက်လုပ်ကိုင်ကြကုန်၏၊ နှစ်လ သုံးလစသည်လုပ်ကိုင်၍ ပြီးစီးသောအခါရသမျှသော ငွေကလေးကိုပိုက်၍ ကတိုက်ကရိုက်ဆိုသလို မိမိတို့နေရပ်ဌာနသို့ ပြန်သွားကြလေကုန်၏၊ ရခဲ့သောငွေများသည်လည်း အခြေမရနိုင်ဘဲ နှစ်တိုင်းရှာဖွေ၍ မပြီးဆုံး၊ဆင်းရဲတုံးဆင်းရဲသဲနှင့်ပင်လျှင် တပေပေငုံ့၍ နေကြရလေ၏၊ ဤကဲ့သို့ပစ္စည်းရှာဖွေ၍ ရရှိသောဌာနမှာ ပစ္စည်းခေတ်ရအောင် သည်းခံ၍ မနေနိုင်ခြင်းသည်လည်း အရပ်ဌာနနှင့် အိုးအိမ်သံယောဇဉ်က ဆွဲငင်သောကြောင့်ဖြစ်သည်-ဟူ၍ ဆိုထိုက်လေသည်၊ အရပ်ဌာနမျှသာမဟုတ်သေး၊ ကျွန်ုပ်တို့မြန်မာလူမျိုးတို့မှာ သင်းချိုင်း သံယောဇဉ်တမျိုးလည်းရှိတတ်သေး၏၊ (မိန်းမတို့မှာသာ၍များတတ်သည်။)

သင်းချိုင်းသံယောဇဉ် ဆိုသည်မှာ ပိပိ၏ သားသမီးဖြစ်စေ၊ လင်ယောကျာ်းသားမယားဖြစ်စေ၊ အပိအဘဖြစ်စေ၊ သေလွန်လေသောအခါ မြှုပ်နှံသဂြိုဟ်သော သင်းချိုင်းရာအတွက် တွယ်တာငြင်းပေတည်း၊ ထိုသံယောဇဉ် ဆွဲငင်လျက် မှီနေလျှင် ရက်တရက်တရပ်တရွာသို့ မပြောင်းမခွါနိုင်ဘဲ ရှိကြကုန်၏၊တရပ်တရွာသို့ ရောက်သော်လည်း ထိုသင်းချိုင်းရာ အတွက် မပြတ်သတိရ၍နေတတ်ကုန်၏၊ ဤကဲ့သို့ဒိုး, အိမ်, တိုက်တာ မြို့ရွာ,ဌာနစသည်တို့ဖြင့် သံယောဇဉ်များကျယ်လျက်ရှိနေသောကြောင့် သွားလာပေါက်ရောက်ခြင်း-တည်းဟူသော ဒေသန္တရ ပဟုသုတမှကင်းမဲ့ကြကုန်ပြီးလျှင် အမြင်ကျဉ်းမြောင်းလျက်သာရှိနေကြလေကုန်သည်။

ထို့ပြင်အချို့သော မိဘတို့ဖြစ်တတ်သည်မှာ ပိမိတို့သားသမီးကိုအရပ်တပါးသို့ မသွားစေလို၊ အတူတကွနေထိုင်လိုသော ဆန္ဒရှိကြကုန်၏၊ အခြားမြို့ရွာများသို့ ပညာသင်ရန် အရေးနှင့် ကြုံသော်လည်း မခွဲနိုင်မခွါရက်သည့် အတွက် ပညာတတ်မြောက်သင့်ပါလျက် မတတ်မြောက်ဘဲ အချိန်အရွယ်ကို ကုန်လွန်စေကြကုန်၏၊ ဤသို့ဖြစ်ရခြင်းမှာ သားသမီးတို့အပေါ်၌ ငြိတွယ်သော သံယောဇဉ်ကြီး ခိုင်မြဲသောကြောင့် သတို့သားတို့မှာ တဘဝလုံးအညွန့်တုံး၍ အသုံးမကျသော အနေနှင့်သာလျှင် အသက်ရှည်ရှာကြရကုန်၏၊ ဤကဲ့သို့ ဇာတိဌာန၏ သံယောဇဉ်, မိဘဆွေမျိုးတို့၏ သံယောဇဉ်, သားမယားအိုးအိမ်တို့၏ သံယောဇဉ်အတွက်ကြောင့် တိုင်းနိုင်ငံတပါးသို့ သွားရောက်၍ မကြီးစည်နိုင်ကြ (မကြီးစည်ဝံ့ကြ)ဘဲ ဖြစ်မြဲတိုင်း အခြေအနေနှင့်သာ တင်းတိမ်ရောင့်ရဲ၍ နေမှုသည်လည်းအမျိုးသားတို့၏ကြီးပွါးခြင်းအကြောင်း မဟုတ်ချေ။

### သံယောဇဉ်ကြောင့် ပျက်စီးသော ဝတ္ထု ၊

ဤနေရာ၌စကားစပ်လျဉ်းသဖြင့် ဇာတိဌာနကို မစွန့်လွှတ်နိုင်သည့်အတွက်နှင့် ပျက်စီးဘူးသော ဇာတ်ဝတ္ထုတခုကို အမြွက်မျှ ထုတ်ဖော်ပြဆိုခဲ့ပအံ့။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မင်းကြီးအုပ်ချုပ် စိုးစံစဉ်အခါ ဘုရားလောင်းသည် တခုသော ကာသိကရွာတွင် အိုးထိန်းသ

မားဖြစ်လေ၏၊ ထိုရွာနှင့် မနီးမဝေး ဒိုင်ကြီးတခုမှာ ငါးလိပ်များစွာတို့လည်း နေကြကုန်၏၊ (ထိုငါးလိပ်အပေါင်းတို့တွင် အာနန္ဒာ အလောင်းဖြစ်သော လိပ်တခုလည်း ပါရှိလေသည်၊) ထိုရေအိုင်သည် မိုယ်းတွင်းအခါ မြစ်နှင့်ရေတဆက်တည်းရှိ၏၊ မိုယ်းလွန်သော အခါ မြစ်နှင့်ရေမဆက်မိချေ။ မိုယ်းကောင်းသောနှစ်တွင်ထိုရေအိုင်မှာ မိုယ်းမှီ၍ ရေမခြောက်ခန်း၊ မိုယ်းခေါင်လျှင် ရေခြောက်ခန်းလေ၏၊ ငါးလိပ်တို့သည် လာလတ္တံ့သောနှစ်၌ မိုယ်းကောင်းမည်,မိုယ်းခေါင်မည်ကို အတတ်သိကြကုန်၏။

တနှစ်သော အခါ ငါးလိပ် အပေါင်းတို့သည် စည်းဝေးတိုင်ပင်ကြကုန်၍ လာလတ္တံ့သောနှစ်အဘို့၌ မိုယ်းခေါင်လတ္တံ့၊ထိုအခါ ငါးတို့သည် ပျက်စီးကြကုန်လတ္တံ့၊ ထို့ကြောင့် ယခု မိုယ်းတွင်းကပင်လျှင် မြစ်သို့ကူးပြောင်း၍ နေကြမှသင့်မည်-ဟူ၍ တိုင်ပင်ကြပြီးလျှင် မြစ်နှင့်ရေတဆက်တည်းရှိသည့်အခါ ငါးလိပ်များစွာတို့သည် မြစ်သို့ ကူးပြောင်း၍နေကြလေကုန်၏။

အာနန္ဒာအလောင်းဖြစ်သော လိပ်တခုသည်ကား မိမိနေရာဌာနကိုတွယ်တာခင်မင်၍ ငါ၏ဖြစ်ရာဌာနရင်းပေတည်း-ဟူ၍ အာဝါသတဏှာ,နေရာသံယောဇဉ်ကပ်ငြိပြီးလျှင် အခြားသောငါးလိပ်အပေါင်းတို့ရွှေ့ပြောင်းကြကုန်သော်လည်း မိမိမူကား ထိုနေရာဌာနကမရွှေ့မပြောင်းဘဲနေမြဲနေထိုင်လေ၏၊ နောက်တနှစ် မိုယ်းခေါင်သောအခါ ထိုအိုင်တွင်ရေတို့သည် ခြောက်ခန်းလေကုန်၏၊ ရေခန်းလျှင် ကျန်ရစ်သောလိပ်သည် ရွှံ့ညွန်တွင်းသို့ကျစ်၍ဝင်ပြီးမှ ငြိမ်သက်စွာဝပ်၍နေလေ၏၊ တနေ့သောအခါ ဘုရားလောင်းအိုးထိန်းသမားသည် အိုးလုပ်ရန်မြေတူးအံ့ဟု ပေါက်တူးကိုယူ၍ ထိုရေအိုင်သို့လာလေ၏။

ရေအိုင်သို့ရောက်လျှင် အလွန်ထက်စွာသောပေါက်တူးဖြင့် စိုသောမြေစိုင်များကို တူးလေရာ အာနန္ဒာ အလောင်းဖြစ်သည့် လိပ်၏ကျောက်ကုန်းကိုတူးမိလေ၏၊ ထိုအခါလိပ်သည် အလွန်နာကျင်သောဆင်းရဲဝေဒနာကိုရရှိ၍ မိမိနေရာဌာနကို ခင်မင်သော အာဝါသသံယောဇဉ်အတွက်ကြောင့်သာလျှင် ဤသို့ဖြစ်ရလေသည်-ဟုနောင်တပူပန်စွာနှင့်—

"ဇနိတ္တံ မေ ဘဝိတ္တံ မေ၊ ဣတိ ပင်္ကေ အဝဿယိ"
စသောဂါထာများကို ရွတ်ဆို၍ညည်းတွားလေ၏။

ထိုလိပ်၏ ဆိုလိုရင်းအဓိပ္ပါယ်မှာ ဤဌာနသည်ငါ၏ဖြစ်ရာတည်း, ဤဌာနသည်ငါ၏ကြီးပွားရာတည်း၊ဤသို့မတွယ်တာတန်ရာ၌တွယ်တာ ငြိကပ်သည့်အတွက်ကြောင့် ဤညွန်ထဲမှာငါဝပ်၍နေမိ၏၊ ယခုအခါ ငါ၏အာဝါသတဏှာ, နေရာသံယောဇဉ်အတွက်ကြောင့် ဤညွန်ဘွက်ကပင်လျှင် ငါ့ကိုသတ်လေပြီ၊ ဩော်အာဝါသသံယောဇဉ်သည်လည်း ဤမျှလောက်ပင် နှိပ်စက်တတ်ပါသည်တကား၊ ငါသာလျှင်မဟုတ် လူများအပေါင်းတို့သည်လည်း အာဝါသတဏှာ, နေရာသံယောဇဉ်အတွက် မိမိဌာနမှမခွါရက်နိုင်ဘဲရှိပါလျှင် ဤကဲ့သို့ပင်အကျိုးမဆုတ်ယုတ်တန်ဘဲဆုတ်ယုတ်ပျက်စီး၍ မနစ်နာတန်ဘဲ နစ်နာသောအချက်များလည်း ရှိကြပေမှာဘဲ-ဟူ၍ ညည်းတွားပြီးလျှင် သေခါနီးအခါ အောက်၌ပါသော အနုသာသနီ ဂါထာကိုလည်း ရွတ်ဆိုခဲ့လေသတည်း။

ဂါမေ ဝါ ယဒိ ဝါ ရညေ၊ သုခံ ယတြာ ဓိဂစ္ဆတိ။
တံ ဇနိတ္တံ ဘဝိတ္တဉ္စ၊ ပုရိသဿ ပဇာနတော။ ။

**အနက်။** ဂါမေဝါ၊ မြို့ရွာ၌ရင်း။ ယဒိ၊ ထိုမှတပါး။ အရညေဝါ၊ တော၌ရင်း။ ယတြ၊ အကြင်အရပ်၌။ သုခံ၊ ချမ်းသာကို။ အဓိဂစ္ဆတိ၊ ရနိုင်၏။တံ၊ထိုစည်းစိမ်ချမ်းသာရနိုင်ရာသောအရပ်သည်။ပဇာနတော၊ အမြော်အမြင် ဉာဏ်ပညာအဆင်ခြင်ရှိသော။ ပုရိသဿ၊ ယောကျ်ား၏။ ဇနိတ္တံ၊ ဖြစ်ရာဌာနမည်၏။ ဘဝိတ္တဉ္စ၊ ကြီးပွားရာဌာနလည်းမည်၏။

**ဆိုလိုရင်းမှာ။** မိမိဖွားမြင်ရာဌာန, ချက်မြှုပ်ရာ ဒေသပင်ဖြစ်စေ၊ မကြီးပွားနိုင်, မချမ်းသာနိုင်သော ထိုအရပ်ကို မိမိချက်မြှုပ်ဒေသဟူ၍ ခင်မင်တွယ်တာ၍မနေရာ၊ရွာမှာဖြစ်စေ,မြို့မှာဖြစ်စေ,တောမှာဖြစ်စေ, တတိုင်းတနိုင်ငံမှာဖြစ်စေ၊ အကြင်အရပ်ဌာန၌ ကြီးပွားချမ်းသာခြင်းကိုရနိုင်၏၊ ထိုအရပ်သည်ပင် မိမိဖြစ်ပွားရာမူလဌာနမည်၏၊ထိုအရပ်၌သာလျှင်နေထိုင်ရာ၏-ဟူ၍ ဆိုလိုသည်။

ဇာတ်ကိုပေါင်းသောအခါ အိုးထိန်းသည်ယောက်ျားသည် ဘုရားဖြစ်လေ၏၊ အာဝါသတဏှာနှင့် နေရာသံယောဇဉ်အားကြီးသော လိပ်သည် အာနန္ဒာဖြစ်လာ၏၊ ဤဇာတ်ကားဒုကနိပါတ်တွင်ရှိသည်။

ဤဝတ္ထုကိုထောက်သောအားဖြင့် မိမိမြို့ရွာနိုင်ငံတို့မှ မရွှေ့မခွါနိုင်ဖြစ်တတ်သမျှနှင့် အကြံအစည်ကြီးကျယ်စွာမရှိ နေထိုင်ခြင်းသည် အကျိုးစီးပွားဖြစ်တန်လျက်နှင့် မဖြစ်ဘဲနေတတ်လေသည်ဟု သိသင့်လေသည်၊ ''တရွာမပြောင်း သူကောင်းမဖြစ်'' ဆိုသော ရှေးသူကြီးတို့၏ စကားသည်လည်း ဤအဓိပ္ပါယ်မျိုးကိုရည်၍ ဆိုသော စကားဖြစ်လေသည်၊ သို့ရာတွင် မည်သည့်အရာမှာမဆို၊ အဓိပ္ပါယ်သဘောများကို တဘက်သတ် အတင်းအကြပ်မယူသာ၊ မဇ္ဈိမပဋိပဒါ- အလယ် အလတ်အားဖြင့်သာ ယူသင့်လေသောကြောင့် တမြို့တရွာတနိုင်ငံသို့ ပြောင်းတိုင်းလည်း ကောင်းသည်-ဟုမဆိုသာ၊ တရံတခါအခြေပျက်၍ အကျိုးယုတ်တတ်သည်လည်းရှိသေး၏၊''တရွာသွားတအားမဲ့''ဟူသောစကားလည်းရှိပေသေး၏၊သက္ကဋဘာသာဟိတောပဒေသ ကျမ်းတွင်လည်း—

ဌာနဘြဋ္ဌာ န သောဘန္တေ၊ကေသာ ဒန္တာ နခါ နရာ။
ဟူ၍ဆိုသောစကားရှိလေသည်။

**အနက်။** ကေသာ၊ ဆံပင်တို့သည်၎င်း။ ဒန္တာ၊ သွားတို့သည်၎င်း။ နခါ၊ခြေသည်းလက်သည်းတို့သည်၎င်း။ နရာ၊လူတို့သည်၎င်း။ (ဧတေ၊ ထိုလေးမျိုးတို့သည်။) ဌာနဘြဋ္ဌာ၊ မိမိတို့ဌာနရင်းမှ ရွှေ့ပြောင်း ရွှေ့လျောကြကုန်သည်ရှိသော်။ နသောဘန္တေ၊မတင့်တယ်ကြလေကုန်။

ဆံပင်သည် မိမိဌာနဖြစ်သော ဦးခေါင်းထက်မှာတည်နေလျှင် တင့်တယ်၏၊ဦးခေါင်းထက်မှ လျောကျလျှင်, ရွှေ့ပြောင်းလျှင် မတင့်တယ်၊ သွားတို့သည် မိမိတို့နေရာခံတွင်း၌ ခိုင်မြဲစွာတည်နေလျှင် တင့်တယ်၏၊ ကျိုး၍လျောကျလျှင် မတင့်တယ်၊ခြေသည်းလက်သည်းတို့သည် မိမိတို့ဌာနဖြစ်သော ခြေလက်တို့မှာ တည်နေလျှင် တင့်တယ်၏၊ ဌာနမှလျောကျရွှေ့ပြောင်းလျှင်မတင့်တယ်၊ထို့အတူ လူတို့သည်လည်း မိမိတို့ဌာနမှရွှေ့ပြောင်းလျှင် မတင့်တယ်ချေ၊ သို့ရာတွင် အကျိုးရှိမည့်အချက်ကို မြော်တွေး၍ အကြံအစည် အလုပ်အကိုင်နှင့်ဖြစ်စေ၊ ပညာသင်ရေး

အတွက်နှင့်ဖြစ်စေ၊တရပ်တရွာတမြို့ တနိုင်ငံသို့ သွားရောက်ခြင်းသည် အကျိုးဆုတ်ယုတ်မည်မဟုတ်ချေ၊အရာရာမှာအလယ်အလတ်ပြုသော မဇ္ဈိမပဋိပဒါဉာဏ်ဖြင့်ဆင်ခြင်၍ ယူကြစေကုန်သတည်း။

၃။ "ပညာရှိသောသူတို့မှာ အရပ်ဒေသတပါးမရှိ" ဟူသော စကားရပ်၌- ပညာနှင့်ပြည့်စုံသောသူသည် သွားလေရာရာတို့၌ လူအပေါင်းတို့က အလေးအမြတ်ပြု၍ မြတ်နိုးကြရကုန်၏၊မည်သည့်ဌာနမှာ မဆို လူအပေါင်းတို့၏ လေးမြတ်ခြင်းကိုခံရပါလျှင် ဘယ်မှာအရပ်တပါးဟူ၍ ရှိနိုင်ပါမည်နည်း၊ သွားရောက်လေရာဌာနတို့မှာ မိမိဇာတိရပ်ရွာကဲ့သို့ပင် ဖြစ်လေသည်၊ ဤလောက၌ပညာသည် လူတို့အလေးအမြတ်ပြုအပ်သောအရာတခုဖြစ်၏၊ ပညာရှိလျှင် လူတိုင်းကပင်ကြည်ညိုမြတ်နိုးလေ့ရှိကြကုန်၏၊ လောကီပညာ, လောကုတ္တရာပညာ-ဟူ၍ နှစ်ပါးရှိလေသည့်အနက် လောကုတ္တရာပညာနှင့် ပြည့်စုံသောသူကိုသာ၍ပင် လူအပေါင်းတို့ကြည်ညိုမြတ်နိုးလေ့ရှိကြကုန်သည်၊(ကျွန်ုပ်တို့မြန်မာနိုင်ငံအတွက်ဆိုသည်။)

သို့ရာတွင် လောကီစီးပွားရေးအတွက် ပြောလောက် ဆိုလောက်သောပညာနှင့် ပြည့်စုံသူကိုလည်း လူအများတို့ရောက်ရာဌာနတိုင်းမှာပင် အလေးပြု၍ အရေးယူကြရကုန်၏၊ထို့ကြောင့်ပညာရှိသောသူသည် သွားလေရာအရပ်မှာ "ပဒေသာပင်ပေါက်သည်" ဆိုဘိသကဲ့သို့ ဖြစ်လေသောကြောင့် မျက်နှာသိမ်ငယ်ခြင်းမရှိဘဲ လူတို့၏ အရေးတယူ အလေးမူခြင်းကိုခံရသဖြင့် မည်သည့်အရပ်မဆို ကိုယ့်အရပ်ချည်း ကဲ့သို့သာဖြစ်၍ "ပညာရှိမှာအရပ်တပါးမရှိ" ဟူ၍ စာဏက္ကျဆရာကြီး မိန့်ဆိုလေသည်။

ပညာရှိခြင်းသည် ဥစ္စာရှိခြင်းကဲ့သို့မဟုတ်ချေ၊ လွန်စွာခြားနား၏၊ ဥစ္စာရှိသောသူသည်အရပ်ဌာနတပါးသို့သွားလျှင် ပစ္စည်းဥစ္စာ,အသုံးအဆောင်ဘဏ္ဍာတို့ကို ဝန်လေးစွာ ယူဆောင်၍ သွားရ၏၊ပညာရှိသူမှာမူ တစုံတရာကိုမျှဝန်လေးခံ၍ ယူဆောင်သွားဘွယ်မရှိ၊ လူသွားလျှင် ပညာလည်းပါလေသောကြောင့် မိမိ၏ အားကိုးရာသည် မိမိနှင့်ထက်ကြပ်ပါလေတော့သည်-ဟူ၍သိအပ်လေသည်။

ပစ္စည်း ဥစ္စာကို ခိုးသူတို့ ခိုးယူဆောင်ကြဉ်းနိုင်၏၊ ပညာကို ထိုကဲ့သို့ခိုးယူဆောင်ကြဉ်း နိုင်သည်မဟုတ်ချေ၊ ပညာသည်လူနှင့် အစဉ်တစိုက်လိုက်ပါသော အနုဂါမိက ဥစ္စာအမှန် အစစ်ဖြစ်ကြီး ဖြစ်လေ၏၊ ဥစ္စာရှိသောသူကို ဝတ်စားဆင်ယင်သော တန်ဆာအသုံးအဆောင်, အခမ်းအနား, နောက်ပါ ခြွေရံတို့ဖြင့် သိသာ၏၊ ပညာရှိသော သူကို မူကား-ထိုကဲ့သို့သိအပ်သည် မဟုတ်၊နှုတ်ကမြွက်ဆိုသော စကားသံနှင့် ပြုလုပ်ကျင့်ကြံသော အမူအရာကို မြင်သော အားဖြင့် သိသာနိုင်လေသည်၊ ဥစ္စာရှိသော သူ၏ တံခွန်ကား-အသုံး, အဆောင်, အဝတ်, အစား, အခြွေ, အရံများဖြစ်သည်၊ ပညာရှိ၏ တံခွန်ကား-နှုတ်ထွက်စကားသံနှင့် အမူအရာများဖြစ်သည်-ဟူ၍ ဆိုလိုသည်။

ဥစ္စာရှိသောသူနှင့် ပညာရှိသော သူနှစ်ယောက်တို့သည် မရောက်ဘူးသော အရပ်ဌာနသစ်တခုသို့ ရောက်သွားကြလေရာ ဥစ္စာရှိသောသူသည် ကောက်ရိုးမီးကဲ့သို့ ရုတ်တရက် ထင်ရှား၍ နောက်အခါအရှိန်အဝါတိုးတက်ခြင်းမရှိလေ၊ပညာရှိသောသူသည် မူကား-အနှစ်ရှိသော သစ်သားမီး,ကျောက်မီးသွေး မီးများကဲ့သို့ရုတ်တရက်ထ၍မတောက်လောင်သေးဘဲ နောင်တဖြည်းဖြည်း အရှိန်အဝါ တန်ခိုးအစွမ်းနှင့် ပြည့်စုံ၍ လာတတ်၏၊ "**ပညာရှိသော သူသည် ပဟိုရ်စည်ကြီးနှင့် တူ၏**" ဟူသော စကားအရ တီးခတ်လာလျှင် မည်သည့်အခါမဆို မြည်တတ်သော ပဟိုရ်စည်ကြီးကဲ့သို့ ပညာရှိသောသူသည် မည်သည့်အခါမဆို စမ်းသပ်မေးမြန်းသောအခါ အနှစ်သာရနှင့် ပြည့်စုံသော သဘောအဓိပ္ပါယ်တို့ကို ပြောဆိုမြွက်ကြားတတ်လေ၏။

ပညာရှိဆိုသည်မှာ ကာလ,ဒေသသို့လိုက်၍ ထွန်းကားလေ့ရှိသည်၊ ကျွန်ုပ်တို့မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာထွန်းကားရာ ဒေသဖြစ်သောကြောင့် ဗုဒ္ဓဘာသာတရားတော်နှင့် စပ်လျဉ်း၍ အသိပညာများပြားသူသည် လူအပေါင်းတို့၏ ကြည်ညိုနှစ်သက်ခြင်းကိုခံရ၏၊ ဗုဒ္ဓဘာသာမထွန်းကားသော အရပ်ဌာနမှာ ဤကဲ့သို့ကြည်ညိုရိုသေကြလိမ့်မည်မဟုတ်ချေ၊ ကာလဆိုသော စကား၌ ယခုခေတ်ကာလသည် ကမ္ဘာတဝှမ်းလုံးမှာ အင်္ဂလိပ်ဘာသာစာပေ ပညာများထွန်းကားလျက်ရှိ

နေ၏ အင်္ဂလိပ်စာပေ ပညာကို ကောင်းမွန်စွာ တတ်ကျွမ်းနားလည်ပါလျှင် တကမ္ဘာလုံး၌ မည်သည့်အရပ်ဌာနမှာမဆို အခါ်ာအပင်မရှိ သွားရောက်နိုင်၏၊ ထိုပညာကိုအသုံးပြုနိုင်၏။

ဥပမာ။ မြန်မာအမျိုးသား တယောက် အင်္ဂလိပ်ပညာ စာပေများကို ကောင်းစွာတတ်ကျွမ်းပါလျှင် ဥရောပတိုက်သို့လည်း လည်သွား၍ အလုပ်လုပ်နိုင်၏၊ အမေရိကတိုက်သို့လည်းသွား၍ အလုပ်လုပ်နိုင်၏၊အာရှတိုက်တဝှမ်းလုံး, ဩစတြေလီယာ တကျွန်းလုံး သွား၍လည်း အလုပ်လုပ်နိုင်၏၊ မိမိသွားရောက်လေရာ ဌာနတို့မှာ ထိုက်တန်သမျှသော အလုပ်ကိုရရှိနိုင်လေသည်၊ ထို့ကြောင့် ယခုခေတ်အခါတွင် အင်္ဂလိပ်စာပေ ပညာများကို ကောင်းစွာတတ်မြောက်ရန်ကြိုးစားအပ်သင့်လေသည်၊ ပညာရှိသောသူတို့သည် မိမိပညာကိုအားကိုးရင်းရှိနေသောကြောင့် အရပ်တပါးသို့ သွားရောက်ရန်အတွက်ပယ်ဆီကြောက်ရွံ့ ဝန်လေးခြင်းမရှိချေ။

အယုတ်အားဖြင့် မျက်လှည့်ပညာကို တတ်မြောက်သော သူတို့ပင်ဖြစ်စေကာမူ မိမိတို့ပညာအစွမ်းကို အားကိုး၍ နိုင်ငံအရပ်ရပ်သို့လှည့်လည် သွားရောက်သောအခါ ထိုပညာ၏ အကျိုးကို ခံစားရလေ၏၊ ဇာတ်သဘင်ပညာစသည်တို့မှာလည်း ထို့အတူပင်လျှင် ကိုယ့်ပညာ၏အကျိုးကို ခံစားကြရကုန်သည်၊ ယခုအခါ ကျွန်ုပ်တို့မြန်မာနိုင်ငံတွင်းသို့ နိုင်ငံခြားအမျိုးသားတို့ လာရောက်ကြ၍ လူပရိသတ်တို့၏ အလယ်တွင် မိမိပညာအစွမ်းကိုပြပြီးလျှင် ပစ္စည်းရှာ၍ စုဆောင်းကြသည်မှာ များစွာပင် ရှိကြလေကုန်၏၊ ထိုသို့ဖြစ်ခြင်းမှာ ပညာအမြဲရှိသည့်အတွက် မည်သည့်အရပ်ဌာနသို့ပင် ရောက်စေကာမူ မျက်နှာမငယ်ကြောင်း, တင့်တင့်တယ်တယ်နှင့် မျက်နှာရှိကြောင်းကို တင်ပြရန်သက်သေများဖြစ်လေသည်။

ဤစကားနှင့်စပ်လျဉ်း၍ဆိုသော်- ကျွန်ုပ်တို့ အမျိုးသားများသည် နိုင်ငံခြားသားများကဲ့သို့ ပညာကိုအားကိုး၍ တိုင်းတပါးသို့လှည့်လည်ပြီးလျှင် ပစ္စည်းဥစ္စာကိုရှာဖွေနိုင်ကြသည်ဟူ၍မရှိသေး၊ နိုင်ငံခြားသားတို့လာရောက်၍ ပြသသောပညာအစွမ်းများကိုသာ ငွေပေး၍ကြည့်ရှု

ပြီးလျှင် ချီးမွမ်းဖော်သာရကြကုန်သေး၏၊ ဤမြန်မာဇာတ်သဘင်များသည် ကောင်းမွန်ယဉ်ကျေး၏- ဆိုကြသော်လည်း နိုင်ငံခြားသို့သွားရောက်၍ မပြသနိုင်ကြသေးကုန်၊ အကျဉ်းချုပ်အားဖြင့်ဆိုသော်-ကျွန်ုပ်တို့မြန်မာနိုင်ငံသူ နိုင်ငံသားတို့သည် ပညာအစွမ်းအားဖြင့်တိုင်းတပါးတို့နှင့်များစွာမဆက်ဆံကုန်ကြသေး-ဟူ၍ဆိုလိုသည်၊ ကိုယ့်နိုင်ငံထဲမှာသာ ဆိုင်ရာဆိုင်ရာဌာနတို့၌ ပညာရှိပြ၍နေကြကုန်သေး၏။

ယခုအခါ ရုပ်ရှင်ပွဲပညာကို တကမ္ဘာလုံးကနှစ်သက်၍ အမြို့မြို့မှာကပြ၍ကြေးငွေဥစ္စာတို့ကို ရရှိကြလေကုန်၏၊ ထိုပညာမျိုးကိုကျွန်ုပ်တို့အမျိုးသားတို့မတတ်ကျွမ်းကြကုန်သေး၊ ထိုပညာမျိုးကို ကျွန်ုပ်တို့အမျိုးသားတို့မကျွမ်း၍ မြန်မာနိုင်ငံ၌ ထူးဆန်းသော အရာဌာန အဆောက်အဦဟူသမျှတို့နှင့် ကပြကြသောပွဲလမ်းသဘင်တို့ကို အမျိုးမျိုးဉာဏ်ဆင်၍ မြန်မာအမျိုးသားတို့ ဝတ်ဆင်ကြသော အဝတ်အစားအရောင်မျိုးစုံနှင့်တကွ ဓာတ်ပုံရိုက်၍ နိုင်ငံခြားသားများကဲ့သို့ အမြို့မြို့သို့လှည့်လည်ပြသရပါလျှင် အမှန်ပင်ငွေရရန် လမ်းရှိလိမ့်မည်-ဟုမြော်လင့်ဘွယ်ရှိလေသည်၊ ထိုမှတပါး ဆာကပ်ခေါ်သော ပညာတို့၌လည်း ထို့အတူပင်ဖြစ်လေသည်။

ကျွန်ုပ်တို့နိုင်ငံသားတို့သည် တတိုင်းတနိုင်ငံသို့ ပညာသင်သွားကြသည်ဆိုသော်လည်း လက်မှုပညာနှင့်ဆိုင်သောအရာများကို သင်ကြားလေ့မရှိကြကုန်၊ ထိုပညာများကို အောက်တန်းကျသည်ဟူ၍ ထင်မြင်ဟန်လက္ခဏာရှိကြလေကုန်သည်၊ သို့ရာတွင် ကျွန်ုပ်တို့အမျိုးသားများသည် ပညာအမျိုးမျိုးကို အသီးသီးဆိုင်ရာဆိုင်ရာ တတ်မြောက်၍ထားကြပါလျှင် များစွာသင့်လျော်ပေလိမ့်မည်၊ ပညာဆိုသည်မှာ အောက်ကျသည်ဖြစ်စေကာမူ ထိုက်တန်သည်အားလျော်စွာအကျိုးကို ပေးမြဲဖြစ်လေသည်။

[ဤကား- အမျိုးသားတို့ပညာအမျိုးမျိုး တတ်သင့်ကြောင်းနှင့်ဆိုင်ရာစပ်လျဉ်း၍ပြဆိုသောစကားရပ်ပေတည်း။]

ပညာရှိသောသူသည် သွားလေရာ ဌာနတို့၌ အရပ်တပါးမရှိကြောင်းသက်သေသာဓကမှာ မဟောသဓာသုခမိန်သည် မိမိမူလဌာနနှင့်ရန်ဘက်ဖြစ်သော ပဉ္စာလရာဇ်တိုင်း၌ သွားရောက်နေထိုင်သော်

လည်း တစုံတရာမျက်နှာသိမ်ငယ်ခြင်းမရှိဘဲ မင်းနှင့်တကွသောလူတို့၏ အပူဇော်ကိုခံရလေ၏၊အယုတ်သဖြင့် ထိုမဟောသဓာသုခမိန်သည်သူ၏ အရှင်ဖြစ်သော ဝိဒေဟရာဇ် မင်းကြီးမျက်တော်မူသောကြောင့် မြို့မှ ထွက်၍ အိုးလုပ်သောပညာဖြင့် အိုးထိန်းဆရာကြီးအိမ်မှာ နေစဉ် အခါတွင်လည်း လွန်စွာမျက်နှာပွင့်လန်း၏၊ ဝိဓူရအမတ်ပညာရှိသည် နဂါးပြည်သို့ သွားရောက်သောအခါမှာလည်း ဇာတ်မကျသောနဂါး တို့၏ ပူဇော်ချီးမြှင့်ခြင်းကို ခံရလေ၏။

ဤသို့စသည်ဖြင့် ဝတ္ထုသက်သေတို့လည်း များစွာရှိကြကုန်၏၊ဤသို့ ပညာရှိတို့အား အရပ်တပါးမရှိကြောင်းစကားကဲ့သို့ စာဏက္ကျဆရာ ကြီးသည်ပင်လျှင် အောက်၌ပါသောဂါထာကိုပြဆိုလေ၏။

> ဝိဒွတ္တဉ္စ ရာဇတ္တဉ္စ၊ နေဝ တုလျံ ကုဒါစနံ။
> သဒေသေ ပုဇ္ဇတေ ရာဇာ၊ဝိဒ္ဒါ သဗ္ဗတြ ပုဇ္ဇတေ။ ။

**အနက်။** ဝိဒွတ္တဉ္စ၊ ပညာရှိ၏အဖြစ်သည်၎င်း။ ရာဇတ္တဉ္စ၊ မင်း၏ အဖြစ်သည်၎င်း။ ကုဒါစနံ၊ တရံတဆစ်မျှ။ တုလျံ၊ တူမျှသည်။ နေဝ ဟောတိ၊ မဖြစ်။ ရာဇာ၊မင်းကို။ သဒေသေ၊ မိမိစိုးပိုင်သောနိုင်ငံကွင်း၌။ ပုဇ္ဇတေ၊ ပူဇော်မြတ်နိုးအပ်၏။ ဝိဒ္ဒါ၊ ပညာရှိကိုပူကား။ သဗ္ဗတြ၊ အလုံးစုံသော အရပ်ဌာနဟူသမျှတို့၌။ပုဇ္ဇတေ၊ ပူဇော်မြတ်နိုးအပ်၏။

**ဆိုလိုရင်းမှာ။** ပညာရှိအဖြစ်နှင့် မင်းအဖြစ်သည်မတူကြ၊ ပညာရှိကို သွားလေရာဌာနတိုင်းမှာ လူတို့မြတ်နိုးပူဇော်ကြကုန်၏၊မင်းကိုမူကား- မိမိစိုးပိုင်သော အရပ်ဌာနမှာသာ မြတ်နိုးပူဇော်ကြကုန်၏၊ ပညာရှိကို ရှိသေမြတ်နိုးပုံနှင့် မင်းကိုရှိသေမြတ်နိုးပုံလည်း မတူကြသေး၊ ပညာရှိ ကိုရှိသေမြတ်နိုးပုံမှာ စိတ်ထဲကပါ၍ သဒ္ဓါစေတနာဖြင့် ရှိသေမြတ်နိုး ကြကုန်သည်၊ မင်းကိုမူကား-စေတနာ သဒ္ဓါတရားနှင့် စိတ်ထဲကပါ၍ ရှိသေမြတ်နိုးကြသည်မဟုတ်၊ ဩဇာအာဏာနှင့် အစိုးရသော ဂုဏ်ကို ထောက်ထားသော အားဖြင့်ရှိသေမြတ်နိုးကြလေကုန်သည်။

ပြဆိုအပ်ပြီးသော စကားရပ်ဖြင့် အလုံးစုံသောအမျိုးသားတို့သည် သွားလေရာ အရပ်ဌာနတို့၌ လူအများတို့ ရှိသေမြတ်နိုးစွာနှင့် မျက်

နှာပွင့်လန်းကြောင်းဖြစ်သော ပညာများကို စွမ်းအားရှိသမျှသင်ကြား သင့်ကြလေသည်-ဟူသော ဥပဒေသကို ပြဆိုလေသည်။

၄။ ''ချစ်ဘွယ်သော စကားကို ပြောဆိုတတ်သောသူမှာ သူစိမ်း ပြင်ပမရှိ''ဟူသော စတုတ္ထစကား၌ သူတပါးတို့ကြားကချစ်ခင်နှစ်သက် ဘွယ်ကောင်းသော စကားကို ဆိုတတ်သောသူကို လူအပေါင်းတို့ချစ် ခင်မြတ်နိုးကြကုန်၏''နှုတ်ချိုလျှင်သျှို့ဆေးပါး''ဟူသောစကားပုံအရ ပိယ ဝါစာ သာယာချိုမြိန်စွာ သုံးစွဲ၍ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုတတ် သောသူမှာ မိမိ၏ ခံတွင်းသည်ပင်လျှင် ပီယဆေးကြီးတခု ဖြစ်လေ၏၊ သွားလေရာဌာနတို့မှာ ပိယဝါစာ သာယာစွာပြောဆိုလေ့ရှိပါလျှင် ထို သူကို တွေ့မြင်သမျှသောလူတို့က ချစ်ခင်မြတ်နိုးကြလေကုန်၏၊ နှုတ်ချို သောသူမှာ တွေ့မြင်သမျှသော သူတို့က ချစ်ခင်ကြသောကြောင့် သူ တပါး, သူစိမ်းပြင်ပ-ဟူ၍ မရှိနိုင်ဘဲ တွေ့တွေ့သမျှ ဆွေမျိုးရင်းချာကဲ့သို့ သာဖြစ်လေကုန်၏၊ အရှပ်အဆင်းလှခြင်းမရှိစေကာမူ သူတပါးတို့နား အရသာကို ဆောင်သကဲ့သို့ ချိုသာအေးမြစွာပြောဆိုတတ်လျှင် ချစ်ခင် မြတ်နိုးကြကုန်၏၊ အရုပ်အဆင်းလှပစေကာမူ အပြောမတတ် အဆို မတတ် ငေါက်ဆတ်ဆတ်ကြမ်းကြမ်းတန်းတန်း နှုတ်ထွက်သရမ်းလျှင် တွေ့မြင်သော သူတိုင်းက မုန်းတတ်ကြကုန်၏။

**''ချစ်စေလိုလျှင် ခံတွင်းလက်လေးသစ်၊ မုန်းစေလိုလျှင် ခံတွင်းလက်လေး သစ်''**ဆိုသော ရှေးသူကြီးတို့၏ စကားသည် အလွန်မှန်ကန်လေ၏၊ လူ့ဘဝကိုရရှိ၍ လာသောအခါအသီးသီး ခံတွင်းတည်းဟူသော အင်္ဂါ ဟပါးကို ရရှိကြကုန်၏၊ ထိုခံတွင်းကို ကောင်းစွာအသုံးပြု၍ သွားလျှင် လူအများနှစ်သက်၍ လောကပေါ်တွင်ဂုဏ်ကြက်သရေတိုးပွါးလေ၏၊ ထိုခံတွင်းကို ကောင်းစွာအသုံးမပြုတတ်လျှင်လည်း မိမိခံတွင်းကပင် မိမိကိုနှိပ်စက်၍ လောကတွင် ဂုဏ်ကြက်သရေ ယုတ်နိမ့်ခြင်းကို ဖြစ် စေတတ်၏၊ ဥပမာ စိန်နီမြင်းသွားခေါ်သော ဓာတ်သတ္တုမျိုးသည် လောကပေါ်တွင်ရှိလေ၏၊ ထိုစိန်ဓာတ်ကို ဆေးဝါးစပ်ဖော်ရာတို့၌ နေရာတကျအသုံးပြု၍ စိမ့်လျှင်ရောဂါအမျိုးမျိုးကိုပျောက်ကင်းအောင် ရွက်ဆောင်လေ၍ အကျိုးဖြစ်ထွန်းစေ၏၊ ထိုစိန်သတ္တုကို သမ္မာရာရေ

နှင့်ဖျော်၍ သောက်လိုက်လျှင် ခဏကြင်းအသက်အန္တရာယ်ပြု၍ သေခြင်းသို့ရောက်စေတတ်၏။

ဤအတူပင်လျှင် မိမိတို့သန္တာန်မှာ အသီးအသီးပါရှိ၍ နေသော ခံတွင်းအင်္ဂါကို ကောင်းစွာအသုံးပြုတတ်ပါလျှင် မျက်မှောက်ဘဝမှာပင် ကောင်းကျိုးချမ်းသာကို ရွက်ဆောင်တတ်လေ၏၊ကောင်းစွာအသုံးမပြုတတ်ပါမူကား-မျက်မှောက် ဒိဋ္ဌမှာပင်အကျိုးကို ဆုတ်ယုတ်စေတတ်၏၊ ထိုခံတွင်း-ဟု ဆိုအပ်သော နှုတ်ကြောင့် မျက်မှောက်ဘဝမှာသာ အကျိုးအပြစ်ထင်ရှားသည် မဟုတ်၊ တမလွန်သံသရာမှာလည်း အကျိုးအပြစ် ထင်ရှားလေသည်၊ ထိုစကားမှန်၏၊ မဟုတ်မမှန်လိမ်လည်လှည့်ဖြား၍ ပြောဆိုခြင်း၊(မုသာဝါဒ)ကုံးတိုက်ခြင်း, အတင်းပြောခြင်း (ပိသုဏာဝါစာ)၊ ကြမ်းကန်းစွာ ဆဲရေးခြင်း (ဖရုသဝါစာ)၊ အဖျက်အချော်ပြောဆိုခြင်း (သမ္ဖပ္ပလာပ)များသည် အခြားကြောင့် ဖြစ်သည်မဟုတ်၊ ထိုခံတွင်းတည်းဟူသော နှုတ်ကသာလျှင် ဖြစ်ပေါ်လာကြကုန်သည်။

ထိုစကားယုတ်လေးမျိုးကို ဝစီဒုစရိုက်ခေါ်သည်၊ထိုဝစီဒုစရိုက်တို့ကို ထွက်စေတတ်သော ခံတွင်းသည် မစင်ကျင်ကြီးတို့ဖြင့် ပြည့်သောကွင်းကဲ့သို့ လောကတွင်လူအများတို့စက်ဆုပ် ရွံရှာကြကုန်၏၊ထိုခံတွင်းသည် ယုတ်မာသောခံတွင်းဖြစ်၍ လူ၏ကိုယ်သန္တာန်နှင့် ဆက်စပ်၍ထားသို့ ပင်သင့်လျော်သည်မဟုတ်ချေ၊ထိုသို့အယုတ်တမာများကိုထွက်စေတတ်သောခံတွင်းကြောင့် ဝစီဒုစရိုက်ဖြစ်မှုတို့သည် ထိုခံတွင်းရှိသူမှာ ယိုက်လေ၏၊ထိုဝစီဒုစရိုက်ကံဆိုးများသည် နောင်သံသရာဘဝတို့၌ ဆိုးယုတ်သောအကျိုးတို့ကို ဖြစ်ပွားစေကုန်၏၊တန်ခိုးအရှိန်သေးသိမ်ခြင်း, ဂုဏ်သတင်းမဲ့ခြင်း,ဩဇာအာဏာကင်းမဲ့ခြင်းများကား-ထိုဝစီဒုစရိုက်တို့၏ အကျိုးဆက်တို့ဖြစ်လေသည်။

ထိုစကားယုတ်တို့ကို မပြောမဆိုဘဲ ကောင်းမွန်သော စကားရှိသို့သာပြောဆိုလျှင် သမ္မာဝါစာဖြစ်လေ၏၊ထိုသမ္မာဝါစာသည် ကောင်းကျိုးကိုပေးစွမ်းနိုင်၏၊ မိမိတို့ခံတွင်းကိုပွဲပြင်၍သွားလျှင် ယုတ်မာသောစကားတို့သာ ပြောဆိုရန် အကျင့်ပါလေ၍ ဟိရိဩတ္တပ္ပကရေးသည်နှုတ်ကိုကောင်းမွန်စွာပွဲပြင်တတ်သောတရားဖြစ်လေသည်၊ထို့ကြောင့် မြတ်

သော လူ့ဘုံလူ့ဘဝသို့ရောက်လာကုန်သောသူတို့သည် မိမိဘဝဇာတ်၏ မြင့်မြတ်သည်၏အဖြစ်ကို ဆင်ခြင်စဉ်းစားကြကုန်ပြီးလျှင် မိမိတို့၏နှုတ်ကိုကောင်းစွာပဲ့ပြင်၍ မြင့်မြတ်သိမ်မွေ့ သူတပါးနားတွေ့ဘွယ်ရာဖြစ်သောစကားတို့ကိုသာပြောဆိုသင့်လေသည်။

လောကမှာ အလေ့အကျင့်ဝါသနာစွဲပါတတ်သောအရာတခုရှိ၏၊ ကလေးသူငယ်အဖြစ်ကစ၍ စကားယုတ်စကားဆိုးကို ပြောဆိုလေ့ရှိသော သူတို့နှင့်ပေါင်းသင်းလာသောအခါထိုသူငယ်၏နှုတ်သည်အလေ့အကျင့်ပါ၍ တဘဝလုံးနှုတ်ကိုပဲ့ပြင်၍မရနိုင်ဘဲဆိုးညစ် ယုတ်မာသောစကားတို့ကိုသာသုံးစွဲပြောဆိုတတ်လေ၏၊ အချို့သော မိဘများသည် ကလေးသူငယ်များကို အဆဲသင်တတ်၏၊ ထိုဝါသနာသည် အစဉ်လိုက်ပြီးလျှင် နောင်ပြုပြင်ပြောင်းလဲ၍ မရနိုင်အောင်ဖြစ်၍သွားတတ်လေ၏၊ ကလေးသူငယ်အရွယ်ကစ၍ ယုတ်မာကြမ်းကြုတ်သောစကားများကို မပြောစေဘဲ နူးညံ့သိမ်မွေ့စွာ ပြောဆိုအောင် သွန်သင်၍ သွားလျှင်လည်း ထိုသူငယ်သည် ကောင်းသောနှုတ်လေ့နှုတ်ကျင့်ပါ၍ ပိယဝါစာသာယာချိုအေးစွာပြောဆိုတတ်လေ၏။

မိကောင်းဘခင်တို့၏ သားသမီးများဖြစ်၍ အမျိုးကောင်းထဲ၌ကြီး၍လာပြီးလျှင် အသွန်အသင် အပြုအသ အဆုံးအမ ကောင်းသော ဆရာထံ၌ နည်းခံလာရသူတို့သည်မှုကား-မိမိနှုတ်ကို ယဉ်ကျေးစွာပဲ့ပြင်ဆုံးမနိုင်၍ စကားအရာအင်္ဂါလေးတန်နှင့်ညီညွတ်ပြီးလျှင် ယဉ်ကျေးဘွယ်ရာ သူ့နားသာသော စကားတို့ကိုသာ ပြောဆိုတတ်လေသည်၊ နှုတ်ထွက်သောအသံသည် လူတို့၏ တံခွန်မှန်ကင်းသဘွယ်ဖြစ်လေ၏၊ နှုတ်ထွက်သံကိုကြားကာမျှနှင့် ပညာရှိသောသူတို့သည် ထိုသူ၏ဇာတိနှင့်တကွ အတိမ်အနက်ကို ထောက်ချင့်နိုင်ကြကုန်၏၊ "**စကားစကား ပြောဖန်များ၊ စကားထဲကဇာတိပြ**"ဆိုသောအချက်သည် ဤကဲ့သို့သောအရာကိုရည်၍ ရှေးသူဟောင်းတို့ဆိုစမှတ်ပြုတော်မူကြကုန်သည်။

လောက၌ နှုတ်ကိုပဲ့ပြင်၍ စကားအပြောအဆို တတ်ခြင်းသည်လည်း ကြီးကျယ်သော ဂုဏ်တပါးဖြစ်လေ၏၊ စကားတတ်သောသူ ပြောကြားသောအခါ သူတပါး ပြောရိုး ဆိုရိုးဖြစ်၍ အလွန်ရိုးနေ

သော အဓိပ္ပါယ်ကြီးများကိုပင် လူအများ ကို အသစ်ကဲ့သို့ နားကြား ချင်စဖွယ်ရှိအောင် ပြောဆိုနိုင်၏၊ အပြောအဆိုမတတ်လျှင်ကောင်း သောစကားကို ပြောဆိုစေကာမူ ဆဲရေးသကဲ့သို့ ထင်မှတ်တတ်ကြ ကုန်၏၊ "**အပြောမတတ်လျှင် ဆဲသလို**"ဆိုသောစကားသည် ဤအချက်ကို ရည်၍ပြောဆိုသောစကားဖြစ်လေသည်၊ စကားအပြော အဆိုမတတ် ၍နှုတ်ကိုမပဲ့ပြင်တတ်သောသူတို့သည် မိမိခံတွင်းမှာဓားမကြီးကို အပြီး တပ်၍ထားသကဲ့သို့ဖြစ်လေ၏၊ ထိုနှုတ်တည်းဟူသော ဓားမကြီးဖြင့် မိမိ၏မျက်မှောက်အကျိုး,တမလွန်အကျိုးတို့ကို နေ့ဘိုင်းခုတ်သတ်ဖျက် ဆီး၍ပစ်ဝါတ်လေသည်၊ ဤအဓိပ္ပါယ်ကိုရည်၍—

> ပုရိသဿ ဟိ ဇာတဿ၊ ကုဌာရီ ဇာယတေ မုခေ။
> တာယ ဟနတိ အတ္တာနံ၊ဗာလော ဒုဗ္ဘာသိတံ ဘဏံ။ ။

ဟူ၍ကျမ်းဂန်များတွင်ပြဆိုလေသည်။

**အနက်**။ ဟိ၊ စင်စစ်။ဇာတဿ၊လူ့ဘဝ၌ဖြစ်ပေါ်လာသော။ ပုရိ သဿ၊ သတ္တဝါ၏။ မုခေ၊ ခံတွင်း၌။ ကုဌာရီ၊ ဓားမကြီးသည်။ ဇာယ တေ၊ ဖြစ်ပေါ်ပါရှိ၍လာ၏။ တာယ၊ ထိုခံတွင်းတည်းဟူသော ဓားမ ကြီးဖြင့်။ ဗာလော၊သူမိုက်သည်။ ဒုဗ္ဘာသိတံ၊ စကားယုတ်စကားဆိုး တို့ကို။ ဘဏံ-ဘဏန္တော၊ ပြောဆိုလျက်။ အတ္တာနံ၊မိမိကိုယ်ကို။ ဟန တိ၊ သတ်ဖြတ်ညှဉ်းဆဲလေ၏။

ဤကဲ့သို့ ကျမ်းဂန်တို့၌ ပြဆိုလျက်ရှိသောကြောင့် မိမိတို့နှုတ်မှာ ဓားမကြီးပါ၍မလာစေရန် စကားအရာတို့၌ များစွာသတိယား၍ နှုတ် ကိုစောင့်စည်းပိတ်ပင်သင့်လေသည်။

လောကနီတိကျမ်းဂန်၌ အမိယုတ်မာလျှင် သားသမီးတို့အပြော အဆိုညစ်ညမ်းတတ်ကုန်၏၊ အဘယုတ်မာလျှင် သားသမီးတို့အပြုအမူ ညစ်ညမ်းတတ်ကုန်၏၊ အမိမြတ်လျှင် သားသမီးတို့ အပြောအဆိုသိမ် မွေ့ယဉ်ကျေးတတ်၏၊ အဘမြတ်လျှင်သားသမီးတို့ အပြုအမူယဉ်ကျေး သိမ်မွေ့တတ်သည်-ဟူ၍ ဆိုသည်၊ သို့ဖြစ်၍ မိဘဖြစ်သောသူတို့သည် သားသမီးများအပေါ်မှာ ယဉ်ကျေးစွာရှိအောင် အပြောအဆိုအမူ အရာများကို ဂရုထား၍သင်ကြားကြကုန်၏၊ "**သားသမီးမကောင်း မိဘ**

ခေါင်း'' ဆိုသောစကားကဲ့သို့ သားသမီးဖြစ်သောသူတို့ အပြောအဆို မလိမ်မာဘဲ ကြမ်းတန်းယုတ်မာစွာဖြစ်လျှင် မည်သူတို့၏သားသမီးဟူ၍ မိဘတို့ကိုခေါင်းခေါက်၍ ပြစ်တင်ကဲ့ရဲ့တတ်လေသည်။

''လူကျွံလျှင်နုတ်လို့ရသည်၊ စကားကျွံလျှင်နုတ်လို့မရ'' ဟူသော စကားနှင့်အညီ တစုံတခု အရေးအရာနှင့်စပ်၍ စကားကိုကျွံလွန်အောင်ပြောဆိုမိသည်ရှိသော် ထိုစကားကိုတဖန်ပြန်၍ နုတ်သိမ်းခြင်း ငှါခဲယဉ်းလေသည်၊ ဂုဏ်ကြီးသောသူ ဖြစ်လေလေ၊ ပြောပြီးသော စကားကိုပြန်၍ နုတ်သိမ်းရန် ခဲယဉ်းလေလေဖြစ်သည်၊ ပြောဆိုပြီး သောစကားကိုတဖန်ပြန်နုတ်သိမ်းပါလျှင်လည်း ထွေးပြီးသောတံထွေး ကိုပြန်၍ ကောက်ယူမျိုစားပြန်သကဲ့သို့ လောကမှာအလွန်စက်ဆုပ် ရွံရှာဘွယ်ဖြစ်၏၊ ထို့ကြောင့် စကားတခွန်းကို အတည်ပြောမည်ဆို လျှင် အယုတ်အလွန်မရှိအောင် နှိုင်းချိန်စဉ်းစား၍ ပြောဆိုရာ၏၊ အပြော အဆို မြင့်မောက်ဝါကြွားလျှင်လည်း မှောက်မှားတတ်လေ သည်၊ထို့ကြောင့်ရှေးသူကြီးတို့သည် ''စကားဆို တောင်လိုမမောက်နှင့်၊ တံတားဆိုမြောင်ကိုမရှောက်နှင့်'' ဟူ၍ ဆိုရိုးဆိုစမှတ် ပြုတော်မူကြကုန် သည်။

ဤလောက၌အချို့သောသူတို့သည် စကားပြောဆိုမှုတို့မှာ အကြွား အဝါအမောက်တွေကိုထည့်စွက်၍ မိမိဂုဏ်ပကာသနတွေကို ရှိသည် ထက်ပိုမို၍ ပြောကြားတတ်ကုန်၏၊ ထိုသို့ ပြောကြားခြင်းကား အတ္တုက္ကံသန စကားဖြစ်လေသည်၊ မိမိကိုယ်ကို မိမိချီးမြှောက်ချင် ယွန်းလျှင် မိမိစကားထဲမှဇာတိပြ၍ သူတပါးတို့နှိမ့်ချသောစကား ကဲ့ရဲ့ ပြစ်တင်သော စကားသံများလည်း ပါရှိတတ်လေ၏၊ ထိုစကားကို ပရဝမ္ဘနဟူ၍ဆိုသည်၊ အတ္တုက္ကံသန,ပရဝမ္ဘန နှစ်ပါးမှလွတ်ကင်း စေ၍ အလယ်လမ်းဖြင့် တည့်မတ်စွာပြောဆိုခြင်းကို ပညာရှိတို့ချီးမွမ်း ကြကုန်သည်။

အချို့သောသူတို့သည် ဒေါသသံ ခပ်ပါပါနှင့် သူတပါးတို့ နားမ ချမ်းသာအောင် ပြောဆိုတတ်ကုန်၏၊ အချို့သော သူတို့သည်ကား မိမိမှတပါးအခြားသူများကို အမှုမစိုက်ဂရုမထား၊ မထီလေးစားသော အသံဖြင့် ပြောဆိုတတ်ကြကုန်၏၊အချို့သော သူတို့သည်ကား-လောက

တွင် မိမိအတတ်ဆုံးကဲ့သို့ မည်သူ့ကိုမျှ ဦးစားမပေးဘဲ (ဆရာစားမချန်ဘဲ) ပညာရှိသံဖြင့် ခပ်ရင့်ရင့်ပြောဆိုတတ်ကြကုန်၏၊ အချို့သောသူတို့သည်ကား-မိမိဆိုချိန် ဆိုခွင့်သို့ မရောက်သေးဘဲ အလောတကြီးအလျင်အမြန်ပြောဆိုတတ်ကြကုန်၏၊ ထိုသို့ပြောဆိုခြင်းများသည် ပရိသတ်တို့၏ နားကိုသံချွန်ဖြင့်ထိုးဆွကဲ့သို့ မနှစ်မြို့ခြင်း,နှလုံးမသက်သာခြင်းကိုဖြစ်စေတတ်ကုန်၏၊ ထိုကဲ့သို့အပြစ်ပါသော စကားမျိုးကိုဆိုသဖြင့် လူအပေါင်းတို့မုန်းခြင်းကို ခံရတတ်ပေလသည်။

**လက်ကြောင့်ကြေ နှုတ်ကြောင့်သေ။** ဟူသောစကားပုံတခုလည်းရှိလေ၏၊ ထိုစကားပုံဖြင့် လက်ရောက်ကျူးလွန်ခြင်းထက် နှုတ်ကကျူးလွန်ခြင်းက သာ၍အပြစ်ကြီးဖြစ်လေသည်-ဟူသော အဓိပ္ပါယ်ကို ပြဆိုလေသည်၊ ဥပမာ-ယခုခေတ်အခါ လူတယောက်က ငါမင်းသားဖြစ်သည်၊တိုင်းပြည်ကို ငါအုပ်စိုးရလိမ့်မည်၊ ငါ့ဘက်သို့ လိုက်ပါကြစသောအားဖြင့်အရမ်းမဲ့ပြောကြားနေလျှင်ထိုသူကို အစိုးရမင်းတို့ကဘမ်းဆီး၍ ကြီးလေးသော အပြစ်ဒဏ်ဖြင့် စီရင်လိမ့်မည်ဖြစ်၏၊ ထိုသူ၏အသက်အန္တရာယ်သော်လည်း ကြီးကျယ်စွာဖြစ်လတ့်၊၍သို့ဖြစ်ခြင်းကား-နှုတ်ကြောင့်ပင် ဖြစ်လေသည်၊ ထို့ကြောင့် မိမိတို့၏ နှုတ်ကိုပဲ့ပြင်နိုင်သမျှ ပဲ့ပြင်၍ အပြစ်ရှိသော စကားကို မပြောကြားမိစေဘဲ သူတပါးတို့နားခံသာသော စကားမျိုးကိုသာ ပြောဆိုတတ်ကြစေရာသည်။

ထိုစကားပြောဆိုရာတို့၌ ကောင်းမြတ်သော အင်္ဂါလက္ခဏာတို့ကို ရှေးဆရာကြီးတို့ပြဆိုသည်မှာ—

၁။ ကာလဝါဒီ-ပြောချိန်ပြောခွင့်သင့်မှ ပြောဆိုခြင်း,
၂။ ဘူတဝါဒီ-ဟုတ်မှန်သောစကားကိုသာ ပြောဆိုခြင်း,
၃။ ဓမ္မဝါဒီ-တရားနှင့် စပ်သည်ကိုသာ ပြောဆိုခြင်း,
၄။ အတ္ထဝါဒီ-အကျိုးနှင့် စပ်သည်ကိုသာ ပြောဆိုခြင်း,
၅။ ဝိယဝါဒီ-ချစ်ဘွယ်သောစကားကိုသာ ပြောဆိုခြင်း,
၆။ မိဟိတပုဗ္ဗဘာဏီ-ပြီးခြင်းရှိသည်ကို ရှေ့ထား၍ ပြောဆိုခြင်း,
၇။ မိတဘာဏီ-မပိုမလွန်ချင့်ချိန်၍ ပြောဆိုခြင်း,

၈။ အတုရိတဝါဒီ-အဆောတလျှင် မပြောဆိုခြင်း,
၉။ ပေါရိ- ပြည်ကြီးသူပြည်ကြီးသားတို့စကား အသုံးအနှုန်းကို သုံးစွဲ၍ ယဉ်ကျေးသာယာစွာ ပြောဆိုခြင်း,
၁၀။ ဝိသာဒဝါဒီ-သန့်ရှင်းသေချာ အက္ခရာ ဌာန် ကရိုဏ်းပြတ်သားစွာပြောဆိုခြင်း,

ဤဆယ်ပါးဖြစ်လေသည်၊ ဤဆယ်ပါးနှင့် ညီညွတ်စွာ ပြောဆိုတတ်ပါလျှင် ထိုသူကို ရောက်လေရာ ဌာနတို့၌ မိမိ၏ စကားသံကို ကြားရသော လူအပေါင်းတို့ နှစ်သက်မြတ်နိုးတတ်ကြကုန်သည်။

ပညာရှိတဦး-ဟူ၍ အထူးသမုတ်ခံရသော ပုဂ္ဂိုလ်တို့သည် ထိုစကားပြောဆိုမှုအရာ၌ သာ၍ အလေးဂရုပြုသင့်လေသည်၊ ပညာရှိတို့၏ စကားကို အများကအရေးယူလေ့ရှိသောကြောင့် စကားတစွန်းတစဖြစ်အောင်ပြောဆိုလိုက်သောအခါ တနိုင်ငံလုံးပျံ့နှံ့၍ လူအပေါင်းတို့ အုတ်အုတ်ကျက်ကျက် လိုက်ပါပြောဆိုတတ်ကြလေကုန်သည်၊ မိမိအတွက်နှင့် နိုင်ငံပေါ်မှာ မနှစ်သက်ဘွယ်သော စကားအစွန်းအစတခု ထွက်၍သွားမည်ကို အထူးပင်သတိရှိသင့်လေသည်၊ ယခုအခါ ကျွန်ုပ်တို့ မြန်မာနိုင်ငံပေါ်တွင် အယူဝါဒအမျိုးမျိုး ကွဲပြားခြားနားမှုများသည် ပညာရှိဟု သမုတ်အပ်သောပုဂ္ဂိုလ်တဦးဦးက ရှေ့ဆောင်ရှေ့သွားပြုလုပ်၍ စကားအစွန်းတင်ခဲ့ခြင်းကြောင့်သာလျှင် အဖြစ်များတတ်လေသည်။

**''အမှိုက်ကစပြောသာဒ်မီးလောင်''** ဆိုသော စကားကဲ့သို့ မပြောပလောက်သောအချက်ကစ၍ ဝိဝါဒမီးတောက်လောင်ရာ နောင်အခါ အကြီးအကျယ်ပွားများ၍လာတတ်လေသည်၊ သို့ဖြစ်၍ ပညာရှင်များသည် မိမိတို့၏စကားကို အစွန်းအစများစွာမထွက်စေဘဲ လူအများတို့ ဝိဝါဒမီးပွားစီးမည့်အချက်ဖြစ်လျှင် ရှောင်ကြဉ်သိုသိပ်နိုင်သမျှ ရှောင်ကြဉ်သိုသိပ်၍ အထူးသတိရှိသင့်လေသတည်း။

ထို့ပြင်မှတပါး အကျိုးစီးပွားများပြားမည့်အရာပင် ဖြစ်စေကာမူ ဤစကားကို ပြောကြားမြွက်ဆိုလိုက်သည်ရှိသော် တစုံတခုသော အကြောင်းအားဖြင့် သူတပါးစိတ်နှလုံးမချမ်းသာမည်ဆိုလျှင် ထိုစကား

ကိုမပြောကြားဘဲ ရှောင်ကြဉ်ရာ၏-ဟူ၍ အောက်၌ ပါသောအတိုင်း မြတ်စွာဘုရားဟောကြားတော်မူသည်၊ပါဠိတော်ကား—

ယေန ကေနစိ ဝဏ္ဏေန၊ပရော လဘတိ ရုပ္ပနံ။
မဟတ္ထိယံပိ စေ ဝါစံ၊န တံ ဘာသေယျ ပဏ္ဍိတော။ ။

**အနက်**။ ယံဝါစံ၊အကြင်စကားကို။ဘာသန္တော၊ပြောဆိုလိုက်သည် ရှိသော်။ယေနကေနစိ ဝဏ္ဏေန၊တစုံတခုသောအကြောင်းဖြင့်။ ပရော၊ သူတပါးသည်။ရုပ္ပနံ၊စိတ်ဘောက်ပြန်ကာမသက်မသာခြင်းကို။လဘတိ၊ ရရှိလေ၏။တံဝါစံ၊ထိုစကားမျိုးကို။စေပိမဟတ္ထိယံ၊ အကယ်၍ အကျိုး များသည်ဖြစ်စေကာမူ။ပဏ္ဍိတော၊ပညာရှိသည်။နဘာသေယျ၊ မပြော မဆိုရာသည်သာလျှင်တည်း။

ထို့ပြင်လည်း မိမိဒိဋ္ဌပင်မြင်ရ၍ အမှန်အဟုတ်ဖြစ်စေကာမူ သူတ ပါးတို့ယုံကြည်ဘွယ်မရှိလျှင် မပြောမဆိုရာ၊ထို့ကြောင့် စာဏက္ကျဆရာ ကြီးသည်ပင်လျှင်—

အသဒ္ဒှာဗျံ န ဝတ္တဗ္ဗံ၊ပစ္စက္ခမပိ ပဿိတံ။ ။
ဟူ၍ဆိုလေသည်။

**အနက်**။ ပစ္စက္ခံ၊မိမိကိုယ်တွေ့မျက်မှောက်။ ပဿိတံပိ၊ အကယ်စင် စစ်တွေ့မြင်အပ်သည်ဖြစ်စေကာမူ။ အသဒ္ဒှာဗျံ၊ သူတပါးတို့ယုံကြည် ဘွယ်ရာမဟုတ်သောစကားမျိုးကို။ နဝတ္တဗ္ဗံ၊ မဆိုသင့်မဆိုထိုက်ချေ။

လောက၌ အလွန်တရာကြီးကျယ်သော ပင်လယ်အပြင်၌ သွား သောသင်္ဘောကို တည့်မတ်ဖြောင့်စင်းစွာသွားစေရန် ပဲ့ပြင်ခြင်းငှာ လွယ်ကူလှစွာ၏၊လက်လေးသစ်မျှခန့်သာရှိသော ဤခံတွင်း၌ဖြစ်သည့် စကားကိုမူကား- အခါခပ်သိမ်း ကောင်းမွန်တည့်မတ်စွာရှိအောင် ပဲ့ ပြင်ခြင်းငှာ ခဲယဉ်းလှလေသည်၊ ထို့ကြောင့် ''**စား၍မဝနိုင်သည့်အစာ၊ ပြော၍မတတ်နိုင်သည့်စကား၊ကျင့်၍မဆုံးနိုင်သည့်တရား**''ဟူ၍ ရှေးသူကြီး တို့ ဆိုစမှတ်ပြုကြကုန်သည်၊ မြတ်စွာဘုရားသခင်မှ တပါး အဆုံးစွန် **စကားအရာ၌ ကမ်းတဘက်သို့ ကူးခပ်အောင်တတ်မြောက်သောသူတို့**

ဟူ၍မရှိချေ၊ သို့ရာတွင် ကိုယ့်ဆိုင်ရာဆိုင်ရာဌာနတို့မှာ သင့်လျော်စွာ တတ်မြောက်ရန်ကိုသာလျှင် သတိထားသင့်လေ၏။

[ဤကား-စကားပြောဆိုမှုနှင့် စပ်လျဉ်း၍ အမျိုးမျိုး ပြဆိုလိုက်သော အချက်များပေတည်း။]

**ဆိုလိုရင်းမှာ။** ပိယဝါစာ သာယာချိုမြိန်စွာ ပြောဆိုတတ်သောသူမှာ သူစိမ်းပြင်ပမရှိကြောင်းသာလျှင် ဖြစ်လေသည်။

စကားချိုသာတိုင်းလည်း လူအပေါင်းတို့ ချစ်ခင်နှစ်သက်လေ့ ရှိကြကုန်သည် မဟုတ်သေး၊ စကားကိုသာ ချိုချိုသာသာ ပြောဆိုတတ်၍ အပြောအဟောနှင့်မညီဘဲ စိတ်နှလုံးထဲက ကောက်ကျစ်ပြန်လျှင်လည်း လူတို့မုန်းထားတတ်ကြကုန်၏၊ **''ပစပ်ပြောကများသကာ၊ ခေတ်သဘောကခါးတမာ''**ဆိုသောစကားကဲ့သို့ အချို့သောသူတို့သည် ပစပ်ပြောက ချိုချိုသာသာချွဲချွဲပြစ်ပြစ်နှင့် အတွင်းစေတ်သသောသည် လတ်တလော သေစေတတ်သော အဆိပ်ကဲ့သို့ ရှိတတ်လေ၏၊ အပေါ် ယံချွဲ၍စကားချိုချိုသာသာပြောတတ်ရုံနှင့်စိတ်ချ၍ ယုံကြည်ပေါင်းသင်း သောအခါ အကျိုးယုတ်အကျိုးမဲ့ များနှင့်လည်း တွေ့ကြုံတတ်လေသည်၊ အဆိပ်တို့ဖြင့်ထည့်အပ်သော အိုးမှာ အပေါ်ရံက ပျားရည်လောင်းထားသည်ကိုမြင်၍ တအိုးလုံးပျားရည်ထင်၍ လျက်မိရာဘေးကြီးစွာတွေ့တတ်သကဲ့သို့တည်း၊ ဤကဲ့သို့ နှုတ်ချိုစိတ်ခါး အတွင်းသားမကောင်းသူများကိုလည်း ပေါင်းသင်းဆက်ဆံထိုက်သည်မဟုတ်ချေ၊ ဤအဓိပ္ပါယ်ကိုရည်၍ စာဏကျ ဆရာကြီးသည်—

ဒုဋ္ဌနော ပိယဝါဒီ စ၊ နေတံ ဝိသာသကာရဏံ။
မဓု တိဋ္ဌတိ ဇိဝှဂ္ဂေ၊ ဟဒယေ တု ဟလာဟလံ။ ။

ဟူ၍မိန့်ဆိုလေသည်။

**အနက်။** ဒုဋ္ဌနော၊ သူယုတ်မာသည်။ ပိယဝါဒီစ၊ ချစ်ဘွယ်သော စကားကို ပြောကြားမြွက်ဆိုသော်လည်း။ စေတံ၊ ထိုသို့စကားချိုကို ပြောဆိုခြင်းမှုသည်။ နဝိသာသကာရဏံ၊ ပေါင်းသင်း ဆက်ဆံခြင်း၏ အကြောင်းမဟုတ်ချေ။ ဇိဝှဂ္ဂေ၊ လျှာဖျားဌ်။ မဓု၊ ပျားရည်သည်။ တိဋ္ဌတိ၊ တည်၏။ ဟဒယေတု၊ စိတ်နှလုံးထဲ၌မူကား။ ဟလာဟလံ၊ လတ်တလောသေစေတတ်သော အဆိပ်သည်။ တိဋ္ဌတိ၊တည်၏။

"လောဘကြီးလျှင်ခွဲ၊ ဒေါသကြီးလျှင်ဆဲ"ဆိုသောစကားအရ လောဘစရိုက်ကြီးမား၍ သူတပါးတို့အပေါ်မှာ ပါးနပ်လိုသောသူတို့သည်လည်း ခွဲခွဲပြစ်ပြစ် ချိုချိုသာသာ ပြောဆိုလေ့ရှိကြကုန်သည်၊ ဤကဲ့သို့သော အချက်များကိုလည်း စဉ်းစားဆင်ခြင်ယိုက်လေသေး၏၊ "ပြောတိုင်းပြု,ပြုတိုင်းပြော" ဆိုသော ယထာဝါဒီတထာကာရီဂုဏ်, ယထာကာရီတထာဝါဒီဂုဏ်နှင့် ပြည့်စုံသော သူကား-လောကမှာ အလွန်ရှားပါးလေသည်၊ ကိုယ်, နှုတ်, နှလုံး သုံးပါး တဖြောင့်တည်းညီ၍ စကားချိုမြစွာပြောဆိုခြင်းသည်သာလျှင် လောက၌ အကောင်းမြတ်ဆုံး, လူတို့၌ အနှစ်သက်ဆုံးဖြစ်လေသတည်း။

လို့လရှိကဝန်လေးသောအရာမှု-စသောအကြောင်းပြီး၏။

---

## ၂၃—အကျိုးမဲ့ ဖြစ်တတ်သောအရာ ၃-ပါး

နဒီကူလေ စ ယေ ရုက္ခာ၊ ပရဟတ္ထဂတံ ဓနံ။
ကိစ္စံ ထိဂေါစရံ ယဋ္ဌ၊ သဗ္ဗံ တံ ဝိဖလံ ဘဝေ။ ။

**အနက်**။ နဒီကူလေ၊ မြစ်ကမ်းပါး၌။ ယေရုက္ခာစ၊ အကြင်သစ်ပင်တို့သည်၎င်း။ပရဟတ္ထဂတံ၊ သူတပါးလက်သို့ ရောက်နေသော။ ယဋ္ဌဓနံ၊ အကြင်ဥစ္စာသည်၎င်း။ ထိဂေါစရံ၊ မိန်းမဉာဏ်ဖြင့် ကျက်စားပါဝင်၍ ဆောင်ရွက်သော။ ယဋ္ဌကိစ္စံ၊ အကြင်အမှုကိစ္စသည်၎င်း။ အတ္ထိ၊ရှိ၏။ တံသဗ္ဗံ၊ ထိုအလုံးစုံသော ကမ်းနားသစ်ပင်, သူတပါးလက်တွင် ရှိသောဥစ္စာ, မိန်းမဉာဏ်ပါသော အမှုကိစ္စများသည်။ ဝိဖလံ၊အကျိုးမကြီးအချည်းနှီး ဖြစ်တတ်လေသည်။ဘဝေ၊ ဖြစ်၏။

**ဆိုလိုရင်းမှာ**။ လှိုင်းတို့ဖြင့် ပုတ်ခတ်တိုက်ခိုက်၍ ပြိုလေ့ရှိသော မြစ်ကမ်းပါးအနီး၌ရှိသော သစ်ပင်, အပေါင်အနှံမရှိဘဲ ချေးငှါး၍ဖြစ်စေ၊ အပ်နှံ၍ဖြစ်စေ၊သူတပါးလက်တွင်းသို့ရောက်နေသော ပစ္စည်း, မိန်းမတို့ ဉာဏ်ကိုပါဝင်အသုံးချ၍ မိန်းမစီမံနေသော အမှုကိစ္စများသည် အကျိုးမရှိဖြစ်တတ်သည်-ဟူ၍ ဆိုလိုသည်။

ဆောင်ပုဒ်လင်္ကာ

မြစ်ကမ်းပါး၌၊ ကြီးပွါးညွန့်ရှင်၊ သစ်ပင်တမြား၊ သူတပါးသို့၊အပ်ထားဥစ္စာ၊ မိန်းမပါသည့်၊ ရေးရာကိစ္စ၊ ဟူသမျှကား၊ဖလကောင်းကျိုး၊မသန်တည်း။

### အဓိပ္ပါယ်အကျယ်

၁။ မြစ်ကမ်းပါး၌ ပေါက်ရောက်၍နေသော သစ်ပင်သည် ကမ်းပါးမပြိုခင် မည်မျှလောက်စည်ပင်ကြီးပွား၍နေသော်လည်း စိတ်ချရသည်မဟုတ်ချေ၊ ကမ်းပါးပြို၍လာသောအခါ ပျက်စီးခြင်းသို့ရောက်ရမည်သာဖြစ်လေ၏၊ ထိုမြစ်ကမ်းပါးမှ စိုက်ပျိုးလုပ်ကိုင် ထားသော ဥယျာဉ်ဗိမာန်တို့နှင့် လယ်ယာတို့ သည်လည်း ထို့အတူပင်တည်း၊ **''မင်းခစားယောကျ်ား၊ကမ်းနားသစ်ပင်''**ဟူ၍ဆိုသောစကားပုံတခုရှိ၏၊ ထိုစကားပုံအရ-မင်းမှုကိုထမ်းဆောင်၍ လခစားအလုပ်ဖြင့် လုပ်ကိုင်စားသောက်၍နေကြသောသူတို့ကို တာရှည်စွာ စိတ်မချရသောကမ်းနားသစ်ပင်နှင့် ဥပမာပြုကြကုန်၏၊ထို့ကြောင့် မင်းမှုထမ်းအလုပ်သည် ကိုယ့်ဥစ္စာပစ္စည်းဖြင့် ရင်းနှီးလုပ်ကိုင်ကြကုန်သော ကုန်သည်လယ်လုပ်တို့ကဲ့သို့ စိတ်နှလုံးကိုအေးမြချမ်းသာစွာထား၍ ပေါ့ပါးလွတ်လပ်စွာနေထိုင်ကြရသည်မဟုတ်ကုန်။

စာဏကျနီတိဆရာကြီးသည် ကမ်းနားသစ်ပင်၏ အရှည်ထာဝရအကျိုးမထွန်းကားပုံ, အရှည်စိတ်မချရပုံကို တစွန်းတစနည်းနာပြသဖြင့် ထိုကမ်းနားသစ်ပင်နှင့်တူစွာ အရှည်ထာဝရ အကျိုးမရှိသည့် အလုပ်မျိုး, အရှည်စိတ်မချရသည့်အလုပ်မျိုးကိုလည်း အားမကိုးသင့်ချေဟူ၍ မိမိတို့ဉာဏ်ရှိသမျှထောက်ဆဆင်ခြင်ရာ၏။

၂။ သူတပါးတို့၏လက်မှာရှိသော ပစ္စည်းဥစ္စာ၏အကြောင်းမှာ-မိမိပိုင်ဖြစ်သောပစ္စည်းဥစ္စာများကို တစုံတရာသောနည်းလမ်းအားဖြင့် သူတပါးလက်သို့မရောက်စေရာ၊ယခုလောကတွင်သစ္စာကတိရှိ၍ ကိုယ့်ဥစ္စာမှတ်မှတ်, သူ့ဥစ္စာမှတ်မှတ်တရားအတိုင်း ဖြောင့်မတ်မှန်ကန်စွာပြုလုပ်သူနည်းပါးလှ၏၊သူတပါးပစ္စည်းဥစ္စာ မိမိလက်တွင်းသို့ ရောက်လေသောအခါ ပြန်၍ပေးရန်စိတ်မထက်သန်ဘဲ ခေတ်တွန့်၍နေတတ်လေ၏၊ လူအပေါင်းတို့၏စိတ်သည် များသောအားဖြင့် သူတပါးတို့၏ပစ္စည်းဥစ္စာကိုရယူရန်လက်လွယ်၍ ပြန်ပေးရန်လက်ခက်ကြကုန်၏၊စာချုပ်စာတမ်းနှင့်အသေအချာ ချေးငှားထားသော ပစ္စည်းဥစ္စာပင်ဖြစ်စေ၊ ဆပ်ပေးရမည်ရှိသောအခါ လွန်စွာတွန့်တို၍ နေတတ်ကြကုန်၏။

အချို့လည်းချေးငှားထားသော ပစ္စည်းဥစ္စာကို ကနည်းနည်းအားဖြင့် ငြင်းကွယ်တတ်ကြကုန်၏၊ ယိုအခါ ရုံးဂေဟာသို့ရောက်၍ တရားဆိုင်ပြိုင်ခြင်းများကိုပြုလုပ်ကြရလေကုန်၏၊ ကြေးမှုငွေမှုအကွက်ကွက်ဆိုင်ပြိုင်ရသောတရားတို့သည် အမြို့မြို့ရုံးများတွင် တနေ့တခြား ကိုးပွားများမြောင်၍သာနေကြလေကုန်၏၊ ယိုသို့ချေးငှားယားသော ပစ္စည်းဥစ္စာများသည်ပင်လျှင် သူတပါး၏လက်တွင်းမှာ ခက်ခဲခြင်းကြီး၍ နေလေသည်ကိုထောက်ဆလျှင် သူတပါးလက်တွင် အပ်နှံထားသောပစ္စည်း, သူတပါးကို ခေတ္တငှားရမ်းထားသောပစ္စည်းများအတွက် အတူးပြောဆိုဘွယ်မလို၊ အလွန်ပင်စိုးရိမ်စရာ, စိတ်မချရာဖြစ်တတ်လေသည်၊ မိမိပိုင်ပစ္စည်းများကို သူတပါးယုံမှာယုံကြည်အပ်နှံထားရာ ပြန်၍တောင်းသောအခါ ငြင်းကွယ်၍မပေးဘဲနေကြောင်းများကို မကြာမကြာကြားသိတွေ့မြင်ကြရလေကုန်သည်။

ထို့အတူငှားရမ်းလိုက်သောပစ္စည်း, အဘိုးတန်ပစ္စည်းများအတွက်လည်း အလိုဆိုးရမ္မက်က နှိပ်စက်ဖိစီးလျက် ရှိနေသောကြောင့် ပြန်၍မပေးဘဲ ငြင်းကွယ်ခုခံကြသည်များကိုလည်း ကြားသိတွေ့မြင်ရကုန်၏၊ အဘိဇ္ဈာနှင့်ဂုဃသာတရားအလိုဆိုးများပြန့်ပွားများပြောင်၍လာကိုင်း ထိုသို့မတရားသောအမှုတို့သည် လောကမှာ တူထပ်ပေါ်များ၍လာကြကုန်၏၊ ပစ္စည်းဥစ္စာတို့၌ သာယာတပ်မက်သော တဏှာလောဘသည် လူတို့သန္တာန်မှာ အလွန်တရာထက်သန်ကြကုန်၏၊ တလောကလုံးသည် တအုန်းအုန်းတကျွက်ကျွက် ပစ္စည်းဥစ္စာရှာဖွေမှု အတွက်ဖြင့်သာလျှင် နေ့ရက်ကိုသုံးစွဲကြကုန်၏၊ ခက်ခက်ခဲခဲရှာဖွေမှ ပစ္စည်းကို ရရှိနေကြရာ လွယ်ကူစွာရရှိမည်ဆိုလျှင် တဏှာလောဘမျှသူတိုင်း နှစ်သက်မက်မောလေ့ရှိကြကုန်၏။

ရှေးအခါက မည်မျှလောက်ပင် ရိုးသားဖြောင့်မတ်သည် ဟူ၍ယုံကြည်စိတ်ချရသော်လည်း ပစ္စည်းဥစ္စာအရာနှင့် စပ်လျဉ်းလာလျှင် ယုံကြည်စိတ်ချဘို့ရာ လွန်စွာခဲယဉ်း၏၊ ဆွေမျိုးရင်းချာတော်စပ်သူပင်ဖြစ်စေကာမူ, ကျေးဇူးရှင်ဖြစ်စေကာမူ ပစ္စည်းဥစ္စာ အရေးနှင့် ကြုံကြိုက်လာသောအခါ လွန်စွာသစ္စာရှိခဲ၏၊ ဖြောင့်ထောက်စာနာသော တရားဖြောင့်တရားမှန်ကိုလွန်စွာရခဲ၏၊ တဏှာလောဘသည်အဖြင့်မျက်

စိပါရှိသော တရားမျိုးမဟုတ်လေသောကြောင့် ဆွေမျိုးညာတကာ, ဆရာသခင် ကျေးဇူးရှင်ဟူ၍ မြော်မြင်ထောက်ရှုနိုင်သည် မဟုတ်ချေ၊ လောဘဇောတိုက်၍ လာသောအခါ အလိုချင်ဘက်သို့သာ မျက်စိကျယ်ဝင့်၍လာလေ၏၊ အလိုချင်မျက်စိကျယ်တိုင်း တရားလမ်းမှလွဲ၍ ဘောက်လွဲဘောက်ပြန်ကျင့်ကြံပြုလုပ်တတ်လေ၏။

"ရသာလျှင် ဘ-နဖူး၊ သိုက်တူးမဲ့ယောက်ျား" ဟူသောရှေးစကားပုံ တခုရှိ၏၊ ထိုစကားပုံ၏ဆိုလိုရင်းမှာ-သက်သက်သာသာ လွယ်ကူမည်ဆိုလျှင် ဘခင်၏နဖူးမှာသော်လည်း သိုက်တူး၍ပစ္စည်းဥစ္စာကို ယူဝံ့၏ ဟူ၍ လောကအဖြစ်နှင့်ထောက်ဆ၍ ပြောဆိုသုံးစွဲကြသော စကားဖြစ်လေသည်၊ သားသမင်ကို စားချင်နင်းနင်း လောဘဇောဖုံးလွှမ်း၍ နေသော တောကျားတွေကဲ့သို့ ပစ္စည်းဥစ္စာအတွက် ရမ္မက်စွဲလမ်းတငန်းငန်းဖြစ်၍ နေသော လောကကြီးအလယ်မှာ ပစ္စည်းနှင့်စပ်၍ ယုံကြည်အပ် ယုံကြည်ထိုက်သော သူတော်ကောင်းရှားပါးလှလေသောကြောင့် "သူတပါး လက်ဝယ်ရှိနေသောကိုယ်ပိုင်ပစ္စည်းသည် အကျိုးကြီးကျယ်ဘို့ မြော်လင့်ဘွယ်အချက်မရှိ" ဟူ၍ စာဏကျဆရာကြီး မိန့်ဆိုတော်မူလေသည်။

သို့ရာတွင်များသောအားဖြင့် လောကဖြစ်ပုံနှင့် ပြဆိုအပ်သော စကားဖြစ်လေသောကြောင့် သူတော်ကောင်းစိတ်ပါဝင်သောပုဂ္ဂိုလ်တို့မှုကား ထိုသို့သစ္စာမဲ့လိမ့်မည်-ဟူ၍ ကဲ့ရဲ့ပြစ်တင်ခြင်းမပြုထိုက်ပေ၊ မတရားသဖြင့် ပစ္စည်းဥစ္စာကို ပေါများစွာ ရရှိကြွယ်ဝေခြင်းထက် တရားသဖြင့် ပစ္စည်းဥစ္စာကိုမရမရှိဘဲ မွဲတေ၍နေခြင်းကို နှစ်သက်လိုလားသော သဘောရှိကြကုန်၏၊ သူတပါးတို့၏ပစ္စည်းဥစ္စာကိုသိမ်းပိုက်ယူငင်မည်ကိုမဆိုထားဘိ၊ လိုချင်တပ်မက်သော မျက်စိနှင့်မျှမကြည့်မိကြကုန်၊ သူတပါးပိုင်ဆိုင်သော ဥစ္စာဖြစ်လျှင် တံတွေးပေါက်ကဲ့သို့ ရွံရှာစက်ဆုပ်ကြလေကုန်၏၊ သူတပါး၏ပစ္စည်းဥစ္စာကို တစုံတခုသော နည်းအားဖြင့် မတရားယူငင်လျှင် ခိုးခြင်း ၂၅-ပါးတို့တွင် တပါးပါ ဝင်၍ အဒိန္နာဒါန်ကံထိုက်လေ၏။

သူတပါးပစ္စည်းကို မိမိလက်တွင်မတရားသဖြင့် သိမ်းဆည်းယူငင်ထားသောသူမှာ သံသရာကြေးပါလေ၍ ဘဝအဆက်ဆက် အမွဲဇာတ်

မပြတ်နိုင်အောင်ပင်ရှိလေ၏၊ မွဲစေတတ်သောကံကြမ္မာသည် အစဉ်ကြီးပွား၍သွားလေ၏၊ ကုသိုလ်ဒါနအရာမှာညောင်စေ့လောက်မျှလျှင် ညောင်ပင်ကြီးလောက် အကျိုးပေးသည်-ဆိုသကဲ့သို့ ဤအကုသိုလ် အဒိန္နာဒါနအရာမှာလည်း ညောင်စေ့လောက်နိုးယူမိလျှင် ညောင်ပင်ကြီးလောက်ကြွေးဆပ်၍ မကုန်နိုင်ဘဲရှိတတ်လေ၏၊ ၁၀အဆက်ဆက်မှာ လူချင်းမတူ သူချင်းမမျှ လူရာမဝင် ဖြစ်ပြာကျအောင်မွဲတေးပေါ်နည်းမှာ သူတပါးတို့၏ ပစ္စည်းဥစ္စာကို အလွဲသုံးစားခြင်း, ပကရားသဖြင့် သိမ်းပိုက်ခြင်းဖြစ်လေသည်၊ ထိုကဲ့သို့ ဖြစ်လေသောကြောင့် ကျွန်ုပ်တို့ဗုဒ္ဓဘာသာတရားတော်မှာ"အဒိန္နာဒါနာဝေရမဏိ"ဆိုသော သိက္ခာပုဒ်တခုကို အရေးတကြီးပညတ်တော်မူရလေသည်။

ဤသို့အဒိန္နာဒါန်၏အပြစ်ကို နှစ်နှစ်နဲ့နဲ့ သဘောစွဲမြဲ၍သိမြင်နိုင်ကြသဖြင့် သူတော်ကောင်းစရိုက်ပါဝင်၍ နေကြပါလျှင် သစ္စာမဲ့ခြင်း, သူတပါးဥစ္စာကို မတရားသဖြင့် သုံးစွဲခြင်း, အလွဲသုံးစားခြင်းများ ပပျောက်၍ကုန်လေရာ၏၊ ထိုမှတပါး "ဥစ္စာမရှိကတိမတည်" ဟူသော စကားပုံ တခုလည်းရှိသေး၏၊ မိမိမှာ ဥစ္စာပစ္စည်းမရှိဘဲနေပြန်ပါလျှင် ဘယ်လိုပင်ကတိသစ္စာရှိသော်လည်း ထိုကတိသစ္စာကိုမစောင့်ထိန်းနိုင်ဘဲရှိလေ၏၊ပကတိသဘောအားဖြင့် ရိုးသားဖြောင့်မတ်ပါသော်လည်း မရိုးသားသကဲ့သို့ဖြစ်လေ၏၊ ထိုသို့ဖြစ်ရခြင်းမှာ မူလသဘောရင်းက သစ္စာမဲ့ခြင်းကဲ့သို့ ဆိုးဝါးယုတ်မာသည်မဟုတ်ချေ၊ ဤသို့ပြဆိုခြင်းမှာ မိမိကိုယ်ပိုင်ဥစ္စာသည် သူတပါးလက်သို့ ရောက်၍ အကျိုးမများကတ်ကြောင်းနှင့်စပ်၍ ဆိုသော စကားရပ်ပေတည်း။

၃။ မိန်းမတို့တွင်ပါဝင်စွက်ဖက်သော အမှုကိစ္စမျိုး၏ အကျိုးမဖြစ်ထွန်းပုံမှာ-မိန်းမတို့၏ စိတ်သဘောသည် တိမ်၍ နက်နက်နဲနဲမြင်စွမ်းနိုင်သောသတ္တိမရှိချေ၊ သဘောဆန္ဒအဇ္ဈာသယဓာတ်ကလည်း ဘေး သိမ်လျက်ရှိနေသောကြောင့် ကြီးကျယ်သော အကြံအစည်များတွင် ထိုမိန်းမတို့ပါဝင်လျှင် အောင်မြင်ထမြောက်ရန် ခဲယဉ်းတတ်လေ၏။

မိန်းမတို့၏ စိတ်သဘောသည် မည်သည့်အခါမဆို ရှုပ်ထွေး၍ ပရိယာယ်မာယာများပြားတတ်ကုန်၏၊ လျှို့ဝှက်ဖုန်းကွယ်လိုသော စိတ်

သဘောရှိ၏၊ယိမ်းလွယ်ယိုင်လွယ်၍ မခိုင်မမြဲမတည်မတံ့သော စိတ်သဘောရှိ၏၊ထိုကဲ့သို့ယုတ်ညံ့သောစိတ်ဓာတ်တို့နှင့်ပြည့်စုံ၍နေသော်မိန်းမတို့သည်ကြီးကျယ်သောအမှုကိစ္စတို့၌ ပါဝင်ကြံစည်စေပါလျှင် ထိုအမှုကိစ္စသည်မိန်းမတို့၏ စိတ်သဘောကဲ့သို့မဖြောင့်မမတ်မခိုင်မမြဲဘဲတိမ်းယိုင်လဲပြိုတတ်လေသည်သာဖြစ်၏၊ သက်သေသာဓကအားဖြင့် ကျွန်ုပ်တို့ မြန်မာရာဇဝင်များတွင် မိဖုရားဖြစ်သော မိန်းမများ ပါဝင်ဆောင်ရွက်သည့် အတွက် အရေးပျက်သော အချက်တို့သည် လွန်စွာပင်များကုန်၏။

**"မိန်းမဖျက်လျှင် ပြည်ပျက်"** ဆိုသောစကားအရ-နိုင်ငံတွင်ရှင်ဘုရင့်အပေါ်မှာ မိန်းမသြဇာ လွှမ်းမိုးဖိစီး၍ ထင်မြင်ရာတိုင်းစီရင်လေသောအခါ တိုင်းပြည်နိုင်ငံကြီးသော်ပင်လျှင် ပျက်စီးတတ်လေသည်-ဟူ၍ ဆိုလိုရင်းဖြစ်လေသည်၊ ဇာတ်နိပါတ်တော် များတွင်လည်း မိန်းမပါဝင်၍ ဆောင်ရွက်သည့် အတွက်ကြောင့် အရေးပျက်သော အရာတို့သည် လွန်စွာများပြားကုန်၏၊ လောကီရေးမှာသာမဟုတ်၊ သာသနာတော်ရေးများမှာလည်း မိန်းမတို့ပါဝင် စွက်ဖက်သော အခါ သန့်ရှင်းစင်ကြယ်စွာမဖြစ်နိုင်ဘဲ ရှိတတ်လေသည်၊ဤအကြောင်းအရာမှာမိထွေးတော်ဂေါတမီသည် မြတ်စွာဘုရား၏ သာသနာတော်တွင် ဘိက္ခုနီမအဖြစ်နှင့် ရဟန်းပြုလုပ်ရန် တောင်းပန်သောအခါ အလွန်တရာ ကြီးကျယ်သော သာသနာတော် ကိစ္စကြီးမှာ မိန်းမများမပါမဝင်စေလိုသောကြောင့် မြတ်စွာဘုရားကိုယ်တော်တိုင်အကြိမ်ကြိမ်အခါခါများစွာပယ်တော်မူလေသည်ကို ထောက်ထားသော အားဖြင့် သိရှိနိုင်လေသည်။

ဤသို့ကြောင့်လောကီရေးမှာဖြစ်စေ၊အရေးကြီးကျယ်သောအရာဌာနတို့မှာ ဖြစ်စေ၊မိန်းမများ ပါဝင်စေရန်သင့်လျော်သည် မဟုတ်ဟုသိအပ်လေသည်၊ယခုအခါ အင်္ဂလန်ပြည်တွင်ပါလီမံလူကြီးအဖြစ်ကို လိုလားကြသော မိန်းမပေါင်းများစွာတို့သည် အကြိမ်ကြိမ်အဖန်ဖန် ကြံစည်ကြိုးစားကြပါသော်လည်း ထိုကဲ့သို့ကြီးကျယ်များပြားသော တိုင်းရေးပြည်မှုတို့မှာ မိန်းမတို့ပါဝင် လျှင် ယခုကဲ့သို့ တည်တံ့ခိုင်မြဲစွာနှင့် စီမံအုပ်ချုပ်နိုင်လိမ့်မည် မဟုတ်ဟု ထင်မြင်လေသောကြောင့် ဆိုခဲ့ပြီး

သော မိန်းမတို့ကို ပါလီမံလူကြီးအရာသို့ မတင်မမြှောက်မသွင်းသဲ့ရှိကြကုန်သည်-ဟူ၍ ထင်မြင်သင့်လေသည်။

ထို့ပြင်တပါး အရေးကြီးကျယ်သောအကြံအစည်များ, ဖုန်းလွယ်အပ်သော အကြံအစည်များကို မိန်းမတို့အား မတိုင်ပင်သင့်ချေ၊ တိုင်ပင်မိလျှင် အကြောင်းမသင့် အခွင့်မသာသောအခါ အသက်ယိမ်ိုက်အောင်အလွန်ကြီးကျယ်သော အရေးပင်ဖြစ်စေ ဖေါ်ပြတတ်လေ၏၊ သို့ဖြစ်၍ မိန်းမတို့ကို မည်မျှလောက်ပင် ယုံကြည်စေကာမူစကားတုန် ဖွင့်လှစ်၍ မပြောသင့်ချေ၊ မိန်းမပါဝင်သော အမှုကိစ္စများ ပျက်ပြားတတ်သည်ဆိုသော စကားမှာ မိန်းမတို့၏ သဘောဓမ္မတာသို့ လိုက်၍ အများအပြားဖြစ်လေ့ရှိသည်ကိုသာ ရည်၍ ဆိုသည်၊ တရံတခါ မိန်းမပါဝင်သည့်အတွက်ကြောင့် အောင်မြင်ထမြောက်သော အရေး ကိစ္စများလည်းရှိလေသေး၏၊ ဉာဏ်ပညာအမြော်အမြင်နှင့် ပြည့်စုံသော မိန်းမဖြစ်လျှင် ပါဝင်ရွက်ဆောင်သည့်အတွက်နှင့် အခွင့်သင့်စွာလည်း ပြီးစီးတတ်လေသည်။

**ဥပမာ**။ အမရာဒေဝီသည် သူ၏အရှင်သခင်ဖြစ်သူ ပဟောသဓာမှာ ဘုရင်မင်းမြတ်က အမျက်တော်ရှိ၍ မြို့မှထွက်ပြီးလျှင် ဒိုးလုပ်ခြင်း အမှုဖြင့် ပုန်းရှောင်၍နေရာ မဟောသဓာ၏ ရန်သူကြီးတွေကွဲ့သို့ဖြစ်၍ နေသော သေနကအမတ်စသည်တို့၏အပြစ်ကိုပေါ်အောင် ကြံဆောင်ပြုလုပ်ခြင်းအားဖြင့် မဟောသဓာ၌အပြစ်ကင်း၍ မင်းကြီးနှိုးမြှောက်တော်မူရလေသည်၊ ဝိသာခါ၏ ကြံစည်ပြုလုပ်ချက်ကြောင့် ယောက္ခမဖြစ်သော မိဂါရသူဌေးကြီးတမျိုးလုံးသည် ရှေးကဗွဲလမ်းရင်းရှိသော မိစ္ဆာဒိဋ္ဌိမှခွါရှောင်၍ သမ္မာဒိဋ္ဌိဘောင်သို့ပါဝင်ကြလေသည်။

လောမကဿပရသေ့ဇာတ်တွင် ဗိုလ်ခြေများတို့ ရွက်ဆောင်၍ မအောင်မြင်နိုင်သော ကိစ္စတခုကို မင်းကြီး၏ သမီးတော် စန္ဒဝတီက ယောက်တည်း ကြံစည်၍ထမြောက်အောင်မြင်လေသည်၊ ထိုဇာတ်၌ ပင် မိန်းမတို့သည် သူတို့နှင့် သက်ဆိုင်သောအရာတွင် လွန်စွာအား အစွမ်းရှိကြောင်းနှင့်-

ဗလံ စန္ဒော ဗလံ သူရိယော၊ဗလံ သမဏဗြာဟ္မဏာ။
ဗလံ ဝေလာ သမုဒ္ဒဿ၊ဗလာတိဗလာ ဣတ္ထိယော။ ။
ဟူ၍ ဟောတော်မူလေသည်။

**အနက်။** စန္ဒော၊လမင်းသည်။ ဗလံ၊အားရှိ၏။ သူရိယော၊နေမင်းသည်လည်း။ဗလံ၊အားရှိ၏။သမဏဗြာဟ္မဏာ၊တန်ခိုးကြီးသောရဟန်းပုဏ္ဏားတို့သည်။ ဗလံ၊အားရှိ၏။ သမုဒ္ဒဿ၊သမုဒ္ဒရာ၏။ ဝေလာ၊ကမ်းပါးသည်လည်း။ဗလံ၊အားရှိ၏။ဣတ္ထိယော၊မိန်းမတို့သည်ကား။ ဗလာတိဗလာ၊လွန်စွာအားရှိကြကုန်၏။

သို့ဖြစ်၍ မိန်းမတို့၏ဉာဏ်ဖြင့် ပါဝင်ကျက်စားသော အမှုကိစ္စများသည် အကျိုးမပြီးစီး-ဟူ၍ ဆိုသော်လည်း အချင်းခပ်သိမ်း အစွဲအမြဲမှတ်ထားရမည်-ဆိုလိုသည်မဟုတ်ချေ၊ယေဘုယျနည်း, တဗ္ဗဟုလနည်းအားဖြင့် များရာသို့လိုက်၍ ဆိုသောစကားသာ ဖြစ်လေသည်-ဟု ယုံကြည်အပ်လေသည်။

ပြဆိုအပ်ပြီးသော စာဏကျနီတိဆရာကြီး၏ ဆိုလိုရင်းစကား အချုပ်မှာ ကမ်းနားသစ်ပင်ကဲ့သို့ အတည်အမြဲမဟုတ်ဖြစ်သော အလုပ်အကိုင်အကြံအစည်များကို အားကိုးအားထားမပြုရာ၊ မိမိလက်မှာရှိသောဥစ္စာပစ္စည်းကို ယုံကြည်လောက်သောသူဟူ၍ စိတ်ချပြီးလျှင် သူတပါးလက်သို့ အပ်နှံ၍မထားရာ၊မိမိအရေးကြီးသော အကြံအစည်, အလုပ်အကိုင်ကြီးများတွင် မိန်းမသြဇာ မပါမဝင်စေရာ-ဟူ၍ ဆိုလိုရင်းဖြစ်ပေသတည်း။

အကျိုးမဲ့ဖြစ်တတ်သောအရာ ၃-ပါးပြီး၏။

## ၂၄။ လူမိုက်မှာဆေးမရှိခြင်းအကြောင်း

သပ္ပေါ ဒုဋ္ဌော ခလော ဒုဋ္ဌော၊သပ္ပါ ဒုဋ္ဌတရော ခလော။
မန္တော သဓဝသော သပ္ပေါ၊ ခလော ကေန နိဝါရယေ။ ။

**အနက်။** သပ္ပေါ၊မြွေဆိုးသည်။ ဒုဋ္ဌော၊ ကြမ်းကြုတ်ဖျက်ဆီးတတ်၏။ခလော၊သူမိုက်သည်။ဒုဋ္ဌော၊ကြမ်းကြုတ်ဖျက်ဆီးတတ်၏။ တေသု၊ထိုမြွေနှင့်သူမိုက်နှစ်ဦးတို့တွင်။ ခလော၊ သူမိုက်သည်။သပ္ပါ၊မြွေထက်။ ဒုဋ္ဌ

တရော၊အလွန်တရာ ကြမ်းကြုတ်ဖျက်ဆီးဟတ်စွာ၏။ (ဟဲ၊ အပြောင်း သော်ကား။)သပွေ့ါ၊မြွေသည်။ မန္တောသဓဝသော၊အင်းအိုင်ဆေးဝါး မန္တရားတို့ဖြင့် အလိုသို့လိုက်ပါအောင် ကုသနိုင်သေး၏။ ခပ်ယော၊ သူယုတ်သူမိုက်ကိုကား။ ကေနှ၊အဘယ်ဆေးဝါး မန္တရားဖြင့်။ နိဝါရမယ၊ အလိုသို့ပါအောင် နိုင်နင်းစွာ ဆုံးမတားမြစ်နိုင်ပါအံ့နည်း။

**ဆိုလိုရင်းမှာ။** လောကတွင်မြွေသည် မိုက်မဲကြမ်းကြုတ်၏၊ သူမိုက်သည်လည်း မိုက်မဲကြမ်းကြုတ်၏၊ ထိုနှစ်မျိုးနှစ်စားတို့တွင် သူမိုက်သည် မြွေဆိုးထက်ကြမ်းကြုတ်မိုက်မဲ၏၊အကြောင်းကိုဆိုသော်-မြွေကိုဆေးဝါး မန္တရားတို့ဖြင့် ကုသ၍ရနိုင်၏၊ သူယုတ်သူမိုက်ကို ဆေးဝါးမန္တရား တို့ဖြင့်ကုသ၍ ရနိုင်သောအကြောင်းမရှိချေ။

### ဆောင်ပုဒ်လင်္ကာ

၁။ လူမိုက်နှင့်မြွေ၊ ဤနှစ်ထွေ၊ ပုံသေကြမ်းကြုတ်စွာ။
၂။ ထိုနှစ်မျိုးတွင်၊ သူမိုက်လျှင်၊ များဖြင်ဆိုးယုတ်စွာ။
၃။ အကြောင်းမူကား၊ မြွေဆိုးများ၊ဆေးဝါးကုနိုင်ရော။
၄။ လူယုတ်မာစု၊ မှောင်အထု၊ဆေးကုနိုင်ဘူးသာ။

### အဓိပ္ပါယ်အကျယ်

ဤလောက၌ အဆိပ်ထန်သောမြွေကို လူအပေါင်းတို့၏ရန်သူကြီး တမျိုးဟုခေါ်ဝေါ်သမုတ်ကြလေ၏၊ အကြောင်းကိုဆိုသော်-ထိုမြွေဆိုး သည် လူတို့၏အသက်အန္တရာယ်ကို ပြုတတ်၏၊ မြွေဆိုး၏ အဆိပ်ရှိ သောအစွယ်ဖြင့် ထိတွေ့ငြိစွဲခဲ့သည်ရှိသော် အသက်ရှင်ခြင်းငှါ လွန်စွာ ခဲယဉ်းလေ၏၊ သို့ဖြစ်၍ မြွေဆိုးကိုမည်သူမျှတွေ့ကြုံလိုသောစိတ်မရှိကြ၊ သွားလေရာရာတွင် မြွေနှင့်လွဲပါစေ၊ ခြေခင်းလက်ခင်းသာယာပါစေ- ဟူ၍သာလျှင် ဆုတောင်းလေ့ရှိကြကုန်၏၊ ထို့အတူပင်လျှင် အဆင် ခြင်အစဉ်းစားကင်းသော လူဖျင်းလူမိုက်, လူယုတ်မာများကိုလည်း တလောကလုံးတွင်ရှိသော လူကောင်းသူကောင်းတို့က နှစ်သက်ခြင်း မရှိကြကုန်၊ထိုသူယုတ်သူမိုက်များသည်ရန်သူမျိုးငါးပါးဟွင် မချစ်မနှစ် သက်အပ်သောသူဟုဆိုအပ်သည့် ပဥ္စမရန်သူထဲတွင် စာရင်းဝင်လေ သည်။

ထို့ကြောင့် သူယုတ်သူမိုက်များသည် ကမ္ဘာတည်ဦးကစ၍ အခါခပ်သိမ်း ကမ္ဘာ၏ရန်သူကြီးတွေသာ အမှန်ဖြစ်လေ၏၊ ကမ္ဘာပေါ်မှာ မြေဆိုးသတ္တဝါတမျိုး ထွန်းကားလာခြင်းသည် တစုံတရာမျှ အကျိုးရှိသည်ဟု မရေမတွက်နိုင်၊ အကျိုးမဲ့သက်သက်အပိုရန်ကြီးဟူ၍သာလျှင် ဆိုရသကဲ့သို့ ထို့အတူ ကမ္ဘာပေါ်မှာ လူမိုက်သူယုတ်သတ္တဝါတွေဖြစ်ပေါ်ထွန်းကားလာခြင်းသည်လည်း အကျိုးမဲ့အပိုရန်သူကြီးတွေ သက်သက်သာလျှင် အမှန်ဖြစ်လေတော့သည်၊ မြွေဆိုးနှင့်လူမိုက်ကို တတန်းတည်းထား၍ တူသည်-ဟုဆိုရသော်လည်း စင်စစ်အားဖြင့် တွေးဆဆင်ခြင်လိုက်သည်ရှိသော် မြွေဆိုးထက်လူမိုက်လူယုတ်က အဆများစွာသာလွန်ဆိုးဝါးယုတ်မာလေသည်၊ မြွေသည်လူ၏ အသက်အန္တရာယ်ကိုသာပြုလုပ်နိုင်၏၊ လူတို့၏စီးပွားပျက်စီးခြင်း, ဂုဏ်ကြက်သရေပျက်စီးခြင်းများကိုမူကား မပြုလုပ်နိုင်ချေ၊ လူဆိုးလူမိုက်တို့သည်ကား သူတပါး၏ အသက်အန္တရာယ်ကိုလည်း ပြုလုပ်နိုင်၏၊ သူတပါး၏ ဂုဏ်ကြက်သရေပျက်စီးခြင်း,စီးပွားချမ်းသာပျက်စီးခြင်းများကိုလည်း ပြုလုပ်နိုင်၏။

ဥပမာ-ပဉ်းယောအမျိုးတွင် လူမိုက်လူယုတ် တယောက်ထွန်းကားလေရာ၏၊ ထိုသူသည် အပိုက်ကိုအားကိုး၍ သူခိုးဒမြပြုလုပ်၍ တိုက်ခိုက်ရာ အစိုးရမင်းတို့က ဖမ်းသီးလေ၏၊ ထိုအခါ မိဘဆွေမျိုးပြုလုပ်သူတို့မှာ ကြေးငွေဥစ္စာကုန်ခြင်း, မည်သူဆိုးဝါးယုတ်မာသည်ဟု အမျိုးကိုယိပါးပြောဆိုရာ အမျိုး၏ဂုဏ်ကြက်သရေ ယုတ်နိမ့်ညှိုးနွမ်းခြင်းကိုခံရလေ၏၊ အတိုက်အခိုက်ခံရသူတို့မှာလည်း ပစ္စည်းဥစ္စာပျက်စီးခြင်း,ရိုက်နှက်ယောင်းဟုသောဘေးနှင့်ကြုံတွေ့ရခြင်း, မီးလောင်၍ပျက်စီးခြင်းတို့နှင့်ပွေ့ကြုံရခြင်းစသော ဘေးဒုက္ခများကို ရရှိကြလေကုန်၏၊ တိုင်းပြည်ကိုအုပ်ချုပ်သော အစိုးရတို့မှာလည်း ထိုလူဆိုးလူမိုက်အတွက်ကြောင့် အမှုထမ်းများစွာတို့နှင့် ရှာဖွေစုံထောက်၍ဖမ်းဆီးရခြင်း, ထိုရာဇဝတ်မှုအတွက် စရိတ်ကုန်ကျခြင်းများနှင့်လည်းတွေ့ကြုံရလေ၏။

တရံတခါ ထိုသူမိုက်အတွက်ကြောင့် တရွာလုံးတနယ်လုံး ပူပင်သောက ဒုက္ခအရောက်ခံရခြင်း-စသောဘေးတို့နှင့်လည်း တွေ့ကြုံရ

လေ၏၊ ကျွန်ုပ်တို့ မြန်မာဘုရင်တို့စိုးအုပ်စဉ်အခါ၌ စီရင်ထုံးဖွဲ့သော ဥပဒေအတိုင်းဖြစ်လျှင် တဆွေလုံးတမျိုးလုံးမီးလောင်တိုက် အသွင်းခံရခြင်းစသော ဒုက္ခကြီးတို့နှင့်တွေ့ကြုံရလေ၏၊ ဖြောင့်ဖြောင့်စင်ကြည် လူတို့နှင့် ဝေးကွာသောတောချုံမှာနေသည့်အတွက် လူတို့နှင့်တွေ့ကြုံနိုင်ခဲ၏၊ ထိုမြွေများသည် သူတို့ကစတင်၍ လူကိုရန်ရှာနိုင်သည်လည်းမဟုတ်ချေ၊ လူမိုက်တို့သည်ကား - မြို့တွင်းရွာတွင်းမှာ နေထိုက်လျက် မှုကြုံသောကြောင့် နေ့စဉ်နေမြဲလူကောင်းတို့နှင့် တွေ့ကြုံ၍နေလေ၏၊ ထိုလူမိုက်များသည် လူကောင်းသူကောင်းတို့အား များစွာသော အနှောင့်အရှက်တို့ကို နေ့စဉ်ပေးတတ်လေသည်။

သူမိုက်တို့၏ဂုဏ်များသည်--

၁။ ဒုစိန္တိတ-မကောင်းသောအကြံကို ကြံစည်ခြင်း,

၂။ ဒုကမ္မန္တ-မကောင်းသောအမှုကိုပြုလုပ်ခြင်း,

၃။ ဒုဗ္ဘာသိတ-မကောင်းသောစကားကိုပြောဆိုခြင်း,

ဤဂုဏ်ယုတ်သုံးပါးမျှသာဖြစ်လေသောကြောင့်ထိုသူမိုက်တို့ ကြံစည်, ပြုလုပ်, ပြောဆိုသမျှသော အရာတို့သည် ကောင်းမြတ်သည်ဟူ၍မရှိနိုင်ဘဲ အမြဲနိစ္စအစဉ်ထာဝရ ယုတ်မာညစ်ညမ်းသော ဒုစရိုက်တရားကိုနှင့်သာလျှင် ပြည့်စုံလေသည်၊ မည်သူ့ကို ဘယ်သို့နှိပ်စက်လိုက်မည်၊ မည်သူ၏ပစ္စည်းကို မည်သို့ခိုးဝှက်တိုက်ဖျက်၍ ယူလိုက်မည်၊ မည်သည့်အရာကိုမည်သို့ဖျက်ဆီးမည် စသောအားဖြင့် မကောင်းကြံစည်၍ ထိုအကြံအတိုင်း ပြုလုပ်တတ်ကြသဖြင့် လူကောင်းသူကောင်း ပြုလုပ်၍ တရားသဖြင့် လုပ်ကိုင်စားသောက်ကြသောသူများမှာ စိတ်မချနိုင်ဘဲ ကြောက်လန့်စိုးရိမ်လျက်နှင့်သာလျှင် တထိတ်ထိတ်တပြာပြာ နေထိုင်ကြရကုန်၏။

လူကောင်းသူကောင်းတို့၏ တရားသဖြင့်ရှာဖွေရရှိသော ဥစ္စာလဒ္ဓပစ္စည်းဥစ္စာများသည် မတရားသဖြင့် ကြံစည်ပြုလုပ်သော လူမိုက်သူခိုးတို့၏လက်သို့ရောက်၍သွားမည်ကို စိုးရိမ်ရသည့်အတွက် သိုဝှက်သိမ်းဆည်းရကုန်၏၊ တရံတခါ စည်းစိမ်ဥစ္စာကဆက်သွယ်၍ အသက်ပင်သော်လည်း လူမိုက်တို့၏လက်တွင်းသို့ပါခြင်းကိုခံရလေကုန်၏၊ လူမိုက်တို့မည်သည် တစုံတရာမျှတရားသဖြင့် မြှော်မြင်တွေးတောတတ်သူများ

မဟုတ်ကြသဖြင့်''ဥစ္စာယူ လူသတ်'' ဆိုသောအတိုင်း ဥစ္စာပစ္စည်းတို့ယူယုံမျှမက အလွန်ရရှိနိုင်ခဲ့သော မနုဿတ္တလူ့ဘဝ၏ အသက်ကိုသော်လည်း ဖျက်ဆီးတတ်ကြကုန်၏၊ ထို့ပြင် တပါးသူမိုက်တယောက်သည် သူမိုက်များစွာကိုဖြစ်ပွားလေအောင် ထူထောင်ပွားများ စေတတ်၏၊ လောက၏ဓမ္မတာသည် လိမ်မာယဉ်ကျေးအောင်ပြုလုပ်ရန်သာခဲယဉ်း၍ မိုက်မဲအောင်ပြုလုပ်ရန်မှာ လွန်စွာလွယ်ကူလေသည်။

ဥပမာ။ လူလိမ်မာတဦးတယောက်ဖြစ်လေအောင် သူငယ်မှစ၍ အသက်နှစ်ဆယ်ကျော်သည်တိုင်အောင် ပညာသင်ကြားခြင်းများကိုနေ့စဉ်မပြတ်အားထုတ်ကြရကုန်၏၊ လူမိုက်ဖြစ်ပွားရန်မှာ ဘယ်သို့မှအားမဟုတ်ဘဲ ကျောင်းတွင်ပညာသင်ကြားခြင်းမရှိဘဲ ထင်တိုင်းပစ်၍ ထားလိုက်သောအခါ လူမိုက်တယောက်ကောင်းကောင်း ဖြစ်လာနိုင်လေသည်၊လူလိမ်မာနှင့်ရှည်ကြာစွာပေါင်းသင်း၍ အလိမ်မာဉာဏ်ကိုရရန်ခဲယဉ်း၏၊ လူမိုက်နှင့်တခဏပေါင်းသင်းလျှင် အမိုက်နည်းများကိုရရန်လွယ်ကူလေသည်၊ သတ္တဝါတို့၏စိတ်သည် မကောင်းသော ဘက်သို့ပေါင်းကူးရမည်ဆိုလျှင် တောင်ပေါ်မှ ရေစီးဆင်း၍ ကျဘိသကဲ့သို့လွယ်ကူလေ၏။

လောက၌ လူမိုက်မျိုးမပြတ်ဘဲ ရှိနေသည်မှာ တယောက်ကတယောက်စပ်သွယ်၍ အမိုက်ဓာတ် ကူးဆက်ပြန့်ပွားလျက် ရှိနေသောကြောင့်သာလျှင် ဖြစ်လေသည်၊ ထိုလူမိုက်ဇာတ်များလည်း မည်သည့်အခါတွင်မှ ပျောက်ကင်းစင်ကြယ်လိမ့်မည်ဟူ၍ မြော်လင့်ထင်မြင်ရန်အကြောင်းမရှိ၊ သံသရာရှည်သမျှ လူမိုက်ဇာတ်ရှည်လျား၍ ကမ္ဘာ့နိယာမတမျိုးသာဖြစ်ချေသည်၊ဓမ္မဓိဋ္ဌာန်အားဖြင့် ဆိုလိုက်သည်ရှိသော် လူမိုက်သတ္တဝါ လူယုတ်သတ္တဝါ ဖြစ်လာရသည်မှာ စင်စစ်အားဖြင့် အကုသိုလ်ဒုစရိုက်တို့ ရှိနေခြင်းကြောင့်သာလျှင်ဖြစ်လေသည်၊ ထိုအကုသိုလ်ဒုစရိုက်တို့၏ မိုက်မဲမှုကိုပင်လျှင် သတ္တဝါပေါ်၌တင်စား၍ လူမိုက်သတ္တဝါ လူယုတ်သတ္တဝါ-ဟူ၍ ခေါ်ဆိုရလေသည်၊ ဤကဲ့သို့ပြဆိုခဲ့ပြီးသော နည်းအားဖြင့် လူမိုက်သတ္တဝါများသည် မြေခွေးသတ္တဝါတို့ထက် အယုတ်တမာ လွန်စွာညံ့ဖျင်း၍ အောက်တန်းကျကြောင်းကို သိသာနိုင်လေသည်။

ထို့ပြင်တပါး မြွေသတ္တဝါကို ဆေးဝါးမန္တာန်တို့ဖြင့် ကုသနိုင်၏၊လူမိုက်သတ္တဝါများကို ဆေးဝါးမန္တရားတို့ဖြင့် ကုသနိုင်သည်မဟုတ်ချေ၊ ''မြွေမှာဆေးရှိ၏၊လူမိုက်မှာဆေးမရှိချေ'' တနည်းအားဖြင့်ဆိုသော်-မြတ်စွာဘုရား၏ တရားတော်နည်းလမ်းအားဖြင့် လူမိုက်သတ္တဝါတို့ကို တရားသဖြင့် ဆုံးမသောနည်းလမ်းများသည် လူမိုက်တို့ကို ကုသရန် ဖြစ်သော ဆေးနု, ဆေးယဉ်, လက်ျာလမ်း ဆေးဖြစ်လေ၏၊ လောက နည်းလမ်းအားဖြင့် ပြည်ပိုင်အစိုးရမင်းတို့၏ ရာဇဝတ်ဌာနဆိုင်ရာ ဥပဒေများသည် လူမိုက်သတ္တဝါတို့ကို အာဏာဖြင့် ဆုံးမကြောင်းဖြစ်သော ဆေးကြမ်း, လက်ဝဲလမ်းဆေးများ ဖြစ်လေသည်၊ ထိုလက်ဝဲလမ်း၌ လူမိုက်တို့ကို ကုသကြောင်းဖြစ်သည့် ဆေးနည်းတို့သည် အသက်ဆုံးရှုံးအောင် စီရင်ခြင်းသို့ တိုင်အောင် နည်းပေါင်းများစွာရှိကြလေကုန်၏။

ထိုလက်ဝဲလမ်းဆေးနည်းတို့ဖြင့် အကြိမ်ကြိမ်အဖန်ဖန် အစိုးရမင်းတို့က ကုသပါသော်လည်း ကမ္ဘာ့ခမ္ဘတာကြီးဖြစ်၍ ကမ္ဘာပေါ်မှာ သူမိုက်ရောဂါပျောက်ကင်းသည်-ဟူ၍ မရှိချေ၊ အသစ်အသစ် သူမိုက်ရောဂါတိုး၍တိုး၍လာလေ၏၊ အစိုးရမင်းတို့ကလည်း မိမိတို့စိုးအုပ်သောနယ်ပယ်အတွင်းမှာလူမိုက်သတ္တဝါများပေါ်ပေါက်လာလျှင်တစုံတရာအကျိုးမရှိ၊ အကျိုးယုတ်လျော့ရုံမျှသာရှိသောကြောင့် ထိုလူမိုက်သတ္တဝါများကို အာဏာကုန်လွှတ်ပြီးလျှင် နည်းလမ်းအမျိုးမျိုးတို့ဖြင့် စီမံခန့်ခွဲ၍ အုပ်ချုပ်ရကြလေသည်၊ အမြို့မြို့အရွာရွာတို့မှာ ပုလိပ်ဌာနနှင့်ဆိုင်သော အလုပ်ကြီးတခုကို ဖွင့်ရသည်မှာ အခြားကြောင့်မဟုတ်၊ လူဆိုးသူဆိုး တိုင်းပြည် အလေးအမွှားတို့အတွက်ကြောင့်သာဖြစ်လေသည်၊ ပုလိပ်ဌာနအလုပ်ဖွင့်သည့်အတွက် ကုန်ကျသောစရိတ်မှာ တိုင်းပြည်နိုင်ငံသားတို့၏ အိမ်တွင်းမှာ ရှိသောငွေများပင်ဖြစ်လေသည်။

စဉ်းစားဆင်ခြင် လိုက်သည်ရှိသော် လူဆိုးသတ္တဝါတွေ အတွက် ပုလိပ်အဖွဲ့ကိုထားရသည်၊ ထိုသို့ထားရသည့်အတွက် တိုင်းပြည်နိုင်ငံကငွေများပိုမို၍ ထောက်ပင့်ကြရသည်၊ လူဆိုးသူဆိုးအတွက် သက်သက်နိုင်ငံက စရိတ်ကုန်ခံကြရလေသည်၊ဘယ်သို့ပင် စီမံကြည့်ရှုသတိ

ပြု၍ စောင့်ရှောက်သည် ဖြစ်စေကာမူ ကမ္ဘာ့တန်ဆာ လောက မဗ္ဗတာဖြစ်သော လူဆိုးသူဆိုးများကို အလုံးစုံပျောက်ကင်းအောင် တတ်စွမ်းနိုင်မည်မဟုတ်ချေ၊ အခြားသူကို မဆိုထားဘိ အလွန်တရာ တန်ခိုးကြီးမားလှသော ဘုရားရဟန္တာအရှင်မြတ်တို့ပင် သော်လည်း မိုက်သောသူဟူသမျှတို့ကို အလုံးစုံကင်းရှင်း ကွယ်ပျောက်အောင် စွမ်းဆောင်တော်မမူနိုင်ကြသည်မဟုတ်ချေ။

ဂင်္ဂါဝါလု သဲစုအမျှအနန္တအပ္ပမေယျဖြစ်သော ဘုရားရှင်တွေ ပွင့် တော်မူကြ၍ သတ္တဝါ အနန္တပေါင်းများစွာတို့ကို ချွတ်တော်မူကြသော် လည်း လူမိုက်မျိုးဇာတ်မပြတ်နိုင်ဘဲ ပေါများလျက်သာ ရှိကြကုန် သည်၊တန်ခိုးဣဒ္ဓိမန္တ အလွန်တရာကြီးကျယ်လှသော ဘုရားရဟန္တာတို့ သည် မြင်းမိုရ်တောင်နှင့်တကွသော ဤမဟာပထဝီမြေကြီးကို ထက် အောက်ပြောင်းပြန် မှောက်လှန်နိုင်ရာ၏၊မကျွတ်ထိုက်သော သူမိုက် သူယုတ်တို့၏ စိတ်သဘောအရိုင်းကို မူကား-ယဉ်ကျေးသိမ်မွေ့အောင် စွမ်းဆောင်ပြုလုပ်တော်မူနိုင်ကြမည်မဟုတ်ချေ၊ ဤအဓိပ္ပါယ်ကိုရည်စူး ၍ ပညာရှိဆရာကြီးတို့သည် အောက်၌ပါသော ဂါထာများကို ရေး သားသီကုံးတော်မူကြလေကုန်၏။

သိနေရုံ ဥမ္မုဇ္ဇိတုမ္ပိ၊ သက္ကာ ဟောန္တိ မုနိဿရာ။
နိမုဂ္ဂံ အသတံ စိတ္တံ၊ တထာ ကာတုံ န သက္ကရေ။ ။

**အနက်။** မုနိဿရာ၊ တန်ခိုးအစွမ်းနှင့် ပြည့်စုံတော်မူကြကုန်သော ဘုရားရှင်တို့သည်။ နိမုဂ္ဂံ၊ မြေရေအတွင်း၌ နစ်မြုပ်၍နေသော။ သိနေ ရုံ၊ မြင်းမိုရ်တောင်ကြီးကို။ ဥမ္မုဇ္ဇိတုမ္ပိ၊ ပေါ်၍လာအောင်သော်လည်း။ သက္ကာ၊ ပြုလုပ်တတ်စွမ်းတော်မူနိုင်ကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပန၊ ထိုသို့ပင်ဖြစ်သော်လည်း။ နိမုဂ္ဂံ၊ မကောင်းမှုဒုစရိုက်ထဲ၌ နစ်မြုပ် ၍နေသော။ အသတံစိတ္တံ၊ သူယုတ်သူမိုက်တို့၏စိတ်ကို။ တထာကာတုံ၊ ထိုသို့ မကောင်းမှု ဒုစရိုက်ထဲမှ ပေါ်၍လာအောင် ပြုလုပ်ခြင်းငှာ။ နသက္ကရေ-နသက္ကောန္တိ၊ မတတ်စွမ်းနိုင်ကြကုန်။

သမ္ဗုဒ္ဓါ ဂင်္ဂါဝါလုကာ၊ န သက္ကာ ဟောန္တိ ဗောဓိတုံ။
သမ္မောဟေန နိဒ္ဒါယန္တေ၊ ပါပိန္တေ ဒုဇ္ဇနေ ဇနေ။ ။

**အနက်**။ ဂင်္ဂါဝါလုကာ၊ ဂင်္ဂါသဲမျှပွင့်တော်မူကြလေကုန်ပြီးသော။ သမ္ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်။ သမ္မောဟေန၊ မောဟဖိစီး မှောင်ဟိုက်ကြီးဖြင့်။ နိဒ္ဒါယန္တေ၊ အိပ်ပျော်၍နေကြကုန်သော။ ပါပိဇ္ဇေ၊ ရမ္မက်လွှမ်းမိုး အလိုဆိုးနှိပ်စက်၍နေကြကုန်သော။ ဒုဇ္ဇနေဇနေ၊ လူမိုက်လူယုတ်တို့ကို။ ဗောဓိတုံ၊ ဉာဏ်ရောင်ရင့်၍ အလင်းပွင့်စိမ့်သောငှာ။ သက္ကာ၊ တတ်စွမ်းတော်မူနိုင်ကြကုန်သည်။ နဟောန္တိ၊ မဖြစ်ကုန်။

သူမိုက်ဟူ၍ခေါ်ဆိုရခြင်းမှာ ထိုသူတို့၏ စိတ်နှလုံးတွင်းမှာ ဉာဏ်ပညာအရောင်အလင်း၏ ထွန်းလင်းခွင့်ကိုမရဘဲ တမှောင်ထဲမှောင်တမိုက်ထဲမိုက်၍နေလေသည်၊ ကျမ်းဂန်များမှာ ဒေါသစရိုက် အားကြီးသော သူမိုက်တို့၏ နှလုံးသွေးမည်းနက်ကြောင်း-စသည် မိန့်ဆိုတော်မူကြကုန်သည်၊ မည်းနက်ညစ်နွမ်းသော နှလုံးသွေးကိုမှီ၍ ဖြစ်ရသောစိတ်တို့သည်လည်း ပြောင်ပြောင်ဝင်းဝင်း အရောင်အဝါ ထွန်းလင်းနိုင်သည်မဟုတ်၊ မဲပုပ်ညစ်မှောင် အရောင်မရှိဘဲသာ ဖြစ်တတ်ကုန်သည်၊ ဤကဲ့သို့ နှလုံးအိမ်အတွင်းမှာလည်းမှောင်မိုက်, စိတ်နေစိတ်ထားစရိုက်အားဖြင့်လည်း မှောင်မိုက်၍ နေသောကြောင့် ဤအမိုက်အမျိုးမျိုးနှင့်ပြည့်စုံသဖြင့် သူမိုက် ဟူ၍ ခေါ်ဆိုရလေသည်။

> "သန်းခေါင်လကွယ်၊ တောအုပ်လယ်၌၊ရှစ်နယ်ပတ်ကုန်း၊ အပြည့်ဖုံးသား၊ မိုယ်းလုံးတိမ်တိုက်၊ လျှပ်မကြိုက်သည့်၊ အမိုက်အပြား၊ အင်လေးပါးထက်၊ နင်ကားရာထောင်၊ မကမှောင်၏"—

ဟူ၍ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီး ဆိုတော်မူသည့်အတိုင်း လူမိုက်တို့၏မိုက်မှောင်ခြင်းသည် အထက်လင်္ကာ၌ပြဆိုအပ်သည့်အင်္ဂါလေးပါးနှင့်ပြည့်စုံသော အမိုက်မှောင်ကြီးထက်ပင် မိုက်မှောင်လေသေးသည်၊ ဤကဲ့သို့မိုက်မှောင်၍နေသော သူတို့ကိုမူ များဘုရားရဟန္တာအရှင်မြတ်တို့ပင်သော်လည်းထိုသူတို့၏စိတ်နှလုံးအတွင်းသို့ အလင်းရောင်ကို ထွန်းလင်းအောင် ပြုလုပ်ရန် ခဲယဉ်းတော်မူကြလေကုန်သည်။

သူယုတ်မာဆိုသောစကားမှာ ယုတ်မာသော ဒုစရိုက်တရားဟို့နှင့် ပြည့်စုံ၍ ကိုယ်ဖြင့်ပြုလုပ်သောအခါ, နှုတ်ဖြင့်ပြောဆိုသောအခါ,စိတ်

ဖြင့်ကြံစည်သောအခါတို့၌ အယုတ်တမာတို့ကိုသာလျှင် ပြုလုပ်ပြောဆို ကြံစည်လေ့ရှိသောကြောင့် သူယုတ်မာ-ဟူ၍ခေါ်ဆိုရလေသည်။

ထိုသို့ပြဆိုအပ်ခဲ့ပြီးသော သူမိုက်,သူယုတ်မာများကို ဝေးစွာရှောင်ကြဉ်ဖယ်ရာ၏၊ အတူတကွပေါင်းသင်းဆက်ဆံခြင်းကိုမပြုရာ၊ ထိုသူတို့နှင့် ပေါင်းသင်းဆက်ဆံပါလျှင် တစုံတရာ အကျိုးဖြစ်ထွန်းဘွယ်မရှိ၊ လောကီ, လောကုတ္တရာ အကျိုးနှစ်ဖြာ ဆုတ်ယုတ် ပျက်စီးရန် အကြောင်းသာလျှင် ရှိလေသည်၊ ထို့ကြောင့် မင်္ဂလာတရားတော်တွင် ''အသေဝနာစ ဗာလာနံ''ဆိုသောမင်္ဂလာကို ပထမရှေဦးစွာထား၍ ဟောကြားတော်မူခဲ့လေသည်၊ ထိုမှတပါးလည်း သူမိုက်တို့နှင့် ပေါင်းသင်းဆက်ဆံရန်မသင့်လျော်ကြောင်း၊ ပေါင်းသင်းဆက်ဆံက အကျိုးဆုတ်ယုတ်ပျက်စီးပုံများကို သက်သေသာဓကတို့နှင့်တကွ ဖော်ပြသော ကျမ်းဂန်တို့လည်းများစွာပင်ရှိကြလေကုန်သည်။

သူမိုက်,သူယုတ်များသည် လောင်တတ်သော မီးပုံကြီးနှင့်လည်းတူ၏၊ စူးတတ်သော ဆူးငြောင့်များနှင့်လည်းတူ၏၊ မီးနှင့်ပေါင်းသင်းလျှင် မီးလောင်ခံရ၏၊ ဆူးငြောင့်တောသို့ သွားလျှင် ဆူးစူးခံရ၏၊ ထို့အတူ သူမိုက်, သူယုတ်တို့နှင့် ပေါင်းသင်းလျှင်လည်း တစုံတရာနစ်နာခြင်းအကျိုးကို ခံရတတ်လေသည်၊ သို့ဖြစ်၍ ရှေးရှေးကဘုရားအလောင်းတော်ကြီးများသည် သူမိုက်သူယုတ်တို့နှင့် ပေါင်းသင်းဆက်ဆံရန် ကြောက်ရွံ့ကြသဖြင့် အောက်၌ပါသော ဂါထာဖြင့် ဆုတောင်းတော်မူကြကုန်သည်။

ဗာလံ န ပဿေ န သုဏေ၊ န စ ဗာလေန သံဝသေ။
ဗာလေနာလာပသလ္လာပံ၊ န ကရေ နစ ရောစယေ။ ။

**အနက်။** ဗာလံ၊ သူမိုက်ကို။ နပဿေ၊ မတွေ့မမြင်ရလို။ ဗာလံ၊ သူမိုက်၏အကြောင်းအရာများကို။ နသုဏေ၊ မကြားရလို။ ဗာလေန၊ သူမိုက်နှင့်။ နစသံဝသေ၊ ပေါင်းသင်း၍လည်း မနေရလို။ ဗာလေန၊ သူမိုက်နှင့်။ အာလာပသလ္လာပံ၊ စကားပြောဆိုနှီးနှောတိုင်ပင်ခြင်းကို။ နကရေ၊ မပြုရလို။ ဗာလံ၊သူမိုက်ကို။ နစရောစယေ၊ နှစ်လည်းမနှစ်သက်ရလို။

ဤနည်းအတိုင်း သူမိုက်တို့နှင့် တစုံတရာမျှ မဆက်ဆံဘဲ ဂိုဏ်းခွဲဘက်ကွဲသို့ ပြုလုပ်ကြပြီးလျှင် မိမိတို့အမျိုးအနွယ်ထဲမှာ သူမိုက်ပေါ်ပေါက်လာလျှင် ကျားကိုလက်သတ်မွေး,အဆိပ်ပင်ကိုရေလောင်းပေးသလိုမပြုလုပ်ကြဘဲ သူမိုက်ဇာတ်ကို ဖြတ်နိုင်သမျှ ဖြတ်တောက်ကြ၍ ဤလောကပေါ်မှာ အလိမ်မာအလင်းရောင်ထွန်းပြောင်တောက်ပစွာရှိလေအောင် ရွက်ဆောင်ကြိုးစားသင့်ကြလေသတည်း။

လူမိုက်မှာဆေးမရှိခြင်း အကြောင်းပြီး၏။

---

## ၂၅-စကားထဲက ဇာတိပြခြင်းအကြောင်း

ဒူရတော သောဘတေ မုဠှော၊ လမ္ဗမာနပဋာဝုတော။
တာဝ သော သောဘတေ မုဠှော၊ ယာဝ ကိဉ္စိ န ဘာသတိ။

**အနက်**။ မုဠှော၊ အသိအလိမ်မာ ပညာနည်းပါးသော သူသည်။ လမ္ဗမာနပဋာဝုတော။ ခန့်ခန့်ညားညား ဖါးလျားရှည်သွယ်သော အဝတ်တန်ဆာများကို ဝတ်ဆင်၍ထားအပ်သည်ရှိသော်။ ဒူရတော၊ အဝေးက၊ ဒိဋ္ဌော၊ မြင်ရပါမူကား။ သောဘတေ၊ရှိသေလောက်ဘွယ်ပညာကြွယ်၍ တကယ်ဉာဏ်ရှိသော ပုဂ္ဂိုလ်ကြီးတပါး-ဟူ၍ မှတ်လောက်အောင် တင့်တယ်လေ၏။သောမုဠှော၊ ထိုပညာကင်းမဲ့သည်။ ယာဝ၊ အကြင်မျှလောက်။ ကိဉ္စိ၊ တစုံတခုကိုမျှ။ နဘာသတိ၊ မပြောမဆိုလေသေး။ တာဝ၊ ထိုသို့စကားမပြော တုဏှိဘောနေသမျှကာလပတ်လုံး။ သောဘတေ၊ ခန့်ညားစဘွယ်တင့်တယ်လေသေး၏။ သစေဘာသတိ၊ အကယ်၍ စကားဆိုခြွက်ပါမူကား။ အတ္တနော၊ မိမိ၏။ မုဠှဘာဝံ၊ မိုက်သည်၏အဖြစ်ကို။ သယံ၊ ကိုယ်တိုင်။ ပကာသတိ၊ ထင်ရှားဖော်ပြလေ၏။

**ဆိုလိုရင်းမှာ**။ ပညာမဲ့သောသူသည် ဖါးဖါးယားယားရှည်လျားခန့်ညားသော အဝတ်တို့ကို ဝတ်ဆင်၍နေသောအခါ အဝေးကမြင်ရလျှင် ပညာရှိကြီး ထင်လောက်အောင်တင့်တယ်၏၊ ထိုပညာမဲ့သည် တစုံတခုသောစကားကိုမပြောဆိုသေးမီအတွင်းသူ၏ဟန်ဖြင့်တင့်တယ်သေး၏၊ တစုံတရာ ပြောဆိုလိုက်သည်ရှိသော် တင့်တယ်ခြင်း ဂုဏ်

ပျက်စီး၍ မိမိ၏စကားက မိမိကို ပညာနည်းပါးကြောင်းကို သက်သေပြတတ်သည်-ဟူ၍ဆိုလိုသည်။

**ဆောင်ပုဒ်လင်္ကာ**

၁။ ခမ်းခမ်းနားနား၊ ဆင်ဝတ်ပြား၊ အများအထင်ကြီး။
၂။ အဝေးကမြင်၊ ပညာရှင်၊ မှတ်ထင်လေတပြီ။
၃။ ခြသေ့ၤရေဆင်၊မြည်းအသွင်၊မြင်သူအမှတ်မှား။
၄။ ပြောဆိုနှုတ်ထွက်၊စကားမြွက်၊ယွင်းကွက်ချော်တိမ်းပါး။
၅။ စကားထဲက၊သက်သေပြ၊ဗာလဖြစ်ပုံများ။

**အဓိပ္ပါယ်အကျယ်**

လူတို့၏အနှစ်သာရ, လူတို့၏အလင်းရောင်ဖြစ်သောပညာရှိ,မရှိများကို ပုဂ္ဂိုလ်၏ပုံသဏ္ဍာန်ကို မြင်ရခြင်းအားဖြင့် သိနိုင်သည်မဟုတ်ချေ၊ ထိုသူတို့နှုတ်မှ ထုတ်၍မြွက်ဆိုလိုက်သောစကားအစွန်းအစကို ကြားရမှသာလျှင် အနှစ်သာရရှိ,မရှိ၊ ထိုသူ၏ အတွင်းသန္တာန်မှာ အလင်းရောင်ရှိ,မရှိ၊မှောင်ဓာတ်နည်း, မနည်းကိုသိနိုင်လေသည်၊ ပညာရှိ,မရှိကိုမျက်စိဖြင့်မချိန်နိုင်၊နားဖြင့်သာ ချိန်နိုင်သည်ဟူ၍ဆိုလိုသည်၊ ပညာမဲ့သောသူပင်ဖြစ်စေကာမူ ခန့်ခန့်ညားညားကြီးဝတ်ဆင်၍ ဟန်ကောင်းကောင်းနှင့်လာသောအခါ ပညာရှိကြီးတဦး ကြွရောက်လာပြီ-ဟူ၍ မှတ်ထင်ကြကုန်၏၊ "**လူမှာအဝတ်၊ တောင်းမှာအကွပ်**"ဆိုသောအတိုင်း လူတို့၏ရုပ်ခန္ဓာကြီးကို အဝတ်တန်ဆာတို့ဖြင့်စည်း၍ ပြုပြင်လိုက်သောအခါ အမျိုးမျိုးအထွေထွေ အထင်အမြင် ကြီးကျယ်ဘို့ရန် ဖြစ်ပေါ်လာ၏။

ဥပမာ။ ခြသေ့ၤအရေကိုဝတ်ဆင်၍ ခြသေ့ၤဟန်ဆောင်၍နေသောမြည်းသတ္တဝါကို သာမညအဝေးက မြင်ရသောအခါ တကယ်ကေန်ခြသေ့ၤအမှန်-ဟူ၍ မှတ်ထင်ကြကုန်၏၊အနီးသို့ချဉ်းကပ်၍ သေချာစွာစုံစမ်းသည်ရှိသော် ပကတိခြသေ့ၤမဟုတ်ဘဲ မြည်းသတ္တဝါဖြစ်ကြောင်းကို ကောင်းမွန်ခြားနားစွာသိနိုင်လေသည်၊ထို့အတူပင်လျှင် ဝတ်စားတန်ဆာခမ်းနားစွာပြင်ဆင်လာသောအခါ အဝေးကအမြင်မှား၍ ပညာမဲ့ကိုပင် ဉာဏ်အမြင်နှင့်ပြည့်စုံလိမ့်မည်ဟူ၍ မှတ်ထင်ရလေ၏၊ အနီးသို့ချဉ်းကပ်၍ စကားပြောဆိုသောအခါ နှုတ်ထွက်သောအမှုအရာစကား

သံများကို ကြားသိဆင်ခြင်မိလျှင် ထိုသူ၏ပညာအတိမ်အနက်ကို သိနိုင်လေ၏။

[ဤနေရာ၌ ပညာကိုသားပဓာနထား၍ ရေးသားသဖြင့် ဥစ္စာနှင့်,မရှိကိုဆိုလိုသည်မဟုတ်၊ ပညာဆိုသည်မှာလည်း လောကုတ္တရာနှင့်ဆိုင်သောပညာသက်သက်ကိုသာ ဆိုသည်မဟုတ်၊ လောကီရေးရာနှင့် စပ်ဆိုင်သောပညာကိုလည်း ပညာ-ဟု ဆိုလိုသည်။]

အချို့သောသူတို့သည် ဟန်နှင့်သာလျှင် မိမိကိုယ်ကိုပညာရှိတဦးဟု ထင်ယောင်ထင်မှားဖြစ်အောင်ကြံဆောင်သွယ်ဝိုက်တတ်၏၊အချို့လည်း အသံသာကျယ်ပြန့်၍ အသံမပါသော အမြောက်ကဲ့သို့ သတင်းဂုဏ်ကျော်စောကြီးမားပျံ့နှံ့သလောက် ဉာဏ်ပညာနှင့် မပြည့်စုံကတ်ချေ၊ ဤကဲ့သို့ဖြစ်တတ်သည်ကို ရည်စူး၍ "**သကြီးအမြောက်လို**" ဟူ၍ ဥပမာ ခိုင်းနှိုင်းပြောဆိုတတ်ကြလေသည်၊ ကျော်စောတိုင်း ထိုသတင်းနှင့် ညီညွတ်လိမ့်မည် အမှန်-ဟူ၍ စိတ်ချယုံကြည်ဘို့ ခဲယဉ်းလှ၏၊ ဤလောကကြီးသည် ရေမျက်နှာပြင်ကဲ့သို့ဖြစ်၏၊ရေမျက်နှာပြင်တွင် ကျောက်ခဲကလေးတလုံးကျ၍သွားရာ လှိုင်းဂယက်ကျယ်ဝန်းစွာပျံ့နှံ့၍ သွားလေသကဲ့သို့ ထို့အတူ လောကရေပြင်ပေါ်မှာ တစုံတခုအံ့သြဘွယ်ဖြစ်လျှင် အုတ်အုတ်ကျက်ကျက်ဖြစ်သော ကောလာဟလသတင်းကြီးသည် မပြီးဆုံးနိုင်အောင်ကျော်စောပျံ့နှံ့စေ၍ သွားတတ်လေ၏။

**ဥပမာ။** တခုသောအရပ်တွင် လူတယောက်သည် ထိုအရပ်ရှိ လူများထက်ပညာရှိ၏၊ ထို့ကြောင့် ထိုအရပ်ကလူများသည် ထိုသူကိုချီးမွမ်းအံ့သြကြကုန်၏၊ ထိုလူများက တဆင့်တဆင့်ပြောကြားရာ အတော်ကြာလျှင် ဂုဏ်သတင်းပျံ့နှံ့၍ အလွန်တရာပညာရှိသော သူကြီးတဦးကဲ့သို့ပင် မှတ်ထင်ကြလေကုန်သည်၊ ကျော်စောသော အတိုင်းပညာရှိ,မရှိမှာ ကျော်စောသတင်းရှင်သာ ပဓာနဖြစ်တော့သည်၊ တစုံတခုသော ပရိသတ်အစည်းအဝေးနှင့် တွေ့ကြုံ၍ ဆွေးနွေးပြောဆိုကြသော အခါ ထိုပညာရှိ သမုတ်ခံရသူကမြွက်ဟပြောဆို လိုက်သောအခါ ထိုသူ၏ စကားထဲမှ ပညာရှိ,မရှိကို ဇာတိပြလာတတ်လေ၏။

စကားပြောဆိုသံကို မကြားမသိရသော်လည်း ပြောဆိုသည်နှင့်အတူ ထိုသူကရေးအပ်သော စာများကို တွေ့မြင်ဘတ်ရှုရသောအခါ၌

သော်လည်း ပညာအတိမ်အနက်များကို သိရှိနိုင်လေသည်၊ ရေးသား အပ်သော စာနှင့် ပြောဆိုအပ်သော စကားသည် ပညာရှိ,မရှိချင့်ချိန် နိုင်ရန် သက်သေခံဖြစ်လေသည်၊ ထိုမှတပါး ပန်းချီ, ပန်းပု, ပန်းတိမ်, ဗိသုကာ-စသော လက်မှုပညာရပ်များတွင်လည်း ထိုဆရာတို့ ပြုလုပ်ထားအပ်သော လက်ရာတို့ကို မြင်ရသဖြင့် ထိုနှင့်ဆိုင်သော ပညာလုံလောက်ကြောင်း, မလုံလောက်ကြောင်းကို ကောင်းမွန်စွာ သိရှိနိုင်လေသည်။

အချို့သော သူတို့သည် ပစ္စည်းဥစ္စာ ပေါများစွာ ရှိခြင်းကြောင့် ထိုပစ္စည်းအရှိန်အားဖြင့် လူအများတို့ရှိသေကျိုးနွံကြပြီးလျှင် အရာရာမှာ အထူးဂရုပြုလောက်သော လူကြီးလူကောင်း တဦးတယောက်ဖြစ်၍ နာမည်ကြီးကျယ်သူက ပညာမဲ့ဖြစ်၍ နေပါလျှင် တစုံတရာအရေးအကြောင်းရှိ၍ ပရိသတ်ပွဲလယ်တွင် ပါဝင်၍ ပြောဆိုသောအခါ ထိုသူ၏နှုတ်မှ အနှစ်မပါ အကာအတိမျှနှင့် ကြားရသူတို့ ရယ်ဘွယ်ဖြစ်သော စကားတို့ကိုသာ ထွက်ရှိတတ်လေ၏၊ သို့ဖြစ်၍ ပစ္စည်းဥစ္စာပေါများသည့်အဘွက်နှင့် ခမ်းနားကြီးကျယ်ဂုဏ်တင့်တယ်၍ နေသော်လည်း ပညာမရှိက ပရိသတ်အလယ်မှာ တင့်တယ်နိုင်မည်မဟုတ်ချေ၊ ဥစ္စာပစ္စည်းရှိခြင်းနှင့် ဉာဏ်ပညာရှိခြင်းသည် တမျိုးတလမ်းစီဖြစ်လေသည်။

ပညာရှိအစည်းအဝေးမှာ အနှစ်သာရနှင့်ပြည့်စုံသော စကားတို့ကို ဆွေးနွေးမပြောကြားရာ၏၊ ဥစ္စာရှိ၍ ဂုဏ်ကြီးသောသူ၏ အရာမဟုတ်ချေ၊ ဝတ်စားဆင်ယင်ကာ ဂုဏ်တင့်မြင့်မား ယဉ်ရထား ပတ္တမြားစိန်ကျောက် ထိန်တောက်ပြိုးပြက် တလက်လက် ဝတ်စား သွားလာကြသော ပစ္စည်းဥစ္စာပြိုင်ပွဲများသည်ကား-ပညာရှိတို့၏ အရာမဟုတ်ချေ၊ ပညာဥစ္စာနှစ်ပါးလုံလောက်၍ စွယ်စုံပုဂ္ဂိုလ်တို့သည်ကား-လွန်စွာရှားပါးလေ၏၊ ဥစ္စာပေါများလျှင် ပညာဘက်ကချို့တဲ့၍ နေတတ်လေ၏၊ ပညာဉာဏ်ထက်မြက်လျှင် ပစ္စည်းဥစ္စာဘက်က ချို့တဲ့၍နေတတ်လေ၏။

ယခု ရေးသားဖော်ပြခဲ့သောအရာသည်ကား-ပညာကို ပဓာနထား၍ ရေးသားဖော်ပြခဲ့ခြင်းဖြစ်လေသောကြောင့် ပညာကိုသာ အထူး

ပြုံ၍ပြုံဆိုရင်းဖြစ်လေသည်၊ဥစ္စာပစ္စည်းပေါများ၍ လောကီကြက်သရေကြီးမြင့်၍နေသောသူကို ဆင်ခြင်နှိုင်းညှိ၍ပြုရန်ဖြစ်သည်၊ ပညာနှင့်ဆိုင်သော အချက်များမှာ အသုံးမပြုသင့်၊ ထိုသို့ အသုံးမပြုသင့်ဘဲ အသုံးပြုပါလျှင် တရံတခါ ပညာအဆင်အခြင်မဲ့သည့်အတွက် ပြုံပြုံရာထင်မိထင်ရာပြုလုပ် စီမံပါက လွန်စွာမှားယွင်းတတ်လေ၏၊ ယခုခေတ်ကာလအလိုက် ကျွန်ုပ်တို့နှင့်တကွ မိတ်ဆွေတို့တွေ့ကြုံရသည်မှာ မြန်မာနိုင်ငံတွင် မြူနီစီပါယ်လူကြီး,သမာဓိလူကြီး,ကာရားလူကြီးစသည်များကို ရွေးချယ်တင်မြှောက်လေ့ရှိကြကုန်၏၊ ယိုသို့တင်မြှောက်ရွေးချယ်ကြရာတွင် ပစ္စည်းဥစ္စာကြွယ်ဝစွာနှင့် လောကီဂုဏ်ကြက်သရေကြီးမြင့်သော ကျွန်ုပ်တို့အမျိုးသားများသာလျှင် ကိုလူကြီးအဖြစ်တွင် ပါဝင်ကြလေကုန်၏။

[ဤလူကြီးလက္ခဏာများကွင် လောကုတ္တရာ ပညာကိုတတ်မြှောက်ရန် မလိုလှ၊ လောကီအစီအမံ အဆင်အခြင်ကောင်း၍ ခေတ်ကာလ အလိုက် ထွန်းကားသော ပညာတတ်မြှောက်ခြင်းသာလျှင် လိုရင်းဖြစ်လေသည်၊]

ထိုကဲ့သို့ အမြော်အမြင်ပညာထုယယ်ကြီးစွာမရှိဘဲ ပစ္စည်းဥစ္စာပေါများရုံ လောကီမျက်နှာဂုဏ်မျှနှင့် လူကြီးအဖြစ်သို့ ရောက်လေသောအခါ တစုံတရာ ဉာဏ်ထုတ်၍ လက်အောက် ငယ်သားများအကျိုးရှိအောင်မြို့ပြပြည်ရွာချမ်းသာစည်ပင်အောင်ရွက်ဆောင်စီမံနိုင်ဘို့ ခဲယဉ်းလေသည်၊ဉာဏ်ထက်မြက်၍ ရဲရဲရင့်ရင့်နှင့် အစီအမံကောင်းသူက အကြံပေးချက်ထုတ်သောအခါ ထိုအကြံပေးချက်သည် မည်သည့်အရာကိုထိခိုက်လိမ့်မည်၊ ယခုနေရာကျဘို့ရှိသော်လည်း နောင်အနာဂတ်ကာလ အမျိုးသားတို့အပေါ်မှာ မည်သို့တာဝန်ဖိစီးလာလိမ့်မည်-စသောအားဖြင့် အမြော်အမြင် အဆင်ခြင်ဉာဏ်ဖြင့် မစဉ်းစားနိုင်ဘဲ သဘောတူသောအသင်းထဲသို့ ရောနှော၍ လက်ထောင်တတ်ကြကုန်သည်၊ အစည်းအဝေးမှာ လက်တခါထောင်လိုက်ရုံမျှနှင့် အမျိုးသားတို့နစ်နာဘို့အချက်ဖြစ်လျှင် တစဉ်တည်းတလျှောက်ကြီး နစ်နာခြင်းဟို ခံကြရကုန်သည်။

လောက၌ တိုင်းပြည်နိုင်ငံ အမျိုးဘာသာ, သာသနာရေးနှင့်စပ်လျဉ်း၍ အရှည်ကြီးစဉ်းစား၍ မြော်တွေးဆင်ခြင်ရန် အချက်တို့သည်

အလွန်များပြားကုန်၏၊ အချို့အချက်များသည် ရုတ်တရက်ကောင်း မွန်လှပြီ-ဟူ၍ထင်ရသော်လည်း ကာလကြာမြင့်လျှင် ဘေးအန္တရာယ် ကဲ့သို့အဆိုးဖြစ်တတ်၏၊အချို့အချက်များသည်ရုတ်တရက်မကောင်းဟု ထင်မြင်ရသော်လည်း နောင်ကာလကြာသော်ကောင်းမွန်၍ အကျိုးရှိ သောအချက်များဖြစ်တတ်ကုန်၏၊ သို့ဖြစ်၍ အများတို့အားကိုးရာ မြို့ ရွာနိုင်ငံ၏ လူကြီးပြုလုပ်သောသူတို့သည် အဆင်အခြင်ဉာဏ်ပညာ အ မြော်အမြင်ကြီးကျယ်ခြင်းကို အလွန်လိုလားအပ်၏၊ မိမိတို့ကိုးကွယ် မှီခိုရာမှ ဘေးဖြစ်၍ လာသည်ရှိသော် ရန်သူမှဖြစ်၍လာသော ဘေး ထက် ကြီးကျယ်ဆိုးဝါးတတ်လေသည်။

ဥပမာ။ ကမ္ဘာမြေကြီးသည် လူတို့၏ အားကိုးမှီခိုရာကြီးဖြစ်၏၊ ကမ္ဘာပျက်ခြင်းအားဖြင့် ထိုကမ္ဘာမြေကြီးမှ မီးထ၍တောက်လောင် သောအခါ တပါးသောကိုးကွယ်ရာကို ရှာကြံ၍မရသကဲ့သို့တည်း။

ထို့ပြင်တပါး ပင်လယ်ကိုကူးကြသောသူတို့၏ ကိုးကွယ်မှီခိုရာသည် သင်္ဘောကြီးဖြစ်၏၊ ထိုသင်္ဘောကြီးက အန္တရာယ်ကို ပြုသောအခါ ဘယ်မှာကိုးကွယ်မှီခိုရာကို ရနိုင်ပါအံ့နည်း၊ ဤနည်းကိုအမှီပြု၍ မိမိတို့ ယုံကြည်ကိုးကွယ်သော သာသနာနှင့် မိမိတို့ကိုးကွယ်ဆည်းကပ်သော ဆရာသမားများကိုလည်း သတိထား၍ဆင်ခြင်သင့်လေသည်၊ မိမိတို့ တသက်ပတ်လုံးကိုးကွယ်၍လာသော သာသနာကမမှန်ဘဲ အမှားကြီး ဖြစ်ခဲ့ပါလျှင် သံသရာအနန္တမှာ လှလှကြီးဆုံးရှုံးနစ်မွန်းလေ၏၊ ထိုသို့ ဖြစ်ရခြင်းမှာ မိမိကိုးကွယ်ရာကမိမိကိုပြန်၍နှိပ်စက်ခြင်းမည်လေသည်၊ ထို့ပြင်မိမိတို့ကိုးကွယ်သော ဆရာသမားက မတရားသဖြင့် သွန်သင် ဆုံးမ၍ ထိုအတိုင်းလိုက်နာပြုကျင့်သောအခါ အလွန်တရာ နစ်နာမှား ယွင်းခြင်းနှင့်လည်း တွေ့ကြုံရတတ်လေသည်၊ သို့ဖြစ်၍ကိုးကွယ်မှီခိုရာ ရှာသည့်အခါ လွန်စွာသတိထားသင့်လှလေသည်။

လောက၌ ဤသူကားပညာရှိ၏၊ ပညာမရှိ-ဟု သိမြင်နိုင်ရန်အချက် ကား အတော်ကြီးပင်ခဲယဉ်းလေ၏၊ "နက်ယောင်နှင့်တိမ်၊ တိမ်ယောင် နှင့်နက်၊ နက်ယောင်နှင့်နက်၊ တိမ်ယောင်နှင့်တိမ်" ဟူ၍ ပုဂ္ဂိုလ်လေး စားလေးမျိုးရှိလေသည်။

နက်ယောင်နှင့်တိမ်၊ တိမ်ယောင်နှင့်နက်ဆိုသော ပုဂ္ဂိုလ်နှစ်ပါးကို များစွာ အစုံစမ်းရခက်ခဲလေသည်၊ စုံစမ်းသောသူကလည်း ပညာအဆင်အခြင်ရှိမှသာလျှင်စုံစမ်းနိုင်သည်၊ စုံစမ်းသူက ပညာနည်းပါးလျှင် မိမိဉာဏ်ဖြင့်ထောက်၍ မမှီသောကြောင့် ပညာရှိကြီးဟူ၍ အခေါင်အဖျား ထင်မှားတတ်သော အရာများလည်းရှိ၏၊ မိမိထက် အများကြီးသာလွန်၍ ပညာရှိသော သူကိုပင်သော်လည်း မိမိထက် အနည်းငယ်သာလွန်သောသူနှင့် အတူအမျှပင် မှတ်ထင်တတ်၏၊ တရံတခါမိမိအထင်အမြင် စွဲလမ်းချက်ခိုင်မြဲနေသည့် အတွက်ကြောင့်ဖြစ်စေ၊ ပုဂ္ဂိုလ်ကိုကြည်ညို၍ဖြစ်စေ၊ မိမိထက် အနည်းငယ်သာလွန်သောသူကိုပင် မိမိထက်အများကြီး သာလွန်၍ ပညာကြီးကျယ်သဖြင့် အထူးဂရုပြုအပ်သော ပုဂ္ဂိုလ်ဟူ၍ပင်လျှင်မှတ်ယင်တတ်ကြကုန်သည်။

ဥပမာ–တယောက်သောသူသည် ဆယ်တောင်ရှိသော ကျွံးဖြင့်ရေတိမ်,ရေနက်ကိုစမ်းလေ၏၊ဆယ်တောင်နှင့်တယှဉ်နက်သောရေကို မိမိကျွံးကမမှီသောကြောင့် နက်လှပြီဟူ၍ ထင်၏၊ အပေါင်တရာ,အယံတရာနက်သော ရေကိုပင်သော်လည်း မိမိလက်ကိုင်ဖြစ်သော ဆယ်တောင်ကျွံးနှင့်ထောက်၍ မမှီသောကြောင့် ဆယ်တောင်တယှဉ်နက်သောရေနှင့်အတူတူကဲ့သို့ပင်ထင်၏၊ထိုသို့ထင်မြင်ရခြင်းမှာအကြောင်းရင်းကို ရှာသည်ရှိသော် မိမိစွဲကိုင်ထားသောကျွံးက တိုသောကြောင့်သာဖြစ်သတည်း။

မည်သည့်အရာမျိုးမှာမဆို ဉာဏ်ဖြင့် ထောက်မမှီသော အရာတွင် လူတိုင်းမှာမှောင်ကျ၍ နေသည်သာဖြစ်၏၊ မှောင်ကျ၏-ဆိုသည်မှာ အဝိဇ္ဇာနယ်ပင် ဖြစ်လေသည်၊ ဥပမာ-မိမိမျက်စိ၊ ဥပစာ (မျက်စိတလှမ်း)တွင်ရှိသော အရာဝတ္ထုများကို အလုံးစုံသိမြင်နိုင်၏၊ မျက်စိဥပစာကလွန်လျှင် မှောင်အတိကျ၍ တစုံတရာမျှ မသိမမြင်နိုင်ချေ၊ မသိမမြင်နိုင်ဘဲမှောင်ကျသောအရာမှာ သတ္တဝါတိုင်းပင် အထင်အမျိုးမျိုး, အတွေးအမျိုးမျိုးနှင့်သာ ယုံမှားလျက်ရှိနေကြကုန်၏၊ အပယည်ကျမဆုံးဖြတ်နိုင်ကြကုန်၊ အဝေးကမြင်ယုံမျှ, အစေးက သတင်းကြားရုံမျှနှင့်လည်း ထိုသူပညာရှိသည်,ထိုသူကြည်ညိုမြတ်နိုး အားကိုးယုံကြည်ထိုက်ရှိသည်-ဟူ၍ ဆုံးဖြတ်နိုင်ကြသည်မဟုတ်ချေ၊တံလျှပ်ကို အဝေးကမြင်ရ

သောအခါ ရေပြင်ကျယ်ကြီးမှတ်ထင်ရ၏၊ အနီးသို့သွားရှာသော် ရေကိုမတွေ့ရချေ။

လောက၌ဖြစ်ပွားသော သဟင်းစကားသည် တဆင့်ထက်တဆင့် ကျယ်၍လာတတ်သောသဘောလည်းရှိ၏၊ ဇာတ်တော်တွင် အုတ်သျှစ်သီးတလုံးကြွေကျလာသောအသံကိုကြားရာ အလွန်ကြောက်လန့်တတ်သောယုန်ငယ်တကောင်က မြေပြိုပြီဟု အလန့်တကြားပြေးလေ၏၊ ထိုသူရဲဘောနည်းသော ယုန်ငယ်တကောင်ကစ၍ သတင်းစကားပျံ့နှံ့သွားရာ ဆင်,ကျား,ခြင်္သေ့-စသော သတ္တဝါကြီးတို့တိုင်အောင် ယုံကြည်၍ ပြေးလွှားကြဘူး၏၊ထို့အတူ သတင်းစကားမည်သည် ဖြစ်ရင်းထက်ကြီးထွားကျယ်ပြန့်တတ်သောအလေ့ရှိသည်ဟု ဆိုခဲ့ပေသည်၊ ပညာမဲ့သောသူတို့၏အထံသို့ရောက်သောအခါ သာ၍ပင် ကျယ်ပြန့်ကြီးထွားတတ်လေသေးသည်၊ ထို့ကြောင့် ရှေးပညာရှိတို့သည် အောက်၌ပါသော ဂါထာကို ရေးသားသီကုံးတော်မူကြကုန်၏။

> ဒူရာသန္နေသု ဒူရာနံ၊ပသာဒေါ သုကရော သိယာ။
> အာသန္နာနံ ဒုက္ကရောဝ၊တေ ဟိဿ ပကတိညုနော။ ။

အနက်။ ဒူရာသန္နေသု၊ အဝေးအနီးနှစ်ပါးတို့တွင်။ ဒူရာနံ၊အဝေးနေတို့၏။ပသာဒေါ၊ယုံကြည်ဘွယ်,ကြည်ညိုဘွယ်သည်။ သုကရော၊လွယ်ကူလှသည်။သိယာ၊ ဖြစ်ရာ၏။ အာသန္နာနံ၊ အနီးနေတို့၏။ ပသာဒေါ၊ ကြည်ညိုယုံကြည်ဘွယ်ရာသည်ကား။ ဒုက္ကရောဝ၊ ခဲယဉ်းလှလေသည်သာတည်း။ ဟိ၊အကြောင်းမူကား။ တေ၊ထိုအနီးနေတို့သည်။ အဿ၊ ထိုသူ၏။ ပကတိညုနော၊ ပကတိသဘောရင်းကို ထင်လင်းစွာသိရှိကြရလေသောကြောင့်တည်း။

ဤသို့ပြဆိုခဲ့ပြီးသောအချက်ကို ထောက်ထားဆင်ခြင်၍ ပြင်ပဗန်းကဟိတ်ဟန်ကြီးကျယ်စွာ ဝတ်စားတန်ဆာ ခမ်းနားယုံမျှနှင့်လည်း ပညာရှိဟူ၍အားမကိုးသာ၊သတင်းစကားကြီးမားပျံ့နှံ့ရုံမျှနှင့် ပညာရှိပုဂ္ဂိုလ်ကြီးတယောက် - ဟူ၍ စိတ်မချသာချေ၊ ထိုပုဂ္ဂိုလ်တို့၏ အပြုအမူ, အပြောအဆို,အနေအထိုင်,အကြံအစည်များကို စဉ်းစားနိုင်သမျှစဉ်းစား ထက်ချပ်နီးကပ်သက်ဝင်ပြီးမှ ပညာရှင်အဖြစ်ကို စိတ်ချရန်သင့်

လှပေသည်၊ သေလပုဏ္ဏားကြီးသည် ဘုရားကိုယ်တော်မြတ်ကြီးကိုသော်မှ တပည့်ဥတ္တရလုလင်ကိုစေလွှတ်၍ နှီးနှီးရင်းရင်းခိုကပ်၍ အစုံစမ်းခိုင်းဘူးသောထုံးများလည်း ရှိပေသတည်း။

စကားထဲကဇာတ်ပြခြင်းအကြောင်းပြီး၏။

---

## ၂၆။ စကားချိုရုံဖြင့်သူယုတ်ကိုမဆက်ဆံသင့်ကြောင်း

ဒုဇ္ဇနော ပိယဝါဒီ စ၊ နေတံ ဝိဿာသ ကာရဏံ။
မဓု တိဋ္ဌတိ ဇိဝှဂ္ဂေ၊ ဟာဒယေ တု ဟလာဟလံ။ ။

**အနက်။** ဒုဇ္ဇနော၊ ကျေးဇူးမဲ့စွာ သူယုတ်မာသည်။ စ၊ စင်စစ်။ ပိယဝါဒီ၊ ချစ်ခင်ဘွယ်သောစကားကို ဖြားဖြားယောင်းယောင်း ပြောဆိုစေဦးတော့။ ဧတံ၊ ထိုသို့ချစ်ခင်ဘွယ်သော စကားကို ပြောကြားခြင်းမျှသည်။ နဝိဿာသကာရဏံ၊ အကျွမ်းတဝင် ချစ်ခင်ပေါင်းသင်းခြင်း၏ အကြောင်းမဟုတ်ချေ။ ဇိဝှဂ္ဂေ၊ သူယုတ်မာတို့၏ လျှာဖျားၥ၌။ မဓု၊ ပျားကဲ့သို့ချိုသောစကားသည်။ တိဋ္ဌတိ၊ တည်နေ၏။ ဟာဒယေတု၊ နှလုံးတွင်း၌မူကား။ ဟလာဟလံ၊ ယခုလက်ငင်းချက်ခြင်း သတ်ဖြတ်သေစေတတ်သည့် အဆိပ်နှင့်တူသော သဘောတရားသည်။ တိဋ္ဌတိ၊ တည်နေပုန်းလျှိုး၍ နေလေ၏။

**ဆိုလိုရင်းမှာ။** ယုတ်မာသော သဘောရှိသော သူသည် ချိုချိုသာသာ ချစ်ခင်နှစ်သက်ဘွယ် ပြောဆိုသော်လည်း ထိုစကား ချိုသာခြင်းသည် ချစ်ခင်နှစ်သက်စွာ ပေါင်းသင်းဆက်ဆံဘို့ရန် အကြောင်းမဟုတ်ချေ၊ စင်စစ်အားဖြင့်ဆိုသော် သဘောမဖြောင့် ဟွယ်ယောင့်လိမ်လည် မတည်ကြည်သော စိတ်ရှိသည့် သူယုတ်မာဟူသည် လျှာပေါ်၌ ပျားနှင့်တူသော စကားချိုကိုသုံးစွဲ၍ စိတ်နှလုံးထဲ၌မူကား-လက်တလော သေစေတတ်သော အဆိပ်နှင့် တူသည့် သဘောကို မြှုပ်နှံ၍ ထားတတ်ကုန်၏၊ ထို့ကြောင့် သူယုတ်မာများကို စကားချိုသာမှုမျှနှင့် ပေါင်းသင်းဆက်ဆံခြင်း, အကျွမ်းတဝင် ချစ်ခင်ရင်းနှီးခြင်းကို မပြုရာ-ဟူ၍ဆိုလိုသည်။

### ဆောင်ပုဒ်လင်္ကာ

၁။ စကားပြောချို၊ သူယုတ်ကို၊ အလိုမလိုက်ရာ။
၂။ သူယုတ်မာများ၊ လျှာထိပ်ဖျား၊ ပျား၏ပုံပမာ။
၃။ နှလုံးတွင်းက၊ဆိုးဝါးလှ၊ ဝိသဆိပ်ထန်စွာ။
၄။ နှုတ်ချိုစိတ်ခါး၊ သူယုတ်များ၊ ရှောင်ရှားဝေးကြည်စွာ။

### အဓိပ္ပါယ်အကျယ်

ဤလောက၌ ပိယဝါစာ သာသာပြေပြစ် ကျစ်လစ်သိမ်မွေ့ စိတ်သဘော တွေ့လောက်သောစကားများသည်ကောင်းမွန်သည်-ဟူ၍ဆိုသော်လည်း လူတိုင်း၏နှုတ်ကထွက်သော ပိယဝါစာကိုကောင်း၏-ဟူ၍ မဆိုသာချေ၊ဝမ်းတွင်းသဘောဖြောင့်မတ်စွာနှင့် ကတိသစ္စာတည်ကြည်သော သူတော်ကောင်းတို့၏ နှုတ်ကထွက်သော စကားကိုသာလျှင် ကောင်းမွန်သည်-ဟူ၍ ဆိုထိုက်ချီးမွမ်းထိုက်လေ၏၊ ဝမ်းတွင်းစိတ်သဘောဆိုးဝါးကောက်ကျစ်၍ သစ္စာကတိမတည်၊လိမ်လည်ကောက်ကျစ်သော သူယုတ်မာတို့၏ နှုတ်မှထွက်သော စကားကိုမူကား-ပျားထက်မကချို၍ ချစ်ခင်နှစ်သက်ဘွယ်ရှိသော်လည်း ထိုစကားကိုကောင်းမြတ်သည်-ဟူ၍ မချီးမွမ်းထိုက်ချေ၊စကားချိုမြ ပိယဝါစာပြောတတ်ရုံမျှနှင့် သူမိုက်တို့ကို အကျွမ်းတဝင် ချစ်ခင်ပေါင်းသင်းဆက်ဆံခြင်းပြုလုပ်သောအခါ ပျားရေနှင့်ရောသော အဆိပ်ကို သောက်မိသောသူကဲ့သို့ နစ်နာပျက်စီးခြင်းသို့ ဆိုက်ရောက်တတ်လေ၏။

မြန်မာတို့စကားပုံတွင် "ပျားရေနှင့် ဝမ်းချသည်"ဟူသော စကားတခုကို သုံးစွဲတတ်ကြကုန်၏၊ ထိုစကားပုံ၏ အဓိပ္ပါယ်ရင်းမှာ ဝမ်းသက်ဆေးသောက်ရန် အလွန်မုန်း၍ နေသောသူကို ဝမ်းကျဆေး-ဟူ၍ မသိစေဘဲ ပျားရေတွင် ဝမ်းသက်စေတတ်သော ဓာတ်ရောနှော၍ ထိုပျားရေကိုတိုက်ပြီးမှ ဝမ်းကျစေသကဲ့သို့ ပရိယာယ် တပါးဖြင့် ပြောင်းလဲ၍ တနည်းနည်းအားဖြင့် အလိုသို့လိုက်ပါအောင် ဆွဲဆောင်ပြုလုပ်ခြင်းနှင့်စပ်၍ ထိုစကားကို အသုံးပြုကြလေသည်၊ လူတို့သည် တဦးနှင့်တဦး ပေါင်းသင်း ဆက်ဆံကြရာတွင် ပြောဆိုကြသော စကားသံကို အရေးတကြီးပြုလုပ်၍ ဆက်ဆံပေါင်းသင်းကြရကုန်၏၊ လိမ္

လည်ခြင်း ခံရသည်ဆိုရာမှာ တဦး၏စကားကို ကဦးလိုက်နာယုံကြည်၍ ထိုစကားအတိုင်းပြုလုပ်ရှက်သောင်ခြင်းကြောင့်သာလျှင် အဖြစ်များ တတ်လေ၏။

သို့ဖြစ်၍ မှန်ကန်သော သစ္စာစကားကို ယုံကြည်လိုက်နာပြုလုပ်မိသောအခါတွင် အကျိုးရှိ၍ စကားပြော ချိုသာရုံမျှနှင့် မှားယွင်းဖောက်ပြန်မှုလမမှန်သောစကားကိုကိုယုံကြည်မိသောအခါမှာမူကား-အမှားမှားအယွင်းယွင်းနှင့် ပျက်စီးခြင်းသို့သာ ရောက်တက်လေသည်၊ စကားပြော ချိုသာတိုင်းလည်း ယုံကြည်ဘွယ်ဟူ၍လည်း အလွန်ဆိုး ဖြတ်နိုင်ခဲ၏၊ထို့ကြောင့် ''ဒုလ္လဘံပကတိ ဝါစံ'' ဟူ၍ ပကတိဟုတ်မှန်သောစကားကိုရခဲကြောင်းနှင့်လွန်ခဲ့သော ဇာတကျနိတိကျမ်းအောက် အခဏ်းတွင် ဖော်ပြခဲ့လေသည်။

**''လောဘကြီးလျှင် စကားချို၊ ဒေါသကြီးလျှင် စကားဟို၊ မောဟကြီးလျှင် စကားအို''**ဟူ၍ ပြောဆိုကြသော စကားပုံတခုရှိလေ၏၊ လောဘစိတ်အားကြီးသော သူယုတ်မာများသည် ချိုသာသောစကားဖြင့် ဖြားယောင်း၍ သူတပါးတို့၏ပစ္စည်းဥစ္စာနှင့် အကျိုးစီးပွားဂုဏ်သိမ်များကို သွေးဆောင်၍ယူတတ်ကုန်၏၊ ဖြားယောင်းသွေးဆောင်သည်ဆိုရာမှာ တို၍နားမခံသာသောစကားဖြင့် သူတပါးကိုမိမိအလိုသို့ပါအောင်ဆွဲဆောင်နိုင်ရန် အကြောင်းမရှိ၊ ချိုသာသောစကားဖြင့်သာလျှင် ဖြားယောင်းသွေးဆောင်နိုင်လေသည်၊ သို့ဖြစ်၍ ချိုသာသောစကားဖြင့် အတူးတဆန်းပြောကြားလာသောအခါ ထိုစကားသည်အာသိပ်ပါသော ပျားရေကွဲသို့ ဖြစ်မည်လော၊ သို့တည်းမဟုတ်၊ ပကတိသက်သက်ဖြစ်သောပျားရေကွဲသို့ ဖြစ်မည်လော–ဟူ၍ တွေးတောဆင်ခြင်သင့်လေ၏။

ဇာတ်တော်တခုမှာ ဗာရာဏသီမင်းကြီးသည် သားသမင်များကို ပစ်ခတ်စားသောက်လိုသော ဝါသနာရှိသဖြင့် အစဉ်မပြတ်တောသို့ ထွက်၍ သမင်များကိုပစ်သတ်လေ့ရှိ၏၊ နောင်အခါ ကြက်သားကကိုပေါ် လာသည်နှင့် ငါသည်တောသို့ထွက်၍ သမင်များကို ရှာဖွေပစ်ခတ်ရသည်ထက် မြို့တော်၏အနီး ဥယျာဉ်ကြီးထဲမှာ သမင်များစွာကိုမွေးမြူ၍ပစ်ခတ်စားသောက်ရသည်ရှိသော် ချမ်းသာလေရာ၏-ဟု အကြံဖြစ်

၏၊ သို့ရာတွင် တောသားသမင်တို့ကို အလွယ်တကူ များစွာဖမ်းယူ၍ မွေးမြူထားနိုင်ရန် အကြောင်းမရှိချေ၊ အကြောင်းမူကား-တောသား သတ္တဝါများသည် လူတို့နှင့် ရိုင်းစိုင်းလေသောကြောင့်တည်း၊ ထို နောက်မှအကြံသစ်ပေါ်လာပြန်သည်မှာ သမင်တို့သည် ချိုသောမြက် နုများကိုကြိုက်နှစ်သက်တတ်၏၊ ထိုသမင်တို့ကြိုက်နှစ်သက်တတ်သော မြက်ချိုဖြင့် ဖြားယောင်း၍ ဥယျာဉ်သို့ရောက်အောင် သွေးဆောင်ရ သည်ရှိသော် အလိုအတိုင်းပြည့်စုံရာ၏ဟူ၍ ကြံမိလေ၏။

ထိုအကြံအစည်အတိုင်းသမင်တောမှ ဥယျာဉ်တောသို့တိုင်အောင် မြက်နုမြက်ကောင်းတို့ကိုဖြစ်ပွားစေ၏၊ထိုမြက်ညွန့်တို့မှာ ပျားရေဆန်း ၍ထားသည်ရှိသော် တောသားသမင်တို့သည် ထိုမြက်ချို၌ သာယာ တပ်မက်ကြကုန်သဖြင့် နေ့စဉ်စားသောက်၍သာ လာကြကုန်၏၊ ထို မြက်ချိုကိုလိုက်၍ လာကြရာ အတန်ကာလကြာလျှင် မင်းကြီး၏ ဥယျာဉ်ထဲသို့ သမင်အုပ်ကြီးတခုဝင်ရောက်လေ၏၊ဥယျာဉ်ထဲမှာလည်း ထိုကဲ့သို့ပင် ပျားရေဆန်းထားသော မြက်ချိုများရှိသဖြင့် ဥယျာဉ်ထဲ ကမထွက်ကုန်ဘဲမြက်ချိုကိုသာ စားသုံး၍ နေကြကုန်၏၊ ထိုသို့မြက်ချို ဖြင့်သွေးဆောင်၍ ဥယျာဉ်ထဲမှာ သမင်တွေကို လှောင်မိသောအခါမှ ဥယျာဉ်ကိုလုံစွာပိတ်ပြီးလျှင် သမင်အုပ်ကြီးကိုမွေးမြူမိလေ၏၊မင်းကြီး သည် ထိုအခါကစ၍ တောကိုမထွက်ရဘဲ မိမိဥယျာဉ်ထဲမှာသာလျှင် နေ့စဉ်နေ့စဉ်အလိုရှိသော သမင်တို့ကိုပစ်ခတ်၍ စားသောက်ခွင့်ကို ရ လေ၏။

ထိုကဲ့သို့ဥယျာဉ်ကြီးအတွင်းမှာ သမင်အသင်း သမင်အုပ်ကြီးတခု လုံး ဖမ်းမိလေသည်မှာ မြက်ချိုကိုသာယာသောသမင်တို့၏ အာသာ ကြောင့်သာလျှင်ဖြစ်လေသည်၊မြက်ချိုကိုသာယာမိသည့်အတွက် သမင် အုပ်ကြီးတခုလုံးမှာ ဥယျာဉ် တည်းဟူသော နှောင်အိမ်ကြီး ထဲမှာ လှောင်မိ၍ အတိဒုက္ခရောက်ရှိကြလေသည်၊ကျွန်ုပ်တို့မြန်မာအမျိုးသား တို့ပြောဆိုလေ့ရှိသော **''မြက်ချိုသွေးသည်''**ဆိုသောစကားမှာ ထိုဇာတ် တော်ကိုရည်၍ ပထမပြောဆိုခြင်းဖြစ်ဟန်လက္ခဏာတူလေသည်၊မြက် ချိုသွေးသဖြင့် ဘေးကြီးသင့်၍နေသောသမင်အုပ်ကြီးကဲ့သို့ လောကမှာ သာယာချိုမြသော ပိယဝါစာစကားဖြင့် ဖြားယောင်းတိုင်းမိနေကြ၍

အချို့လည်း ဒုက္ခတွေ့တတ်ကြလေသည်၊ ဇာတ်နိပါတ်ရာဇဝင်တို့မှာ လည်း နှုတ်ချိုသွေးခြင်းကိုခံရ၍ဒုက္ခတွေ့သော အချက်တို့လည်းများစွာ ရှိကြကုန်၏။

''**နှုတ်ချိုလျှင်သျှိုတပါး၊နှုတ်ကောင်းလျှင်ပြည်စိုး**'' ဆိုသော စကားပုံ များလည်းရှိကြ၏၊ ထိုစကားပုံ၏ဆိုလိုရင်းမှာ ပကတိစိတ်ကရိုးသား ဖြောင့်မတ်စွာနှင့် ချိုချိုသာသာပြောဆိုတတ်သော သူတော်ကောင်း တို့ကိုသာရည်၍ဆိုသော စကားဖြစ်ဟန်လက္ခဏာရှိချေသည်၊ စကား အပြောအဆိုကသာ ချိုမြိန်၍ ပြုမူလုပ်ကိုင်သောအခါ ဆိုသော စကားနှင့်မညီမညွတ်ဘဲ အလွဲတချော်ပြုလုပ်ကြံစည်သည်ရှိသော် ထို စကားချိုသောသူမှာလည်း ရှည်ကြာစွာအကျိုးမခံစားရဘဲ တနပ်စား, တခါဆန်နှင့်သာလျှင် လူအပေါင်းတို့နှင့် လန့်၍မေတ္တာပျက်ကွက်တတ် ကုန်၏၊သစ္စာကတိတည်ကြည်စွာနှင့် နှုတ်ချိုသာပါမူကား အထူးပြော ဘွယ်ရာမရှိ၊ သိဒ္ဓိမြောက်ကြောင်းအချက်တခုပင်ဖြစ်လေတော့သည်။

လောကဝယ်တဦးနှင့်တဦးယုံကြည်၍ နောင်အခါမှောက်မှား၍သွား တတ်သည်မှာ ချိုသာသောစကားဖြင့် ကျော့ကွင်းမိနေသည်ကအစပင် ဖြစ်လေသည်၊ တွေ့သည်ကစ၍ စကားချိုသာခြင်းကိုမရဘဲ ကြမ်းကြုတ် သောစကား, ဒေါသသံပါသောစကားဖြင့် ပြောဆိုကြမည်ဆိုပါလျှင် ထိုသူနှစ်ဦးတို့မှာ မည်သည့်အခါတွင်မျှ ဆက်ဆံခွင့်ကို ရရှိနိုင်ကြမည် မဟုတ်ချေ၊ ချိုသာသောစကားကို ယုံကြည်၍ဆက်ဆံပြီးလျှင် နောင် အနာဂတ်အခါ အကျိုးပျက်စီးမည့် အတွက် ရှေးဦးပထမကစ၍ မဆက်ဆံဘဲနေခြင်းသာလျှင် ကောင်းမြတ်သင့်လျော်လေ၏။

''**အချစ်ကြီးလျှင် အမုန်းကြီးသည်**'' ဆိုသောစကားပုံတခုလည်းရှိ၏၊ ရှေးဦးပထမအခါ ပိယဝါစာ-စကားချိုသာခြင်းတည်းဟူသောတံခါး ဝမှဝင်ကြ၍ ရင်းရင်းနှီးနှီး (ပွမ်းပွမ်းတီးတီး) ဆက်ဆံပေါင်းသင်း ကြပြီးမှ နောက်နောင် အကြောင်းတခုနှင့် ကွဲလွဲကြသောအခါ ရှေး အခါကာလက အလွန်ကြီး ရင်းနှီးချစ်ခင်လေသမျှသည် နောင်အခါ အမုန်းကြီးမုန်းဘို့သာဖြစ်တတ်လေသည်၊ အလွန်ကြီးကျယ် ခမ်းနား သောအိမ်ကြီးကြီးကို အဆန်းတကြယ် ဆောက်လုပ်၍ တားခြင်းသည်

နောင်အခါ မတော်တဆ မီးလောင်၍လာသောအခါ မီးတောက်ကြီးကျယ်ရန်သာ ဖြစ်သကဲ့သို့တည်း၊ အဆင်အခြင် အမြော်အမြင်နည်းပါးစွာနှင့် ယုံကြည်လွယ်သောသူတို့သည် သူတပါးတို့ သာယာစွာပြောဆိုသော စကားချိုများနှင့် တွေ့ကြုံလျှင် အလွယ်တကူနှင့်ပါလာ၍အတန်ကြာလျှင် ထိုစကားချိုဖြင့် ဘေးဒဏ် သင့်တတ်လေသည်၊ သို့ဖြစ်၍ ယုံလွယ်တတ်သောသဘောကိုလည်း မိမိတို့သန္တာန်မှာမွေးမြူ၍မထားရာ။

ဆောင်ပုဒ်။ ''မစဉ်းမစား၊ယုံလွယ်ငြား၊မှောက်မှားတတ်ကြောင်းမှတ်''။

စဉ်းစားဉာဏ်ကင်း၍ စကားချိုသာသည်ကို ယုံလွယ်လျှင် ပစ္စည်းဥစ္စာမျှသာ ပျက်ပြီးဆုံးရှုံးတတ်သည်မဟုတ်၊ တရံတခါ အသက်ပင်သော်လည်း ဆုံးရှုံးတတ်လေသေးသည်၊ လောကတွင်များသောအားဖြင့် လိမ်လည်ကောက်ကျစ်တတ်သောသူမှာ စကားချိုသာခြင်းကိုအသုံးပြုတတ်၏၊ ဝဇ္ဇနာတရားတို့တွင် မပါမရှိသော်လည်း—

> ပိယဝါစာ မေတ္တာယ ဝဍ္ဎေတိ။ ။ပိယဝါစာ၊ ချစ်ခင်ဘွယ်သော စကားချိုများသည်။ မေတ္တာယ၊ မေတ္တာအယောင်ဖြင့်။ ဝဍ္ဎေတိ၊ ဖြားယောင်းလိမ်လည်တတ်၏။

ဤကဲ့သို့ ပိယဝါစာသာယာချိုမြိန်ခြင်းသည် မေတ္တာရှိသော အယောင်ကဲ့သို့ ဟန်ဆောင်လှည့်ပတ်တတ်လေ၏-ဟူ၍ ဝဇ္ဇနာတရားတခုပြုလုပ်ပြောဆိုလျှင် မှားလိမ့်မည်မဟုတ်တန်ရာ၊ မရိုးမဖြောင့်သဘောထောင့်သောသူတို့၏ ပိယဝါစာသည် ပထမအခါ မေတ္တာကဲ့သို့ဖြစ်ပြီးလျှင် နောင်အနာဂတ်အခါ အလွန်တရာကြီးကျယ်စွာသော ဒေါသမီးပုံကြီးကို ဖြစ်ပွားတောက်လောင်စေတတ်၏၊ ယခုလောက၌ မကြာမကြာဖြစ်လေ့ရှိသည်မှာ သတို့သမီးငယ်များသည် ယောကျ်ားငယ်တို့၏ ဖြားယောင်းပြောဆိုသောစကားကိုနားထောင်ပြီးလျှင်ယောကျ်ားငယ်တို့၏ အလိုသို့လိုက်ပါမိလေ၏၊ ထိုသို့ဖြားယောင်းသော စကားဖြင့်လိုက်ပါမိရာ အချို့မှာ ကာလအတန်ကြာသော် ဘေးဒုက္ခကြီးစွာတွေ့ကြုံ၍ တသက်ပတ်လုံး လူစဉ်မမှီအောင်သော်လည်း ပူပန်ရတတ်လေသည်၊ အချို့မှာ အရှက်ကြီးစွာကွဲ၍ လူထဲမှာမျက်နှာမပြဝံ့အောင်

သော်လည်း ဖြစ်တတ်လေသည်၊ အချို့လည်းပျက်စီးခြင်းသို့တိုင်ရောက်လေသည်။

မိန်းမတို့၏ စိတ်သဘောသည် အလွန်အမြော်အမြင် နည်းပါး၍ ချိုသာဖြောင်းဖြသော စကားကို နားဝင်ယုံကြည်တတ်လေသည်၊မိန်းမဖြစ်၍ နဂိုပကတိက အမြော်အမြင်နည်းပါး၍နေရာ ပျိုရွယ်နုနယ်သောအခိုက်မှာ သာ၍ပင် မှားယွင်းတတ်ကုန်၏၊ အချို့မိကောင်းဘခင်တို့၏ သမီးငယ်များသော်လည်း မိဘတို့အုပ်ချုပ်လျက်နှင့်ပင် သူတို့အရွယ်နှင့် လိုက်လျော၍ ကြိုက်နှစ်သက်တတ်သော စကားကိုယုံကြည်လိုက်နာပြီးလျှင်မိခင်ဘခင်တို့၏လက်တွင်းမှ အတင်းလွတ်ထွက်အောင် ကြံဆောင်တတ်ကြကုန်သည်၊ လူသတ္တဝါတို့၏ သဘောသည် ယုံကြည်စွဲမြဲမိသောအခါ ဘာတစုံတရာကိုမျှ ငဲ့ကွက်လေ့မရှိဘဲ ထင်မိထင်ရာ "နွားရှူးရှူးထိုး၊ နွားသိုးကြိုးပြတ်၊နွားတော်ရေကျ"ပြုလုပ်တတ်ကြကုန်၏။

မယုံတန်ဘဲနှင့် ယုံကြည်,ဆင်ခြင်တန်လျက် မဆင်ခြင်,အလျှင်မလိုတန်ဘဲလျက် အလျှင်တလို ပြုလုပ်အပ်သော အမှုများသည် ယေဘုယျအားဖြင့် မှောက်မှား ချွတ်ချော်ခြင်းသို့သာ ရောက်တတ်လေကုန်၏၊ ထို့ကြောင့် ဒုကနိပါတ်သိဂ်ါလဇာတ်၌—

အသမေက္ခိတကမ္မန္တံ၊ တုရိတာဘိနိပါတိနံ။
သာနိ ကမ္မာနိ တပ္ပေန္တိ၊ ဥဏှံဝ ဇ္ဈောဟိတံ မုခံ။ ။
ဟူသောဆုံးမစကားကို မိန့်ကြားတော်မူလေသည်။

**အနက်။** အသမေက္ခိတကမ္မန္တံ၊ မစူးမစမ်း အရမ်းမဲ့ပြုလုပ်လေ့ရှိသော။တုရိတာဘိနိပါတိနံ၊အလျှင်တဆော မတွေးတောဘဲ အမှုကိစ္စထဲသို့စိတ်လှဲ၍ပစ်ချတတ်သောသူကို။ သာနိကမ္မာနိ၊ ထိုမိမိပြုလုပ်အပ်သော အမှုကိစ္စတို့သည်။ တပ္ပေန္တိ၊ ပူပန်လောင်ကျွမ်းစေတတ်ကုန်၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်း-ဟူမူကား။ ဥဏှံ၊ အလွန်ပူသော အစာအာဟာရကို။ အဇ္ဈောဟိတံ၊ရုတ်တရက်သောက်မျိုလိုက်သည်ရှိသော်။ မုခံ၊ ခံတွင်းကို။ တပ္ပေတိဣဝ၊ ပူလောင်စေဘိသကဲ့သို့တည်း။

လောလောပူသော အစာကို စားချင်အားကြီးနှင့် (ပလုပ်ပြည့်)အတင်းလွေး၍ စားလိုက်သောအခါ ထိုသူ၏ခံတွင်းမှာ အပူတပြင်းဒုက္ခတွေ့လေဘိသကဲ့သို့ ထို့အတူ မစူးစမ်းမဆင်ခြင် အလျင်စလို ပြုလုပ်အပ်သော ကိစ္စ, ယုံကြည်လိုက်စားမိသော ကိစ္စများသည်ထိုသို့ ပြုလုပ်သောသူအား များစွာပူပန်စေတတ်ကုန်၏-ဟူ၍ ဆိုလိုသည်၊ ထို့ကြောင့် သမ္မာဉာဏ်တရားဖြင့်ဆင်ခြင်၍ အလျင်တဆော ပြုသင့်မှပြုရာ၏၊ ဘယ်လိုပင် ချိုချိုသာသာ ပြောဟောဖြားယောင်း လာသော်လည်း ရုတ်တရက် ယုံကြည်ခြင်းဘက်သို့လဲ၍မသွားစေရာ၊ဇာတ်နိပါတ်တော်များမှာ တိရစ္ဆာန်သတ္တဝါတို့၏အသံများကို ထင်ထင်ရှားရှားသိလွယ်၏၊ လူတို့ပြောဆိုသော စကားသံ၏ အဓိပ္ပါယ်များကို မှုကား-အမှန်အကန် နေရာတကျ သိမြင်ခဲလှလေသည်-ဟူ၍ အောက်၌ ပါရှိသော ဂါထာဖြင့် မိန့်ဆိုလေသည်။

သုဝိဇာနံ သိင်္ဂါလာနံ၊ သကုဏာနဉ္စ ဝဿိတံ။
မနုဿဝဿိတံ ရာဇ၊ ဒုဝိဇာနတရံ တတော။ ။

**အနက်။** ရာဇ၊ မင်းကြီး။ သိင်္ဂါလာနံ၊ မြေခွေးတို့၏။ ဝဿိတံ၊ အူသံသည်။ သုဝိဇာနံ၊ သိလွယ်၏။ သကုဏာနံ၊ ငှက်တို့၏။ ဝဿိတဉ္စ၊ တွန်သံကိုလည်း။ သုဝိဇာနံ၊ သိလွယ်၏။ မနုဿဝဿိတံ၊ လူတို့၏တွန်မြည်ပြောဆိုသံသည်မှုကား။တတော၊ ထိုတိရစ္ဆာန်တို့၏ အူသံတွန်သံများထက်။ ဒုဝိဇာနတရံ၊အလွန်တရာမှန်ကန်စွာ သိမြင်နိုင်ခဲလှစွာ၏။

''လူတို့၏အသံကို မှန်ကန်စွာ အဓိပ္ပါယ်ဖြောင့်ဖြောင့် သိနိုင်ခဲ၏'' ဆိုသည်မှာ လူတို့၏စိတ်ဓာတ်ဆန္ဒများသည် အလွန်ရှုပ်ထွေး၏၊ ကလိမ်ချုံ,သပွတ်အူတို့ထက် ရှုပ်ယှက်၏၊ ထွေထွေရာရာပရိယာယ်တို့ဖြင့် အသွယ်သွယ်ကွေ့ကောက်လိမ်လည်တတ်၏၊ ကွေ့ကောက်ပွေလိမ်၍နေသော ကြခတ်ဝါးရုံအတွင်းမှ ပေါက်လာသော ကြခတ်ဝါးကို ဖြောင့်ဖြောင့်ကြီးရနိုင်ခဲဘိသကဲ့သို့ ထို့အတူ ကွေ့လည်ရစ်ပတ် ပြန်ဂဟတ်ရှုပ်ထွေးသောစိတ်ရှိသည့် လူတို့နှုတ်မှ ထွက်လာသောစကားကို အဖြောင့်အမှန်ရခဲလေသည်၊ **''ဖြောင့်မည်လိုလိုနှင့်ကောက်၊ကောက်မည်လိုလိုနှင့်ဖြောင့်''**ဆိုဘိသကဲ့သို့ အသိရခက်ခဲလေသည်၊ အပြောအဟော

နှင့်ညီအောင် ကာယကံ,ဝစီကံ,ဖြောင့်မတ်သောသူတို့ကား-အလွန်က ရာရှားပါးလှကုန်၏။

ထို့ကြောင့် လူတို့၏စကားများသည် အချို့အမျိုးမျိုး,အခါးအမျိုးမျိုး,ခါးမည်လိုလိုနှင့်ချို,ချိုမည်လိုလိုနှင့်ခါး၊ ဤကဲ့သို့များပြားရှုပ်ထွေး၍နေသောကြောင့် ကြိမ်ပိုက်တော ရေရှုပ်ကြီးထဲမှာ ကျ၍နေသော ငါး သတ္တဝါသည်ထိုကြိမ်ပိုက်တောကြီးကို ဖြေရှင်းရန်ခက်သကဲ့သို့ လူတို့၏ ရှုပ်ထွေးသော စကားများကိုလည်း အမှန်အမှား စဉ်းစားယုံကြည်ရန် ခက်ခဲလှလေ၏၊ အချို့စကားများလည်း အကျိုးစီးပွားရှိလေအောင် ရှေ့ဆောင်၍ နောင်အခါ အကျိုးမဲ့သို့ပါသွားစေကြပ်၏၊ အချို့စကားများလည်း မေတ္တာရှိသံပါသည်လိုလိုနှင့် ကုန်းတိုက်စကားဖြစ်၍ သွားတတ်၏။

သို့ဖြစ်၍ မိမိနားတွင်းသို့ ဝင်ရောက်လာသော စကားရှုပ်အမျိုးမျိုးတွေကို မိမိဉာဏ်တည်းဟူသောလက်နက်ဖြင့် ဖြေရှင်းနိုင်သမျှဖြေရှင်း၍ နားသွင်းတိုင်းယုံသင့်မှယုံရာသည်၊ ချိုသာသည်-ဟူ၍လည်း အရေးတကြီး အလိုသို့မလိုက်ရာသတည်း။

စကားချိုရုံဖြင့် သူယုတ်ကိုမဆက်ဆံသင့်ကြောင်းပြီး၏။

---

## ၂၇။ မရှက်သင့်သောအရာ ၄-ပါး

ဓနဓညပယောဂေသု၊တထာ ဝိဇ္ဇာဂဟေသု စ။
အာဟာရေ ဗျဝဟာရေ စ၊စတ္တလဇ္ဇော သဒါ ဘဝေ။ ။

**အနက်။** ဓနဓညပယောဂေသု၊ ဥစ္စာစပါးကို တိုးပွားရှိလေအောင် ကြံဆောင်ကြိုးစားရာတို့၌၎င်း။ တထာ၊ ထို့အတူ။ ဝိဇ္ဇာဂဟေသုစ၊ အတတ်ပညာ သင်ကြား ဆည်းပူးရာ တို့၌၎င်း။ အာဟာရေစ၊ စားသောက်သောအရေး၌၎င်း။ဗျဝဟာရေစ၊ပြိုင်ဘက်အလယ်တွင် ပြောဆိုခြင်း၌၎င်း။စေတေသု၊ထိုအရာ၄ပါးတို့၌။ သဒါ၊အခါခပ်သိမ်း။ စတ္တလဇ္ဇော၊ စွန့်အပ်သောရှက်ခြင်းရှိသည်၊ ဝါ၊အရှက်ကို စွန့်သည်။ဘဝေ၊ဖြစ်ရာ၏။

**ဆိုလိုရင်းမှာ။** ဥစ္စာပစ္စည်းစုဆောင်းရာ၌ရင်း, အတတ်ပညာသင်ကြားရာ၌ရင်း, စားသောက်မှု၌ရင်း, ပြောဆိုမှု အရေးအရာ၌ရင်း ရှက်သည်ဟူ၍ သဘောမထားဘဲ ရဲဝံ့စွာကြိုးစားပြုလုပ်ရာသည်ဟူ၍ ဆိုလိုသည်။

**ဆောင်ပုဒ်လင်္ကာ**

ပစ္စည်းဘွေရှာ၊ပညာသင်ကြား၊အစားတသွယ်၊ပွဲလယ်ဆိုမြွက်၊ ဤလေးချက်၊ကြောက်ရှက်ကင်းကြစေ။

**အဓိပ္ပါယ်အကျယ်**

၁။ "ပစ္စည်းဥစ္စာ ရှာဘွေ စုဆောင်းမှုမှာ အရှက်အကြောက်ကို စွန့်လွှတ်ရာသည်"ဟူသော ပထမအချက်၌- ပစ္စည်းရှာဘွေသောအခါ ရှက်ကြောက်၍နေလျှင် အလုပ်အကိုင်ကိုမလုပ်ဖြစ်ဘဲ ပစ္စည်းစုဆောင်းမိခြင်းမှလွဲချော်၍ နေတတ်လေသည်၊ ပစ္စည်းဥစ္စာကို ရယူဘို့အတွက် ရှက်လျှင် အလုပ်လုပ်ကိုင်ဘို့အတွက် ရှက်ကြောက်သင့်၏၊ ပစ္စည်းရယူရန်အလိုရှိပါလျှင် အလုပ်အကိုင်ကိုလည်း မရှက်မကြောက်လုပ်ကိုင်ရာသည်၊မိမိကိုယ်၌ ရှိနေသောကာယဗလ,ဉာဏဗလများသည် ထိုက်တန်သော အလုပ်ကို ပေးကြကုန်၏၊ ပညာမရှိပါဘဲနှင့် ပညာရှိတို့သာလုပ်ကိုင်နိုင်သောအလုပ်ကို လုပ်မည်ဆိုလျှင် အကြောင်းမဟုတ်ချေ၊ အချည်းနှီးမျှသာဖြစ်လိမ့်မည်။

မိမိသန္တာန်မှာ အလုပ်အကိုင် အတန်းကြီးကြီးမြင့်မြင့်လုပ်ကိုင်နိုင်ပါလျက် သေးသိမ်အောက်ကျသော အလုပ်ကိုလုပ်မည်ဆိုပါလျှင် အကြောင်းအကျိုးမညီညွတ်ဘဲ ရယ်ဘွယ်သာဖြစ်တတ်လေ၏၊ သို့ဖြစ်၍ မိမိတို့ကာယဗလ,ဉာဏဗလအင်အားနှင့် သင့်လျော်စွာအလုပ်အကိုင်လုပ်ကိုင်ကြရန်မှာ လူတို့၏ ဝတ်တရား,ကမ္ဘာ၏ဓမ္မတာတရားဖြစ်လေသည်၊ မကောင်းမှုဒုစရိုက်ကို ရှက်ကြောက်ခြင်းမှတပါး အခြားရှက်ကြောက်ရန်မရှိချေ၊ မရှက်မကြောက် ဝံ့ဝံ့စားစား လုပ်ကိုင်၍သွားသောအခါ စီးပွါးဥစ္စာတို့ကို စုဆောင်းမိလေ၏၊ မိမိတို့နှင့်သင့်တော်တန်သော အလုပ်ဖြစ်ပါလျှင် ထိုအလုပ်ကို ရှက်သည်-ဟု ငြင်းပယ်၍ မနေရာ၊ အလုပ်လုပ်ကိုင်ရန် ရှက်ကြောက်ခြင်းသည် မိမိကိုယ်ကို အောက်ကျည့်ဖျင်းအောင် ပြုလုပ်သောတရားတမျိုးဖြစ်၏။

အချို့သောသူတို့သည် အလုပ်ကိုမိမိနှင့်မတန်ပျ-ဟု အလုပ်ပေါ်မှာ စိတ်ကြီးဝင်၍ မလုပ်ဘဲရှောင်လွှဲတတ်ကုန်၏၊ အလုပ်အပေါ်မှာ ထိုကဲ့သို့စိတ်ကြီးဝင်၍နေလျှင် အလုပ်များက မိမိကိုရှောင်လွှဲ၍ သွားကြလိမ့်မည်၊ မည်သူမဆို မိမိတို့နှင့် ထိုက်တန်သောအလုပ်သည် မိမိတို့ရှေ့မှာ အမြဲပင်ရှိ၍နေကြကုန်၏၊ ထိုသို့မိမိတို့ရှေ့တွင် ရှိနေသော အလုပ်အကိုင်များကို ရှက်ကြောက်ခြင်းမရှိဘဲ လုပ်ကိုင်ပါလျှင် မည်သည့်အခါမဆိုအလုပ်နှင့် လူနှင့်မအားအောင်ရှိနေလိမ့်မည်၊ ရှက်ကြောက်ခြင်းအားဖြင့် အလုပ်အကိုင်ကိုရွေးချယ်စိစစ်၍ နေလျှင် မိမိတို့ရှေ့တွင်ရှိနေသောအလုပ်များပင်သော်လည်းပျောက်ပျက်၍သွားတတ်ကုန်၏၊ မည်သူမဆိုသူဌေးကြီးတို့ထူထောင်သော အလုပ်များကဲ့သို့ အလုပ်ကြီးအကိုင်ကြီးများကို လုပ်ကိုင်လိုသော ဆန္ဒရှိကြကုန်သည်၊ သို့ရာတွင် မိမိတို့၏ အားအစွမ်းနှင့် မသင့်လျော်ဖြစ်ပါမူ ထိုကဲ့သို့ကြီးကျယ်သော အလုပ်များကို လုပ်ကိုင်နိုင်ကြမည် မဟုတ်ချေ။

မဟောသဓာသုခမိန်သည် အရှင်သခင်ဖြစ်သော ဝိဒေဟရာဇ်မင်းကြီးအမျက်တော်ရှိသဖြင့် မြို့တွင်းမှ ထွက်သွားရသည့်အခါ အိုးလုပ်သော ဆရာကြီးထံမှာဝင်၍ လုပ်ကိုင်စားသောက်လေသည်၊ ငါသည်အမတ်ပညာရှိ တပါးဖြစ်သည်-ဟူ၍ အိုးလုပ်ရန်အတွက်ရှက်၍မနေဘဲ အခါနှင့်လျော်အောင် ထိုက်သည့်အားလျော်စွာ လုပ်ကိုင်လေသော ထုံးစံရှိလေ၏၊ ရုတ်ဟရက်ကြီးကျယ်သော အလုပ်ကြီးများကိုထူထောင်နိုင်ကြသည်မဟုတ်၊ အလုပ်ငယ်ဖြင့် ရင်းနှီး၍ အလုပ်ကြီးဖြစ်အောင် ထူထောင်ကြရကုန်သည်၊ ကျွန်ုပ်တို့မြန်မာအမျိုးသားများသည် အလုပ်သေးငယ်၍ အောက်ကျသည်ထင်လျက် ရှက်သလို ကြောက်သလိုနှင့် မပြုမလုပ်ဘဲ မျက်နှာလွှဲတတ်ကြကုန်၏၊ ထိုသို့အလုပ်ကို ရွေးချယ်၍ မျက်နှာငယ်မည်ကို ရှက်ကြောက်၍ နေကြသဖြင့် ကျွန်ုပ်တို့ မြန်မာနိုင်ငံမှာရှိသော အလုပ်ပေါင်းများစွာကို တိုင်းတပါးမှ လာရောက်ကြကုန်သော လူမျိုးတို့က လုပ်ကိုင်ကြပြီးလျှင် ထိုအလုပ်မှ ရရှိသော ကြေးငွေများကိုသိမ်းကျုံး၍ ယူနေကြကုန်၏။

ကျွန်ုပ်တို့မြန်မာအမျိုးသားများ လုပ်သင့် လုပ်ထိုက်ပါလျက်နှင့် မလုပ်ကိုင်ဘဲလက်လွှတ်၍ နေကြသောအလုပ်တို့သည် အလွန်ပင်ပေါ

များကြကုန်၏၊ မြန်မာအမျိုးသားတို့ လက်မဦးမီ နိုင်ငံခြားသားတို့က ပထမဝင်ရောက် လုပ်ကိုင်ကြသဖြင့်လည်း ကျွန်ုပ်တို့အမျိုးသားများမှာ ကြာလေလေ အလုပ်ရှားပါးလျက်ရှိနေကြကုန်သည်၊ ယခုထက်တိုင် မြန်မာနိုင်ငံသို့ လူမျိုးကွဲတွေဝင်ရောက်လာလေလေ မြန်မာအမျိုးသားတို့မှာ အလုပ်ရှားပါး၍ ကြပ်တည်းလေလေသာ ဖြစ်ဘို့လမ်းရှိလေသည်။

ယခုမြန်မာနိုင်ငံတွင် ကြံစည်လျက်ရှိနေကြသော အချက်တခုမှာ မြန်မာနိုင်ငံမှ ဇမ္ဗူဒီပနိုင်ငံသို့ ပေါက်ရောက်အောင် မီးရထားလမ်းသွယ်တန်းဖောက်လုပ်ရန်ဖြစ်လေ၏၊ ထိုသို့ဆင်ခြင်ကြရာ အချို့ပညာရှိများက ထိုသို့ မီးရထားလမ်း ဖေါက်လုပ်ပါလျှင် ဇမ္ဗူဒီပတိုင်းသားတို့သည် ယခုထက်များမြောင်စွာမြန်မာနိုင်ငံသို့ ဝင်ရောက်လာကြလိမ့်မည်၊ ထိုအခါ မြန်မာအမျိုးသားတို့မှာ အလုပ်အကိုင်အနေအထိုင် ကျပ်တည်းစွာနှင့် ဆင်းရဲဒုက္ခရောက်ဘွယ်ရာ လမ်းဖြစ်ပေါ်လာလိမ့်မည်ဟု မြော်မြင်ကြပြီးလျှင် ထိုသို့ဖေါက်လုပ်ခြင်းကို သဘောမတူကြကုန်၊ ထိုသို့ ထင်မြင်ချက်အတိုင်းလည်း ဟုတ်မှန်သည်ပင်ဖြစ်ပေသည်။

ကျွန်ုပ်တို့မြန်မာအမျိုးသားတို့သည် ဆိုင်ရာဆိုင်ရာ လုပ်ကိုင်ကြ၍ လူတိုင်းကိုယ်စီကိုယ်င အလုပ်လက်ရှိနှင့် နေထိုင်ကြမည် ဆိုပါလျှင် နိုင်ငံခြားသားတို့သည် ထိုကဲ့သို့ ကျွန်ုပ်တို့နိုင်ငံသို့များစွာဝင်ရောက်လုပ်ကိုင်နိုင်ကြရန် အကြောင်းရှိမည်မဟုတ်ချေ၊ ကျွန်ုပ်တို့အမျိုးသားများသည် မြို့တိုင်းရွာတိုင်းမှာလိုလိုပင် အလုပ်အကိုင်ပြောလောက်အောင် မရှိဘဲ လွတ်လပ်စွာနှင့်နေထိုင်ကြသောသူတို့လည်း ရှိနေကြကုန်၏၊ ဤကဲ့သို့အမှတ်တမဲ့နေခြင်းအားဖြင့် တသက်ကာလပတ်လုံးထမင်းဝရုံ, ခါးလုံရုံမျှနှင့် လူ့ဘဝကိုအကျိုးရှိအောင်အသုံးမပြုဘဲ နေကြခြင်းသည် တိုင်းပြည်နိုင်ငံမှာ အလုပ်များစွာကို တိုင်းတပါးသားတို့အား လုပ်ကိုင်ရန်အခွင့်ပေးသကဲ့သို့ဖြစ်လေသည်။

ကျွန်ုပ်တို့အမျိုးသားများ အားကျစရာပြောသောစကားရှိသည်မှာ "ဝတ်၍သေသောမသာမရှိ၊ လူထွင်းသော ဂြုပ်ဆုံပင်နေ့စဉ်ထောင်း

စားစရာရှိသေးသည်၊ နတ်ထွင်းသောခံတွင်းမှာ ဘယ်မှာစားဘို့ရာမရှိဘဲနေပါအံ့နည်း” ဟူသောစကားကို အားထားပြောဆိုတတ်ကြလေသည်၊ ထိုစကားများသည် လူပျင်းကိုအားပေး၍အလုပ်အကိုင်ကိုလက်လွှတ်ကြစေရန် နည်းလမ်းညွှန်ပြသောစကားဖြစ်လေသည်၊ ထိုသို့အားမကျတန်သောစကားကို အားကျ၍နေကြသည့်အတွက်နှင့် အချို့သားတို့မှာကြာလေလေအလုပ်ပါးရှား, စီးပွားဥစ္စာမျိုးယွင်းပျက် ၍နေကြလေသည်၊ သို့ဖြစ်၍ အလုပ်လုပ်ကိုင်ရန် ရှက်ကြောက်ခြင်းကို နောက်လွယ်ဖယ်ထားကြပြီးလျှင် ထိုက်တန်သော အလုပ်အကိုင်များကို လုပ်ကိုင်သင့်ပေသည်။

၂ ‘‘ပညာသင်ကြားသောအခါ အရှက်ကိုပယ်ဖျောက်ရာ၏’’ဟူသော ဒုတိယအချက်၌-ပညာဆိုသောအရာသည် မရှက်မကြောက်ရှာမှီးစုဆောင်းမှ ရရှိနိုင်သောအရာဖြစ်၍ ပညာကိုရှာမှီးသောသူသည် ရှက်ကြောက်ခြင်းကိုမပယ်နိုင်က ပညာတတ်ဖြစ်ရန်ခဲယဉ်းလေသည်၊ **‘‘ပညာရှာ မမာသူတောင်းစား’’** ဟူ၍လည်း ရှေးလူကြီးတို့ ပြောစမှတ်ပြုကြလေကုန်သည်၊ သူတောင်းစားတို့မည်သည် မျက်နှာကိုအောက်ချ၍ အရှက်အကြောက်မရှိဘဲ နဲများမဆိုတောင်းခံရသကဲ့သို့ ထို့အတူ ပညာဆည်းပူးရှာဖွေရာသည်။

တနည်းအားဖြင့် သူတောင်းစားတို့၏အိပ်ထဲမှာ တောင်းခံ၍ရသမျှတွေကို အလုံးစုံထည့်သွင်းသကဲ့သို့ ထို့အတူ ပညာရှာမှီးသောသူသည် မည်သူထံကမဆိုရရှိသောပညာရပ်များကို မိမိ၏စိတ်နှလုံးတွင်းမှာ အမြဲသွတ်သွင်းမှတ်ပိုက်၍ ထားရာသည်၊ ပညာသင်ကြားသောအခါ မည်သူ့ထံမှာပညာမသင်ချင်၊ မည်သူသည်မိမိကဲ့သို့ဂုဏ်ထူးမရှိ-စသောအားဖြင့်လည်း အရှက်ကိုင်ဲ့,ဂုဏ်ကိုင်ဲ့နှင့် တိမ်းရှောင်၍မနေရာ၊ မိမိထက် အသက်အရွယ်ငယ်သောသူပင် ဖြစ်စေကာမူ ထိုသူမှာ ပညာတစုံတခုရှိ၍ မိမိဆည်းကပ်သင်ယူထိုက်ပါလျှင် ထိုသူ့ထံမှာကျိုးနွံစွာဆည်းကပ်၍သင်ကြားရာ၏။

**ဥပမာ**–ပျားရည်ကို အလိုရှိသောသူသည် မည်သည့်သစ်ပင်မှာရှိသောပျားကိုသာယူမည်-ဟု သဘောမထားဘဲ ကြက်ဆူပင်မှာဖြစ်စေ၊

တမာပင်မှာဖြစ်စေ၊ မည်သည့်သစ်ပင်မှာဖြစ်စေ၊ ပျားရှိသောသစ်ပင် သာလျှင်ထိုသူ၏အလိုရှိအပ်ရာဌာနဖြစ်လေသည်၊ပညာသင်ကြားသည့် အခါ နှိမ့်ချကျိုးနွံစွာပြုလုပ်ရမည့်အချက်ကိုလည်း ရှက်ကြောက်ရမည် မဟုတ်ချေ၊ သင်ပြသောဆရာ့အပေါ်မှာ ဂါရဝ,နိဝါတ တရားကိုရှေ့ ထား၍သင်ကြားရာ၏။

မာန်မာနရှိလျှင် ရှက်သလို, ကြောက်သလိုပြုလုပ်၍ နေတတ်လေ ၏၊ သို့ဖြစ်၍ မာန်မာနသည် ပညာ၏ ရန်သူကြီး-ဟူ၍ငင်း ဆိုကြလေ သည်၊ မာန်မာနခုခံ၍နေလျှင် ပညာသည်တတ်သင့်သလောက်မတတ် ဘဲရှိတတ်လေ၏၊ ပညာသင်ကြားချိန်အခါ အဝတ်အစား အဆောင် အရွက်များကို တခမ်းတနားကြွားကြွားဝါဝါ မပြုထိုက်ချေ၊ အဝတ် အစား မပြောင်မလက်သည့် အတွက်နှင့် ပညာသင်ကြားရန် ရှက် ကြောက်သည်-ဟူ၍ လည်း မငြင်းဆန်သာချေ၊ ယခုအခါ အင်္ဂလိပ် ပညာသင်ကျောင်းမှာ နေထိုင်ကြသော ကျောင်းသား သူငယ်တို့သည် အဝတ်အစားကိုများစွာ ဂရုစိုက်၍ အတုအပများ ပြုလုပ်တတ်ကြကုန် ၏၊ ပညာအရေးထက် အဝတ်တန်ဆာအရေးကို အထူးဂရုစိုက်သလို ပင် ဖြစ်နေကြကုန်သည်။

လိုအဝတ်အစားများသည် မိဘတို့က ထောက်ပင့်ရသော အရာ များသာ ဖြစ်ချေ၏၊ မိမိတို့အစွမ်းသတ္တိနှင့် ရှာကြံ၍ရသော အရာ များမဟုတ်ကြလေကုန်၊ မိဘတို့မှာ ပညာသင်ကြားရသော စရိတ် အပြင် အဝတ်အစားစရိတ်များကိုလည်း ကုန်ကျခံရလေကုန်၏၊အဝတ် အစားဘက်သို့ ပညာသင်ကြားရင်းဂရုစိုက်နေလျှင် စိတ်မြင့်၍ ပညာ ဘက်မှာ ဝီရိယလျော့ပါးတတ်လေသည်၊ ပစ္စည်းဥစ္စာများစွာ မရှိသော သူတို့လည်း ပစ္စည်းရှိ၍ အဝတ်အစားပြောင်လက်သော သူငယ်တို့ကို အတုခိုး၍ ဝတ်ချင်စားချင်ဖြစ်တတ်ကြကုန်သည်၊ ထို့ကြောင့် ပညာ သင်ကြားရင်း အဝတ်အစားကို အထူးဂရုစိုက်ထုတ်၍ ဝတ်ဆင်ခြင်း သည် သူတပါးတို့အားလည်း ကြွားဝါခြင်းကို နည်းပေးသကဲ့သို့ဖြစ် တတ်လေသည့်ပြင် မိမိတို့ဘမိတို့အားလည်း ငွေများစွာကုန်အောင် ပြုလုပ်ခြင်း တနည်းဖြစ်လေ၏။

ပညာချင်းဂုဏ်ပြိုင်သင်လျှင်တက်မြောက်လွယ်၏၊အဝတ်အစားပြိုင်း ဂုဏ်ပြိုင်လျှင် ပညာကို ဆုတ်ယုတ်စေတတ်လေ၏၊ အဝတ်အစားချင်း ကြွားဝါခြင်းသည် မာန်မာနကိုအားပေးတတ်၏၊ ထိုမာန်မာနသည် ပညာ၏ အန္တရာယ်ဖြစ်၏၊ သို့ဖြစ်၍မိဘဖြစ်သူတို့ကလည်း ပညာသင် ကြားစဉ်အခါ သားသမီးတို့ အဝတ်အစားစသော မာန်မာနတက်ကြွ ဘွယ်,စိတ်ပြောင်းဘွယ် အရေးဖြင့် အားမပေးကြဘဲ သင့်လျော်စွာ၎င့် ပညာတတ်မြောက်ဘို့ အရေးကိုသာလျှင် အားပေးသင့်ပေသည်၊ ပညာ သင်သည့်အခိုက်မှာ ကိုယ်နှင့်စိတ်များကို နှိမ့်ချနိုင်သမျှ နှိမ့်ချထား ရာ၏၊ ထိုသို့ နှိမ့်ချမှုအတွက်နှင့် ရှက်သည်-ဟူ၍လည်း မရှိစေရာ၊ ထိုသို့ပညာသင်ခိုက်မှာ နှိမ့်ချလေသမျှသည် နောင်အခါ ပညာတတ် မြောက်၍ ကြီးမြင့်ဘို့ရန်သာ ဖြစ်လေသည်၊ သို့ဖြစ်လေသောကြောင့် ပညာသင်ကြားသောအခါ အရှက်အကြောက်များနှင့် ကြွားဝါခြင်း မာန်မာနများကိုရှောင်ရှားဖယ်ကြကုန်ရာ၏။

၃။ "စားဘွယ်သောက်ရေး၌ မရှက်မကြောက်"ဟူသော တတိယ အချက်၌ မိမိကိုမေတ္တာရှိ၍ ကျွေးမွေးသောအခါ၌ တရားသဖြင့် ဂါးပွဲ သောက်ပွဲနှင့် တွေ့သည်ဖြစ်စေ၊ မစားဝံ့မသောက်ဝံ့ဘဲ ရှက်ကြောက်၍ နေလျှင် မိမိစားသင့်လျက် မစားရဘဲ မွတ်သိပ်ဆာလောင်ခြင်းဖြစ်၍ နေရတတ်လေသည်၊ သို့ရာတွင်အရာရာတိုင်းမှာ အစား အသောက် အတွက်မရှက်နှင့်-ဟူ၍ဆိုလိုသည်မဟုတ်၊ဌာနာဌာနဉာဏ်ဖြင့်ရှက်သင့်, မရှက်သင့်ကိုလည်းဆင်ခြင်စဉ်းစားသင့်လေသည်၊ အစားအသောက် ရဲလွန်းကလည်း အရှက်ကွဲတတ်သော အရာများလည်းရှိသေး၏၊ ထို စားသောက်ခြင်းများသည် အလှစား, အငစား, အဝစား-ဟူ၍ သုံးမျိုး ရှိလေသည်၊ အချို့နေရာမှာ သင့်တင့်လှပရုံမျှသာစားရာ၏၊ အစားမရဲ လွန်းရာ၊ အချို့နေရာမှာ လောက်ရုံရုံ မျှမျှတတစားရာသည်၊ အချို့ နေရာမှာမူကား-ရဲရဲဝံ့ဝံ့ဝလင်လင်စားရာ၏။

၄။ "ပရိသတ် အလယ်တွင် ပြောဆိုသော အခါ အရှက် အကြောက်မရှိစေရာ" ဆိုသောစကား၌-မိမိပြောဆိုခွင့် ကြုံသော အ ခါ ရဲဝံ့စွာပြောဆိုရာ၏၊ပရိသတ်ကိုရှက်ကြောက်၍မနေရာ၊ ပရိသတ်ကို ရှက်ကြောက်၍နေလျှင် မိမိပြောမည့် အရာအချက်များသည်ပင် မေ့

လျှော့ပျောက်ကွယ်၍သွားတတ်လေသည်၊ပရိသတ်အလယ်မှာ မိမိပြော ဆိုခွင့်ရှိပါလျက် ရှက်ကြောက်သဖြင့် ပရိသတ်ကိုလန့်၍ မပြောဘဲနေ လျှင် တရံတခါ မိမိအကျိုးများပျက်ပြားတတ်လေသေးသည်၊ပရိသတ် ပွဲလယ်၌ တင့်တယ်ရဲရင့်စွာ ပြောဆိုတတ်သောသူသည် လောကတွင် ဂုဏ်ကြက်သရေရှိ၍ ကျော်စောထင်ရှားခြင်းကို ဖြစ်စေတတ်၏။

ယခုအခါ အစည်းအဝေးများစွာကိုပြုလုပ်၍ ပြောဆိုကြသော အ လေ့အလာကို လိုက်နာလျက်ရှိကြကုန်၏၊ ထိုပရိသတ် အစည်းအဝေး များမှာ အချက်ကျကျနှင့် ရဲရဲရင့်ရင့်ပြောဆိုလိုက်သောအခါ ထိုသူ၏ စကားကို အများလိုက်နာတတ်ကြကုန်၏၊ထိုသူသည် တွင်ကျယ်ပြီးလျှင် မိမိအလိုရှိသော အမှုကိစ္စများကို စီမံဆောင်ရွက်နိုင်လေ၏၊အချို့သော သူတို့သည် အမြော်အမြင်အဆင်အခြင် ပညာနှင့် ပြည့်စုံသည်ဖြစ်ပါ လျက်ပရိသတ်ထဲမှာ ပြောဆိုရန်မရဲမဝံ့ရှက်ကြောက်၍ နေခြင်းကြောင့် ကျော်စောထင်ရှားတန်သလောက်မကျော်စောဘဲ မြုပ်၍နေတတ်ကြ ကုန်၏၊စကားပြောရဲရင့်ခြင်းနှင့်ပညာတတ်မြောက်ခြင်းသည် တလမ်း စီဖြစ်၍နေ၏၊ပညာလည်းတတ်မြောက်, အပြောအဆိုလည်း ရဲရင့်ပါမူ ကား-များစွာသင့်လျော်လေသည်။

အချို့သောရဟန်းတော်များသည် ပိဋကတ်ကျမ်းဂန် တတ်မြောက် ပါလျက်နှင့်ပရိသတ်မရဲသည့်အတွက်ကြောင့် ဟောပြောခြင်းကို မစွမ်း ဆောင်နိုင်ဘဲ ရှိနေကြကုန်၏၊ပရိသတ်ထဲမှာ ဝင်စရှိပါမှလည်း ရဲရဲဝံ့ဝံ့ ပြောဆိုတတ်လေသည်၊ပရိသတ်ထဲသို့ဝင်စမရှိလျှင် မရဲရင့်ဘဲ ကြာလေ ကြာလေ အပြောအဆိုနှုတ်မတက်ဘဲရှိလေသည်၊ပရိသတ်ထဲမှာစကား ပြောရဲရမည်ဆိုသော်လည်း ပြောဆိုရန်အကွက်မကျဘဲ မစပ်မဆိုင်ရာ ကိုရဲဝံ့စွာဝင်ရောက်ပြောဆိုရန်လည်း သင့်သည်မဟုတ်ချေ၊ ထိုသို့ပြော ဆိုလျှင် ပညာရှိတို့၏ကဲ့ရဲ့ဘွယ်သာဖြစ်၍ ကြားသောသူတို့က ရယ်တတ် ကြလေကုန်၏၊ထိုသို့အကွက်မကျရာ၌ စွက်ဖက်၍မရှက်မကြောက်ပြော ဆိုတတ်သောသူတို့လည်းရှိတတ်လေသည်၊ထိုသူများသည် စကားပြော ခြင်းထက်မပြောဘဲ ဆိတ်ဆိတ်နေခြင်းကသာလျှင် ကောင်းမွန်လေ၏။

အချို့ပညာမဲ့သောသူတို့လည်း ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ် စေ၊ ပရိသတ်အလယ်မှာ အသံကျယ်ကျယ်နှင့်ပြောလျှင် ပညာရှိထင်

တတ်ကြကုန်၏၊ရဲရင့်စွာပြောဆိုတတ်တိုင်းလည်း ကောင်းသည်မဟုတ်၊ မိုယ်းချိန်းသံကြားတိုင်း မိုယ်းရေမပါသကဲ့သို့တည်း၊ ပညာရှိ၍သာတိနှင့် စောင့်ရှောက်ပြီးလျှင် အချက်ကျကျ အခါအခွင့်သင့်လျော်စွာ ပြောဆို ပါမှ လူတိုင်းနှစ်သက်၍ ထိုသူ၏စကားကို လိုက်နာတတ်ကြကုန်သည်၊ **"ပညာရဲရင့် ပွဲလယ်တင့်"**ဆိုသောစကားပုံတခုရှိ၏၊ထိုစကားပုံ၏ဆိုလို ရင်းအဓိပ္ပါယ်မှာ ပညာနှင့်ပြည့်စုံ၍ ရဲလည်းရဲရင့်ပါလျှင် ပရိသတ်ပွဲ လယ်မှာ တင့်တယ်သောပုဂ္ဂိုလ်တဦးဖြစ်နိုင်သည်-ဟူ၍ ဆိုသည်။

ကျွန်ုပ်တို့သည်နှုတ်ဖြင့်နေ့စဉ်စကားအမျိုးစုံကိုပြောဆိုကြကုန်၏၊သို့ ရာတွင် စကားပြောဆိုမှုကို အဆုံးစွန်တတ်ပြီ-ဟူ၍ မည်သူမျှဝန်မခံနိုင် ကြချေ၊သို့ဖြစ်၍ ရှေးလူကြီးတို့က**"နေ့စဉ်ပြော၍မတတ်သည့်စကား၊နေ့စဉ် စား၍ မဝသည့်အစာ"** ဟူသော စကားကိုပြောစမှတ်ပြုကြလေသည်၊ သို့ ဖြစ်၍ စကားပြောဆိုမှုကို ဂရုစိုက်ထုတ်၍ လေ့ကျင့် သင်ကြားသင့်ကြ လေသည်၊ ပြောခွင့်ဆိုခွင့်ရှိသောအခါတွင်လည်း ရဲရင့်စွာပြောဆိုသင့် ကြလေသည်၊ထိုသို့ရဲရင့်စွာပြောဆိုရာ၌ အနှစ်သာရရှိ၍ လူပို၏နားအာ ရသာကိုဖြစ်စေရန် ပညာဉာဏ်တည်းဟူသော အရင်းအနှီးကိုလည်း ရှာမှီးစုဆောင်း သင့်ကြပေသည်၊ ထိုသို့ ပညာဗဟုသုတနှင့် ပြည့်စုံ၍ အပြောအဆို ရဲရင့်သောအခါ "ပညာရဲရင့်ပွဲလယ်တင့်" ဆိုသော ပုဂ္ဂိုလ်အဖြစ်သို့ ရောက်နိုင်လိမ့်မည်ဖြစ်သတည်း။

မရှက်သင့်သောအရာ ၄-ပါးပြီး၏။

---

## ၂၀။ ရှောင်ကြဉ်အပ်သောအရပ် ၄-ပါး

ယသ္မိံ ဒေသေ န သမ္မာနံ၊ န ပီတိ န စ ဗန္ဓဝါ။
န္ စ ဝိဇ္ဇာဂမော ကောစိ၊ တံ ဒေသံ ပရိဝဇ္ဇယေ။ ။

**အနက်။** ယသ္မိံဒေသေ၊ အကြင်အရပ်ဌာနၥ္၌။ သမ္မာနံ၊ ပီတိကို ဂရုစိုက်၍အရေးပေးသင့်ပါလျက် ထိုကဲ့သို့ အရေးတယူပြုလုပ်ခြင်းသည် လည်း။ နတ္ထိ၊ မရှိ။ ပီတိ၊ စိတ်ရွှင်လန်း၍ ချမ်းသာပြည့်လင်ခြင်းသည် လည်း။ နအတ္ထိ၊မရှိ။ ဗန္ဓဝါစ၊ မိတ်ဆွေခင်ပွန်းကောင်းတို့သည်လည်း။

နသန္တိ၊ မရှိကုန်။ ကောစိ၊ တစုံတခုသော။ ဝိဇ္ဇာဂမောစ၊ အတတ်ပညာ တတ်မြောက်တိုးပွားရာ အကြောင်းအချက်သည်လည်း။ နအတ္ထိ၊ မရှိ။ တံဒေသံ၊ထိုအရပ်ကို။ ပရိဝဇ္ဇယေ၊ရှောင်ကြဉ်ဖဲကွင်းရာ၏။

**ဆိုလိုရင်းမှာ။** အကြင်အရပ်ဌာန၌ မိမိကိုအရေးပြု၍ ဂရုမစိုက်၊ စိတ်လက်ရွှင်လန်း၍ ချမ်းသာ ကြည်လင်ခြင်းလည်းမရှိ၊ မိတ်ဆွေကောင်းလည်းမရှိ၊ အတတ်ပညာတိုးတက်တတ်မြောက်ရန်လမ်းလည်း မရှိ၊ ဤကဲ့သို့သောအရပ်ကို ဝေးစွာရှောင်ကြဉ်ရမည်-ဟူ၍ဆိုလိုသည်။

**ဆောင်ပုဒ်လင်္ကာ**

မြတ်နိုးသင့်လျက်၊ အခွင့်မပေး၊ အလေးမမူ၊ကြည်ဖြူချမ်းသာ၊ကင်းကွာလေတောင်း၊ မိတ်ကောင်းမမြင်၊ သွန်သင်လိမ်မာ၊ ပညာမပွား၊ ဤလေးပါးကြောင့်၊ လွတ်ရှားကင်းကွာ၊ရွှေ့ပြောင်းရာသည်၊ တွယ်တာမနေသင့်ပေတည်း။

**အဓိပ္ပါယ်အကျယ်**

၁။ အကြင်အရပ်ဌာနမှာ မိမိ၏ဂုဏ်ရည်အစွမ်းများသည် ထွန်းကားတန်သမျှ ထွန်းကားသင့်ပါလျက် မထွန်းကားဘဲရှိနေ၏၊ မိမိတွင်ကျယ်ထိုက်သမျှမတွင်ကျယ်ဘဲ မြုပ်တိမ်၍နေ၏၊ မိမိကိုအရေးယူထိုက်တန်သမျှ အရေးမယူဘဲ, အလေးမပြုကြဘဲ သာမန်အမှတ်တမဲ့အားဖြင့်သာလျှင်နေရ၏၊ မိမိရှိရင်းဂုဏ်ထက် ယုတ်လျော့ညံ့ဖျင်းစွာနေထိုင်ရ၏၊ မိမိနှင့်မမျှသောအခြေအနေဖြင့်တည်နေရ၏၊ ထိုကဲ့သို့အထူးအထွေမသိတတ်သောအရပ်ဌာနမှာတွယ်တာခင်မင်စွာနှင့်နေထိုင်မှီဝဲခြင်းကိုမပြုရာ၊ ဖဲခွါ၍ သင့်သောအရပ်တပါးသို့သာ သွားသင့်လေ၏။

**ဥပမာ။** တဦးသောပုဂ္ဂိုလ်သည် ဉာဏ်ပညာ,သီလ, သမာဓိနှင့်ပြည့်စုံ၍ သူနှင့်ထိုက်တန်သလောက် လူများစွာတို့၏ မှီခိုဆည်းကပ်ခြင်းငှါထိုက်၏၊ အထိုက်အလျောက်မြတ်နိုးထိုက်၏၊ ထိုသို့ဖြစ်သော်လည်း ထိုအရပ်မှာရှိသော လူအပေါင်းတို့သည် ထိုပုဂ္ဂိုလ်အားမြတ်နိုးခြင်း,အရေးစိုက်ခြင်းကိုမပြုကြကုန်၊ သာမန် အမှတ်မဲ့အားဖြင့်သာလျှင် နေထိုင်ကြလေကုန်၏၊ ထိုကဲ့သို့ဖြစ်နေသောအရပ်ဌာနမှာ ကြာရှည်စွဲမြဲစွာနေထိုင်ရန်သင့်သည်မဟုတ်ချေ။

များ,ပိတုန်းအပေါင်းတို့သည် ပန်းဝတ်ရည်အရသာကို အလိုရှိကြကုန်ဘိသကဲ့သို့ လူအပေါင်းတို့သည် မိမိနှင့်ကိုက်ပန်သင့်သောဂုဏ်ကိုအလိုရှိကြစမြဲဖြစ်၏၊ မိမိအပေါ်၌ အရေးစိုက်ခြင်း, ဂရုပြုခြင်းများကိုလည်း ထိုက်သည်အားလျော်စွာအလိုရှိကြစမြဲဖြစ်ချေသည်၊ လူဖြစ်လာကြသောအခါ ပညာသင်ကြားဆည်းပူးခြင်း, ဥစ္စာရှာမှီးခြင်းများသည် လောကပေါ်တွင်တည်နေသည့်အခါ အထိုက်အလျောက် ဂုဏ်ကြက်သရေနှင့် အတော်အတန်မြင့်သော အခြေအနေပေါ်မှာတည်၍နေထိုင်ကြရန်သာဖြစ်လေသည်၊ လူ့ဘဝမှာပိမိရထိုက်ခံစားဟန်သမျှဂုဏ်ကြက်သရေနှင့်မပြည့်စုံ၊ အခြေအနေ ပြောလောက်ဘွယ်မရှိဘဲလူရာမဝင်လူတန်းမစေ့သကဲ့သို့ နေထိုင်ရပါလျှင် တိရစ္ဆာန်သာသာဖြစ်သောလူရိုင်းတို့ နေထိုင်ခြင်းနှင့် ခြားနားကွဲလွဲခြင်းမရှိဘဲ ထပ်တူထပ်မျှသာအခြေအနေနိမ့်ကျစွာဖြစ်ပေလိမ့်မည်။

လူ့ပြည်လောကမှာ ဂုဏ်ကြက်သရေကို ရွှေ,ငွေ ရတနာတို့ထက်ပင် အလေးအမြတ်ပြုလုပ်ထိုက်သော အရာဖြစ်လေ၏၊ ဂုဏ်ကြက်သရေမည်သည် အထည်ဒြပ်အားဖြင့် မည်ရွေ့မည်မျှ ပမာဏရှိသည်-ဟုပြောဆိုခြင်းငှါ မထိုက်သော သဘာဝမျိုးဖြစ်သော်လည်း ဂုဏ်၏အရှိန်တန်ခိုးသည် ပမာဏအားဖြင့် နှိုင်းဆချင့်ချိန်၍မရနိုင်အောင်ကြီးကျယ်သော အစွမ်းသတ္တိရှိလေ၏၊ မြတ်စွာဘုရား၏ ဂုဏ်ကြက်သရေဟော်မှာမူကား-အထက်အောက်ဖီလာအားဖြင့် အဆုံးမရှိပျံ့နှံ့၍ ကြီးကျယ်လေသည်၊ မြတ်စွာဘုရား ကိုယ်တော်တိုင်ပင် ပရိနိဗ္ဗာန်စံလွန်ပြောင်းကြွတော်မူလေသော်လည်း ဂုဏ်တော် အရှိန်အဟုန်များသည်ယခုထက်တိုင်အောင် ပျံ့နှံ့ခြင်းကြီးပျံ့နှံ့၍ လောကတွင်မှာ အစဉ်မပြတ် ရိုက်ခတ်မြည်ဟီးလျက်ပင် ရှိနေလေသည်၊ မြတ်စွာဘုရားဂုဏ်တော်သည် အလုံးစုံသော လောကတွင် အကြီးကျယ်ဆုံးဖြစ်လေ၏။

လူအပေါင်းတို့တွင် စကြာဝတေးမင်း၏ ဂုဏ်သည် အကြီးကျယ်ဆုံးဖြစ်၏၊ ထိုမှအောက်၌ အရောက်အရောက် ထိုက်သည့်အားလျော်စွာ အလွန်တရာဆင်းရဲသော သူသို့တိုင်ရောက်အောင် ကိုယ်စီကိုယ်ငံဂုဏ်ရှိကြလေကုန်၏၊ ကံ, ဉာဏ်,ဝီရိယ ဆိုသော တရားများသည် ဂုဏ်ကြက်သရေကို ထုထောင်၍ ပေးတတ်ကြကုန်၏၊ ရွှေ, ငွေပစ္စည်းတို့ဖြင့်

ဂုဏ်ကြက်သရေကို ဝယ်ယူရရှိနိုင်သည် မဟုတ်ချေ၊ မိမိကိုယ်တွင်း သန္တာန်မှာရှိသော ကံ, ဉာဏ်, ဝီရိယတို့ဖြင့်သာလျှင် ဂုဏ်ကြက်သရေမျိုးကို စိုက်ပျိုး၍ ယူနိုင်လေ၏။

မိမိသန္တာန်မှာ ကံ, ဉာဏ်, ဝီရိယတို့ဖြင့် စိုက်ပျိုးထူထောင်၍ ထားပြီးသော အထိုက်အလျောက် ဂုဏ်ကြက်သရေများ ရှိနေပါသော်လည်း အကြင်အရပ်ဌာန၌ ထိုဂုဏ်ကြက်သရေအတွက် တစုံတရာမျှ အစွန်းအစမထွက်ဘဲ တိမ်မြုပ်၍နေလေ၏၊ မည်သူမျှ ဂရုမစိုက်ကြ၊ အရေးမယူကြ၊ ဂုဏ်ကြက်သရေမဲ့သောသူ, ပညာမရှိသော သူတို့နှင့် မထူးခြား၊ သာမညအစားထဲကသာကျ၍ နေရ၏၊ ထိုအရပ် ဌာနမှာ မနေထိုင်ရာ၊ ဖဲကြဉ်ခွါသွားရာ၏-ဟူ၍ စာဏကျဆရာကြီး ဆုံးမချက်ထားခဲ့လေသည်။

သတ္တနိပါတ် နေရှဇာတ်တော်မှာလည်း တကိုယ်လုံး ရွှေအဆင်းပြကတိရှိသော ဟသ်ာမင်းသည် အခြားအရပ်ဌာနမှာ ငှက်ပေါင်းများ စွာတို့၏ အရှိအသေပြုခြင်း, ဂရုစိုက်ခြင်း, အလေးမူခြင်းကို ခံရမြဲဖြစ်၏၊ တရံရောအခါ နေရှမည်သော ရွှေတောင်ကြီးသို့ သွားရောက်လေရာ ရွှေတောင်၏ အရှိန်အဝါကြောင့် ငှက်ပေါင်းများစွာတို့သည် တဦးနှင့် တဦးထူးခြားကွဲလွဲခြင်းမရှိဘဲ ရွှေအတိပြီးသော သတ္တဝါတို့သာ ဖြစ်ကြလေကုန်၏၊ အယုတ်သဖြင့် ကျီး, လင်းတတို့ပင် သော်လည်း ရွှေကျီး, ရွှေလင်းတတို့သာဖြစ်ကြလေကုန်၏၊ အလုံးစုံအတူ အမျှသာလျှင် ဖြစ်နေကြကုန်သောကြောင့် မည်သူ့ကိုမှ မည်သူက အလေးဂရုပြုလုပ်ရန် အကြောင်းမရှိဖြစ်ကြလေ၏။

ထို့ကြောင့် အရပ်ရပ်တိုင်းမှာ ပူဇော်သက္ကာကို ခံနေကြဖြစ်သော ရွှေဟသ်ာမင်းသည် ဤတောင်၌ နေထိုင်သဖြင့် မိမိဂုဏ်ကြက်သရေ မရှိကြောင်းကို သိရှိသဖြင့် မကြာမီဘုရားအလောင်းသည် ရွှေတောင်ကြီးမှ ခွါထွက်၍သွားလေသည်၊ ဤနေရှဇာတ်ကိုရည်၍-

ရွှေတောင်မစံ၊ ဟသ်ာပျံ အကြံမည်သို့ရှိသနည်း။

ဟူ၍စွယ်စုံကျော်ထင်မှာ စပ်ဆိုလေသည်၊ တိဏ္ဍုကပျို၌လည်း-

ထိုက်လိုက်မချင့်၊အမျှကျင့်သို့၊ ရောက်လင့်များစွာ၊ သဟ္ဘဝါ
ဗိုလ်လူ၊ထိုထိုသူအား၊ထပ်တူမရွှင်း၊အဆင်းရွှေတိ၊ပြီးဗောဓိ၏၊
ဗောဓိအကုံ၊ယူဆုသန်စွာ၊ရွှေဟသ်ာလျှင်၊ဤမှာငါ့အား၊ မပယ်း
ခြား-ဟု၊ ပစ်သွားစွန့်ရှောင်—

ဟူ၍ စပ်ဆိုတော်မူလေသည်၊ ယခင်နေရဇာတ်၌လည်း အကြင်
အရပ်မှာ ဂုဏ်ရှိဂုဏ်မဲ့, ပညာရှိပညာမဲ့-ဟူ၍ အထူးပြု၍ အလေးမမူ
တတ်၊ ယုတ်မြတ်ယောင်မှားလျက်ရှိ၏၊ ပညာရှိဂုဏ်ရှင်ကိုသော်လည်း
နှိမ့်ချ၍ထားတတ်၏၊ဂုဏ်ကင်းသောပညာမဲ့ကိုသော်လည်းအလေးမူ၍
နေတတ်၏၊ ထိုအရပ်တွင် အလျဉ်းမနေရာ-ဟူသော အဓိပ္ပါယ်ဖြင့်
အောက်၌ပါရှိသောဂါထာကို ဟောကြားတော်မူသည်။

အမာနနာ ယတ္ထ သိယာ၊သန္တာနံ ဝါ ဝိမာနနာ။
ဟီနသမ္မာနနာဝါပိ၊န တတ္ထ ဝသတိံ ဝသေ။ ။

**အနက်။** ယတ္ထ၊အကြင်အရပ်၌။ အမာနနာ၊ ဂုဏ်ရှိ,ဂုဏ်မဲ့ဟူ၍
ထူးခြား၍ အလေးမမူတတ် ယုတ်မြတ်ရောနှောခြင်းသည်။ သိယာ၊ဖြစ်
ရာ၏။ သန္တာနံဝါ၊ ပညာရှိသူတော်ကောင်းတို့ကိုမူလည်း။ ဝိမာနနာ၊
လေးစားမပြု ဂရုမစိုက်ဘဲ နှိမ့်ချ၍ထားခြင်းသည်လည်း။သိယာ၊ဖြစ်ရာ
၏။ ဟီနသမ္မာနနာဝါပိ၊ သူယုတ်မာပညာမဲ့ကို ချီးမြှောက်အားကိုး
မြတ်နိုးရိုသေပြုခြင်းသည်လည်း။သိယာ၊ဖြစ်ရာ၏။ တတ္ထ၊ထိုယုတ်မြတ်
မထားသောအရပ်ဌာန၌။ဝသတိံ၊နေခြင်းကို။နဝသေ၊မနေရာ။

ဤအကြောင်းအချက်များကို ထောက်ထား ဆင်ခြင်ပြီးလျှင် မိမိ
ဂုဏ်ကြက်သရေရှိတန်သမျှ ဂုဏ်မရှိ၊ မိမိအရာရောက်တန်သမျှ အရာမ
ရောက်၊ မိမိအခွင့်ရတန်သမျှအခွင့်မရ၊ မိမိကိုအရေးယူတန်သလောက်
အရေးမယူ, အလေးမမူ, ဂရုမစိုက်သောအရပ်ဌာနများမှာ နေထိုင်
ခြင်းမပြုဘဲသင့်လျော်ရာဌာနသို့ဖဲခွါပြောင်းရွှေ့ရာသည်၊သို့သော်လည်း
မိမိမှာတစုံတရာပညာမရှိဘဲ, တစုံတရာဂုဏ်ကြက်သရေမရှိဘဲ,တစုံတ
ရာသိက္ခာသမာဓိမရှိဘဲလူအများတို့၏မြတ်နိုးခြင်း,ရိုသေခြင်း,အရေး
ယူခြင်းကိုခံလိုသော်လည်း သင့်လျော်သည်မဟုတ်ချေ။

အချို့သောသူတို့သည် မိမိပမာဏကိုမသိဘဲ ဆူ, ကြုံ, နိမ့်, မြင့်မထောက်မထား၊ ဂုဏ်ပကာသနများစွာကို အလိုရှိတတ်ကုန်၏၊ မိမိအရာမဟုတ်ဘဲနှင့် အရာတွင်ကျယ်ချင်၏၊ မိမိအခြေအနေ ပညာဂုဏ်သိမ်နှင့်မမျှသောဌာနသို့လည်း တက်ချင်တတ်၏၊ ထိုသို့ဖြစ်ခြင်းမှာ အမြော်အမြင်ကြီးမားသောသူတို့၏ ရယ်ဘွယ်မျှသာဖြစ်ပေလိမ့်မည်၊ ပညာနှင့်ဂုဏ်ကြက်သရေဆိုသောအရာသည် သူ့ဌာနနှင့်သူ ပိုင်းခြားကန့်သတ်လျက်ရှိလေ၏၊အရာဌာနတိုင်း၌ သက်ဆိုင်သည်မဟုတ်ချေ၊ဥပမာဆေးဝါး,ခတ်စာကုသပေးကမ်းမှု၌ လိမ်မာ၍ ပညာရှိအခေါ်ခံရသောသူသည် အရာရာတိုင်းမှာတွင်ကျယ်ချင်၍ နေရာကျမည်မဟုတ်၊သူနှင့်သက်ဆိုင်သောဆေးဝါး,ခတ်စာဌာနမှာသာလျှင် တွင်ကျယ်သင့်လေသည်။

မြန်မာစာပေပညာသက်သက် ပိဋကတ်သုံးပုံတတ်မြောက်၍ ပညာရှိဆိုသော်လည်း အင်္ဂလိပ်စာကို သင်ကြားပြောဆို နှီးနှောကြရာ၌ ဝင်ရောက်စွက်ဘက်ရန် အကြောင်းမရှိ၊ အင်္ဂလိပ်စာ သက်သက်တတ်မြောက်၍ အတန်းကုန်ပေါက်ရောက်နေသောသူသည်လည်း ဗုဒ္ဓဘာသာတရားဓမ္မအနက်အနဲများကို ဆွေးနွေးပြောကြားရာ၌ ဝင်ရောက်စွက်ဘက်ရန်အရာမဟုတ်ချေ၊သို့ဖြစ်၍ မည်သည့်အရပ်ဌာနမျိုးမှာမဆိုကိုယ်နှင့်သက်ဆိုင်သော စည်းကမ်းအပိုင်းအခြားများရှိကြလေ၏၊ မိမိစည်းကမ်းအတွင်းမှာသာ မိမိတွင်ကျယ်ရ၍ ဂုဏ်ရှိရန်အကြောင်း ရှိလေသည်၊ စည်းကမ်းပြင်ဘက်ကိုကျော်လွန်လျှင် နယ်ကျူးသည့် အတွက် အချက်မကျဘဲ **"ထိုင်နေ အကောင်းသား၊ ထသွားမှ ကျိုးမှန်းသိ"** ဆိုသကဲ့သို့ ဖြစ်တတ်ချေသည်။

သို့ဖြစ်၍ ဂုဏ်ကြက်သရေကို လိုလားသော်လည်း မိမိအရာဌာနအားလျော်စွာသာလျှင် လိုလားနှစ်သက်သင့်လေသည်။

၂။ "ချမ်းသာသုခနှင့် နှစ်သက်ခြင်း-ပီတိကိုမရမရှိသော အရပ်ဌာနမှာမနေရာ"ဆိုသော ဒုတိယအချက်၌-အကြင်အရပ်ဌာနမှာနေထိုင်သောအခါ စိတ်ပူပန်ဘွယ်အကြောင်းတွေများပြား၍ ကိုယ်စိတ်နှစ်ပါးချမ်းသာအေးကြည်ခြင်းကိုမရနိုင်၊ထိုကဲ့သို့သောအရပ်ဌာနမှာနေထိုင်ရန်သင့်လျော်သည်မဟုတ်ချေ၊ စိတ်မချမ်းမသာခြင်း၏ အကြောင်းတို့သည်ကား-လွန်စွာများပြား၍ နယ်ကျယ်၏။

၁။ မိမိကြီးစည်လုပ်ကိုင်သော စီးပွားလမ်းများ မဖြစ်ထွန်းဘဲ ပျက်စီးဆုတ်ယုတ်သဖြင့် စိတ်ဒုက္ခရောက်ရခြင်း,

၂။ မိမိအကျိုးစီးပွါးကို လိုလားသူမဟုတ်၊ ပျက်စီးနစ်နာအောင် အချက်ရှာတတ်သောသူတို့၏ အလယ်မှာနေရပိုင်သဖြင့် စိတ်နှလုံးမချမ်းသာခြင်း,

၃။ ဘေးဥပါဒ်အန္တရာယ် ငြိတွယ်ကပ်ရောက်လေ့ရှိသဖြင့် စိတ်မချမ်းသာခြင်း,

၄။ မိမိအလိုဆန္ဒအလျောက် အောင်မြင် ပေါက်ရောက်အောင် လုပ်ဆောင်ခွင့်ကိုမရ၍ စိတ်နှလုံးမချမ်းသာခြင်း,

၅။ မိမိ၌ရှက်ကြောက်ဘွယ် အကြောင်းကခုရှိသဖြင့် စိတ်မချမ်းသာခြင်း,

၆။ အစားဆန်ရေနှင့်တကွ ဥတုသပ္ပါယမျှတခြင်းမရှိသဖြင့် စိတ်ဒုက္ခရောက်ရခြင်း,

ဤသို့စသည်ဖြင့် စိတ်မချမ်းမသာဖြစ်ဘို့ရန် အကြောင်းတို့သည် အပေါင်းများစွာရှိနေကြဟုန်၏၊ ထိုကဲ့သို့ စိတ်မချမ်းမသာစရာ အကြောင်းပေါင်းများစွာရှိနေသော အရပ်ဌာနမှာ နေထိုင်သည်ရှိသော် မိမိ၏ဘေးဥပါဒ်ဖြစ်ပေါ်သည့်တိုင်အောင် တိုး၍တိုး၍ ဆင်းရဲစေတတ်သောကြောင့် ထိုအရပ်ဌာနတွင် နေထိုင်ခြင်းကိုမပြုရာ၊ စိတ်ချမ်းသာမည်ထင်သော အရပ်ဌာနသို့ ရွှေ့ပြောင်းနေထိုင်ရာ၏၊ လူတို့၏ချမ်းသာသုခဆိုသည်မှာ စင်စစ်အားဖြင့် ဘွေရှာထောက်လှမ်းသည်ရှိသော် မိမိကိုယ်တွင်းမှာရှိသောစိတ်၌ သုခသောမနဿ, ပီတိပါမောဇ္ဇဖြစ်ပေါ်၍ အေးမြကြည်လင်ခြင်းကိုသာ ဆိုရလေသည်။

အပဗဟိဒ္ဓ၌ ရှိနေသောပစ္စည်းဥစ္စာများကို စင်စစ်အဘိဓမ္မာနည်းအားဖြင့် ချမ်းသာသုခဟူ၍ ဆိုရသည်မဟုတ်၊ စိတ်ချမ်းသာဘို့ရာ အကြောင်းမျှတို့သာ ဖြစ်ကြလေကုန်သည်၊သို့ဖြစ်၍ ပစ္စည်းဥစ္စာတို့ကဲ့ထက် ထောက်ထားခြင်းထက်မိမိအဇ္ဈတ္တသန္တာန်မှာရှိသော စိတ်ချမ်းသာမှုကိုသာ အထူးဂရုပြုသင့်လေသည်၊စိတ်မချမ်းသာခြင်းများလျှင် အတန်ကာလကြာသော် ရုပ်သို့ထိခိုက်၍မကျန်းမာခြင်း, ညှိုးကြုံကြောက်ရွံ့နိုး

ခြင်းများကိုလည်း ဖြစ်စေတတ်သည့်ပြင် ထိုထက်ပြင်းထန်၍လာသော အခါ အသက်ကိုပင်ရန်ရှာလေ၏။

ပစ္စည်းဥစ္စာ ပေါများစွာပင်မရှိစေကာမူ အထိုက်အလျောက်ရရှိသမျှနှင့် တင်းတိမ်ရောင့်ရဲပြီးလျှင် စိတ်အေးလက်အေးချမ်းသာကြည်လင်စွာ နေထိုင်သောအခါ လူ့ဘုံ၌ဖြစ်သောကာယသုခ, စိတ္တသုခနှစ်ပါးကိုပင်လျှင် လူ့ချမ်းသာဟူ၍ခေါ်ဆိုရလေသည်၊ ပစ္စည်းဥစ္စာ,ရွှေရံသင်းပင်းတို့ကို တိုက်ရိုက်အားဖြင့် လူ့ချမ်းသာဟူ၍မဆိုနိုင်၊ ဥပထမ္ဘကအနေ,ဥပစာရအနေအားဖြင့်သာလျှင် လူ့ချမ်းသာဟူ၍ခေါ်ဝေါ်သမုတ်ရလေ၏၊ ထို့ကြောင့် သားမယား,ဥစ္စာပစ္စည်းများထက် မိမိစိတ်ချမ်းသာရန်အကြောင်းကိုသာ ကောင်းစွာ စောင့်ရှောက်တွယ်တာ၍နေရာ၏၊ အရပ်ဌာနကိုတွယ်တာ၍ နေခြင်းများကိုမပြုရာ၊ ဤအကြောင်းနှင့်စပ်လျဉ်း၍ စာဏကျ ဆရာကြီးသည်ပင်လျှင် အောက်၌ပါသောဂါထာကိုမိန့်ဆိုလေသည်။

အာပဒတ္ထံ ဓနံ ရက္ခေ၊ ဒါရေ ရက္ခေ ဓနေဟိပိ။
အတ္တာနံ သတတံ ရက္ခေ၊ ဒါရေဟိပိ ဓနေဟိပိ။ ။

**အနက်**။ အာပဒတ္ထံ၊ ဘေးရန်လာသော် ကွယ်ကာသုံးဆောင်ရန်အလို့ငှါ။ ဓနံ၊ ဥစ္စာပစ္စည်းကို။ ရက္ခေ၊ စောင့်ရှောက်သိမ်းဆည်းရာ၏။ ဒါရေ၊ သားမယားတို့ကို။ဓနေဟိပိ၊ ဥစ္စာပစ္စည်းတို့ထက်လည်း။ ရက္ခေ၊ စောင့်ရှောက်ရာ၏။ အတ္တာနံ၊မိမိကိုယ်ကိုမူကား။ ဒါရေဟိပိ၊ သားမယားတို့ထက်ငင်း။ ဓနေဟိပိ၊ဥစ္စာပစ္စည်းတို့ထက်ငင်း။သတတံ၊ အမြဲမပြတ် ကျပ်တည်းလုံလောက်စွာ။ ရက္ခေ၊အထူးစောင့်ရှောက်ရာသတည်း။

တစုံတရာ အရေးရှိသော အခါမှာဖြစ်စေ၊ သုံးစွဲရန် ကိစ္စပေါ်ပေါက်သောအခါမှာဖြစ်စေ၊အကူအညီအထောက်အပံ့ကို ရရှိစေရန် ဥစ္စာပစ္စည်းကို သိမ်းဆည်း စောင့်ရှောက်ရာ၏၊ သားမယားများကို ဥစ္စာပစ္စည်းထက်စောင့်ရှောက်ရာ၏၊ မိမိကိုယ်ကိုမူကား ဥစ္စာရွှေငွေ,ဆန်ရေစပါး,သားမယားတို့ထက် စောင့်ရှောက်ရာ၏-ဟူ၍ဆိုလိုသည်၊ သို့ဖြစ်၍ မိမိကိုယ်ရေးအတွက် စိတ်လက်မချမ်းမသာဘွယ် ကြီးကျယ်ပေါ်များပါလျှင် ထိုအရပ်မှစွန့်ခွါရှောင်ထွက်ရာ၏၊ ငဲ့ကွက်၍မနေရာ။

၃။ "မိတ်ဆွေကောင်းမရှိသောအရပ်၌မနေရာ" ဟူသော တတိယအချက်၌-လောကီလူ့ဘောင် ဒိဋ္ဌိမ်ရာထောင်သောအခါ၌ နေထိုင်ကြသောအခါ မိတ်ဆွေခင်ပွန်းကောင်းကို အထူးပင်အလိုရှိအပ်လေ၏၊မိတ်ဆွေကောင်းဆိုသည်မှာ တရားသဖြင့်ချစ်ခင်၍ အချင်းချင်းအပေါ်မှာ အကျိုးစီးပွားကို လိုလားသောစိတ်ဖြင့် ပေါင်းသင်းဆက်ဆံသောပုဂ္ဂိုလ်တို့ကိုဆိုလိုသည်၊အကျိုးစီးပွားဥစ္စာဂုဏ်ကြက်သရေတည်းဟူသောအကျိုး,နောင်တမလွန်ဘဝ၌သုဂတိရပ်ဌာန် နိဗ္ဗာန်တိုင်အောင်ရောက်ရှိစေနိုင်သောအကျိုးဟူ၍ အကျိုးနှစ်မျိုးရှိလေသည်၊ ထိုအကျိုးနှစ်ပါးကို အနည်းနည်းအားဖြင့် ရရှိလေအောင်ကြံဆောင် ကူပင့်သောမိတ်ဆွေကို ကောင်းသောကလျာဏမိတ္တဟူ၍ ဆိုအပ်လေသည်။

ဤကဲ့သို့သော မိတ်ဆွေကောင်းနှင့် ပေါင်းသင်းဆက်ဆံရသောအခါ တစုံတရာ အကျိုးယုတ်လျော့ခြင်းမရှိဘဲ တိုးတက်ကြီးမားသောအကျိုးစီးပွားတို့ကိုသာ ရရှိစေတတ်လေ၏၊ မိတ်ဆွေကောင်းကဦးနှင့်အထူးချစ်ခင်စွာ ပေါင်းသင်းဆက်ဆံ မိသောအခါ "**တယောက်ကစပ်တရာ**"ဆိုသော စကားအတိုင်း အချင်းချင်း၏ ဂုဏ်ကျေးဇူးစကားကိုသာပြောကြားကြ၍ မိတ်ဆွေပေါင်းတရာကို ရရှိသည့်အပြင် အရာမကသော အကျိုးတို့ကိုလည်း ပြီးစီးစေနိုင်လေသည်၊ မိမိအင်အားနှင့်မကြံစည်နိုင်သောအရာပင် ဖြစ်စေကာမူ မိတ်ဆွေတို့နှင့် ပေါင်းသင်းဆက်စပ်၍ ကြံစည်ဆောင်ရွက်သည်ရှိသော် ပြီးစီးအောင်မြင်ခြင်းသို့ရောက်လေ၏။

ဇာတ်နိပါတ်တော်များ၌ ဤကဲ့သို့ မိတ်ဆွေခင်ပွန်းကောင်းများနှင့်ပေါင်းသင်းဆက်ဆံရခြင်းအားဖြင့် ကြီးမားသောအကျိုးတို့၏ ပြီးစီးကြောင်းကို များစွာဖော်ပြလျက်ရှိလေသည်၊ အလွန်သေးငယ်သောနံ့စုတ်ငှက်ကလေးပင်သော်မှလည်း မိတ်ဆွေအဖွဲ့ကောင်းသည့်အတွက်အလွန်ကြီးသောဆင်ကို အောင်နိုင်သာလွန်ဘူးလေသည်၊ မိတ်ဆွေပေါင်းသင်းရာတွင် ဂုဏ်တူမျှသောသူကိုသာပေါင်းသင်းမည်၊ ဂုဏ်ရှိသူကိုမှ ပေါင်းသင်းမည်၊ ဂုဏ်နိမ့်၍အောက်ကျသောသူကို မပေါင်းသင်းဟူ၍ ရွေးချယ်ခြင်းမပြုရာ၊ဆိုးယုတ်သောသဘောမရှိဘဲ ရိုးဖြောင့်သူမှန်ပါလျှင် အထိုက်အလျောက် ပေါင်းသင်းဆက်ဆံခြင်းကို ပြုရာ၏၊

''တဦးခေါင်းတပညာ''ဆိုသောစကားအတိုင်းတဦးဦးသောသူမှာထိုက်သည်အားလျော်စွာ တတ်ကျွမ်းလိမ်မာ၍ ဆောင်ရွက် သည်ပိုးနိုင်သော အချက်ကောင်းတခုခု ရှိတတ်လေသည်။

ဂုဏ်ကြီးသောသူများမဆောင်ရွက်နိုင်သော်လည်းအောက်ကျသောသူတို့ဆောင်ရွက်နိုင်သောအရာများလည်း ရှိတတ်လေသည်၊ဥပမာ-အလွန်အရောင်အဝါကြီးသောနေမင်းသည် ဝါးလုံးခေါင်းတွင်းသို့ဝင်၍ မထွန်းပနိုင်သော်လည်း ပိုးစုံးကြူးသည် ဝါးလုံးခေါင်းထဲသို့ဝင်၍ ထွန်းပနိုင်သကဲ့သို့တည်း၊ ဇာတ်တော်မှာ အလွန်ကြီးကျယ်သောသစ်ပင်ကို ဘုံဗိမာန်ပြုလုပ်၍ တန်ခိုးဣဒ္ဓိပါဒ်ကြီးစွာနှင့်စံနေရသော ရုက္ခစိုးကြီး မကြံစည်နိုင်သောအရာကို တန်ခိုးသေးသိမ်သော သမန်းပင် စောင့်နတ်ကလေးကဆောင်ရွက်၍ အောင်မြင်ဘူးသောဝတ္ထုရှိလေသည်၊ သို့ဖြစ်၍ မိတ်ဆွေကောင်းကိုရရှိသော နေရာဌာနမြင့်လျှင် ငြိမ်ဝပ်တည်တံ့စွာနေထိုင်ရာ၏၊မိတ်ဆွေကောင်းကိုမရပါမူကား-ဆိုခဲ့ပြီးသော အတိုင်း အကျိုးစီးပွားဖြစ်ထွန်းမည်မဟုတ်၊ ဆုတ်ယုတ်တိမ်ကောမည်သာဖြစ်၍ ထိုအရပ်ကိုရှောင်ရှားပယ်ခွါရာ၏။

ဤလောကမှာ ချစ်ခင်ရင်းနှီးသော မိတ္တပုဂ္ဂိုလ်၊ ချစ်သည်လည်း မဟုတ်, မုန်းသည်လည်း မဟုတ် သာမန် လျစ်လျူရှိသော အလယ်အလတ် မဇ္ဈတ္တပုဂ္ဂိုလ်၊ မချစ်မနှစ်သက်အပ်သော ရန်သူ ဝေရီပုဂ္ဂိုလ် - ဟူ၍ သုံးမျိုးသုံးစား ရှိလေ၏၊ ထိုသုံးမျိုးတို့တွင် ဝေရီပုဂ္ဂိုလ်သည် မိမိ၏အကျိုးမဲ့ကိုသာ ပြုလုပ်ရန် ရှာဖွေကြံစည်၍ နေ၏၊ အပြစ် စကားကိုသာ ပြောကြားတတ်၏။ ရန်သူ တယောက်ရှိနေလျှင် ''တယောက်ကစပ်တရာ'' ဆိုသောအတိုင်းပင် မိမိ၏ ရန်သူတွေပွါးများလေအောင် ပြုလုပ်တတ်၏၊ ရန်သူတဦးက အကျိုးမဲ့ အပြစ်စကားတွေကို ပြောကြားရာ နားထောင်ကြသော သူတို့သည် ယုံမှားစွာနှင့် အပြစ်မဟုတ်သော်လည်း အပြစ်ကဲ့သို့ ဖြစ်၍သွားတတ်လေ၏၊ အလွဲလုပ်တတ်ကြကုန်၏၊ အကြည်ညို ပျက်တတ်ကုန်၏၊ ' သို့ရာတွင် အပြောအဆို ခံရသော သူက မှန်ကန်ဖြောင့် မတ်စွာရှိနေပါလျှင်မူကား-ကာလကြာသောအခါ မှန်ရာကိုသိရှိ၍ယုံမှားခြင်းကင်းပျောက်တတ်သည်ပင်ဖြစ်လေ၏။

ရန်ပွါးခြင်းသည် မေတ္တာပြန့်ပွါးခြင်းယုတ်လျော့ပြန်၍ နယ်ကျူး အောင်လည်း ချဲ့ထွင်တတ်လေ၏၊ ထိုရန်သည် မည်သည့် အချက်မျှ အကျိုးဖြစ်ထွန်းစေတတ်သည် မဟုတ်ချေ၊ အကျိုးမဲ့ကိုသာလျှင်ပြုလုပ် တတ်လေ၏၊ သို့ဖြစ်၍ မိမိကသူတပါးအပေါ်မှာ ရန်အငွေ့ အသက်ရှိ ၍နေခြင်း, သူတပါးက မိမိအပေါ်မှာ ရန်အငွေ့ အသက်ရှိ၍ နေခြင်း များကို အလျှင်းလက်ခံမထားဘဲ တနည်းနည်းအားဖြင့် ဖြေဖျောက် လိုက်ရာ၏၊ အလွန်သေးငယ်သော မီးသည် ကြီးကျယ်သော အိမ်ကို မလောင်နိုင်ဘူးမဆိုသာ အခွင့်သာလျှင် မြို့ရွာကိုသော်မှ လောင်မြိုက် နိုင်လေ၏၊ မကြီးပွါးပီ သေးသိမ်သောမီးကို ငြိမ်းသတ်ရန် လွယ်ကူ လေသည်၊ မီးအားကြီး၍လာသောအခါ လွယ်ကူစွာငြိမ်းသတ်နိုင်ပည် မဟုတ်ချေ။

သို့ဖြစ်၍ ရန်ဆိုလျှင် မီးဘေးမက ကြောက်လန့်ပြီးလျှင် မကြီးပွါးပဲ ကရှင်းလင်းရာသည်။

၄။ "ပညာတိုးပွါးဗဟုသုတမများသော အရပ်ဌာနတွင် မနေ ရ"ဟူသောစတုတ္ထအချက်၌-လူပြည်လောကမှာ ပညာရတနာအမြတ် ဆုံး-ဟူ၍ ဆိုသော စကားရှိသည့်အတိုင်း လူ့အဖြစ်၌ တည်နေကြစဉ် အခါ ပညာ-တည်းဟူသော စီးပွါးမဖြစ်ထွန်းပါလျှင်လည်းရှုံးခြင်းကြီး တပါးပင်ဖြစ်လေသည်၊ ပစ္စည်းဥစ္စာဘက်ကသာ စီးပွါးဖြစ်ထွန်း၍ ပညာဘက်က စီးပွါးလစ်ဟင်းလွန်းလျှင်လည်း လူဖြစ်ကျိုးနပ်ပြီမဆို သာ၊ ပညာကိုလည်းစွမ်းနိုင်သမျှ ဆည်းပူးရာကြ၏ရာ၏၊ပညာဂုဏ်,ဥစ္စာ ဂုဏ်လုံလောက်ပြည့်ဝပါလျှင် အထူးပြောဆိုရန်မလို၊ "စွယ်စုံကျော် ပုဂ္ဂိုလ်" ပင်ဖြစ်ချေသည်၊ ပညာသည်လည်း လောကီရေးနှင့် ဆိုင်သော ပညာ, လောကုတ္တရာရေးနှင့် ဆိုင်သော ပညာ-ဟူ၍ နှစ်မျိုးရှိလေ၏။

ထိုပညာနှစ်မျိုးတွင် တမျိုးမျိုးကိုရရှိအောင် ဆည်းပူးအားထုတ်ရာ ၏၊လောကီဗဟုသုတရှာမှီးချိန်တွင် ထိုလောကီပညာများကို ရှာမှီး၍ လောကုတ္တရာပညာကို ဆည်းပူးရာသည်၊ ထိုကဲ့သို့ ပညာနှစ်မျိုးတွင် တမျိုးမျိုးမှ တိုးပွါးခြင်းမရှိဘဲ ပညာမိုယ်းခေါင်၍နေသော ရပ်ရွာ ဌာနမှာ နေထိုင်ခြင်းမပြုရာ-ဟူ၍ စာဆကျဆရာကြီးဆိုလိုသည်၊အမှန် အကန် သိ၍ ပြောဆိုဆုံးမတတ်သော ပညာရှိသူတော်ကောင်းတို့ မနေ

ထိုင်သော အရပ်ဌာနဖြစ်လျှင် ပညာတိုးတက်သေး၏၊ ထိုသို့မဟုတ်လျှင် ပညာတိုးပွါး ဗဟုသုတများမည်မဟုတ်။

တနည်းအားဖြင့် မိမိကပညာရ၍ ထိုပညာကိုပြောဟောရာ လိုလားနှစ်သက်စွာ ကြားနာသူများရှိလျှင်လည်း မိမိပညာကို အသုံးပြုရ၍ ပွါးများသည်ပင်မည်၏၊ ထိုအရပ်ဌာနမှာနေထိုင်သင့်၏၊ မိမိပညာရှာသည့် အလျောက် ပြောကြားပါသော်လည်း လိုလားနှစ်သက်စွာ နားထောင် မည့်သူမရှိ၊ ထောင်နိုင်သောနားလည်း မရှိသောအရပ်ဌာနမှာလည်း ပညာတိုးပွါးဘွယ်မဟုတ်၍ နေထိုင်သင့်သည်မဟုတ်ချေ၊ "အဝတ်မဝတ်သော လူရိုင်းတို့ဌာနမှာ ခဝါသည် အသုံးမကျသကဲ့သို့ ပညာမထွန်းကားဘဲ ကြားနာနိုင်ရန် နားမရှိသော နေရာဌာနမှာလည်း ပညာရှိများအသုံးကျနိုင်သည် မဟုတ်" ဟူ၍လည်း ဥပမာပြု၍ စာဏကျဆရာကြီးမိန့်ဆိုလေသည်။

၎င်းစတုတ္ထအချက်သည်ပညာသင်ကြား ဆည်းပူးလျက်ရှိသော သူတို့အတွက်များစွာသင့်လျော်လေသည်၊ ပညာသင်ကြား ဆည်းပူးနေစဉ်အခါ ပညာ၏ အန္တရာယ်ဖြစ်သောအကြောင်းအရာ အနှောင်အဖွဲ့များရှိလျှင် ထိုအရပ်တွင် ပညာသင်ကြားခြင်းကို မပြုဘဲရှောင်လွှဲရာသည်၊ သင်ပြနည်းပေးပုံညံ့ဖျင်း၍ သော်၎င်း, အပျော်အပါး လိုက်စားရန် များပြားရှုပ်ထွေး ပညာသင်ကြားရေး ဆုတ်ယုတ်ဘွယ်ရှိသော်၎င်း ထိုအရပ်မှာနေထိုင်သင်ကြား ခြင်းကို မပြုရာ၊ ရှောင်ရှားကွေကွင်းရာ၏။

၎င်းသို့ပြဆိုခဲ့ပြီးသော ဝိပ္ပတ္တိအရပ်လေးပါးမှ ရှောင်ကွင်းပြီးလျှင် မိမိဂုဏ်ရှိသည့်အလျောက် ထွန်းကား၍ အရေးယူမည့်သူ များသော အရပ်,မိမိစိတ်ချမ်းသာသော အရပ်, မိတ်ဆွေခင်ပွန်းကောင်းရှိသော အရပ်, ပညာဗဟုသုတ တိုးပွါးဖြစ်ထွန်းသော အရပ်၊ ၎င်းသမ္ပတ္တိအရပ်ဌာနလေးပါးမှာ နေထိုင်ရာသတည်း။

ရှောင်ကြဉ်အပ်သော အရပ် ၄-ပါးပြီး၏။

**စာဏကျနီတိကျမ်း [illegible] ပြီးပြီ။**

~~ဆ[illegible]~~ ခရေးဦးစီး၄ာ

**ဏမ္ဗာဒေး၊ ချုန်ကျုန်။**

သာသနာရေး ဦးစီးဌာန သို့
အရှင်ကောဝိဒ မှ
လှူဒါန်းပါသည်။

ဟံသာဝတီစာအုပ်တိုက်
၃၅၇-ဗိုလ်အောင်ကျော်လမ်း
ရန်ကုန်မြို့

အဘိုး ၄ ကျပ်